www.burmeseclassic.com

စိုးစာပေ

# ယိုးဒယားမြန်မာစစ်ပွဲများ

## သမိုင်းဖြစ်ရပ်နှင့် သမိုင်းကြေးမုံ

ဟိန်းဇေ




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှုမှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက် | - ၃၁၀၀၆၁၀၇၁၀ |
| မျက်နှာဖုံးခွင့်ပြုချက် | - ၃၁၀၀၆၅၀၇၁၀ |
| စီစဉ်သူ | - ဟိန်းဇေ |
| မျက်နှာဖုံးပန်းချီ | - သန်းမြင့်အောင် |
| ရေခံပန်းချီ | - မိုးကျော် |
| ထုတ်ဝေသူ | - ဦးအောင်စိုး(၀၃၈၉၄)<br>စိုးစာပေ<br>၅၅(E)အနောက်မြင်းပြိုင်ကွင်းလမ်း<br>ပဟန်း ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - ဦးကျင်ရင်(၀၅၄၁၇)<br>- ရွှေခြသေ့်ပုံနှိပ်တိုက်<br>၁၂ ၊ သရဖီလမ်း၊<br>အလုံ၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာစာစီ | - နိုနို |

အုပ်ရေ ၁၀၀၀
တန်ဖိုး ၂၅၀၀ ကျပ်
၂၀၁၀ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်

၉၅၉.၁
ဟိန်းဇေ
ယိုးဒယားမြန်မာစစ်ပွဲများနှင့်သမိုင်းဖြစ်ရပ်သမိုင်းကြေးမုံ
ဟိန်းဇေ၊ – ရန်ကုန်၊
စိုးစာပေ ၊ ၂၀၁၀ ။
၂၅၄– စာ ၊ ၁၂.၇ စင်တီမီတာ ၊ ၂၀.၃ စင်တီမီတာ
(၁) ယိုးဒယားမြန်မာစစ်ပွဲများနှင့်သမိုင်းဖြစ်ရပ်သမိုင်းကြေးမုံ

စိုးစာပေ
၅၅(E)၊ အနောက်မြင်းပြိုင်ကွင်းလမ်း
ပဟန်း ရန်ကုန်မြို့။
☎ : ၅၅၃၇၅၇


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

## စိုးစာပေမှထွက်ပြီးစာအုပ်များ

| | |
|---|---|
| သိမ့်ဇာမိုပန် | ယောကျ်ားကောင်း အချစ်တဲ့လားကွယ် |
| မောင်သာပြည့် | ကဲ - ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း အမွှိုင်သို့လျှို့ဝှက်ခရီး |
| သုတေသီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီးအရှိန္ဒမာ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဗလားဘောလုံးသမိုင်းနှင့် ကမ္ဘာကျော်ရွှေခြေထောက်ပိုင်ရှင်များ |
| ဟိန်းဇေ | ဒဿနကမ္ဘာ ၉၇ |
| ဆရာကြီးအရှိန္ဒမာ | ဂန္ဓာရခရီးသည် |
| ရွှေစကြာ | အင်္ဂလိပ်သူလျှို |
| သုတေသီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဟိန်းဇေ | ဒဿနလူသား |
| သုတေသီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရမဲ့သုတ္တရ |
| မိန်မိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| သုတေသီမြင့်ထွန်း | လာဘ်လာစုတ်လာ ချမ်းသာကျန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်မိန်းမများ၏အချစ်အတွင်းရေး |
| မိန်မိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာ ဟင်းနည်းပဒေသာ |
| သုတေသီမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပအစီအမံများ |
| မိန်မိန် (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| သုတေသီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင်ရာ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏အချစ်ဇာတ်လမ်းများ |
| ဆရာကြီး အရှိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |
| အောင်မြတ်ဦး | အချစ်သမိုင်းတွင် စတင်ခဲ့သည် ကမ္ဘာကျော်ချစ်သူများ (၁) |
| ဦးမြင့်လွင် | တရားခွင်လက်တွေ့ဖြစ်မှုဆိုင်ရာလျှောက်ထားမှုများ |
| ဟိန်းဇေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ကောင်းထက် | နပိုလီယံ (သို့မဟုတ်) ဥရောပတိုက်တစ်တိုက်လုံးကို ဗိန်းဗိန်းတုန်စေခဲ့သူ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာယတြာနှင့် ရာသီခွင်ဟောကိန်းများ |
| သုတေသီမြင့်ထွန်း | တောင်ပြုံးလက်ဆောင် |
| ဆရာကြီးအရှိန်မာ | ပြည်တွင်းပြည်ပဗိဒ္ဓာဉ်လောက အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရှမှက်တဏှာမလွန်သာ၍နှင့် မှခင်းဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကပ်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့် အချစ်အတွင်းရေးများ |
| မိန်မိန် (လသာ) | ဈေးကွက်ဝင် အစားအသောက်မျိုးစုံပြုလုပ်နည်းများ |
| နေစိုးထက် | ဆက်ဒမ်ဟူစိန်၏နောက်ဆုံးနေ့များ |
| နေဦးလွင် | အောင်မြင်လိုသူတိုင်းအတွက် |
| | အကောင်းဆုံးနာမည်ပေးနည်းများ |
| ကောင်းထက် | စုပုရားလတ်ရှင်းတမ်းနှင့် ပါတော်မူဖြစ်ရပ်များ |
| မိန်မိန် (လသာ) | အကောင်းဆုံးဟင်းလျာချက်နည်း ၁၀၀ |
| ကောင်းထက် | ပါတော်မူပြီးနောက်ပိုင်း သူရဲကောင်းများနှင့် မြန်မာနိုင်ငံ |
| နေစိုးထက် | မင်းတုန်းမင်းနှင့် မန္တလေးနန်းတွင်းအရေးတော်ပုံ |
| ဟိန်းဇေ | စုပုရားလတ်ဘာလဲနှင့် အမှန်တရားဆိုင်ရာအတွေးအမြင်များ |
| သုတေသီမြင့်ထွန်း | လိုအင်ပြည့်ဝ တရုတ်ဂမ္ဘီရနှင့် မိုးရာမှုဇော်ပ,သနည်းများ |
| နေစိုးထက် | ရမ္မက်နှင့်ယှဉ်သည့် နိုင်ငံတကာမှုခင်းများ |
| မိန်မိန် (လသာ) | ထမင်းကောင်းဟင်းကောင်း စားကြရအောင် |
| ကလောင်စုံ | ထူးဆန်းသောကဗ္ဗိယများနှင့် ဂမ္ဘီရဝတ္ထုတိုများ |
| ကိုရွှေတောသား | တောကမိုးရှုပ် |
| ဟိထော | စမ္မယျအေဝီ |
| ကိုရွှေတောသား | ဂန္ဓဝင်ပွတ်ကျား |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏အမွှိုင်သို့လျှိုမှက်ခရီး |
| ကလောင်စုံ | ဂမ္ဘီရအမြုတေ အမှတ်(၁) |
| ကိုရွှေတောသား | ပြောစမှတ်တွင်မယ့်တောရပ်ခွင် |

| | |
|---|---|
| ကိုရွှေတောသား | ကလိမ်ကကျစ် |
| ကိုရွှေတောသား | ပြောရရင်ဩချသွားမယ် |
| ကလောင်စုံ | ဟာသအမြုတေ အမှတ်(၁) |
| ကိုရွှေတောသား | ဇာတ်လိုက်များ |
| ကိုရွှေတောသား | တောရွာရဲ့ရောဂါ |
| ဟိန်းဇေ | တပင်ရွှေထီးဘုရင့်နောင်နှင့်ဒုတိယမြန်မာနိုင်ငံတော် |
| ကိုရွှေတောသား | နေပူဒိမှာသာတဲ့လ |
| ကိုရွှေတောသား | မကောင်းသူထိပ်ကောင်းသူထိပ် |
| ထွန့်ခေါင်မင်း | သမိုင်းထင်ရှားအလောင်းဘုရားနှင့်တတိယမြန်မာနိုင်ငံတော် |
| ဟိန်းဇေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| | (ဒုတိယအကြိမ်) |
| ထွန့်ခေါင်မင်း | သီပေါစုပုရားလတ်နှင့်ကုန်းဘောင်နေဝင်ချိန် |
| ကိုရွှေတောသား | မအူမလည် |
| ရွှေစကြာ | တတုကလျာ |
| သုတေသီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏ဘဝ စာပေနှင့်သမိုင်းဝင်အဆိုအမိန့်များ |
| ချစ်ကိုကိုယု | ရှင်နကြီးဦးနက်ကျော်နှင့် လက်ရွေးစင်ဝတ္ထုတိုများ |

www.burmeseclassic.com

www.burmeseclassic.com

# ယိုးဒယားမြန်မာစစ်ပွဲများနှင့် သမိုင်းဖြစ်ရပ် သမိုင်းကြေးမုံ

ဟိန်းဇေ

www.burmeseclassic.com

www.burmeseclassic.com

## ဟိန်းဇေ

၁၉၆၃ ခုနှစ်တွင် စာပေလောကသို့ ရောက်ရှိလာခဲ့သည်။ ဦးသာအောင်စိုး၊ ဟိန်းဇေ၊ အောင်မှူး၊ မောင်လုမှူး၊ မိုးကြိုးကြီး၊ ကောင်းကင်အောင်အမည်များဖြင့် ရှုမဝ၊ မြဝတီ၊ လူ့ဂုဏ်သည်းဖို၊ အိုးဝေ၊ ရုပ်ရှင်အောင်လံ၊ ချိုတေးရှင်၊ ချိုတေးသံ၊ ရုပ်ရှင်အမြုတေ၊ စံပယ်ဖြူ၊ သင့်ဘဝ၊ တိုင်းရင်းမေ၊ စတိုင်သစ်၊ ရုပ်ရှင်တေးကဗျာ၊ သတင်းစာလွှာ စသည့် မဂ္ဂဇင်း၊ ဂျာနယ်များတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများကို ရေးသားခဲ့သည်။ ကဗျာစာအုပ်အဖြစ် "ပွင့်စမ်းမှုံ့သီ"ကို ရေးသားခဲ့ပြီး ဟိန်းဇေအမည်ဖြင့် လုံးချင်းဝတ္ထုများနှင့် ဒဿနကမ္ဘာ (၉၇)၊ ဒဿနထုံးသား၊ ထိပ်ဆုံးသို့အတွေး ၁၀၀၊ စုပုရားလတ်ဘာလဲနှင့် အမှန်တရားဆိုင်ရာအတွေးအမြင်များ၊ တပင်ရွှေထီးဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်၊ ယိုးဒယားမြန်မာစစ်ပွဲများနှင့် သမိုင်းဖြစ်ရပ် သမိုင်းကြေးမုံ စသည့် အတွေးအမြင် ဒဿနဆိုင်ရာများနှင့် သမိုင်းဆိုင်ရာစာအုပ်များကို ရေးသားပြုစုခဲ့သည်။ ရုပ်ရှင်အမြုတေမဂ္ဂဇင်းတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

BURMESE CLASSIC .com

## မာတိကာ


| | | |
|---|---|---|
| ၁။ | စာအုပ်ရေးသားပြုစုသူ၏အမှာ | ၁၃ |
| ၂။ | တပင်ရွှေထီးအောင်ပွဲရခဲ့သည့် | ၁၅ |
| | ပထမဆုံး ယိုးဒယားမြန်မာစစ်ပွဲ | |
| ၃။ | ဘုရင့်နောင်လက်ထက် ယိုးဒယားမြန်မာစစ်ပွဲ (၁) | ၂၅ |
| ၄။ | ဘုရင့်နောင်လက်ထက် ယိုးဒယားမြန်မာစစ်ပွဲ (၂) | ၄၃ |
| ၅။ | အလောင်းဘုရားလက်ထက် ယိုးဒယားမြန်မာစစ်ပွဲ | ၆၃ |
| ၆။ | အယုဒ္ဓယကိုအောင်တော်မူသည့် | ၈၁ |
| | ဆင်ဖြူရှင်လက်ထက် ယိုးဒယားမြန်မာစစ်ပွဲ | |
| ၇။ | ရှင်မဖြူကျွန်းအရေးနှင့် ပန်းဝါတိုက်ပွဲ | ၁၀၉ |
| ၈။ | မနုဖြူခံတပ်တိုက်ပွဲ | ၁၂၅ |
| ၉။ | နာမည်ကျော်ဝက်ထီးကန်တိုက်ပွဲ | ၁၄၃ |
| ၁၀။ | သင်ဘန်းခံတပ်တိုက်ပွဲ | ၁၅၅ |


နိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ၁၁။ မင်းတုန်း၊ ကနောင်နှင့် မြင်ကွန်းမြင်းခုံတိုင်အရေးတော်ပုံ | ၁၆၅ |
| ၁၂။ ရတနာပုံရှင်းတမ်း | ၁၇၉ |
| ၁၃။ ရတနာဂီရိရောက် မြန်မာမင်း၊ မိဖုရားနှင့် သမီးတော်များ | ၂၀၉ |
| ၁၄။ ဖတ်ခဲ့ရသည့်စာအုပ်တစ်အုပ်နှင့်ပတ်သက်၍ ရှင်းတမ်း | ၂၂၃ |
| ၁၅။ သမိုင်းဆိုတာ မှားရန်မဟုတ်ပါ | ၂၃၇ |
| ကျမ်းကိုးစာရင်း | ၂၅၃ |




# စာအုပ်ပြုစုသူ၏ အမှာ

သမိုင်းကိုစိတ်ဝင်စားသော မိမိသည် သမိုင်းကိုလေ့လာမှုပြုရာတွင် ကျမ်းကိုးအထောက်အထားခိုင်လုံနိုင်သည့် မှန်ကန်မည်ဟုယုံကြည်မှုရှိသော စာအုပ်စာတမ်းများကိုသာ ဦးစားပေးဖတ်၍ လေ့လာမှုပြုပါသည်။ အမိကက သမိုင်းမှန်ဖြစ်ရေး၊ ယုတ္တိဗေဒကျရေးသာဖြစ်သည်။ သမိုင်းစာအုပ်များကို ရေးသားပြုစုရာတွင်လည်း ထိုစိတ်ဖြင့်ပင် အချိန်ယူလေ့လာကြိုးပမ်းအားထုတ်မှုပြုပါသည်။

သမိုင်းနှင့်ပတ်သက်ပြီး ပြောကြရေးကြသည့် အရပ်စကား၊ ဇာတ်စကားနှင့် ပါးစပ်ရာဇဝင်များ၊ ထို့ပြင် စာရေးသူက မိမိထင်မြင်ရာ၊ မိမိလိုရာကိုဆွဲပြီး စိတ်ကူးကွန့်ရေးသားသည့် သမိုင်းနောက်ခံပြုသည့်ဝတ္ထုများကိုမူ မိမိအနေဖြင့် အလေးအနက်ထား၍ မလေ့လာ၊ ဖတ်သည်ဆိုရုံမျှသာရှိခဲ့ပါသည်။

ရှိပါသေးသည်။ မြန်မာ့သမိုင်းကိုလေ့လာရာတွင် တိုင်းတစ်ပါးသားနယ်ချဲ့တို့၏ မြန်မာမကောင်း၊ သူတို့အကောင်းဟုဆိုချင်သည့် ဝါဒဖြန့်လိမ်စာညာစာရေးသားချက်များ၊ ထို့ပြင် အချို့ကျတော့လည်း သမိုင်းကို ခေတ်အခါအလိုက် အုပ်စိုးသူတို့အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၍ ရေးသားမှုများ၊ ထိုသို့သောစာအုပ်စာတမ်းများကိုမူ မိမိအနေဖြင့် သမိုင်းစာအုပ်ကိုပြုစုရာ၌ ဝေးစွာရှောင်ကြဉ်ပါသည်။

မိမိခံယူထားသည့် အမှန်တရားတည်းဟူသော 'စံ'ပေါ်တွင် သမိုင်းဆိုင်ရာစာအုပ်ကိုပြုစုမည်ဆိုလျှင်လည်း ဘက်လိုက်မှုကင်းရှင်းသည့်၊ မှန်ကန်သည့် သမိုင်းစာအုပ်ဖြစ်ရေး၊ သမိုင်းမှန်ဖြစ်ရေးကသာ အဓိကဖြစ်ပါသည်။ သမိုင်းမှန်ဖြစ်ပါမှ ရေးသားပြုစုသည့်စာအုပ်သည်လည်း သမိုင်းကိုစိတ်ဝင်စားသူ၊ သမိုင်းကိုလေ့လာသူများအတွက် အကျိုးပြုနိုင်မည့်စာအုပ် ဖြစ်ပါလိမ့်မည်။

ဤစာအုပ်တွင် မိမိသည် မြန်မာတို့နှင့် တိုင်းတစ်ပါးသားတို့ ဖြစ်ပွားခဲ့ကြသည့်စစ်ပွဲများကို အဓိကထား၍ ပြုစုရေးသားထားပါသည်။ ဤသို့ ပြုစုရေးသားရာတွင်လည်း အဖြစ်အပျက်အကြောင်းအရာများကို မည်သည့်အစွဲမျှမထား၊ မည်သူ့ကိုသာစေ၊ မည်သူ့ကိုနာစေဆိုသည့်စိတ်မျိုးမရှိ၊ မှန်ကန်သည်ဟု မိမိယုံကြည်သည့် ကျမ်းကိုးစာအုပ်စာတမ်းများကို အထောက်အထားပြုကာ နှိုင်းနှိုင်းချိန်ချိန်စိတ်ဖြင့် အချိန်ယူ၍ အားထုတ်ကြိုးပမ်းပြုစုထားပါသည်။ သမိုင်းကိုစိတ်ဝင်စားသူ၊ သမိုင်းကိုလေ့လာသူ စာဖတ်ပရိသတ်များအနေနှင့် ယခု မိမိပြုစုရေးသားသည့်စာအုပ်ကိုလည်း နှစ်သက်လက်ခံနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။


စာပေမွန်မြင့် တိုင်းပြည်မြင့်မည်
ဟိန်းဇေ



**တပင်ရွှေထီးအောင်ပွဲရခဲ့သည့်**
**ပထမဆုံး ယိုးဒယားမြန်မာစစ်ပွဲ**

www.burmeseclassic.com

www.burmeseclassic.com




ရေပတ်လည်ဝန်းရံနေသည့်အယုဒ္ဓယမြို့တော်

BURMESE CLASSIC .com

ပုဂံမှ အနော်ရထာမင်း တည်ထောင်တော်မူခဲ့သော ပထမမြန်မာနိုင်ငံတော် အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားပြီးနောက် နိုင်ငံတော်ကို ပြန်လည်စုစည်းပြီး ဒုတိယမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်တော်မူခဲ့သောမင်းမှာ မင်းတရားရွှေထီးဟုခေါ်သည့် တပင်ရွှေထီးပင် ဖြစ်သည်။

တပင်ရွှေထီးသည် မြန်မာ့သမိုင်းတွင် လက်ရုံးရည်၊ နှလုံးရည်တို့နှင့်ပြည့်စုံသော သူရဲကောင်းအာဇာနည် မင်းကောင်းမင်းမြတ်တစ်ပါးအဖြစ် ထင်ရှားကျော်ကြားသည့်မင်းဖြစ်ကာ သက္ကရာဇ် ၈၉၂ ခုနှစ်တွင် ကေတုမတီတောင်ငူထီးနန်းကို စိုးစံတော်မူခဲ့သည်။ စိတ်ရင်းနှလုံးသဘောထား ပြည့်ဝဖြူစင်ပြီး မွန်,မြန်မာပြည်သူအပေါင်းတို့၏ လေးမြတ်ချစ်ခင်ခြင်းကိုခံရသည့်မင်းဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ထပင်ရွှေထီး၏ယောက်ဖတော်မှာ ဘုရင့်နောင်ဖြစ်ပြီး တပင်ရွှေထီးက နောင်တော်အဖြစ် သတ်မှတ်ခံရသူဖြစ်ကာ တစ်ဦးနှင့်တစ်ဦး ညီနောင်နှယ်ရင်းသဖွယ် ချစ်ခင်ခဲ့ကြသည်။ တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဘုရင့်နောင် မင်းဖြစ်လာသောအခါ ဘုရင့်နောင်သည် တပင်ရွှေထီး စတင်တည်ထောင်ခဲ့သည့် ဒုတိယမြန်မာနိုင်ငံတော်ကို ဆက်လက်၍တည်ထောင်တော်မူခဲ့သည်။

တပင်ရွှေထီး နန်းတက်ချိန်၌ အင်းဝတွင် ရှမ်းမင်းသိုဟန်ဘွား၊ ပြည်တွင် နရပတိ၊ ဟံသာဝတီတွင် မွန်ဘုရင် သုရှင်တကာရွတ်ပိတို့ အုပ်စိုးလျက်ရှိကြသည်။ တပင်ရွှေထီးသည် တောင်ငူတွင် မင်းအဖြစ်ကိုရရှိသည်နှင့် အနော်ရထာကဲ့သို့ပင် အစိတ်စိတ်အမြွှာမြွှာ ကွဲပြားနေသောနိုင်ငံကို နိုင်ငံတော်ကြီးတစ်ခုအဖြစ် သိမ်းသွင်းစုစည်းရန် ကြံရွယ်လျက် စစ်ရေးအင်အားကို တိုးချဲ့ဆောင်ရွက်သည်။ သက္ကရာဇ် ၉၀၀ ပြည့်နှစ်တွင် ဟံသာဝတီကို သိမ်းယူပြီး သက္ကရာဇ် (၉၀၂)ခုနှစ်တွင် မုတ္တမကို သိမ်းယူသည်။ ဆက်လက်၍ သက္ကရာဇ် (၉၀၃)ခုနှစ်တွင် ပြည်ကို သိမ်းယူသည်။ ထို့နောက် ပုဂံ၊ စလင်း၊ စကု၊ လယ်ကိုင်း စသော အင်းဝမြို့ရွာတို့ကို သိမ်းယူစုစည်းသည်။

သက္ကရာဇ် (၉၀၇)ခုနှစ်တွင် ရခိုင်ဘုရင် နတ်ရွာစံသဖြင့် သားတော် အိမ်ရှေ့ဥပရာဇာမင်းပြုသည်ကို ရခိုင်ဘုရင်၏ညီတော် သံတွဲစား စိတ်မညီဖြစ်ကာ တပင်ရွှေထီးထံ အကူအညီတောင်းလာသဖြင့် ရခိုင်သို့ ချီသည်။ သို့သော် ရခိုင်ဘုရင်နှင့် စကားအဆိုသင့်မြတ်သဖြင့် ရခိုင်ဘုရင်နှင့် ဘထွေးတော် သံတွဲစားတို့ အညီ





အညွတ်ဖြစ်စေရန် ဆောင်ရွက်တော်မူပြီး ရခိုင်မှ ပြန်လည်ကြွချီသည်။

တပင်ရွှေထီး ရခိုင်တွင်ရှိနေစဉ် ယိုးဒယားဘုရင် ပြသာဒိရာဇာသည် အခွင့်ပေါ်ပြီဟူသော အကြံဖြင့် မြန်မာပိုင် ထားဝယ်နှင့် ရေးကို ထိပါးကျူးကျော်ကာ ရန်စလာခဲ့သည်။ ထိုအခါ တပင်ရွှေထီးသည် မုတ္တမမြို့စား စောလကွန်းအိမ်အား ရေတပ်ကိုလည်းကောင်း၊ မော်လမြိုင်မြို့စား ဗညားဦးအား ကြည်းတပ်ကိုလည်းကောင်း အုပ်ချုပ်စေ၍ ယိုးဒယားတို့ကို တိုက်စေသည်။ ယိုးဒယားတို့သည် မြန်မာတပ်များ ချီလာပြီကြားလျှင် ထားဝယ်မှ ဆုတ်ခွာသွားကြကာ တနင်္သာရီမြို့မှရပ်ကာ ခုခံသည်။ သို့ဖြင့် မြန်မာတို့က မိမိတို့ပိုင် ထားဝယ်ကို ယိုးဒယားတို့နှင့် တိုက်ခိုက်ရခြင်းမရှိဘဲ အလွယ်တကူ သိမ်းယူရရှိသည်။ ထို့နောက် ယိုးဒယားတို့ရှိရာသို့ ဆက်လိုက်ကာ တိုက်ခိုက်ရာ ယိုးဒယားတို့ရှုံးနိမ့်ကာ ဆုတ်ခွာပြေးကြရသည်။ မြန်မာတို့က ယိုးဒယားအမတ်တစ်ဦးနှင့် ဆင်၊ မြင်း၊ သံ့ပန်းများစွာကို ရရှိလိုက်သည်။

သက္ကရာဇ် (၉၁၁)တွင်မူ တပင်ရွှေထီးကိုယ်တော်တိုင် အိမ်ရှေ့မင်းအရာ၌ အပ်နှင်းထားသည့် ယောက်ဖတော်ဘုရင့်နောင်နှင့်အတူ ယိုးဒယားကိုတိုက်ရန် စစ်ချီတော်မူသည်။ ချီတော်မူသော တပ်စဉ်များကား ဤသို့ဖြစ်သည်။

တပ်မတော်ကြီး၏ရှေ့မှ တပ်ပေါင်း (၁၂)တပ်ချီပြီး ထိုတပ်များတွင် တိုက်ဆင် (၂၀၀)၊ စစ်သည် (၄၀၀၀၀) ပါဝင်သည်။ ရှေ့တော်မှ ချီရသောတပ်ကို ဘုရင့်နောင်က ဦးစီးသည်။ တပ်လယ်



www.burmeseclassic.com

www.burmeseclassic.com



မှ ဘုရင်တပင်ရွှေထီးကိုယ်တော်တိုင် လိုက်ပါတော်မူသော တပ်မကြီးတွင် တိုက်ဆင် (၈၀)၊ စစ်မြင်း (၈၀၀)၊ စစ်သည် (၄၀၀၀၀) ပါရှိကာ တပ်မကြီးကို ရာဇသကြံနိက ဦးစီးသည်။ တပ်မကြီး၏ နောက်တွင် တပ်ပေါင်း (၁၂)တပ် ပါဝင်ပြီး၊ တိုက်ဆင် (၂၀၀)၊ စစ်မြင်း(၈၀၀၀)၊ စစ်သည်(၄၀၀၀၀)ကို ပြည်ဘုရင် သတိုးဓမ္မရာဇာက ဦးစီးသည်။ ဘုရင်တပင်ရွှေထီး ယိုးဒယားသို့ စစ်ချီတော်မူသည့် စစ်သည်ဗိုလ်ပါအင်အားကား လွန်စွာပင်များပြားလှသည်ဟု ဆိုရမည်။

ထိုစဉ်က တပင်ရွှေထီး ယိုးဒယားသို့ စစ်ချီရာလမ်းမှာ ဟံသာဝတီမှ မုတ္တမ၊ မော်လမြိုင်၊ ထိုမှ အတ္တရံမြစ်ကြောင်းအတိုင်း ချီ၍ ဘုရားသုံးဆူတောင်ကြားလမ်းကို ဖြတ်ကာ ကံပူရီ၊ ထို့နောက်မှ အယုဒ္ဓယမြို့တော်သို့ ဖြစ်သည်။ မြန်မာတပ်နှင့် ယိုးဒယားတပ်များ ပထမဆုံးဖြစ်ပွားသော တိုက်ပွဲမှာ ယိုးဒယားတို့ပိုင်နက် ကံပူရီတွင် ဖြစ်သည်။ တပင်ရွှေထီးတပ်များ ချီလာပြီကြားသည်နှင့် ယိုးဒယား ဘုရင် ပြသာဒ်ရာဇာသည် အယုဒ္ဓယမှထွက်လာကာ ဆင်၊ မြင်း၊ ဗိုလ်ပါ စစ်သည်များနှင့် ဆီးကြိုတိုက်ခိုက်သည်။ ထိုစစ်ပွဲတွင် ယိုးဒယားတို့ အရေးနိမ့်ကာ တပ်ပျက်လျက် ဆုတ်ခွာထွက်ပြေးရသည်။ ယိုးဒယားဘုရင်မှာလည်း စုရုံးရသမျှ စစ်သည်ဗိုလ်ပါတို့နှင့် ဆုတ်ပြေးကာ အယုဒ္ဓယမြို့မှ မြန်မာတို့ကို ခုခံရန် ပြင်ဆင်သည်။ ထိုစစ်ပွဲတွင် မြန်မာတို့မှ ယိုးဒယားဘုရင်၏ သားတော်နှင့် ညီတော်တို့ကို လက်ရဖမ်းမိသည်။ စစ်ပွဲတွင်ပါဝင်သည့် ယိုးဒယားဘုရင်၏ မိဖုရား ဆူရိယိုးထိုင် (ဆူရိယိုးဒယား)နှင့် သမီးတော်တစ်ပါးမှာ





လည်း ကျဆုံးသွားသည်။ ဆင်၊ မြင်း၊ သံ့ပန်းနှင့် လက်နက်များစွာတို့ကိုလည်း မြန်မာတို့က ရရှိလိုက်သည်။ မြန်မာဘုရင်တပင်ရွှေထီး၏ ပထမဆုံး ယိုးဒယားကို အနိုင်ရရှိလိုက်သည့် ပွဲဦးအောင်ပွဲဟု ဆိုရမည်။

ထို့နောက် တပင်ရွှေထီးသည် အယုဒ္ဓယမြို့တော်ကို လုပ်ကြသည်။ အယုဒ္ဓယမြို့မှာ မြင့်မားလှပြီး၊ မြို့တော်၏ပတ်ပတ်လည်တွင်လည်း ရေများ ဝိုင်းရံလျက်ရှိသည်။ မြို့ရိုးထိပ်မှနေ၍ ယိုးဒယားတို့၏ အစောင့်တပ်သား ပေါ်တူဂီများက စိန်ပြောင်း၊ မြတပူတို့ဖြင့် အပြင်းအထန် ခုခံပစ်ခတ်ကြသဖြင့် မြို့ကို အဝေးမှသာ ရံကြရသည်။ မြို့ကိုမဖောက်နိုင်ဘဲ တစ်လခန့် အချိန်ကြာသွားသည်။

တပင်ရွှေထီးသည် ယိုးဒယားမြို့ရင်းက ခွာ၍ ကမန်ပိုက်ကို သိမ်းယူရန် ချီသည်။ တပင်ရွှေထီး၏တပ်များ နှုတ်ကာဆုတ်ခွာကြောင်း သိရသည်နှင့် ယိုးဒယားဘုရင်သည် မြန်မာတပ်များကို ဇစ်ကြောင်း (၃)ကြောင်းဖြင့်တိုက်ရန် လိုက်သည်။

ယိုးဒယားတပ်များ နောက်မှလိုက်လာပြီ ကြားသည်နှင့် မြန်မာတို့က ကမန်ပိုက်သို့မရောက်မီ စစ်ကြောင်းကိုပြန်လှည့်ကာ ယိုးဒယားတို့ကိုတိုက်ရန် စီစဉ်သည်။ ယိုးဒယားနှင့် မြန်မာတို့ တိုက်ကြစဉ် စစ်ပွဲမှာ ပြင်းထန်ပြီး၊ အဓိကအဆုံးဖြတ်ပေးသော တိုက်ပွဲမှာ နှစ်ဖက်ခေါင်းဆောင်များ ဆင်စီးပြီး လက်ရုံးအားစွမ်းသုံး၍ ဆင်စီးချင်းတိုက်ကြသော တိုက်ပွဲများဖြစ်၏။ ထိုသို့တိုက်ကြရာတွင် ဆင်စီးချင်းတိုက်ကြသော တိုက်ပွဲတိုင်း၌ မြန်မာတို့ဘက်ကချည်း အနိုင်ရသဖြင့် ယိုးဒယားတို့၏ စစ်ကြောင်း (၃)ကြောင်းလုံး



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီးသွားရသည်။ မြန်မာတို့မှ ယိုးဒယားဘုရင်၏သမက်တော် ဩယားလကွန်းအိမ်မာနှင့် ဆင်၊ မြင်း၊ သုံ့ပန်းများစွာကို ရရှိလိုက်သည်။

ထို့နောက် ဘုရင်တပင်ရွှေထီးသည် ကမန်းပိုက်ကိုချီကာ သိမ်းယူသည်။ ဆက်လက်ပြီး သောက်ကတဲနှင့် ပိဿလောက်တို့ကို တိုက်ရန် စီစဉ်နေဆဲတွင် ယိုးဒယားဘုရင် ဗြသာဓိရာဇာက သံစေလွှတ်၍ သံစာလွှာနှင့်အတူ လက်ဆောင်တော်များ ဆက်သလာသည်။ သံစာလွှာတွင်ပါရှိသည်ကား ဤသို့ဖြစ်၏။

"ယိုးဒယားဘုရင် ဗြသာဓိရာဇာ သံတော်ဦးတင်ပါသည်။ ဘဝရှင်မင်းတရား ချီတော်မူလာသည်ကြား၍ ဆင်စီးချင်းတိုက်မှ သင့်မည်ဟူသော အကြံနှင့် ဆင်၊ မြင်း၊ ဗိုလ်ပါ ဖြည့်တင်း၍ အသင့်ကြိုနေရာ ဘုန်းကြီးသည့်အရှင်နှင့် စီးချင်းမတိုက်ဝံ့သောကြောင့် သား၊ သမက်၊ ညီများကိုသာ တိုက်စေရာ မခံနိုင်ဘဲ ပျက်စီးရပါသည်။ နောက်တစ်ကြိမ်လည်း ထိုနည်းအတိုင်းပင် ပျက်စီးရပြန်ပါသည်။ ဘုန်းတော်ကြီးလှသော ဘဝရှင်မင်းတရားက သနားတော်မူပါသဖြင့် ကျွန်ုပ်၏သား၊ သမက်၊ ညီတို့ကို လွှတ်တော်မူပါ။ ကျွန်ုပ်သည် အရှင့်သစ္စာတော်ကိုခံ၍ နှစ်တိုင်းနှစ်တိုင်း တိုက်ဆင် အစီး(၃၀)၊ ငွေတော် ပိဿာ (၃၀၀)နှင့်တကွ တနင်္သာရီ သဘော်ဆိပ်ခွန်များကို ဆက်သပါမည်။ ယခုလည်း ဖြတ်ကြီး၊ ဖြတ်ငယ်ဟူသော တိုက်ဆင်ကြီး (၂)စီးကို ရှိခိုးလက်ဆောင်တော် ဆက်သပါမည်"





ယိုးဒယားဘုရင် ဗြသာဓိရာဇာထံမှ သံစာနှင့်လက်ဆောင်တော်များကို လက်ခံရရှိလျှင် တပင်ရွှေထီးသည် စိတ်နေပြည့်ဝ မြင့်မြတ်လှသော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည့်အတိုင်း ယိုးဒယားဘုရင်၏လျှောက်ကြားစာကို လက်သင့်ခံတော်မူသည်။ ယိုးဒယားဘုရင်၏ကိုယ်စား ယိုးဒယားဘုရင်၏ညီတော် ဩယာပိသလောက်နှင့် ဩယာသုဝဏ္ဏလောက်တို့ကို သစ္စာတော်ပေးကာ စစ်ပွဲတွင်ရရှိသော ယိုးဒယားဘုရင်၏ညီတော်၊ သမက်တော်နှင့် ယိုးဒယားစစ်သည် သုံ့ပန်းများစွာတို့ကို ပြန်လွှတ်ပေးတော်မူသည်။ ယိုးဒယားဘုရင်မှာလည်း အထူးပင်ဝမ်းမြောက်ရွှင်လန်းတော်မူပြီး ထိုအခါမှစ၍ မြန်မာဘုရင် တပင်ရွှေထီးအပေါ်တွင် ယိုးဒယားတို့မှ များစွာပင် မေတ္တာသက်ဝင်သွားကြလေ၏။

ထို့နောက် ဘုရင်တပင်ရွှေထီးသည် ယိုးဒယားမှတပ်တော်ကိုရုပ်ကာ ပြန်လည်ချီတော်မူရာ သက္ကရာဇ် (၉၁၀)ပြည့်နှစ်၊ တန်ခူးလဆန်း(၃)ရက်နေ့တွင် ဟံသာဝတီနေပြည်တော်သို့ ရောက်ရှိတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com


# ဘုရင့်နောင်လက်ထက်
# ယိုးဒယားမြန်မာစစ်ပွဲ (၁)

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူကောင်းမှုတော်ဘုရားမှဘုရင့်နောင်အောင်မြေ



ဘုရင့်နောင်လက်ထက်ဒုတိယမြန်မာနိုင်ငံတော်

www.burmeseclassic.com

မြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သော သမိုင်းတွင် ကျော်ကြားထင်ရှားသည့်မင်းများတွင် ဘုရင့်နောင်သည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သည့် မင်းလေးပါးရှိသည်။ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သော အနော်ရထာ၊ ဒုတိယမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်တော်မူသော တပင်ရွှေထီးနှင့် တပင်ရွှေထီး စတင်တည်ထောင်တော်မူခဲ့သော နိုင်ငံတော်ကို အပြီးတိုင်တည်ထောင်တော်မူခဲ့သော ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူသည့် အလောင်းဘုရား တို့ဖြစ်သည်။

ဘုရင့်နောင်သည် မြန်မာ့သမိုင်းတွင် ထင်ရှားလှသော မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်ပြီး၊ လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ပြည့်စုံသော သူရဲကောင်းအာဇာနည်ဘုရင် ဖြစ်သည်။ ဘုရင့်နောင်





လက်ထက် လက်နက်နိုင်ငံတော်မှာ ကျယ်ဝန်းပြီး၊ ယိုးဒယားမှာ မြန်မာတို့၏လက်အောက်ခံနိုင်ငံ ဖြစ်ခဲ့သည်။

ဒုတိယမြန်မာနိုင်ငံတော်ကို ဘုရင့်နောင်တည်ထောင်တော်မူစဉ် ယိုးဒယားနှင့်စစ်နှစ်ကြိမ်ဖြစ်ခဲ့ရာ ပထမစစ်ပွဲမှာ ဆင်ဖြူတောင်းခံသည့်ကိစ္စမှ စသည်။

ယိုးဒယားဘုရင်ထံတွင် ဆင်ဖြူလေးစီးရှိသည်ဟု ကြားသိတော်မူရသဖြင့် ...

"ယိုးဒယားသည် ညီတော်မင်းတရားလက်ထက်က လက်နက်နိုင်ငံဖြစ်ဖူးသည်။ ယခုလည်း ဆင်ဖြူလေးစီးကို ငါ့အား တစ်စီးမျှဆက်လျှင် ရေနှင့် မြေကဲ့သို့ ဖြစ်ရမည်"ဟု အောက်မေ့တော်မူ၍ ဗညားဒလအမတ်ကိုခေါ်ကာ ...

"ငါသည် စစ်မက်ကို အလိုမရှိပြီ၊ ငါ့ရဲမက်တို့ကိုလည်း မပင်ပန်းစေလို၊ ယိုးဒယားမင်းထံတွင် ဆင်ဖြူလေးစီးရှိသည်ကို တစ်စီးမျှ ငါ့ကိုဆက်လျှင် ယိုးဒယားနှင့် ငါတို့ဟံသာဝတီသည် ခရီးအကြား၌ မီးမသေ ရေမနောက်ဖြစ်လိမ့်မည်"ဟု မိန့်တော်မူ၏။

ထို့နောက် ဗညားဒလကို စာစီစေ၍ ယိုးဒယားသို့ သံစေကာ ဆင်ဖြူကိုတောင်းခံရာ၊ ယိုးဒယားမင်းက မကျိုးမနွံသော စကားကို ဆိုလေသည်။ ထိုသို့စကားကို သံတို့ပြန်ရောက်၍ ကြားတော်မူလျှင် ...

"ယိုးဒယားသည် ပျက်စီးလို၍ ဤစကားကို ဆိုခြင်းဖြစ်တော့သည်"ဟု အမိန့်တော်ရှိပြီးလျှင် မှူးတော်မတ်တော်အပေါင်းတို့နှင့် စစ်ရေးကို တိုင်ပင်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗညားဒလက ...

"ဘဝရှင်မင်းတရားကြီးမှ နိုင်ငံတော်အလုံးတွင်ရှိသော ထီးဆောင်းမင်းများနှင့်တကွ ချီတော်မူ၍ လုပ်ကြံတော်မူသည်ကို ယိုးဒယားကိုထားဘိ၊ မည်သူမျှခံနိုင်လိမ့်မည်မဟုတ်"ဟု နားတော်လျှောက်သည်။

ထိုသို့ နားတော်လျှောက်သည်ကို ဘုရင့်နောင်မင်းတရား နှစ်သက်တော်မူ၍ ယိုးဒယားသို့စစ်ချီရန်အတွက် စီရင်တော်မူသည်။

ယိုးဒယားကို ချီတော်မူသည့်တပ်စဉ်မှာ ဤသို့ဖြစ်သည်။ လက်ဝဲရဲတိုင်မြင်းတပ်၊ တုရင်ရာဇာမြင်းတပ်၊ ရာဇတာမန်မြင်းတပ်၊ နန္ဒသိမ်းစည်းမြင်းတပ်၊ ဆင်တပ်များမှာ နေမျိုးကျော်ထင်တစ်တပ်၊ ဗညားကျန်းတောတစ်တပ်၊ နန္ဒသကြံတစ်တပ်၊ သမိန်အဲပရဲတစ်တပ်၊ သီရိဇေယျနော်ရထာတစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ ဗညားပရံတစ်တပ်၊ မိုးမိတ်စော်ဘွားတစ်တပ်၊ သီပေါစော်ဘွားတစ်တပ်၊ သမက်တော် အဝဘုရင် သတိုးမင်းစောတစ်တပ်၊ မြင်းလေးတပ်နှင့် ဆင်တပ် ဆယ်တပ်ပါကာ တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည် တစ်သိန်းလေးသောင်းဖြင့် ရှေ့ဦးမှချီစေသည်။

ယင်းနောက်မှ လက်ယာယော်ဓာမြင်းတပ်၊ တုရင်ဗလမြင်းတပ်၊ တုရင်သိဒ္ဓိမြင်းတပ်၊ စစ်တုရင်သူမြင်းတပ်၊ ဆင်တပ်မှာ ဘယကျော်ထင်တစ်တပ်၊ သမိန်သံလိုက်တစ်တပ်၊ မင်းမဟာတစ်တပ်၊ သမိန်သံကျယ်တစ်တပ်၊ သရေစည်သူတစ်တပ်၊ သမိန်ရဲသင်ရံတစ်တပ်၊ သီရိဇေယျကျော်ထင်တစ်တပ်၊ မိုးညှင်းစော်ဘွား





တစ်တပ် စုစုပေါင်း တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည် တစ်သိန်းလေးသောင်း။

လက်ျာရဲတိုင်မြင်းတပ်၊ ဘယရာဇာမြင်းတပ်၊ တုရင်ဗညားမြင်းတပ်၊ လက်ဝဲဘယမြင်းတပ်။ ဆင်တပ်မှာ မင်းကျော်ထင်တစ်တပ်၊ သမိန်ယိုကရတ်တစ်တပ်၊ နန္ဒကျော်ထင်တစ်တပ်၊ အဲမွန်တရာ တစ်တပ်၊ လက်ဝဲနန္ဒမိတ်တစ်တပ်၊ သမိန်ဖိတ်ပွန်တစ်တပ်၊ ဇေယျသကြံတစ်တပ်၊ အုန်းပေါင်စော်ဘွားတစ်တပ်၊ မိုးနဲစော်ဘွားတစ်တပ်၊ ညီတော် ပြည်ဘုရင်သတိုးဓမ္မရာဇာတစ်တပ် စုစုပေါင်း တိုက်ဆင်လေးရာ၊ မြင်းငါးထောင်၊ စစ်သည်တစ်သိန်းလေးသောင်း။

ယင်းနောက် လက်ယာတုရင်မြင်းတပ်၊ ဇေယျတာမန်မြင်းတပ်၊ တုရင်သိမ်းစည်းမြင်းတပ်၊ တုရင်ယော်ဓာမြင်းတပ်။ ဆင်တပ်မှာ ဇေယျကျော်ထင်တစ်တပ်၊ ဗညားဒလတစ်တပ်၊ စည်သူကျော်ထင်တစ်တပ်၊ ဗညားဗရူးတစ်တပ်၊ ဘယကျော်ထင်တစ်တပ်၊ သမိန်ငေါ်ခွင်တစ်တပ်၊ သခ်ယာတစ်တပ်၊ ညောင်ရွှေစော်ဘွားတစ်တပ်၊ သိန္နီစော်ဘွားတစ်တပ်၊ သားတော် မဟာဥပရာဇာတစ်တပ်၊ စုစုပေါင်း တိုက်ဆင် လေးရာ၊ မြင်း ငါးထောင်၊ စစ်သည် တစ်သိန်းလေးသောင်းဖြင့် ချီစေသည်။

ဤသို့ ညီတော်၊ သားတော်တို့ကို လေးစုပြု၍ ချီစေပြီးမှ တုရင်ဒေဝမြင်းတပ်၊ ဒေဝသူရမြင်းတပ်၊ သူရိယကုမ္မာမြင်းတပ်၊ တူရင်ယော်ဓာမြင်းတပ်။ ဆင်တပ်မှာ ရာဇသကြံတစ်တပ်၊ ဗညားစက် တစ်တပ်၊ လက်ယာနန္ဒသူတစ်တပ်၊ သမိန်လကွန်းအိမ်တစ်တပ်၊ သီဟပတေ့တစ်တပ်။ ယင်းနောက် ဘုရင့်နောင်မင်း



www.burmeseclassic.com

www.burmeseclassic.com



တရားမှ ဝင်းတော်လေးမျက်နှာတွင် ရှေ့တော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်တစ်သောင်းတွင် နန္ဒယော်ဓာကို တပ်မှူး၊ ရာဇယော်ဓာကို စစ်ကဲခန့်တော်မူသည်။

လက်ယာတော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်တစ်သောင်းတွင် သက်ရှည်ကျော်ထင်ကို တပ်မှူး၊ ဇေယျနန္ဒမိတ်ကို စစ်ကဲခန့်တော်မူသည်။

လက်ဝဲတော်က တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်တစ်သောင်းတွင် ဥဒိန်ကျော်ထင်ကို တပ်မှူး။ နန္ဒသူကို စစ်ကဲ ခန့်တော်မူသည်။

နောက်တော်ကမူ တိုက်ဆင်တစ်ရာ၊ မြင်းတစ်ထောင်၊ စစ်သည်တစ်သောင်းတွင် လက်ယာဇေယျသကြံကို တပ်မှူး။ နန္ဒသီဟကို စစ်ကဲခန့်တော်မူသည်။

သက္ကရာဇ်(၉၂၅)၊ တန်ဆောင်မုန်းလပြည့်ကျော်(၁၂)ရက်၊ တနင်္သာနေ့တွင် ဟံသာဝတီမှ ယိုးဒယားသို့ စတင်စစ်ချီတော်မူကာ ဟံသာဝတီတွင်မူ ဗညားလော၊ ဘယသကြံ၊ သီရိဓမ္မာသောကတို့၏တပ်များကို အစောင့်အနေထားခဲ့သည်။

ကမန်ပိုက်သို့ချီရာတွင် ကမန်ပိုက်စားလည်း မြို့ပြ၊ ကျုံးမြောင်း၊ ကတုတ်၊ ရင်တား ပြင်ဆင်၍ လက်နက်အစုံအလင်နှင့် မြို့ကို အခိုင်အလုံပြု၍နေသည်။ ဘုရင့်နောင်မင်းတရား ကမန်ပိုက်သို့ ရောက်တော်မူလျှင် ...

"ယခုပင် ကမန်ပိုက်ကို လုပ်ကြံတော်မူမည်။ ဆင်သည်လည်း ဆင်နှင့် မြို့ရင်းသို့ ရောက်စေ၊ မြင်းသည်လည်း မြင်းနှင့်





မြို့ရင်းသို့ရောက်စေ၊ ခြေသည်လည်း လှေကားတူရွင်းကိုင်၍မြို့ရင်းသို့ချဉ်းလျက် မြို့ကို တူးစေ၊ တက်စေ"

ဟု အမိန့်တော်ရှိသည်။

ဟံသာဝတီတပ်တို့လည်း အကြောက်အရွံ့မရှိ၊ မြို့အနီးသို့ချဉ်းကြ၍ အချို့က မြို့တံခါးကို ဆင်နှင့်တိုက်သည်။ အချို့က မြို့ကို လှေကားထောင်၍တက်သည်။ အချို့က မြို့အခြေကိုတူးသည်။ လျှပ်ပြက်သကဲ့သို့ ဆင်တပ်၊ မြင်းတပ်တို့ဖြင့် လုပ်ကြံရာ မြို့ပျက်ကာ ကမန်ပိုက်ကို အောင်မြင်တော်မူပြီး ကမန်ပိုက်စားနှင့်တကွ ဆင်၊ မြင်း၊ လက်နက်နှင့် သုံ့ပန်းများကို ရရှိတော်မူသည်။

ယင်းနောက် မှူးမတ်တို့နှင့်တိုင်ပင်ရာတွင် ဗညားဒလက

"ယခု ယိုးဒယားမြို့ကို ရှိနှင့်စေ၍ သောက္ကတဲ၊ ပိဿလောက်၊ သုဝဏ္ဏလောက်၊ ပိတ်စဲ၊ တနင်္သာရီသို့ ချီတော်မူ၍ သိမ်းယူတော်မူပါလျှင် ယိုးဒယားမင်းသည် အတောင်ကျွတ်သော ငှက်ကဲ့သို့ ရှိပါလိမ့်မည်"ဟု လျှောက်တင်ရာ ဘုရင့်နောင်သည် သဘောကြိုက်ညီတော်မူ၍ သားတော်မဟာဥပရာဇာနှင့် ညီတော်ဘုရင်မင်းခေါင်တပ်များကို သောက္ကတဲသို့လည်းကောင်း၊ ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာနှင့် သမက်တော် အင်းဝဘုရင် သတိုးမင်းစောတပ်များကို ပိဿလောက်သို့လည်းကောင်း ချီ၍ လုပ်ကြံစေ၍ ကိုယ်တော်တိုင်ကမူ သုဝဏ္ဏလောက်သို့ ချီတော်မူသည်။

သားတော် မဟာဥပရာဇာတို့ချီရာတွင် သောက္ကတဲစားက ဆင်၊ မြင်းအလုံးအရင်းဖြင့် မြို့ကထွက် တိုက်ရန်ကြိုသည်။ ဟံသာဝတီတပ်တို့ကလည်း သောက္ကတဲစားတပ်များကိုမြင်သည်နှင့် အသင်း

www.burmeseclassic.com



အတားမရှိ၊ ဆင်ချွန်းဖွင့်ကာ လွှတ်သည်။ သောက္ကတဲစားတပ်တို့ အားမတန်၍ ဆုတ်ရသည်။ ဟံသာဝတီတပ်တို့ မြို့ရင်းသို့ရောက်လျှင် မြို့ကို တက်၍စီးရာ တစ်မြို့လုံး မြို့စားနှင့်တကွ ရရှိသည်။

ညီတော်ပြည်ဘုရင်သတိုးဓမ္မရာဇာချီရာတွင် ပိဿလောက်စားက မြို့ပြ၊ ကျုံ့မြောင်း၊ ကတုတ်၊ ရင်တား ပြင်ဆင်၍ မြို့ကခံသည်ကို မြို့ကို ဝန်းရံကာ ငါးရက်ခန့် ဆင်၊ မြင်း၊ ဗိုလ်ပါ ဖြည့်တင်းပြီး အမြောက်ကြီး၊ မြတာပူတို့ဖြင့် မီးပေါက်မိုးရွာစေပြီးမှ မြို့ကိုချဉ်း၍လုပ်ကြရာ မခံနိုင်၍ မြို့ပျက်ကာ ပိဿလောက်ကို ရသည်။

ဘုရင့်နောင်ကိုယ်တော်တိုင် သုဝဏ္ဏလောက်သို့ ချီတက်တော်မူရာတွင် သုဝဏ္ဏလောက်စားသည် မင်းတရားကိုယ်တော်တိုင် ချီတော်မူလာသည်။ ဆင်၊ မြင်း၊ စစ်သည်ဗိုလ်ပါအားကလည်း များလှသည်ဟုကြားရလျှင် ရင်ဆိုင်ရန်မဝံ့သဖြင့် လက်ဆောင်ပဏ္ဏာများနှင့်ကြိုလာကာ ...

''ကျွန်တော် ဘဝရှင်မင်းတရားကြီးဘုရားကို အံမတုဝံ့ပါ။ ယိုးဒယားမြို့ကို အလိုတော်ပြည့်လျှင် ကျွန်တော်မှာ ပင်ပန်းရမည် အခင်းမရှိပြီ''ဟု တင်လျှောက်ကာ ကျွန်တော်ခံသကဲ့သို့ ဩယာ ပိတ်စဲကလည်း လက်ဆောင်၊ လက်နက်အများနှင့် ကျွန်တော်ခံလာသည်။

ထို့နောက် ယိုးဒယားမြို့သို့ချီရာတွင် သဝန်ခလောက်သို့ ရောက်၍ တစ်စခန်းလွန်လျှင် ယိုးဒယားမင်းသမက်နောက်တော်တွင်ပါသော ဩယာဓမ္မရာဇာက ...





''အရေးတော်ပြီးမည့်အကြောင်းကို ယိုးဒယားမင်းသို့ ကျွန်တော်စေပါမည်။ ခွင့်ပြုတော်မူပါ''ဟု ဘုရင့်နောင်ကိုလျှောက်တင်ရာ ဘုရင့်နောင်က ခွင့်ပြုသဖြင့် မိမိလူကို ယိုးဒယားမင်းထံ စေသည်။

''ဘဝရှင်မင်းတရားဘုရား ... ယခုချီလာရာမှာ ညီတော်၊ သားတော် အစရှိသော ထီးဆောင်းမင်းအပေါင်းနှင့်အတူ စစ်သည်၊ ဗိုလ်ပါလည်း များလှသည်။ ညီတော်၊ သားတော်၊ မှူးတော်၊ မတ်တော်အပေါင်းတို့သည် အသက်ကိုစွန့်၍ အမှုတော်ကိုထမ်းမည့်သူချည်း ဖြစ်ပါသည်။ သို့ဖြစ်သောကြောင့် အရေးပြီးမည့်အကြောင်းကို အလျင်ဆီးကြို၍ လျှောက်လာသည်ဖြစ်ပါမှ စည်းစိမ်မပျက်၊ အသက်မသေရှိပါလိမ့်မည်''

ဟုလျှောက်လေရာ ယိုးဒယားမင်းက လက်မခံဘဲ စေလာသူကို ချုပ်နှောင်သည်။ သားတော် အိမ်ရှေ့မင်း ဖြမဟိန်ကိုလည်း တိုက်လှေသုံးရာတွင် စိန်ပြောင်း၊ မြတာပူ၊ လက်နက်များစွာတို့ကို တင်စေကာ နိုင်ငံခြားသား ကြေးစားစစ်သည်တို့ဖြင့် ဆီးကြို၍ ခုခံရန် စီစဉ်စေသည်။

ထိုအကြောင်းကို ဘုရင့်နောင်မင်းတရား ကြားတော်မူလျှင် နေမျိုးကျော်ထင်၊ ဘယကျော်ထင်နှင့် နန္ဒကျော်ထင်တို့ကို တစ်ဦးလျှင် မြင်းတပ်(၄)တပ်၊ စုစုပေါင်း မြင်းတပ်(၁၂)တပ်တို့တွင် အကြီးအမှူးပြုစေ၍ ရှေ့မှချီစေသည်။

ယိုးဒယားအိမ်ရှေ့မင်းသား၏ လှေတပ်နှင့်တွေ့ကြရာတွင် ယိုးဒယားလှေတို့မှ စိန်ပြောင်း၊ မြတာပူတို့နှင့်ပစ်သဖြင့် မြန်မာ



www.burmeseclassic.com

www.burmeseclassic.com



မြင်းတပ် အထိအနိုက်၊ အရှုအနများ ရသည်။ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်းနှင့် သမက်တော် အင်းဝမင်းတို့၏ တပ်များရောက်ရှိလာပြီး ဆင်တပ်ဖြင့်အတင်းဖိ၍တိုက်ရာ ယိုးဒယားတို့ မခံနိုင်ဖြစ်ရသည်။

သို့ရှိစဉ် ညီတော် ပြည်ဘုရင်သတိုးဓမ္မရာဇာ၏ လှေတပ်ရောက်ရှိလာပြီး ယိုးဒယားလှေတပ်ကိုတိုက်ရာ ယိုးဒယားတို့ အကျအဆုံးများပြီး လှေတပ်ပျက်သည်။ ယိုးဒယားအိမ်ရှေ့မင်းမှာ လှေနှင့်အပြင်းခွာသောကြောင့် လွတ်သွားသည်။ ထိုစစ်ပွဲတွင် မြန်မာတို့မှ တိုက်လှေ (၁၀၀)ကျော်၊ လက်နက်ကိရိယာများနှင့် သုံ့ပန်းလူ (၂၀၀)ကျော်ကို ရရှိလိုက်သည်။

ယိုးဒယားဘုရင်သည် သားတော်အိမ်ရှေ့မင်းရောက်လာလျှင် သားတော်အိမ်ရှေ့မင်းနှင့် ညီတော်ကို တိုက်ဆင် (၅၀၀)၊ မြင်း(၆၀၀၀)၊ စစ်သည်(၁၀၀၀၀)ဖြင့် မြန်မာတို့ကိုတိုက်ရန် ရှေ့မှချီစေသည်။ ယိုးဒယားဘုရင်က တိုက်ဆင်(၇၀၀)၊ မြင်း(၃၀၀၀)၊ စစ်သည်(၈၀၀၀၀)ဖြင့် နောက်မှချီလာပြီး လုံကလီအရပ်သို့ရောက်လျှင် တပ်ခိုင်တပ်လုံတည်၍နေသည်။ ဘုရင့်နောင်မင်းတရား၏ ရှေ့ချီမြင်းတပ်နှင့် ယိုးဒယားမြင်းတပ်တို့တွေ့၍ တိုက်ကြရာတွင် ယိုးဒယားမြင်းတပ် ဆုတ်ရသည်။ ထိုစဉ် ယိုးဒယားဆင်တပ်ရောက်လာ၍ မြန်မာတို့က ဆုတ်ဟန်ပြုကာ စစ်ရေးငင်သည်။ ယိုးဒယားတို့ကလည်း နောက်မှ ဆင်၊ မြင်း အလုံးအရင်းဖြင့် ဖိ၍လိုက်သည်။ ဤတွင်မှ မြန်မာဆင်တပ်တို့နှင့်တွေ့ကြပြီး မြန်မာတို့ဘက်မှ သားတော် မဟာဥပရာဇာ၊ ညီတော် တောင်ငူမင်းနှင့်





အင်းဝမင်းတို့က အကြောက်အရွံ့မရှိ ဆင်ချွန်းဖွင့်ကာ လွှတ်ကြသည်။ စော်ဘွား၊ တပ်မှူး၊ စစ်ကဲတို့ကလည်း သူ့ထက်ငါ ပွဲရအောင် ဆင်ချွန်းဖွင့်ကာ ယိုးဒယားတို့ထံ လွှတ်သည်။

ယိုးဒယားနှင့် မြန်မာတို့ နှစ်ဖက်ဆင်ချင်းတိုက်ကြသည့် စစ်ပွဲတွင် ယိုးဒယားဘုရင်၊ သား၊ သမက်တို့ မခံနိုင်။ ဆင်တပ်ပျက်ကာ လုံကလီတပ်သို့ ပြေးဝင်ရသည်။ မြန်မာတို့က နောက်မှဆင်ပါ၊ မြင်းပါ အတင်းလိုက်တိုက်ရာ လုံကလီတပ်ရင်းသို့ ရောက်သည်။ ထိုစစ်ပွဲတွင်လည်း မြန်မာတို့မှ ဆင်၊ မြင်း၊ လက်နက်နှင့် သုံ့ပန်းအများအပြား ရရှိလိုက်သည်။

ဘုရင့်နောင်မင်းတရား ရောက်တော်မူလာလျှင် တပ်မှူး၊ စစ်ကဲအပေါင်းတို့ကို ...

"ယခုပင် ငါ လုံကလီတပ်ကို လုပ်ကြတော်မူသည်။ ဆင်သည်၊ မြင်းသည်၊ ခြေသည်အပေါင်းတို့ တပ်ရင်းသို့ချဉ်း၍ ဆင်သည်လည်းဆင်နှင့်တပ်ကို တိုက်စေ၊ မြင်းသည်လည်း မြင်းနှင့်တပ်ကိုချဉ်း၍တိုက်စေ၊ ခြေသည်လည်း လှေကား၊ တူရွင်းနှင့် တချို့က တပ်ကိုတက်စေ၊ တချို့က တပ်ကိုတူးစေ၊ အမိန့်တော်အတိုင်းမတည်လျှင် ကြီးစွာသောအကွပ်တော်ကို ခံရလိမ့်မည်" ဟူ၍ တပ်တိုင်းကို အမိန့်တော်ထုတ်ပြန်စေသည်။

မင်းတရား အမိန့်တော်ရှိသည့်အတိုင်း မြန်မာတပ်မှူး၊ စစ်ကဲအပေါင်းတို့ကလည်း အကြောက်အရွံ့မရှိ။ သူ့ထက်ငါ ယိုးဒယားတပ်ကိုဝန်းရံ၍ အတင်းလုပ်ကြကြရာ သက္ကရာဇ်(၉၂၅)ခု၊ တပို့တွဲလပြည့်ကျော်(၁၅)ရက်၊ တနင်္လာနေ့တွင် သင်္ဘော(၃)စီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တကွ လုံကလီတပ်ကို ရတော်မူသည်။ ယိုးဒယားဘုရင်နှင့် သား၊ သမက်တို့မှာ လုံကလီမှခွာ၍ ယိုးဒယားမြို့တွင်းသို့ ပြေးဝင်သဖြင့် လွတ်၍သွားသည်။

ဘုရင့်နောင်မင်းတရားသည် လုံကလီတပ်တွင် နေတော်မူ၍ ယိုးဒယားမြို့ကို ခြံလှောင်သကဲ့သို့ ဝန်းရံထားပြီး အမြောက်ကြီး၊ မြတပူတို့နှင့် မီးပေါက်မိုးရွာသကဲ့သို့ အဆက်မပြတ်ပစ်ခတ်ရာ ယိုးဒယားတစ်မြို့လုံး အသားစားခံရလတ္တံ့ကဲ့သို့ ထိတ်လန့်စိုးရွံ့ကုန်ကြပြီး၊ ယိုးဒယားဘုရင်အား အညံ့ခံရန် လျှောက်တင်ကြသည်။

သို့ဖြင့် ယိုးဒယားဘုရင်သည် သား၊ သမက်တို့နှင့်တိုင်ပင်ပြီး ဘုရင့်နောင်မင်းတရားထံ ဆင်ဖြူတစ်စီးကိုဆက်၍ ယိုးဒယားဘုရင်ကိုးကွယ်သည့် ဆရာတော်ကိုစေကာ "စည်းစိမ်မပျက်၊ အသက်မသေမည့်အကြောင်းကို ခွင့်ပြုတော်မူပါလျှင် သစ္စာတော်ကိုခံ၍ ခြေတော်ရင်းမှာ နေပါမည်။ ကျွန်ုပ်၏သား ဗြမဟိန်ကိုမူကား ယိုးဒယားကို သနားတော်မူ၍ အစဉ်မပျက် မင်းပြုစေလိုပါသည်''ဟု နားတော်လျှောက်လာသည်။

ယိုးဒယားဘုရင် လျှောက်လာသောစကားကို ဘုရင့်နောင်မင်းတရား ကြားတော်မူရလျှင် ညီတော်၊ သားတော်နှင့် မှူးမတ်အပေါင်းတို့ကို ...

''ယိုးဒယားမြို့သည် သာသနာတော်မြတ်တည်ရာဖြစ်၍ ဘုရား၊ ဂူ၊ ကျောင်းနှင့် အရိယာသံဃာလည်း များသည်။ ထိုအရိယာတို့သည် ယိုးဒယားကို ငါတို့ဝန်းရံသည်မှစ၍ အလွန်ပင်ပန်းလှပေသည်။ ယင်းသို့ဖြစ်သောကြောင့် ယိုးဒယားမင်းလျှောက်





သည့်အတိုင်း ငါခွင့်ပြုတော်မူမည်ဟု အကြံရှိသည်''ဟု မိန့်တော်မူရာ ဗညားဒလက ...

"ယိုးဒယားမင်းသည် အထက်က သံစေတော်မူသောအခါ သောင်းကျန်းရိုင်းပျသောစကားကို ဆိုလေသောကြောင့် ဘဝရှင်မင်းတရားမှ မြေကြီးအထုနှင့်တူသော ဆင်လုံးမြင်းရင်းအပေါင်းနှင့် ချီတော်မူ၍ ယိုးဒယားမြို့ရွာ ကျေးလက်အပေါင်းတို့ကို သိမ်းယူတော်မူသဖြင့် ယိုးဒယားမင်းမှာ အတောင်ကျွတ်သောငှက်ကဲ့သို့ မစော်ကားနိုင်တော့၍ အသနားတော်ခံလာခြင်း ဖြစ်ပါသည်။ သို့ကြောင့် ယိုးဒယားက သစ္စာတော်ကိုခံ၍ အမှုတော်ကိုထမ်းပါမည်ဆိုလျှင် အရေးတော်ပြီးတော့မည် ဖြစ်ပါသည်။ သို့ရာတွင် ယိုးဒယားမင်းနှင့် သား၊ သမီး ဆင်ဖြူလေးစီးတို့ကို သိမ်းယူတော်မူမှ ပျပ်ဝပ်ကျိုးနွံမည်ဖြစ်ပါသည်''ဟု နားတော်လျှောက်သည်။

ဗညားဒလလျှောက်တင်သောစကားကို ဘုရင့်နောင်မင်းတရား လက်ခံတော်မူသဖြင့် "ယိုးဒယားဘုရင်နှင့် သားတော်အိမ်ရှေ့မင်းကို စီးမြဲနင်းမြဲ အစီးအနင်း၊ ဆောင်မြဲသောအဆောင်အယောင်နှင့်ထွက်လာစေ''ဟု အမိန့်တော်ရှိသည်။

ဘုရင့်နောင်မင်းတရားအမိန့်တော်ကို ယိုးဒယားဘုရင်ကြားသိရလျှင် သားတော်အိမ်ရှေ့မင်း ဗြမဟိန်နှင့်အတူ ဆင်ဖြူပေါက် နှစ်စီး၊ ဆင်ဖြူမတစ်စီး၊ ပေါင်း ဆင်ဖြူသုံးစီးနှင့်တကွ အထူးထူးသော လက်ဆောင်တော်များကိုယူ၍ စီးမြဲနင်းမြဲသော အစီးအနင်း၊ ဆောင်မြဲသောအဆောင်အယောင်နှင့် မှူးမတ်



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းတို့ဝန်းရံ၍ သက္ကရာဇ် (၉၂၅)ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ သောကြာနေ့တွင် ယိုးဒယားမြို့တွင်းမှ ထွက်လာသည်။

ဘုရင့်နောင်မင်းတရားက ...

"ငါသို့သော အားငါးပါးနှင့်ပြည့်စုံသော မင်းကေရာဇ် လုပ်ကြသည်ကို ဇမ္ဗူဒိပ်မြေပြင်ဝယ် အဘယ်ပြည်ထောင်မင်းသည် ခံဝံ့မည်နည်း"ဟု မိန့်တော်မူလေရာ

ယိုးဒယားဘုရင်က ...

"ဘုန်းတော်တန်ခိုးတော် ကြီးမြတ်တော်မူသောမင်းဖြစ်ပါ၍ မျက်နှာယှဉ်၍မတိုက်ဝံ့ ရှိရပါသည်"ဟု နားတော်လျှောက်သည်။

ယင်းနောက် ယိုးဒယားဘုရင်၏ လက်ဆောင်တော်များကို သိမ်းယူတော်မူပြီးလျှင် ယိုးဒယားဘုရင်နှင့် သားတော်၊ သမက်တော်၊ ညီတော်နှင့် အမှူးအမတ်တို့ကို သစ္စာတော်ပေးသည်။ ထို့နောက်မှ ယိုးဒယားဘုရင်၏သားတော် ပြမဟိန်အား ယိုးဒယားမြို့ကို ပေးတော်မူသည်။ ယိုးဒယားမင်း၏သမက်ပိဿလောက်စားကို ပိဿလောက်မြို့ကို ပေးတော်မူသည်။ သောက္ကတဲမြို့ကိုစားသော ယိုးဒယားဘုရင်၏ညီတော်ကို စားမြဲအတိုင်း အဆောင်အယောင်နှင့်တကွ ပေးတော်မူသည်။ ပိတ်စဲမြို့ကိုစားသော ယိုးဒယားဘုရင်၏ ညီအလတ်ကိုလည်း စားမြဲစားစေရန် ပေးတော်မူသည်။

ယိုးဒယားဘုရင်ကလည်း ချစ်ခင်မြတ်နိုးတော်မူသော သမီးတော်နှင့်အတူ ရွှေပိဿာ(၁၀၀)ဖြင့်ပြုသော မင်းဆောင်မင်းယောင်၊ မင်းခမ်းမင်းနား၊ ငွေ(၁၀၀)၊ ဆင်ကောင်း(၁၀)စီးကို ဆက်သည်။





ထို့နောက် ဘုရင့်နောင်မင်းတရားသည် ယိုးဒယားဘုရင်၊ သားတော်အငယ် ဖြရာမသွန်၊ မိဖုရား၊ သားတော်သမီးတော်များ၊ အမတ်ကြီး ဩဘာက်ဖြစက္ကို၊ ဆင်ဖြူလေးစီးနှင့် ယိုးဒယားမြို့တွင်ရှိသော ပန်းတိမ်၊ ပန်းတဲ၊ ပန်းတဉ်း၊ ပန်းပု၊ ပန်းပွတ်၊ ပန်းချီ၊ ပန်းရွံ၊ ပန်းတော့၊ ပန်းတမော့၊ ပန်းတယား၊ သဘင်သည်၊ ဆင်ဆေးသမား၊ မြင်းဆေးသမား၊ လက်သမား၊ ဗိသုကာ၊ ဆံပြင်၊ ဆံထုံး၊ အထုံနှံ့သာ အပြင်အဆင်တတ်သူ၊ အကြော်အလှော် အပေါင်း ဟင်းချက်တတ်သူတို့ကို ယူတော်မူ၍ သက္ကရာဇ်(၉၂၅)ခု၊ တန်ခူးလပြည့်ကျော် (၂)ရက်၊ အင်္ဂါနေ့တွင် ယိုးဒယားမှ ပြန်လည်ကြွချီတော်မူလေရာ သက္ကရာဇ်(၉၂၆)ခု၊ နယုန်လဆန်း(၆)ရက်၊ တနင်္ဂနွေနေ့တွင် ဟံသာဝတီနေပြည်တော်သို့ ပြန်လည်ရောက်ရှိတော်မူလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘုရင့်နောင်လက်ထက်
# ယိုးဒယားမြန်မာစစ်ပွဲ (၂)

www.burmeseclassic.com

www.burmeseclassic.com

ဘုရင့်နောင်မင်းတရားသည် ယိုးဒယားကို အောင်မြင်တော်မူပြီးနောက် ယိုးဒယားဘုရင်ကို ဟံသာဝတီသို့ ခေါ်ဆောင်ခဲ့သော်လည်း ယိုးဒယားဘုရင်ကို ဆက်ဆံရာ၌ စစ်သုံ့ပန်းအကျဉ်းသားတစ်ဦးကဲ့သို့ နှိမ့်ချဆက်ဆံခြင်းမပြုခဲ့ဘဲ စိတ်ရင်းမနော သဘောထားပြည့်ဝစွာဖြင့် ဘုရင့်အဆောင်အယောင်အားလုံးကို ပေးခဲ့သည့်အပြင် မိမိကို ရှိမခိုးဘဲ ကောင်းမွန်စွာနေထိုင်ခွင့်ပြုခဲ့သည်။ ဟံသာဝတီတွင်နေထိုင်စဉ် စကြာနှစ်ထပ်အိမ်မြှုကိုပေး၍ လွတ်လပ်စွာနေထိုင်ခွင့်ပေးထားခဲ့သည်။

သို့ရာတွင် ယိုးဒယားဘုရင်မှာ ဟံသာဝတီတွင် ရဟန်းပြုလိုက်ပြီးနောက် မဖြောင့်သည့်အကြံဖြင့် အယုဒ္ဓယသို့ ဘုရားဖူးသွားလိုကြောင်း ဘုရင့်နောင်ထံ လျှောက်ထားရာ ခွင့်ပြုသဖြင့် ယိုးဒယားသို့ ထွက်သွားသည်။ ထိုစဉ် ယိုးဒယားဘုရင်၏ သားတော်ငယ်





ဗြရာမသွန်သည် ဖင်းမယ်သောင်းကျန်း၍ ဘုရင့်နောင် ချီတော်မူသောအခါ နောက်တော်တွင်လိုက်ပါလာရာမှ မကျန်းမာ၍ကွယ်လွန်သည်။

ဗြရာမသွန်၏မိဖုရားက ယိုးဒယားသို့ပြန်၍ နေထိုင်ပါတော့မည်ဟု တင်လျှောက်သောကြောင့် ဘုရင့်နောင်က ဗြရာမသွန်၏မိဖုရားကို ရာဇမနုအမည်ရှိသော အမတ်အား ယိုးဒယားသို့ ပို့စေရာ ယိုးဒယားသို့မရောက်ခင် ဗြရာမသွန်၏မိဖုရားနှင့် ရာဇမနုတို့ ဖောက်ပြန်ကြသည်။ ထိုအကြောင်းကို ယိုးဒယားဘုရင်သိလေရာ ရာဇမနုသည် သစ္စာမစောင့်၊ ဖောက်ပြန်ခြင်းအမှုကို ပြုကျင့်ရှိင်းပျကြောင်း ဘုရင့်နောင်ထံ စာစေဆက်သည်။ ဘုရင့်နောင်မင်းတရားကြားသိတော်မူလေလျှင် အမျက်တော် ပြင်းစွာထွက်ကာ ရာဇမနုကို ကွပ်မျက်တော်မူလျက် ထိုသို့အပြစ်အလျောက် ကွပ်မျက်ကြောင်းကိုသိစေရန် ဇလသင်းရံအမတ်ကို ယိုးဒယားသို့ စေလွှတ်သည်။

ရဟန်းပြုသူ ယိုးဒယားဘုရင်သည် သားတော်ယိုးဒယားဘုရင်နှင့်တိုင်ပင်ကာ ဇလသင်းရံအမတ်ကို လမ်းခရီးမှစောင့်ကာ သတ်သည်။ ထိုသို့သတ်သည်ကို ယိုးဒယားဘုရင်၏သမက်တော် ဩယားပိဿလောက် ကြားလေလျှင် ...

"ယိုးဒယားဘုရင်သည် ကိုယ့်ကိုယ်ကို ပျက်ကြောင်းရှာ၍ မသင့်မရာ၊ မပြုသင့်သောအကြံကို ကြံသည်။ ငါကား ငါ့ကိုယ်ကိုငါ အမျက်မရှာကောင်းပေ။ မင်းတရား၏ ရွှေဖဝါးတော်အောက်သို့ အလျင်သွား၍ မြဲစွဲရမှ သင့်တော်မည်"ဟု ဆိုပြီးလျှင် ဘုရင့်နောင်မင်းတရား၏ ရွှေဖဝါးတော်အောက်သို့ ခိုဝင်လာသည်။ ဘုရင့်နောင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားလည်း ကျေနပ်အားရတော်မူ၍ ဩယားပိသလောက်ကို စော်ဘွားသောင်ကျည် ဟူသောအမည်ဖြင့် မကိုဋ်ထီးဖြူပေးကာ မြှောက်စားတော်မူလေသည်။

ယိုးဒယားဘုရင်လည်း ဩယားပိသလောက် ဟံသာဝတီသို့ဝင်သည်ဟုကြားလျှင် ပိသလောက်သို့ချီလာကာ ပိသလောက်တွင် ကျန်ရှိသော ဩယားပိသလောက်၏ သမီးနှင့်တကွ သူဌေးသူကြွယ်တို့ကို သိမ်းယူ၍ အယုဒ္ဓယသို့ ပြန်သည်။

ထိုအကြောင်းကို ဘုရင့်နောင်မင်းတရားကြားသိတော်မူလျှင် ...

"ယိုးဒယားဘုရင်သည် ကျေးဇူးသစ္စာတော်ကို မစောင့်၊ အယုဒ္ဓယတွင် စော်ဘွားသောင်ကျည် မင်းပြုရမည့်ကံရောက်၍ပင် ဖြစ်တော့သည်"ဟု မိန့်တော်မူသည်။

ထို့နောက် စော်ဘွားသောင်ကျည်၊ ဗညားလော၊ ဗညားကျန်းနှင့် ဗညားပရံတို့ ဦးစီးသည့် တပ်လေးတပ်ကို တိုက်ဆင် (၁၀၀)၊ မြင်း (၁၀၀၀)၊ စစ်သည် (၆၀၀၀၀)ဖြင့် ပိသလောက်သို့ ဦးစွာချီစေသည်။ စော်ဘွားသောင်ကျည်လည်း ပိသလောက်သို့ ရောက်လျှင် မြို့ပြကျုံးမြောင်း၊ ပစွင်ရင်းလျှောက် မကောင်းသည်တို့ကို ပြင်ဆင်ကာ ကျေးစွန်ရွာလက်၌ရှိသော စပါးများကို မြို့တွင်းသို့သွင်းကာ ကျီဆောက်၍ထည့်သည်။

စော်ဘွားသောင်ကျည် ပိသလောက်သို့ရောက်နေကြောင်း ယိုးဒယားဘုရင်ကြားလျှင် လင်းဇင်းမင်းနှင့်ပေါင်းကာ ပိသလောက်ကိုတိုက်ရန် ချီလာသည်။ ထိုအကြောင်းကို ဗညားလော၊ ဗညားကျန်းနှင့် ဗညားရံတို့က လျှောက်လာ၍ ဘုရင့်နောင်မင်းတရားကြားသိတော်မူလျှင် ...

"ယိုးဒယားမင်းနှင့် လင်းဇင်းမင်းလာသည်ကို တစ်ဦးကိုမျှ မလွတ်စေနှင့်။ ရအောင်ဖမ်းလေ၊ ငါမူကား ဝါလကျွတ်လွတ်၍ မိုးစဲပွင့်လင်းမှ ချီတော်မူလာမည်"ဟု မှာကြားတော်မူသည်။

သို့ဖြင့် ယိုးဒယားဘုရင်သည် ရေကြောင်းချီ၍လည်းကောင်း၊ လကွန်းသီမာစားသည် တိုက်ဆင် (၁၀၀)၊ စစ်သည် (၁၀၀၀၀)ဖြင့် ကြည်းကြောင်းချီ၍လည်းကောင်း ကမန်ပိုက်သို့ ရောက်ရှိလာသည်။ လင်းဇင်းမင်းမှာမူ ခရီးဝေး၍ မရောက်လာနိုင်သေး။ ထို့နောက် ယိုးဒယားဘုရင်သည် လကွန်းသီမာစားနှင့်ပူးပေါင်း၍ ပိသလောက်မြို့ရင်းသို့ ချဉ်းလာသည်။

စော်ဘွားသောင်ကျည်နှင့် ဗညားလော၊ ဗညားကျန်း၊ ဗညားပရံတို့လည်း တိုက်ဆင် (၈၀)၊ စစ်သည် (၂၀၀၀၀)ဖြင့် မြို့တံခါးကိုဖွင့်၍ လကွန်းသီမာစားတပ်တို့ကို တိုက်သည်။ လကွန်းသီမာစား အရေးနိမ့်၍ လကွန်းသီမာစားနှင့် စစ်သည် (၃၂၀၀) သေသည်။ ကျန်နေသူတို့က ယိုးဒယားဘုရင်ရှိရာ ရေကြောင်းသို့ ပြေး၍ ပူးပေါင်းသည်။ ဗညားကျန်းတော၏တူဖြစ်သော စန္ဒရာသီနှင့် ဗညားပရံ၏ညီဖြစ်သော သမန္တရပ်တို့လည်း ယိုးဒယားဘုရင်ရှိရာ လှေတပ်တိုင်အောင် လိုက်၍တိုက်လေသည်။ သို့သော် ယိုးဒယား လှေတပ်မှ စိန်ပြောင်း၊ မြတပူကြီးများနှင့် ဆီး၍ပစ်သဖြင့် အထိအခိုက်၊ အရှုံးအနများကာ တပ်ကိုဆုတ်၍ ရသည့် ဆင် (၁၀)၊ သံ့ပန်း (၅၀၀၀)ကိုယူ၍ ပိသလောက်မြို့တွင်းသို့ ပြန်ဝင်သည်။







www.burmeseclassic.com

www.burmeseclassic.com



(၁၅)ရက်ခန့်ရှိလျှင် လင်းဇင်းမင်းရောက်လာ၍ ပိဿလောက်မြို့ ကျုံးအနီးတွင် တပ်ချနေသည်ကို စော်ဘွားသောင်ကျည်နှင့် ဗညားလော၊ ဗညားကျန်း၊ ဗညားပရံတို့က မြို့တံခါးဖွင့်လျက် တိုက်ဆင်(၂၀၀)၊ စစ်သည်(၂၀၀၀၀)ဖြင့် ထွက်တိုက်သည်။ လင်းဇင်းမင်းတပ် မခံနိုင်၍ မြို့မှဆုတ်ရသည်။

(၃)ရက်ခန့်ရှိလျှင် ယိုးဒယားဘုရင်နှင့် လင်းဇင်းမင်းတို့ တိုင်ပင်၍ မြစ်ညာမှ သစ်ကြီးများကိုခုတ်ကာ ဖောင်အလံ (၃၀၀)ခန့် လုပ်ပြီးလျှင် ဖောင်ပေါ်တွင် ထင်းအမှိုက်လောင်စာများစွာတို့ကို စုပုံတင်သည်။ ထို့နောက် ဖောင်ကို ပိဿလောက်ဆီ မျှောလာပြီးလျှင် ညဥ့်အချိန်၌ လောင်စာတို့ကို မီးတင်ရှို့သည်။ တစ်ချိန်တည်းတွင် ယိုးဒယားဘုရင်က တိုက်လှေ(၂၀၀)ကျော်၊ စစ်သည်(၁၂၀၀၀)ဖြင့် ရေကြောင်းမှတိုက်သည်။ လင်းဇင်းမင်းကလည်း ဆင်၊ မြင်း၊ ဗိုလ်ပါများနှင့် ကြည်းကြောင်းမှတိုက်သည်။

စော်ဘွားသောင်ကျည်နှင့် ဗညားကျန်းတောတို့လည်း တိုက်ဆင် (၁၀၀)၊ စစ်သည်(၃၀၀၀၀)ဖြင့် မြို့တံခါးဖွင့်၍ ထွက်တိုက်သည်။ လင်းဇင်းမင်းတို့က မျှောလိုက်သည့်မီးဖောင်ကိုလည်း သူရဲကောင်း (၁၀၀၀)ကျော်တို့ကို သတ်စေသည်။

မြို့ပေါ်မှလည်း စိန်ပြောင်း၊ မြတပူကြီးများဖြင့် တလစပ်ပစ်စေရာ လင်းဇင်းစစ်သည်တို့ မခံနိုင်၍ ဆုတ်ရသည်။ စော်ဘွားသောင်ကျည်နှင့် ဗညားကျန်းတောတို့က လင်းဇင်းတပ်များကို ဝင်တိုက်ရာ လင်းဇင်းစစ်သည် အများအပြား သေကျေပျက်စီးပြီး တပ်ပျက်ကာ ပြေးရသည်။ ထိုပွဲတွင် စော်ဘွားသောင်ကျည်တို့က ဆင် (၇၀)ကျော်နှင့် သံ့ပန်း (၃၀၀)ကျော်ကို ရလိုက်သည်။





ယိုးဒယားဘုရင် ရေကြောင်းမှရောက်လာသည်ကိုလည်း ဗညားကျန်းနှင့် ဗညားပရံတို့က စိန်ပြောင်း၊ မြတပူကြီးများဖြင့် ပစ်သဖြင့် တချို့ လှေတို့နစ်ကာ၊ တချို့ လှေတို့ ကျိုးပြတ်ကွဲပဲ့ပြီး ရေတပ်ပျက်သဖြင့် ယိုးဒယားဘုရင် ဆုတ်ရသည်။ သို့ဖြင့် မြို့ကို ချီ၍ မတိုက်ဝံ့တော့ဘဲ အဝေးမှခွာ၍သာ ရံ၍နေလေသည်။

ဘုရင့်နောင်မင်းတရားလည်း မိုးလေကင်းလွတ်စပြုသည့် သီတင်းကျွတ်လသို့ရောက်လေလျှင် အယုဒ္ဓယသို့ ချီတော်မူရန် ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ရေတွက်စုဆောင်းတော်မူ၍ တပ်တော်များကို စီစဥ်ခန့်ရန်တော်မူသည်။ ယင်းသို့ စီရင်ရာ၌ ဘုရင့်နောင်မင်းတရားကြီး၏တပ်တော်ကြီးတွင် ဝင်းတော်လေးမျက်နှာသား (၄၀၀၀၀)ကို ရွှေဒိုင်း၊ ရွှေလှံ၊ ရွှေကာ၊ ရွှေလုံ့ဆွဲကိုင်စေ၍ ဝဲယာ ရှေ့နောက်တို့မှ (၁၀၀၀၀)စီ လိုက်စေသည်။ ကုလားဘုရင်ဂျီ (၄၀၀) တို့ကိုလည်း ရွှေဦးထုပ်၊ ဘောင်းဘီဝတ်စေပြီး စိန်ပြောင်း (၄၀၀) ဆွဲစေလျက် ဝဲယာရှေ့နောက် (၁၀၀)စီ လိုက်စေသည်။ ကုလားပသီ (၄၀၀၀)တို့ကိုလည်း သံမောက်တို ဘောင်းဘီဝတ်စေပြီးလျှင် သေနတ်ဆွဲစေ၍ ရှေ့နောက်ဝဲယာတို့မှ (၁၀၀၀)စီ လိုက်စေသည်။ ရွှေမောက်တိုတွင် ရွှေပန်းပန်စေ၍ ရွှေပါးကာ၊ ရွှေချပ်ဝတ်သော မြင်းသည်တော် (၄၀၀၀)တို့ကိုလည်း မြင်း (၄၀၀၀)ဖြင့် ဝဲယာရှေ့နောက် လိုက်စေသည်။ ရွှေလှံကိုင် (၄၀ဝ၀)တို့ကိုလည်း မောက်တိုနီမျဉ်းနက်ဝတ်စေ၍ ဆင်တပ်ကြားတွင် လိုက်စေသည်။ ပန်းဆိုးနီခေါင်းထုပ်နှင့် ရွှေမောက်လူဆောင်း၍ ရွှေဓါးစည်းသောမားသမား (၄၀၀၀) တို့ကိုလည်း ရှေ့နောက်ဝဲယာမှ လိုက်စေသည်။ စော်ဘွား၊ စော်လ[illegible]န်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မှူးကြီးမတ်ကြီး(၄၀၀)တို့ကိုလည်း တိုက်ဆင်(၄၀၀)နှင့် ရှေ့နောက်ဝဲယာတို့မှ လိုက်စေသည်။

ရှေ့တော်က သီရိဇေယျကျော်ထင်ကို တပ်မှူး၊ ရန္တသူကို စစ်ကဲ၊ လက်ယာတော်က သက်ရှည်ကျော်ထင်ကို တပ်မှူး၊ လက်ျာရန္တသူကို စစ်ကဲ၊ လက်ဝဲတော်က နန္ဒကျော်ထင်ကို တပ်မှူး၊ လက်ဝဲရန္တမိတ်ကို စစ်ကဲ၊ နောက်တော်က ဘယကျော်ထင်ကို တပ်မှူး၊ ဓမ္မသီရိကို စစ်ကဲခန့်တော်မူလေသည်။

မင်းတရားတပ်တော်တွင် တိုက်ဆင်(၄၀၀)၊ မြင်း(၄၀၀၀)၊ စစ်သည် (၅၆၀၀၀)ပါဝင်ပြီး၊ ကျန်တပ်ပေါင်း (၅၃)တပ်တွင် တိုက်ဆင် (၅၃၀၀)၊ မြင်း (၅၃၀၀၀)၊ စစ်သည် (၅၄၆၀၀၀)ဖြင့် သက္ကရာဇ် (၉၃၀)၊ သီတင်းကျွတ်လပြည့်ကျော် (၆)ရက်၊ တနင်္ဂနွေနေ့တွင် ယိုးဒယားသို့ စစ်ချီတော်မူလေသည်။

**မှတ်ချက်။ ။**

(ထိုစဉ်က ဘုရင့်နောင် ယိုးဒယားသို့ချီသည့် စစ်သည် အင်အားမှာ (၉၀၀၀၀၀)ခန့်ရှိကြောင်း၊ ဆင်၊ မြင်း၊ စစ်သည်တို့ ချီတက်လာသောအသံမှာ မိုးခြိမ်းသံကဲ့သို့ မြည်ဟိန်းနေကြောင်း၊ ဘုရင့်နောင်ကို စကြဝတေးမင်းအဖြစ်လည်းကောင်း၊ ဘုရင့်နောင် စစ်သည်များကို စကြဝတေးမင်း၏ နောက်လိုက်ဗိုလ်ပါများအဖြစ် လည်းကောင်း ယိုးဒယားရာဇဝင်အများအပြားတွင် တင်စားရေးသား ဖော်ပြခဲ့ကြသည်။)

ဟံသာဝတီမှချီတော်မူလာ၍ ယိုးဒယားမြောက်အင်းတော် အမည်ရှိသော အရပ်သို့ရောက်လျှင် ပိဿလောက်တွင်ရှိသော





စော်ဘွားသောင်ကျည်နှင့် ဗညားလော၊ ဗညားကျန်းတော၊ ဗညားပရံ တို့ကို ခေါ်တော်မူလေရာ စော်ဘွားသောင်ကျည်တို့ရောက်လာ၍ စစ်ပွဲမှ မိမိတို့ရသည့် သံ့ပန်း၊ ဆင်မြင်း၊ လက်နက်တို့ကို ဘုရင့်နောင် သို့ဆက်သည်။

ဘုရင့်နောင်မင်းတရားလည်း စော်ဘွားသောင်ကျည်နှင့် ဗညားကျန်းတောကို အားရတော်မူသဖြင့် အဆောင်အယောင် အဝတ်အထည်များကို ဆုပေးတော်မူသည်။ ဗညားလောနှင့် ဗညား ပရံတို့နှစ်ဦးကိုမူ ...

"ယိုးဒယားမင်းက ပိဿလောက်ကို တိုက်လာသောအခါ မြို့တွင်းကသာ ခံနေသည်။ လိုက်၍မတိုက်၊ လိုက်၍တိုက်သည် ရှိသော် ယိုးဒယားမင်း လွတ်မည်လော" ဟု မိန့်တော်မူပြီးလျှင် တပ်သားနှင့်တကွ ကျေးကျွန်သင်းပင်းဟူသရွေ့ကို နုတ်ယူတော် မူသည်။

ယိုးဒယားဘုရင်သည် ဘုရင့်နောင်မင်းတရား စစ်သည် ဗိုလ်ပါ ဆင်လုံးမြင်းရင်းအများနှင့် ချီလာသည်ကို သိသော်လည်း ဆီးကြို၍မတိုက်ဝံ့၊ အယုဒ္ဓယမြို့တော်၏မြို့ပြ၊ ကျုံးမြောင်း၊ ပစ္စင် ရင်းလျောက်တို့ကိုသာ ခိုင်လုံအောင်စီရင်ပြီး အမြောက်ကြီး မြတပူ တို့ကို မြို့ထိပ်ဝန်းကျင်တို့တွင်တင်ကာ ကျေးလက်ရွာလက်တို့တွင် ရှိသော စစ်သည်သူရဲတို့ကို မြို့တွင်းသို့သွင်းသည်။

သားတော်မဟာဥပရာဇာနှင့် တပ်မှူးစစ်ကဲအပေါင်းတို့ကို ခေါ်တော်မူ၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ယခု အယုဒ္ဓယကို မည်သို့လုပ်ကြံရသော် သင့်မည်နည်း" ဟု ဘုရင့်နောင်မင်းတရား အမေးတော်ရှိသည်ကို သားတော် မဟာဥပရာဇာက ...

"ယိုးဒယားမင်းသည် မြို့ကထွက်၍သော်လည်း တိုက်ရန် မဝံ့၊ မြို့ကိုသာ အခိုင်အလုံနေသည်။ အယုဒ္ဓယမြို့သည်လည်း ရေရစ်လည်ဝန်းရံ၍ရှိသောကြောင့် အလုပ်အကြံခက်လှပါသည်။ အရှည်အကြာဝန်းရံ၍နေရသော် နောက်တော်ပါရဲမက်စစ်သည်တို့ အစားအသောက် ခဲခက်လှချေမည်။ ယင်းသို့ဖြစ်ပါသောကြောင့် ရှုပ်ရှုပ်ချုံချုံ စစ်ဦးဘီလူးပါ လုပ်ကြံတော်မူပါမှ အရေးတော်ပြီးလွယ်ပါမည်"ဟု နားတော်လျှောက်သည်။

ဘုရင့်နောင်မင်းတရားကလည်း ...

"ယိုးဒယားမြို့သည် ရေဖြင့်ရစ်လည်ဝန်းရံ၍ အလုပ်အကြံခက်ခဲငြားသော်လည်း ငါ၏ရဲမက်တော်အပေါင်းနှင့် ကြည်းရေဝန်းရံ၍ လုပ်ကြံတော်မူသည်ကို ယင်းမြို့သည် ခံနိုင်ရာသဘော ရှိမည်လော၊ ယခုလည်း ကမန်ပိုက်၊ သုဝဏ္ဏလောက်၊ သောက္ကတဲ၊ ပိတ်စဲမြို့များတွင်ရှိသော စပါးဆန်ရေတို့ကို ရဲမက်တော်တို့သယ်ယူစေလျက် ကျီကျဆောက်၍ထားစေမည်။ မိုးကျလျှင် ရဲမက်တော်တို့ကို လယ်လုပ်ကြစေမည်။ အလျှင်လုပ်ကြံ၍မသင့်"

ဟုမိန့်တော်မူပြီးလျှင် အယုဒ္ဓယကို တပ်တော်(၅၉)တပ် စလုံးချဉ်း၍ နွားကိုခြံလှောင်သကဲ့သို့ ကြည်းရေဝန်းရံ၍နေလေသည်။

ယင်းနောက် မြစ်ညာမှ သစ်ကိုခုတ်၍ ပြတန်ဆောင်းနှင့် တကွ သစ်တပ်မြို့ကိုတည်သည်။ ပြတန်ဆောင်းသစ်တပ် အညီ





အညွှတ်ပြီးလျှင် အမြောက်စိန်ပြောင်း မြတပူတို့ကိုတင်၍ အယုဒ္ဓယမြို့ဆီသို့ မီးပေါက်မိုးရွာစေသည်။ အယုဒ္ဓယရှိ ပြတန်ဆောင်း၊ အိမ်ရာတို့ပျက်စီးသဖြင့် မြို့တွင်းသားတို့မှာ ထိတ်လန့်ခြင်းပြင်းစွာဖြစ်ကုန်၏။ ထိုစဉ် တပ်မှူးစစ်ကဲအပေါင်းတို့က ဓားချွတ်၍ ကွပ်ကဲစီမံကြလျက်တိုက်စေရာ စစ်သည်ရဲမက်တို့ အသက်ကိုအသက်မမှတ်ဘဲ လေကားထောင်၍ မြို့ရိုးကိုတက်သော်လည်း မြို့ထိပ်က ပစ်လွှတ်သော အမြောက်မြတပူတို့ကြောင့် အောင်မြင်ခြင်းသို့ မရောက်၊ အထိအရှ အသေအပျောက်များကာ ပြန်ဆုတ်ရသည်။ သို့ဖြင့် မြို့နှင့်တမျှ မြေတောင်တပ်ကိုဖို့စေကာ ထိုမြေတောင်ထက်တွင် အမြောက် စိန်ပြောင်း မြတပူကြီးများတင်၍ နေ့စဉ်ရက်ဆက် ပစ်သော်လည်း မြို့ပြခိုင်သဖြင့် မပျက်ဘဲရှိရသည်။

ဤတွင် ဘုရင့်နောင်မင်းတရားလည်း အမျက်တော်ရှိ၍

"ငါ၏ညီတော် သားတော်မှစ၍ တပ်မှူးစစ်ကဲအပေါင်းတို့သည် ငါ့ကျေးဇူးတော်ကိုသာခံစား၍ အမှုတော်ကို ကြိုးစားအားထုတ်၍ မထမ်းသောကြောင့်သာ အရေးတော်ပြီးခဲသည်။ သို့ကြောင့် ယနေ့မှစ၍ ယခုထက် ကြိုးစားအားထုတ်လျက် အမှုတော်ကို ထမ်းကြရမည်။ ယင်းသို့မထမ်းသူသည် ကြီးစွာသောအကျွပ်တော်ကိုခံရလိမ့်မည်"ဟု အမိန့်တော်ရှိသည်။

သို့ဖြင့် ညီတော်၊ သားတော်၊ တပ်မှူး၊ စစ်ကဲအပေါင်းတို့သည် အမိန့်တော်ကိုကြားလျှင် မိမိတို့တပ်ကို လုံခြုံမြဲမြံအောင် စီရင်၍ အသက်ကိုအသက်မမှတ်၊ နေ့ညဉ့်မပြတ် မြို့ကိုလုပ်ကြံကြသော်လည်း မြို့ကိုမတက်နိုင်၊ ယိုးဒယားတို့ပစ်လွှတ်သော



www.burmeseclassic.com

www.burmeseclassic.com



အမြောက် စိန်ပြောင်း မြတပူတို့ကြောင့် တစ်တပ်ကို သုံးရာလေးရာ ထိပါး၍ အသေအပျောက်သာများရ၏။

ဘုရင့်နောင်မင်းတရား အယုဒ္ဓယကိုဝန်းရံချိန် လေးလခန့် အကြာတွင် ရဟန်းဝတ်ဖြင့် ဟံသာဝတီမှ အယုဒ္ဓယသို့ပြန်ကာ ပုန်ကန်သူ ယိုးဒယားဘုရင်ဟောင်း နတ်ရွာစံသည်။ ယိုးဒယား ဘုရင်က ယိုးဒယားဘုရင်ဟောင်း၏အလောင်းကို စစ်မက်ရှိနေ သည်နှင့် မသင်္ဂြိုဟ်ဘဲ ပြဒါးသွတ်၍ထားသည်။

ယိုးဒယားဘုရင်လည်း အမတ်တို့ကိုခေါ်၍ ...

"ဘဝရှင်မင်းတရားကြီးချီလာ၍ ငါတို့မြို့ကိုရံတော်မူသည် ကို ငါတို့က အမြောက်သေနတ်ဖြင့်ပစ်၍ သေပျောက်သည်လည်း မရေတွက်နိုင်အောင်ရှိနေသည်။ ထိုသို့သေပျောက်လျက်ကပင် အလုပ်အကြံကို တစ်နေ့မှမလျော့။ အမျက်တော်ကြီးလှသောကြောင့် သာ ထိုသို့ကြံတော်မူခြင်းဖြစ်သည်။ ယခု ငါမင်းပြုသည်မှာလည်း မကြာသေး။ ငါ၏အမတ်တို့တွင် အချို့လည်း ငါ့ကိုနှစ်သက်မည်။ အချို့လည်း ငါ့ကိုမနှစ်သက်ရှိမည်။ ဘဝရှင်မင်းတရားကြီး၏အမျက် တော်ပြေမည့်အကြောင်းကိုလျှောက်တင်၍ ပြန်တော်မူလေသည် ရှိမှ ငါတို့အနေသာ်င့်တော့မည်"ဟုဆိုကာ "ဘဝရှင်မင်းတရားကြီး ဘုရားကို ကျွန်တော်တို့မပုန်စားပါ။ သြယားရံဟူသောအမတ်သည် ကျွန်တော်၏အဖ အရှင်၏ခြေတော်ရင်းတွင် ကောင်းမွန်စွာရဟန်း ပြု၍နေသည်ကို ယင်းအမတ်က ကျွန်တော့်အဖအား လူပြု၍ ပုန်ကန် ခြားနားရန် ဖြားယောင်းသည်ကိုလိုက်နာ၍ သောင်းကျန်းမိလေ သည်ကြောင့် ကျွန်တော့်အဖလည်း သစ္စာတော်စူးရောက်၍ အနိစ္စ





ရောက်ရပါပြီ။ ကျွန်တော်လည်း အရှင့်ထံ ရှေ့အစဉ်ဆက်မြဲအတိုင်း လက်ဆောင်တော်ကိုဆက်၍ အမှုတော်ကိုထမ်းပါမည်"ဟု ရွှေပေ တွင် စာရေးပြီးလျှင် သြယားရံအမတ်ကို သံခြေကျဉ်းခတ်ကာ လက်ဆောင်တော်များနှင့်အတူ ဘုရင့်နောင်မင်းတရားထံ ဆက် လာသည်။

ဘုရင့်နောင်မင်းတရားလည်း ယိုးဒယားဘုရင်လျှောက် သည့်စာကို ကြားတော်မူလျှင် မည်သို့မျှအမိန့်တော်မရှိ။ သြယားရံ ကို အကျဉ်းထားရာမှ လွှတ်တော်မူ၍ အဝတ်အစားဆုလာဘ်များ ပေးတော်မူပြီးလျှင် မှူးမတ်များနည်းတူ မိမိကိုခစားစေသည်။

ထိုစဉ် ယခင်ကပင် ယိုးဒယားဘုရင်က စစ်ကူခေါ်ထား သည့်အတွက် လင်းဇင်းမင်းလည်း တိုက်ဆင်(၁၀၀၀)၊ မြင်း(၈၀၀၀)၊ စစ်သည် (၃၀၀၀၀)ခန့်ဖြင့် ယိုးဒယားသို့ချီလာလေသည်။ ထို အကြောင်းကို ဘုရင့်နောင်မင်းတရားကြားတော်မူလျှင် ဆီးကြို၍ စုံစမ်းမည်ဟု ရေးမြို့ကိုစားသော မင်းရဲလုလင်ကို တပ်မှူး၊ ဝါကရ မြို့ကိုစားသော လက်ျာပြစ်ကို စစ်ကဲခန့်တော်မူ၍ တိုက်ဆင်(၁၀၀)၊ မြင်း(၁၀၀၀)၊ စစ်သည်(၄၀၀၀၀)ဖြင့် နာလဗိုဟူသောအရပ်သို့ချီကာ တပ်တည်၍နေစေသည်။ (၅)ရက်ခန့်ရှိလျှင် လင်းဇင်းမင်းတပ် ရောက်လာ၍ တိုက်ရာ အင်အားမတန်လေသဖြင့် တပ်ပျက်ကာ မင်းရဲလုလင်ကို လင်းဇင်းမင်းရသည်။ စစ်ကဲလက်ျာပြစ်မူကား မြင်းစီး၍ပြေးလာရာ တပ်တော်သို့ပြန်ရောက်သည်။

လင်းဇင်းအရေးနှင့်ပတ်သက်၍ ...

"လင်းဇင်းတပ်အား မြို့ရံထားသည်ကိုဖြုတ်၍ လုပ်ကြံ ရလျှင် သင့်မည်လော၊ သို့မဟုတ် အရံကိုမဖြုတ်ဘဲ အချို့ကိုရံစေ၍



www.burmeseclassic.com

www.burmeseclassic.com



အချို့ကိုဆီးကြို၍ လုပ်ကြံစေရသော် သင့်မည်လော''ဟု ဘုရင့်နောင်မင်းတရား အမိန့်တော်ရှိသည်ကို ဗညားဒလအမတ်က ''ယခု အယုဒ္ဓယကိုရံတော်မူသည်မှာလည်း လေးလခန့်ရှိပြီ၊ ယိုးဒယားမြို့တွင်းသားတို့လည်း နှလုံးညှိုးချုန်း ပင်ပန်းဆင်းရဲရှိလေပြီဖြစ်သည်။ အရံကိုဖြုတ်ချေ၍ လင်းဖင်းကိုအောင်မြင်ပါသော်လည်း ယိုးဒယားကို အသစ်လုပ်ကြံတော်မမူရချေလော။ ယင်းသို့ဖြစ်သောကြောင့် တပ်တော်တစ်ဝက်ကို မြို့ရံတပ်တော်တွင် အခိုင်အခန့်နေစိမ့်မည်။ ကျန်တစ်ဝက်သောတပ်တော်တို့ဖြင့် လင်းဖင်းကိုဆီးကြို၍ ကျွန်တော်တို့လုပ်ကြံမည်။ လင်းဖင်းမင်း မျက်နှာချင်းဆိုင်၍တိုက်ဝံ့မည်မဟုတ်။ သို့သော် လင်းဖင်းမင်းသည် မချဉ်းဝံ့ဘဲ အဝေးကနေ၍ မျိုးရိက္ခာရှာသော ကျွန်တော်တို့ရဲမက်တော်တို့ကို ထိပါးချေသော် အလုပ်အကြံပြီးနိုင်မည်မဟုတ်။ သို့ကြောင့် ဥပါယ်တမျည်ဖြင့် လင်းဖင်းမင်းကို အလျင်ချီလာစေအောင် ယိုးဒယားမင်းက ဆက်လာသော ဩယားရံအမတ်ကို စေတော်မူ၍ လင်းဖင်းမင်းချီလာလျှင် အနီးတွင်လုပ်ကြံရမှ တပ်နှင့်မဝေး အလိုတော်ပြည့်လွယ်ပါမည်''ဟု နားတော်လျှောက်သည်။

ဘုရင့်နောင်မင်းတရားလည်း ဗညားဒလတင်လျှောက်သည်ကို သဘောကြိုက်ညီတော်မူသဖြင့် ဩယားရံကိုခေါ်တော်မူကာ ...

''ဩယားရံ ... ယခု ငါစေသည့်အမှုတော်ကို ကြိုးစား၍ထမ်းလေ၊ အရေးတော်ပြီးလျှင် သင့်ကို ငါသူကောင်းပြုမည်''ဟု မိန့်တော်မူလေရာ ဩယားရံက ...





''ယိုးဒယားမင်းသည် ကျွန်တော့်ကိုကွပ်ပစေဟူ၍ အရှင့်ထံ ဆက်လာသည်။ ကျွန်တော့်မျက်နှာကို မြင်တော်မူလျှင် ဘုရားဆုကိုတောင်းသည့် ကေရာဇ်ဖြစ်တော်မူ၍ အရှင်ကွပ်တော်မမူ၊ အသက်ကိုလွှတ်တော်မူ၍ မှူးတော် မတ်တော်တို့နည်းတူ အရှင့်ထံ ခစားရလေသည့်ကျေးဇူးတော်သည် ဤဘဝမှစ၍ နိဗ္ဗာန်သို့ မရောက်သမျှကာလပတ်လုံး ဆပ်သော်လည်းမကုန်နိုင် ဖြစ်ပါသည်။ ကျေးဇူးတော်အတွက် အသက်ကိုစွန့်၍ အရေးကိုမလစ်လပ်ရအောင် ထမ်းပါမည်''ဟု တင်လျှောက်သည်။

ဘုရင့်နောင်မင်းတရားလည်း လင်းဖင်းမင်းထံ ပို့မည့်စာကို ဗညားဒလနှင့် ဩယားရံတို့ကို စီမံစေသည်။

စာတွင်ကား ...

''တူတော် ယိုးဒယားမင်း မြမဟိန်ကြားရောက်ပါသည် ဦးရီးတော် လင်းဖင်းမင်း ... ဟံသာဝတီဆင်ဖြူရှင်မင်းတရားကြီးချီလာ၍ မြို့ကိုရံသည်မှာ လေးငါးလခန့်ရှိပြီ၊ ရဲမက်ဗိုလ်ပါတို့နာဖျား၍ သေသည်လည်းများလေပြီ။ မြို့ကိုတက်လာ၍ မြို့ထိပ်ကပြောင်းသေနတ်နှင့်ပစ်ခတ်၍ သေပျောက်သည်လည်း များလှလေပြီ။ သို့ပင် သေပျောက်ယွင်းယိုသော်လည်း အားကိုမလျှော့၊ ဝန်းရံ၍သာနေသည်။ ကျွန်တော်မှာကား ဦးရီးတော်မရောက်သောကြောင့် မြို့ကထွက်၍မတိုက်၊ ဦးရီးတော်ရောက်မည့်အရေးကို မျော်တင်း၍နေပါသည်။ ယင်းသို့ဖြစ်သောကြောင့် ဦးရီးတော် အလျင်ချီ၍ လုပ်ကြံတော်မူပါ။ ကျွန်တော်လည်း မြို့တွင်းကထွက်၍ လုပ်ကြံပါမည်။ ဆင်ဖြူရှင် ခံနိုင်မည်လော။ ပျက်လေမည်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့သည်''ဟူ၍ ပါရှိပြီး သြယားရုံကို လင်းဖင်းမင်းထံသို့ ယိုးဒယားဘုရင်ကစေသည့်အဟာန်ဖြင့် လွှတ်သည်။

လင်းဖင်းမင်းထံရောက်၍ စာကိုဆက်ပြီး အယုဒ္ဓယမြို့တွင်းမှ အကြောင်းမျိုးစုံကိုတင်လျှောက်လျှင် လင်းဖင်းမင်းလည်း ယုံကြည်၍ သြယားရုံကိုလည်း မည်သည့်နေ့ရက်တွင် အရောက်လာမည်ကို ချိန်းချက်ပြီးလျှင် ယိုးဒယားဘုရင်ထံ စေသည်။

ဘုရင့်နောင်မင်းတရားလည်း လင်းဖင်းမင်းကိုဆီးကြို၍ တိုက်ရန် တပ်တော်များကိုစီရင်တော်မူပြီး သက္ကရာဇ် ၉၃၁ ခု၊ ကဆုန်လဆန်း(၉)ရက်နေ့တွင် ယိုးဒယားမြို့မှချီတော်မူသည်။ ယိုးဒယားမြို့တွင်ကား ညီတော်ပြည်ဘုရင် သတိုးဓမ္မရာဇာကို ဗိုလ်ချုပ်ခန့်တော်မူခဲ့သည်။

သားတော်မဟာဥပရာဇာ၊ ညီတော်တောင်ငူမင်းနှင့် အင်းဝမင်းတို့သည် လင်းဖင်းမင်းက စစ်များချီလာသည့် မြင်းတပ်နှင့်တွေ့ပြီး တိုက်ခိုက်ကြကာ မဟာဥပရာဇာ၏မြင်းတပ်တို့က စစ်ရေးငင်လေရာ လင်းဖင်းမင်းလည်း တိုက်ဆင် (၁၀၀)၊ ဝန်တင်ဆင် (၁၀၀)၊ မြင်း(၈၀၀၀)၊ စစ်သည်(၃၀၀၀၀)ဖြင့် မကြောက်မရွံ့ ကြုံးဝါးလျက်ချီလာသည်။ သို့ချီလာစဉ် ခရီးကွေ့လွန်လျှင် သတိုးမင်းစော၏ တပ်တို့က တောကထွက်လာ၍တိုက်သည်။ သတိုးမင်းစော တိုက်လာသည်ကို လင်းဖင်းမင်းခံ၍တိုက်ရာ ဆင်လေးစီးလဲကာ မခံနိုင်တော့၍ လင်းဖင်းတပ်ဆုတ်ရသည်။ သတိုးမင်းစော၊ အုန်းပေါင်စော်ဘွား၊ ညောင်ရွှေစော်ဘွားတို့ဦးစီးသောတပ်တို့က ဆင်ချွန်းဖွင့်ကာ လိုက်၍တိုက်ကြရာ လင်းဖင်းတပ်တို့ လေးစုကွဲသည်။





မဟာဥပရာဇာနှင့် ဘုရင်မင်းခေါင်တို့ကလည်း ဆင်ပါမြင်းပါ ဖိ၍ တိုက်ကြရာ လင်းဖင်းတပ်များပျက်ကာ လင်းဖင်းမင်း ပြေးရလေသည်။

ယင်းနောက် ဘုရင့်နောင်မင်းတရားသည် အယုဒ္ဓယကို လုပ်ကြံတော်မူရာတွင် ရဲမက်တော်(၁၀၀၀၀)ကျော်ခန့် မြို့ကိုတက်စေသော်လည်း မအောင်မြင်သဖြင့် အကြံတော်ပေါ်လာကာ အထက်က ယိုးဒယားကိုလုပ်ကြံတော်မူစဉ်ကယူခဲ့သော အမတ်ကြီးဩြောက်ဖြစ်ကျ်ကို အမျက်တော်ရှိ၍ သံချေကျင်းခတ်ထားရာမှ လွှတ်တော်မူပြီး ရှေ့တော်သို့ ခေါ်ယူတော်မူသည်။

ဩြောက်ဖြစ်ကျ်အား ...

"သင့်ကို ငါမြို့တွင်းသို့လွှတ်တော်မူမည်။ အမှုတော်ကို ကြိုးစားအားထုတ်၍ ထမ်းဆောင်လေ။ အရေးတော်ပြီးလျှင် ပိဿလောက်မြို့နှင့်တကွ အဆောင်အယောင်ပေးတော်မူ၍ ငါ့သူကောင်းပြုတော်မူမည်။ မြို့တွင်းသို့ရောက်လျှင် ညဥ့်အခါ၌မြို့တံခါးကိုဖွင့်လေ''ဟူ၍ အမှတ်ပေးတော်မူသည်။ ဩြောက်ဖြစ်ကျ်ကလည်း အမှုတော်ကိုမလစ်ရအောင် ကြိုးစားအားထုတ်ထမ်းဆောင်ပါမည်ဟု နားတော်လျှောက်သည်။

သို့ဖြင့် ဩြောက်ဖြစ်ကျ်သည် အကျဉ်းခံရာမှ လှေငယ်တစ်စင်းနှင့် အယုဒ္ဓယသို့ပြေးလာသည့်ဟန်ပြုကာ မြို့တွင်းသို့ဝင်လေသည်။ ယိုးဒယားဘုရင် ဗြမဟိန်လည်း ဩြောက်ဖြစ်ကျ်ကို မြင်လိုက်ရလျှင် အဖကိုတွေ့ရသည်သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ဩြောက်ဖြစ်ကျ်အား ဝန်ချုပ်အဖြစ် ခန့်ထားလေသည်။ ဩြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြီလည်း အကြံရှိထားပြီးသည့်အတိုင်း မှူးကောင်းမတ်ကောင်းတို့ကို မြန်မာတပ်တို့ မဝင်မည့်နေရာတွင် အစောင့်ထားပြီး မိမိ၏ဆွေမျိုးသားချင်း မြေးတော်သူတို့ကိုကား တပ်တော်သို့ဝင်လာမည့်နေရာတွင် အစောင့်အနေခန့်ထားသည်။

ယင်းနောက် မိမိ၏ကျွန်ယုံတစ်ယောက်ကို စာရေး၍ ဘုရင့်နောင်မင်းတရားထံဆက်စေရာ ဘုရင့်နောင်မင်းတရားထံဆက်စေရာ ဘုရင့်နောင်မင်းတရားက တပ်မှူးစစ်ကဲအပေါင်းတို့ကို ဩဘက်ဖြစ်ကြီ၏ဆွေမျိုးသားချင်း မြေးတော်သူတို့စောင့်နေရာမှ ဝင်ရမည်ဟုအမိန့်တော်ရှိသဖြင့် ညဦးအချိန်တွင် ယင်းနေရာတံခါးမှ တပ်တော်တို့ဝင်ကြသည်။ မြို့တွင်းရှိ ယိုးဒယားစစ်သည်တို့လည်း ဝင်လာသော မြန်မာတပ်တို့ကို တိုက်ကြသော်လည်း မယှဉ်နိုင်သဖြင့် အရေးနိမ့်ကာ အယုဒ္ဓယမြို့ကျလေသည်။

ဘုရင့်နောင်မင်းတရားသည် အယုဒ္ဓယကိုအောင်တော်မူလျှင် ယိုးဒယားဘုရင် ဖြမဟိန်နှင့် မှူးမတ်တို့ကိုခေါ်တော်မူ၍ သစ္စာရေတိုက်ပြီးလျှင် ယိုးဒယားဘုရင်ဟောင်း၏ရုပ်အလောင်းကိုလည်း ကောင်းမွန်စွာသဂြိုဟ်စေသည်။

တပ်မှူး စစ်ကဲနှင့် စစ်သည်အပေါင်းတို့လည်း အယုဒ္ဓယကိုအောင်သည့်နေ့မှစ၍ ဝမ်းမြောက်ရွှင်လန်းစွာ တိုက်စည်၊ တိုက်မောင်း၊ နှဲ၊ ခရာ၊ ပတ်သာတို့တီးမှုတ်၍ ပွဲလမ်းခံကြသည်။ အယုဒ္ဓယမြို့ဝန်းကျင်ရှိ ကျေးစားရွာစားတို့ကလည်း ဆင်ကောင်း၊ မြင်ကောင်း၊ သားသမီးတို့ကို လက်ဆောင်တော်ဆက်၍ ကျွန်တော်ခံလာကြရာ ဘုရင့်နောင်မင်းတရားက ထိုသူတို့ကို သစ္စာရေတိုက်ပြီး ယူသင့်





သူတို့ကို ဟံသာဝတီသို့ဆောင်ယူသည်။ ကျန်သူတို့ကို မိမိတို့၏စားမြဲအတိုင်း ကျေးရွာတို့ကို ပေးအပ်တော်မူသည်။

ယင်းနောက် ကတိအတိုင်း ၉၃၁ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့တွင် စော်ဘွားသောင်ကျည်ကို မင်းမြောက်တန်ဆာငါးပါးနှင့်တကွ အယုဒ္ဓယမြို့ကိုပေးတော်မူကာ မင်းပြုစေသည်။ ဩဘက်ဖြစ်ကြီကိုလည်း သေနာပတိအဆောင်အယောင်နှင့်တကွ ပိဿလောက်မြို့ကိုပေးတော်မူရာ ဩဘက်ဖြစ်ကြီက ...

"ဘုရားကျွန်တော်မျိုး ပိဿလောက်မြို့တွင်နေ၍ အမှုတော်ကိုမထမ်းလိုပါ၊ အရှင်၏ခြေဖဝါးတော်အောက်တွင်နေ၍သာ အမှုတော်ကိုထမ်းဆောင်လိုပါသည်"ဟု တင်လျှောက်လာသည့်အတွက် ဩဘက်ဖြစ်ကြီကို ဗညားဟူသောအမည်ဖြင့် ဒဂုန်မြို့ကို ပေးတော်မူလေသည်။




www.burmeseclassic.com

www.burmeseclassic.com

## အလောင်းဘုရားလက်ထက်
## ယိုးဒယားမြန်မာစစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com




တတိယမြန်မာနိုင်ငံတော်မြေပုံ

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူသော အလောင်းမင်းတရားကြီးဟု သိရှိကြသည့် အလောင်းဘုရားကား မြန်မာ့သမိုင်းတွင် ထင်ရှားလှသည့် အာဇာနည်မင်းကောင်းမင်းမြတ် တစ်ပါးပင်ဖြစ်သည်။ နိုင်ငံရေး စစ်ရေးစွမ်းအင်တို့တွင် သူမတူအောင် ထူးချွန်ထက်မြက်ပြီး အရည်အချင်းပြည့်မီသည့် မင်းတစ်ပါးဖြစ်သဖြင့်လည်း အင်းဝပျက်ပြီးနောက် ပြိုကွဲလာသည့်နိုင်ငံကို မုဆိုးဘိုမှအခြေခံကာ တတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် တည်ထောင်တော်မူနိုင်ခဲ့ရုံမက အိန္ဒိယတွင် နယ်ချဲ့နေသော အင်္ဂလိပ်တို့၏ စိုးရိမ်မှုကိုပင် ခံရသည်အထိ အလောင်းဘုရားလက်ထက်တွင် မြန်မာတို့၏ စစ်အင်အားနှင့် တန်ခိုးအာဏာမှာ ကြီးမားခဲ့ရသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူပြီးနောက် စစ်ရေးစွမ်းအင်အထွတ်အထိပ်သို့ ရောက်ရှိနေချိန်တွင် အလောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသည် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့ကြသည်။ တပင်ရွှေထီးနှင့် ဘုရင့်နောင်တို့နည်းတူ ယိုးဒယားနှင့် စစ်မက်ဖြစ်ပွားရန် အကြောင်းပေါ်ပေါက်လာခဲ့ရသည်။

ဖြစ်စဉ်မှာ ဤသို့ဖြစ်၏။

အောက်ပြည် ရန်ကုန်မှ နေပြည်တော်သို့ ပြန်တော်မူမည်ဟု ကြံရွယ်တော်မူစဉ်တွင် ယိုးဒယားတို့က ထားဝယ်ရှိ ကျေးရွာတို့ကို ထိပါးလာကြောင်း၊ ရန်ကုန်သို့လာသည့် သင်္ဘော(၃)စီးကိုလည်း တားဆီးကြောင်း၊ ထားဝယ်သို့ စေတော်မူသည့်သင်္ဘောနှင့် သမ္ဘန်များကို သိမ်းယူကြောင်း ကြားတော်မူရသည့်တွင်

"ထိပါးကျူးကျော်ရန်စလာသည့် ယိုးဒယားနိုင်ငံကို ယခုပင် ငါကိုယ်တော်တိုင် ချီတက်သိမ်းယူတော်မူမည်"

ဟုအမိန့်တော်ရှိသည်။

ပညာရှိအမတ်တို့က ...

"ယခုနှစ် အရှင့်ဇာတာတော်သည် မသန့်၊ ညောင်ရမ်းမင်းတရား နံ့သောကြာသား၊ သက်တော် လေးဆယ့်ခြောက်နှစ်၊ သိန္နီသို့ ချီတော်မူသည့်ကိန်းနှင့် တူချေသည်။ ချီတော်မူချေသော် ကိုယ်တော်မြတ်၌ အနာတွေ့ချိမ့်မည်"

ဟုတင်လျှောက်ကြသော်လည်း လက်ခံတော်မမူဘဲ တပ်မှူး၊ ဗိုလ်မှူးနှင့် စစ်သည်တို့ကို သင်္ဘော(၅)စီးဖြင့် ရန်ကုန်မှ ထားဝယ်သို့ ဦးစွာချီစေသည်။

ယင်းနောက် အလောင်းမင်းတရားကြီးသည် သားတော်မြေဒူးမင်းသီရိဓမ္မာရာဇာကို ရှေ့တပ်ထား၍ တပ်တော်ပေါင်း(၄၀)





နှင့်အတူ သက္ကရာဇ် ၁၁၂၁ ခုနှစ်၊ ပြာသိုလဆန်း (၃)ရက်နေ့ (၂၁၊ ၁၂၊ ၁၇၅၉)တွင် ရန်ကုန်မှ ယိုးဒယားသို့ ရေကြောင်းချီတော်မူလေသည်။

ထားဝယ်သို့ရောက်တော်မူလျှင် ထားဝယ်တွင် (၇)ရက်ဆင်၊ မြင်း၊ ဗိုလ်ပါ ဖြည့်တင်းရပ်ဆိုင်းတော်မူပြီး ရန်ကုန်မှ ပင်လယ်ကြောင်းချီလာသော သင်္ဘောတပ်၊ မုတ္တမမြို့က ချီလာသော လှေတပ်များ အစုံအညီရောက်လာသည်၌ မင်းခေါင်နော်ရထာကို မြင်း(၃၀၀)၊ သေနတ်စွဲစစ်သည် (၃၀၀၀)၊ မင်းလှနော်ရထာကို မြင်း (၃၀၀)၊ သေနတ်စွဲစစ်သည် (၃၀၀၀)၊ ယင်းနောက်မှ သားတော်မြေဒူးမင်းသီရိဓမ္မရာဇာကို မြင်း (၅၀၀)၊ သေနတ်စွဲစစ်သည် (၅၀၀၀)ဖြင့် ရှေ့ဦးချီစေကာ တပ်တော်များနှင့်အတူ အလောင်းမင်းတရားကြီး ထားဝယ်မှဆက်၍ ချီတော်မူသည်။ ထို့နောက် အလောင်းမင်းတရားကြီးသည် မြိတ်မြို့နှင့် ယိုးဒယားမြို့ သင်္ဘောဆိပ်ဖြစ်သော တနင်္သာရီမြို့တို့ကို သိမ်းယူတော်မူသည်။

ယိုးဒယားဘုရင်လည်း အမတ်ကြီးဖြတေဇောကို မြင်း (၃၀၀)၊ စစ်သည် (၇၀၀၀)ကျော်နှင့် တပ်ပေါင်း (၅)တပ်၊ စစ်သူကြီးအောက်ပြရာဇဝံသံကို ဆင်(၂၀၀)၊ မြင်း(၁၀၀၀)၊ စစ်သည်(၂၀၀၀၀)ကျော်နှင့် တပ်ပေါင်း (၁၅)တပ်ကို ဦးစီးစေပြီး မြန်မာတပ်များကို ဆီးကြို၍တိုက်စေသည်။

ရှေ့ဦးချီသည့် မင်းခေါင်နော်ရထာနှင့် မင်းလှနော်ရထာ၏ တပ်တော်တို့ ကွီးမြို့သို့မရောက်မီ တောင်ကြီးနှစ်လုံးအကြား ခရီးအကျဉ်းတွင် ယိုးဒယားအမတ်ကြီး ဖြတေဇောဦးစီးသော တပ်များနှင့်တွေ့၍ တိုက်ကြရာတွင် ယိုးဒယားတို့ဆုတ်ရကာ မြန်မာတို့က



www.burmeseclassic.com

www.burmeseclassic.com



ကွီးမြို့ကို သိမ်းယူသည်။ ထို့နောက်မှ ဆက်၍ ဖြတ်ဘီးမြို့နှင့် ရပ်ဘီးမြို့များကို သိမ်းယူသည်။

ယင်းနောက် ဘန်လွင်အလွန် ပင်လယ်အနီးတွင် ရှေ့ဦးချီသည့် မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတပ်တော်များနှင့် ယိုးဒယားစစ်သူကြီး အောက်ဖြရာဇဝံသံတပ်များတွေ့၍ တိုက်ကြရာ၌ ယိုးဒယားတပ်များ အင်အားကြီးလှသောကြောင့် မြန်မာတပ်တို့ မတိုးဇွဲနိုင်ဘဲ အထိအခိုက် အကျအဆုံးများနေချိန်တွင် မြေဒူးမင်းတပ်များရောက်လာကာ မြေဒူးမင်းကိုယ်တော်တိုင် ကွပ်ကဲလျက် ရှုပ်ရှုပ်ချုံချုံတိုက်လေရာ ယိုးဒယားတပ်များ မခံမရပ်နိုင်ဖြစ်ကာ တပ်ပျက်လျက် သေနတ် (၁၀၀၀)၊ ဆင် (၁၀၀)၊ အမြောက်(၁၀၀)၊ ယိုးဒယားသုံ့ပန်း (၂၀၀၀)ကို မြန်မာတို့က ရလိုက်သည်။ ယိုးဒယားစစ်သူကြီး အောက်ဖြရာဇဝံသံမှာ ဆင်မှသည် မြင်းသို့စီး၍ ပြေးလေသောကြောင့် လွတ်လေသည်။

မင်းတရားကြီး၏တပ်တော်များသည် ဆက်၍ချီလာကာ သဖန်းပုံမြို့ကို သိမ်းယူပြီး၊ ထိုမြို့တွင် (၅)ရက် ဆင်၊ မြင်း ဖြည့်တင်းတော်မူသည်။

ယိုးဒယားဘုရင်လည်း အလောင်းမင်းတရားကြီး မြိတ်ကြောင်းချီတော်မူလာသည်ကို ကြားစဉ်ကပင် မိမိ၏တပ်မှူး၊ ဗိုလ်မှူး၊ စစ်သူကြီးတို့ကို ဆင်၊ မြင်း၊ စစ်သည် အလုံးအရင်းပေးအပ်လျက် ဆီးဆို့ရပ်ခံစေသော်လည်း တပ်ဟူသမျှပျက်ကာ ဖြတ်ဘီး၊ ရပ်ဘီးနှင့် သဖန်းပုံမြို့များလည်း သိမ်းယူခံလိုက်ရသည့်အတွက် အယုဒ္ဓယမြို့တော်ကို မြို့ပြ၊ ကျုံးမြောင်း၊ မီးတားမီးကာ၊ ဆင်ခလုတ်၊ မြင်း





ခလုတ်၊ ကတုတ်ဆူးကြောင့်၊ မြို့စီးပြစီး၊ အမြောက်စိန်ပြောင်းတို့ကို အထပ်ထပ်စီရင်သည်။ အယုဒ္ဓယမြို့ပြင်တွင်ရှိသည့် ဆင်၊ မြင်း၊ မျိုးရိက္ခာ၊ လက်နက်လူသူတို့ကိုလည်း အကုန်အစင် မြို့တွင်းသို့ သွင်းလေသည်။

မြို့ပြင်သို့ထွက်၍ ဆီးကြိုတိုက်ရန်လည်း ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်းများရွေးပြီးလျှင် ဖြတေဇော၊ ဖြစိန္တာမဏိ၊ ဖြအိန္ဒသူရ၊ ဖြဂါမဏိ၊ အောက်ဖြရာဇဝံသံတို့ ဦးစီးသည်တပ်ပေါင်း (၆)တပ်၊ ယင်း (၆)တပ်တွင်ပါသည့် ဆင် (၃၀၀)ကျော်၊ မြင်း(၃၀၀၀) ကျော်၊ စစ်သည်(၃၀၀၀၀)ကျော်ကို စစ်သူကြီးအောက်ဖြတလဟုန်းအား ဗိုလ်ချုပ်ခန့်ထား၍ တာလံချောင်းကူးတစ်ဖက်မှစောင့်ကာ မြန်မာတို့အလာကို ဆီးကြိုရပ်ခံစေသည်။

ထိုသို့ တာလံချောင်းတစ်ဖက်သို့ မြန်မာတပ်တို့ မကူးနိုင်စေရန် ယိုးဒယားတို့ ချောင်းတစ်ဖက်မှ ဆင်လုံးမြင်းရင်းနှင့်ခံသည်ကို တပ်ဦးချီသော မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာတပ်တို့ တွေ့ကြလျှင် ယိုးဒယားတပ်တို့က ဆင်ပါမြင်းပါ စစ်အင်ကြီးလှသဖြင့် မြန်မာတို့ ချောင်းတစ်ဖက်မှသာ တပ်စွဲရပ်လျက် နောက်တပ်တို့အလာကို စောင့်ရသည်။

ထို့နောက် မြေဒူးမင်း၏တပ်များ ရောက်လာပြီး၊ ယခုပင် ယိုးဒယားတို့ခံနှင့်သည်ကို တိုက်မည်ဟု မိန့်တော်မူသည်တွင် မင်းခေါင်နော်ရထာက ...

"ယခု သည်အရပ်သည် အယုဒ္ဓယမြို့နှင့်လည်း နီးလှသည်။ ယခုခံနှင့်သည့်တပ်သည်လည်း ရှေ့က တွေ့ခဲ့သည့်တပ်များ



www.burmeseclassic.com

www.burmeseclassic.com



နှင့် တူဟန်မရှိ၊ ယိုးဒယားမင်းတွင် ရှိသမျှ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲကောင်း စသူတို့ကို ရွေးကောက်၍လွှတ်သည့်ဟန်ရှိသည်။ လူသူဆင်မြင်းလည်း စစ်အင်ကြီးလှသည်။ ကျွန်တော်တို့က သည်တပ်ကို တစ်ခါတည်းပျက်အောင်ဖျက်နိုင်မှ ကောင်းမည်။ သည်တပ်ပျက်လျှင် ယိုးဒယားတစ်မြို့လုံး ရှုံ့ကြလိမ့်မည်။ ယခု ဘဝရှင်မင်းတရားကြီး ချီလာသည်မှာလည်း ဝေးသေးသည်။ သို့ကြောင့် တပ်တော်ကြီးနီးမှ တိုက်ရပါလျှင် သင့်ပါမည်''ဟု နားတော်လျှောက်သည်။

သို့ရှိစဉ် အလောင်းမင်းတရားကြီးထံမှလည်း မြင်းသည်တို့ကို စေလွှတ်၍ . . .

''ရန်သူကိုတွေ့လျှင် မတိုက်နှင့်ဦး၊ ငါရောက်တော်မူမှ စစ်အင်ကိုကြည့်၍ တိုက်တော်မူမည်''ဟု အမိန့်တော်ရှိလာ၏။

မင်းတရားကြီး၏တပ်တော်များရောက်လာလျှင် မင်းခေါင်နော်ရထာကို လက်ဝဲကြောင်း၊ မင်းလှနော်ရထာကို လက်ယာကြောင်း၊ မင်းလှသီရိကို အလယ်ကြောင်း ထားတော်မူ၍ သားတော်မြေဒူးမင်းကိုယ်တော်တိုင် ကွပ်ကဲပြီးလျှင် စစ်သုံးကြောင်းစလုံး ချောင်းကိုကူး၍ တစ်ဟုန်တည်း ယိုးဒယားတို့ကို အပြင်းတိုက်သည်။

ယိုးဒယားစစ်သူကြီး အောက်ပြကလဟုန်နှင့် ဗိုလ်မှူးတို့ကလည်း ကြီးကြပ်ကွပ်ကဲ၍ ချောင်းသို့ ဆင်းကူးလာသမျှ မြန်မာတို့ထံ လက်နက်များနှင့်ဆီး၍ပစ်လေရာ စစ်သည်အများ ထိခိုက်ကျဆုံးရသည်။ သို့တိုက်ကြစဉ် နောက်မှတပ်တော်များ ထပ်မိလာကာ စစ်သည်အလုံးအရင်းဖြင့် မထိတ်မရွံ့ ချောင်းတစ်ဖက်သို့ ချည်းကူး၍ ပစ်ကြတိုက်ကြသည်။

မိုးတာပေ



မြေဒူးမင်းလည်း မိမိစစ်သည်တို့ ထိခိုက်ကျဆုံးသည်ကို ငဲ့စောင်း၍မကြည့်။ ပွဲရရေးအတွက် ကိုယ်တော်တိုင်ကွပ်ကဲ၍ တိုက်တော်မူသည်။ မင်းခေါင်နော်ရထာ၊ မင်းလှနော်ရထာ၊ မင်းလှသီရိတို့ စစ်သုံးကြောင်းကလည်း တစ်ဖက်ကမ်းကိုရောက်သည်နှင့် အတင်းတရကြမ်း ရှပ်ရှပ်ချွံချွံ ယိုးဒယားတပ်တို့ကို လိုက်လံပစ်ခတ်ထိုးခုတ်ကြသည်။

အတန်ကြာလေလျှင် ယိုးဒယားတို့ မြန်မာတို့ကို မခံနိုင်၊ အရေးနိမ့်ကာ ယိုးဒယားတပ် (၆)တပ်စလုံးကို လက်နက်၊ ဆင်မြင်း၊ သုံ့ပန်းများနှင့်တကွ မြန်မာတို့က ရသည်။ ယိုးဒယားဗိုလ်မှူး အောက်ပြရာဇဝံသ၊ ပြစိန္တာမဏိ၊ ပြတေဇော၊ ပြအိန္ဒသူရ၊ ပြဂါမဏိတို့ (၅)ဦးကိုလည်း ၎င်းတို့စီးကြသည့် အဝန်ကြီး၊ ပကျစ်ကြီး၊ သပြေသာ၊ ရတနာကွဲဆော်၊ ပဝရဇရာ အမည်ရှိသော ဆင်များနှင့်တကွ ရရှိလိုက်သည်။ စစ်သူကြီး အောက်ပြကလဟုန်မှာမူ ဆင်မှသည် မြင်းသို့စီး၍ အပြင်းပြေးလေသောကြောင့် လွတ်လေ၏။

အလောင်းမင်းတရားလည်း ယိုးဒယားတို့ခံနှင့်သည့်တပ်ကို ရတော်မူလျှင် တာလံရွာတွင် တပ်ချ၍ ဆင်၊ မြင်း ဖြည့်တင်းတော်မူသည်။ ထိုရွာတွင် သုံးရက်နေတော်မူပြီးမှ ဆက်လက်ချီရာ အယုဒ္ဓယသို့ ရောက်တော်မူသည်။ ယိုးဒယားတို့သည်လည်း မြို့ပြင်သို့ထွက်မလာတော့ဘဲ မြို့တွင်းကသာ ခံနေလေသည်။

အလောင်းမင်းတရားသည် ယိုးဒယားမြို့သို့ ရောက်တော်မူလျှင် မြို့မြောက်ဘက်ရှိ ဘားနောင်ဘန်တွန်းအရပ်တွင် တပ်တော်ကြီးတည်၍ ရပ်နေတော်မူသည်။

မိုးတာပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် မြန်မာတပ်မှူး၊ ဗိုလ်မှူးတို့က ယိုးဒယားအမတ်တို့ထံ စာဝေသည်။ စာတွင်ပါသည်က ...

"ငါတို့အရှင် ဘဝရှင်အလောင်းမင်းတရားကြီးဘုရားသည် ယိုးဒယားပြည်တွင် သာသနာတော် မပွင့်မလင်းသည်ကို ပွင့်လင်းစေလို၍ ဘုရားလောင်းတို့ထုံး တိုင်းခွင်လှည့်တော်မူသည်ကို ယိုးဒယားမင်းသည် ခရီးဦးသော်လည်း မကြိုမဆို၊ ဆင်ကြီး၊ မြင်းကြီး၊ သားသမီးသော်လည်း မဆက်၊ ငါတို့အလောင်းမင်းတရားသည် ဘုရားဆုကို ပန်တော်မူသည်နှင့်အညီ သဖန်းပုံတွင် ရတော်မူခဲ့သည့် အမတ်ကြီးကိုလည်း လွှတ်တော်မူလိုက်သည်"ဟူ၍ဖြစ်၏။

ဤတွင် ယိုးဒယားအမတ်တို့ကလည်း ...

"ငါတို့ကမ္ဘာတွင် ဘုရားငါးဆူသာ ပွင့်သည်။ ဘုရားလေးဆူမှာ နိဗ္ဗာန်ဝင်ကြလေပြီ။ မိတည်းဘုရားသာ ကြွင်းတော့သည်။ မိတည်းအလောင်းလည်း ယခု တုသိတာနတ်ပြည်မှာ ရှိသေးသည်။ သင်တို့အလောင်းကား အဘယ်ဘုရားလောင်းပေတုန်း၊ ဘုရားပွင့်ရိုးလည်း အလွန်အားဖြင့် တစ်ကမ္ဘာတွင် ငါးဆူသာပွင့်မြဲဖြစ်သည်၊ ခြောက်ဆူပွင့်ထုံးမရှိ"ဟု ပြန်ကြား၏။

ယိုးဒယားဘုရင်သည် ယိုးဒယားတပ်မှူး၊ ဗိုလ်မှူးအပေါင်းတို့ကိုခေါ်ပြီးလျှင် ...

"ယခု မြန်မာမင်းသည် ငါတို့မြို့ရင်းတိုင်အောင် ချဉ်းလာ၍ တပ်တည်တပ်ရုံနေသည်။ မြန်မာမင်းပြန်လေအောင် မည်သို့စီရင်ရသော် သင့်မည်နည်း"

ဟုတိုင်ပင်လေရာ ယိုးဒယားစစ်သူကြီး အပြရာဇာက





"ယခု မြန်မာမင်းချီလာ၍ မြို့ရင်းတိုင်အောင် ချဉ်း၍နေလေသည့်အရေးမှာ တန်ခူး၊ ကဆုန်သို့ ရောက်ပြီ။ မကြာမီ မိုးကျတော့မည်။ ထိုအခါ ကျွန်တော်တို့မြို့ပတ်လည်တွင် ရေပြည့်လျှံ၍ ဆင်မြင်းများကို မဆိုထားဦး၊ ရဲမက်လူသူတို့ပင် နေထိုင်ချက်ပြုတ်စားသောက်ရန် အလွန်ခက်ခဲတော့မည်။ ယင်းသို့ဖြစ်လျှင် မြန်မာမင်းရုံတပ်ကိုဖြုတ်၍ ပြန်ရလိမ့်မည်။ ယင်းသို့ မြန်မာမင်း ပြန်သည့်ကာလ၌ ကျွန်တော်တို့က မြို့မှထွက်၍တိုက်လိုလျှင်လည်း တိုက်နိုင်မည်။ ယခုအခါ ကျွန်တော်တို့၏ ဆင်မြင်းစစ်သည် သူရဲတို့ ပင်ပန်းလေအောင် ထွက်၍တိုက်ရန်ကို မစီရင်သင့်သေး၊ ကျွန်တော်တို့မြို့ကိုသာ ကြည်းရေ အခိုင်နေမည်။ ကျွန်တော်တို့ အရံမြို့စားပြစားတို့ကိုလည်း အသီးအသီးမြို့၌သာ အခိုင်နေစေမည်။ ယခုအခိုက်၌ မြန်မာမင်းသို့လည်း သာယာချေငံစွာထွက်၍ စေပါးပြောဆိုသင့်ပါသည်"

ဟုလျှောက်တင်ရာ ယိုးဒယားဘုရင် အကြိုက်ညီလက်ခံသဖြင့် မြို့ထိပ်ပြထိပ်တို့တွင် အမြောက်၊ စိန်ပြောင်း၊ လက်နက်၊ စစ်သည်ရဲမက်တို့ကို ထပ်မံဖြည့်တင်းသည်။ အရံမြို့ကြီးပြကြီးများသို့လည်း မြို့ပြကျုံးမြောင်းတို့ကို လုပ်ဆောင်ပြင်ဆင်၍ မြို့တွင်း၌သာ အခိုင်နေလေဟု မှာကြားသည်။

အလောင်းမင်းတရားထံသို့လည်း အမတ်တို့ကိုစေကာ ဆင်ကြီး၊ မြင်းကြီး၊ လက်ဆောင်တော်များဆက်စေပြီး စည်းစိမ်မပျက်နေလိုပါကြောင်း တင်လျှောက်သည်။

အလောင်းမင်းတရားက ...



www.burmeseclassic.com

www.burmeseclassic.com



"ယိုးဒယားမြို့ကို ယခု ငါချီတော်မူလာသည့်အကြောင်းကလည်း ယိုးဒယားမင်း စည်းစိမ်ထီးနန်းကို ဖျက်ဆီးလို၍ချီလာသည်မဟုတ်။ ယိုးဒယားတို့နေသည့်တိုင်းပြည်သည် သာသနာတော်တည်ရာဖြစ်ပါလျက်နှင့် ဘုရားရှင်သာသနာတော် ပွင့်ပွင့်လင်းလင်းမရှိသည်ကို အတိုင်းထက်အလွန်တိုးပွား၍ ပွင့်လင်းထွန်းတောက်အောင် ပြုစုချီးမြှင့်တော်မူလိုသဖြင့် ချီလာခြင်းဖြစ်သည်"ဟု မိန့်တော်မူကာ ယိုးဒယားအမတ်တို့ကို ပြန်စေသည်။

အလောင်းမင်းတရားလည်း ယိုးဒယားဘုရင်မှ စေသည့် ယိုးဒယားအမတ်တို့ကို ပြန်စေပြီးနောက် ဆယ်ရက်ခန့်ကြာလျှင် ကိုယ်လက်တော်မအီမသာရှိတော်မူလာသည်နှင့် သားတော် မြေဒူးမင်း သီရိဓမ္မရာဇာနှင့် တပ်မှူး ဗိုလ်မှူးအပေါင်းတို့ကို ခေါ်တော်မူ၍

"ယခု ယိုးဒယားမင်းသည် ထွက်၍သော်လည်း မတိုက်။ အမှူးအမတ်တို့ကို တစ်ကြိမ်တစ်ခေါက် ထွက်လာစေပြီးလျှင် အရေးတော်လည်း ဆက်လက်၍ ပြီးအောင်မပြောမဆို၊ ယခုလည်း မိုးလေကျတော့မည်။ လုပ်ရေးကြံရေးများကို မည်သို့စီရင်မှ သင့်မည်"ဟု မိန့်တော်မူသည်။

ဤတွင် သားတော်မြေဒူးမင်း သီရိဓမ္မရာဇာက ...

"ယိုးဒယားမင်းသည် လက်ဆောင်တော် ဆင်ကြီး၊ မြင်းကြီး ဆက်သပြီးလျှင် စည်းစိမ်မပျက်နေရပါမည့်ကြောင်း ယိုးဒယားအမတ်တို့ကို အလျှောက်ထားစေလွှတ်ခြင်းသည် ကျွန်တော့်စိတ်တွင်ကား ဖြောင့်ဖြောင့်ရိုးရိုးသဘော ဟုတ်မည်မထင်၊ ရှေ့၌ မိုးလေလည်းကျတော့မည်။ ထိုအခါ ယိုးဒယားမြို့ပတ်လည်၌ ကုန်ကျင်း





မမြင်နိုင်အောင် ရေရစ်လည်ပိုင်းရံလျက်ရှိသောကြောင့် မြင်း၊ ကျွဲ၊ နွားတို့ကိုသော်လည်း စင်နှင့်ထားကြရသည်ဆိုသည်။ မိုးလေကျ၍ အရပ်အနေ အဆုတ်အခွာ ခဲခက်သည့်ကာလ ကြုံကြိုက်ရန်အတွက် ကြန့်ကြာရန်ကိုသာ ယိုးဒယားမင်းက ထွက်၍စကားဆိုလာသည် ထင်ပါသည်။ ယခု မိုးလအခါလည်း ရောက်တော့မည်။ ကိုယ်တော်လည်း ကိုယ်လက်မအီမသာရှိတော်မူချေသည်။ သည်တစ်ကြိမ်တစ်ခါ နေပြည်တော်သို့ ပြန်တော်မူပြီးလျှင် ရေ့မိုးစဲပွင့်လင်းမှ ချီ၍ လုပ်ကြံရသည်ရှိသော် ယိုးဒယားမြို့သည် လက်တော်မှလွတ်နိုင်လိမ့်မည်မဟုတ်"ဟု တင်လျှောက်သည်။

မင်းခေါင်နော်ရထာကလည်း ...

"ယခု သားတော်သခင် နားတော်လျှောက်သည့်အရေးသည် သင့်မြတ်လှပေသည်။ ယိုးဒယားမြို့သည် အခြားတိုင်းပြည်မြို့ရွာများကဲ့သို့ မဟုတ်။ မြို့လည်း နိုင်ခံ့ကြီးကျယ်လှသည်၊ ချောင်းပေါက်မြောင်းပေါက်လည်း အသွယ်သွယ်အဝဝ မြို့ကို ရစ်လည်ပိုင်းရံနေကာ ပင်လယ်နှင့်တစ်စပ်တည်းဖြစ်၍ မြို့ပတ်လည်ချောင်းတိုင်း၊ မြောင်းတိုင်း၊ မြစ်တိုင်းမှာပင် သင်္ဘောသမ္ဗန်တို့နှင့် အမြောက်၊ စိန်ပြောင်းတင်၍ ကုလားပန်းသေးစစ်သည်တို့နှင့် အနှံ့အစပ် ဆီးခံရပ်နေသည်။ ယင်းတို့၌ ဆင်ကောင်း၊ မြင်းကောင်း၊ သူရဲသခက်ကောင်း၊ အမြောက်၊ စိန်ပြောင်း၊ သေနတ်၊ လက်နက်ကောင်းတို့လည်း များပြားထူထပ်လှချေသည်။ သို့ပါသော်လည်း အရှင်၏ ရွှေဘုန်းတော်အားနှင့် လုပ်ကြံတော်မူသည်ကို ယိုးဒယားတို့ ခံနိုင်မည်မဟုတ်။ သို့သော် ကိုယ်တော် နာမကျန်းသည်မှာသာ အရေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချေသည်။ ချီတော်မူသည့်ကာလကလည်း ပညာရှိတို့က ချီရန်မသင့်ကြောင်း လျှောက်လေသည်။ ယခု မိုးလည်းကျတော့မည်။ သည်တစ်ကြိမ် ယိုးဒယားမြို့ကို ရှိနှင့်စေဦး၍ ရေမိုးရေစဲလျှင်စဲချင်း ရှာဟိုင်းရွာက စစ်တစ်ကြောင်း၊ ထားရိုက်က စစ်တစ်ကြောင်း၊ ထားဝယ်သစ်ကနက်က စစ်တစ်ကြောင်း။ ယင်းသို့ စစ်သုံးကြောင်း ချီပြီးလျှင် အရံမြို့ကြီးပြကြီးဟူသမျှကို နတ်တော်၊ ပြာသိုလအတွင်း အကုန်အစင်ရအောင် လုပ်ကြမည်။ ယင်းသို့ မြို့ရံပြရံများကို သိမ်းပြီးနောက် ယိုးဒယားမြို့သည်လည်း အတောင်ကျွတ်သောငှက်ကဲ့သို့ ရှိသည့်ကာလတွင်မှ လုပ်ကြရသည်ရှိသော် ယိုးဒယားမြို့သည် အရှင့်လက်တော်မှ လွတ်နိုင်တော့မည်မဟုတ်ကြောင်း'' နားတော်လျှောက်လေသည်။

အလောင်းမင်းတရားလည်း သားတော်မြေဒူးမင်း သီရိဓမ္မရာဇာနှင့် စစ်သူကြီး မင်းခေါင်နော်ရထာတို့ တင်လျှောက်သည်ကို သဘောကြိုက်ညီတော်မူသောကြောင့် ...

''ပွဲ၌ရသည့် ယိုးဒယားတို့ကို သတ်၍လည်း ယိုးဒယားမြို့ကို အလိုတော်ပြည့်မည်မဟုတ်၊ သို့ကြောင့် သင်းတို့အားလုံးကို ပြန်လွှတ်ခဲ့ရမည်''

မိန့်တော်မူသဖြင့် စစ်ပွဲတွင် ဆင်နှင့်တကွ ရတော်မူလိုက်သည့် ယိုးဒယားဗိုလ်မှူး ဗြရာဇဝံသ၊ ဗြစိန္တာမဏိ၊ ဗြတေဇော၊ ဗြဂါမဏိနှင့် ဗြအိန္ဒသူရတို့ငါးဦးကို ပြန်၍လွှတ်လိုက်လေသည်။

ထို့နောက် စစ်သူကြီးမင်းခေါင်နော်ရထာကို နောက်ခံတပ်နှင့်ထားခဲ့၍ တပ်တော်ပေါင်း (၂၃)တပ်နှင့်အတူ အယုဒ္ဓယမှ ခွာတော်





မူသည်။ သို့ခွာရာတွင် တစ်စခန်းရောက်လျှင် စစ်သူကြီးမင်းလှနော်ရထာကို မြင်း (၂၀၀)၊ သေနတ်စွဲစစ်သည် (၃၀၀၀)နှင့် မင်းခေါင်နော်ရထာကို ထောက်လှမ်းရန်ထားခဲ့ပြီးလျှင် သားတော်မြေဒူးမင်း သီရိဓမ္မရာဇာအား နောက်ကော်မှအုပ်ချုပ်စေ၍ တပ်စဉ်အတိုင်း သက္ကရာဇ် (၁၁၂၂)ခုနှစ်၊ ကဆုန်လဆန်း(၃)ရက်၊ ကြာသပတေးနေ့ (၁၇၊ ၄၊ ၁၇၆၀)တွင် နေပြည်တော်သို့ ပြန်တော်မူသည်။

အလောင်းမင်းတရား ဆုတ်ခွာတော်မူကြောင်းကို ယိုးဒယားဘုရင် သိလျှင် ...

''ယခု မြန်မာမင်းသည် ငါ့မြို့ရင်းသို့တိုင်အောင် ပေါက်ရောက်၍ စစ်ဦးစစ်စကောင်းပါလျက်နှင့် ပြန်၍ဆုတ်ခွာလေသည်မှာ အကြောင်းမဲ့မဟုတ်၊ တစ်စုံတစ်ခုအကြောင်းရှိလိမ့်မည်၊ ငါတို့က သိအောင်စုံစမ်းရမည်''ဟုဆို၍ မိမိအမှုထမ်းတို့ကို စုံစမ်းစေသည်။

စုံစမ်းသူတို့ကလည်း ထူးခြားသည့်အရိပ်အယောင်မမြင်၊ မြန်မာမင်းနှင့် တပ်အားလုံးဆုတ်ခွာပြီး မြန်မာတပ်တစ်တပ်သာ ကျန်ရှိခဲ့ကြောင်း လျှောက်ကြလေရာ ...

''မြန်မာမင်းဆုတ်ခွာပြီးသည်ကို ငါ့မြို့ရင်းတွင် တပ်ငယ်တစ်ခုနှင့် မြန်မာတို့ မလေးမစားနေပြန်သည်။ ထို့ကြောင့် မထီမဲ့မြင်နေသည့် မြန်မာတပ်ဗိုလ်တပ်သားတို့ကို တစ်ယောက်မကျန်ဖမ်းယူပြီးလျှင် မြန်မာမင်းဆုတ်ခွာလေရာ တပ်ခြေကြွကိုလိုက်၍ တိုက်ကြရမည်''

ဟုမိန့်ပြီးလျှင် ယိုးဒယားဗိုလ်မှူး၊ တပ်မှူးတို့ကို ယိုးဒယားစစ်သည်(၄၀၀၀၀)ကျော်၊ ဆင်(၄၀၀)ကျော်၊ မြင်း (၄၀၀၀)ကျော်ဖြင့် မြို့တွင်းက ထွက်စေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်နော်ရထာလည်း ယိုးဒယားတို့ အလုံးအရင်းနှင့် ထွက်လာသည်ကိုမြင်လျှင် တပ်နှင့်ကြံ့ကြံ့ခံနေသည်။ မင်းခေါင်နော်ရထာတပ်တို့ မထွက်ခွာဘဲ တပ်နှင့်နေသည်ကို ယိုးဒယားတို့ တွေ့လျှင် မြန်မာတပ်ကို အထပ်ထပ်ဝန်းရံကြသည်။ ထိုအခါ တပ်မှူးစစ်ကဲတို့က မင်းခေါင်နော်ရထာကို ...

"ယခု ကျွန်တော်တို့တပ်ကို သူတို့က ရံသည်။ အင်အားလည်း ကြီးလှသည်။ သူတို့တိုင်းပြည်မှာဖြစ်၍ နောက်ကိုလည်း သူတို့တပ်များ ရောက်လာချေဦးမည်။ ကျွန်တော်တို့ကား နွားဦးချိုကဲ့သို့ဖြစ်သည်။ နေ့ရက်ဆက်၍ သူတို့အရံကိုခံချေသော် မထွက်ခွာနိုင်အောင်ရှိတော့မည်။ သို့ဖြစ်၍ ယခုပင် မြောက်မျက်နှာရံကနေ နင်း၍ ထွက်ကြမှဖြစ်ပါမည်"ဟု ဆိုကြသည်။

မင်းခေါင်နော်ရထာက ...

"ငါတို့အရှင် ဘဝရှင်မင်းတရားကြီးလည်း နာမကျန်းနေသည်။ ဆုတ်ခွာတော်မူသည်မှာလည်း နှစ်စခန်း၊ သုံးစခန်းမျှသာ ရောက်လေဦးမည်။ ယခု ငါတို့ သည်ကခွာလေလျှင် သူတို့မလိုက်ဘဲနေမည်မဟုတ်။ စစ်အားကြီးလိုက်ထပ်၍ တစ်စခန်းကွာတွင် အပန်းတကြီးတိုက်ကြရသည့်ကာလ ပြောင်းသေနတ်သံတို့ကို ကြားတော်မူလျှင် ငါတို့အရှင် ငါတို့ကို ကြောင့်ကြဲ့ကွက်တော်မူသဖြင့် ခရီးဖြောင့်တော်မူလိမ့်မည်မဟုတ်။ ယင်းသို့ကြောင့် သူတို့အလုံးအရင်းဖြင့် ရံလာသော်လည်း ငါတို့ ဆုတ်ရန်မသင့်၊ ရံသမျှ သင်းတို့တပ်ကို ငါတို့သွေးနီကြောင်းကိုပြ၍ ယခုပင် အနိုင်တိုက်မှဖြစ်မည်"

ဟုဆိုပြီးလျှင် မိမိတပ်များကို လေးတပ်ခွဲ၍ အရပ်လေး





မျက်နှာမှ အတင်းတရကြမ်း ယိုးဒယားရံတပ်များအတွင်းသို့ တိုးဝင်ပစ်ခတ် ထိုးခုတ်တိုက်ခိုက်ကြသည်။ ထိုသို့ အံ့ဘွယ်သူရဲတိုက်ခိုက်ကြရာတွင် ယိုးဒယားတို့ မခံမရပ်နိုင်၊ အဆီးအတားမရှိ တပ်များပျက်၍ ဆုတ်ခွာထွက်ပြေးကြသည်။ သေသည့်အလောင်းကောင်များလည်း များလေ၏။

မင်းခေါင်နော်ရထာလည်း ယိုးဒယားတို့ဆုတ်ခွာထွက်ပြေးသည့် အယုဒ္ဓယမြို့ရင်းသို့တိုင်အောင် မြင်းနှင့်လိုက်၍ထိုးလေရာ ရွှေထီးဆောင်းတစ်ယောက်၏ခေါင်းကို ရလိုက်၏။ ယိုးဒယားတပ်တို့ ပျက်လျှင် မင်းခေါင်နော်ရထာတပ်တို့ နေမြဲအတိုင်းနေလေသည်။

မင်းခေါင်နော်ရထာ ယိုးဒယားတပ်ကို ထွက်၍တိုက်သည့် သေနတ်၊ စိန်ပြောင်းသံတို့ကို မင်းလှနော်ရထာတပ်တို့ ကြားလေလျှင် မင်းခေါင်နော်ရထာတပ်ကို ယိုးဒယားတစ်မြို့လုံးထွက်၍ တိုက်ချေပြီဟု မင်းလှနော်ရထာထင်ပြီး တပ်ကူရန် အလျင်ပြန်၍ချီလာရာ မင်းခေါင်နော်ရထာက မင်းလှနော်ရထာကို ...

"သွေးသောက်သာ ဘဝရှင်မင်းတရားထံ အမှီလိုက်ပါလေ၊ နောက်အရေးမှာ ငါ့တာဝန်သာ ဖြစ်သည်"ဟုဆိုလျှင် မင်းလှနော်ရထာက ...

"ယခု ငါတို့နေသည်မှာ သူတို့တိုင်းလယ်ပြည်လယ်မှာဖြစ်သည်။ သွေးသောက်လည်း မကြာလွန်းစေနှင့်၊ ငါလည်း သွေးသောက်ကို ငံ့ဆိုင်း၍သွားမည်"

ဟုဆိုပြီးလျှင် မင်းလှနော်ရထာတပ်ပြန်သည်။

မင်းခေါင်နော်ရထာလည်း နောက်လေးငါးရက်ရှိသည်အထိ ယိုးဒယားတို့ မြို့တွင်းက ထွက်မလာတော့သည်နှင့် အယုဒ္ဓယမှ ဆုတ်ခွာလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**မှတ်ချက်** ။ ။

(မင်းခေါင်နော်ရထာနှင့် မင်းလှနော်ရထာတို့မှာ အလောင်းမင်းတရား မုဆိုးဘိုရွာမှ စတင်အခြေတည်၍ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူရာတွင် အလောင်းမင်းတရား၏ အလွန်ချစ်ခင်အားထားရသော သစ္စာရှိ ပြည်တည်ဘက်သွေးသောက် ပုဂ္ဂိုလ်ကြီးများဖြစ်ကြ၏။ မြန်မာ့သမိုင်းတွင် ထင်ရှားထူးချွန်ထက်မြက်သည့် သူရဲကောင်းစစ်သူကြီးများဖြစ်ကြပြီး မိမိအရှင်နှင့် မိမိနိုင်ငံအတွက် အမှုတော်ကို ဦးလည်မသုန် သက်စွန့်ရဲရဲ ဇာတိသွေးနီ မောင်းစွာထမ်းရွက်ခဲ့ကြသည်မှာ အတုယူစံပြုဖွယ်ကောင်းလှ၏။)

အလောင်းမင်းတရားလည်း ယိုးဒယားမှ ပြန်လည်ဆုတ်ခွာတော်မူလာခဲ့ရာ နှစ်ဆယ့်လေးစခန်းနှင့် မုတ္တမမြို့ ကျေးကင်းရွာသို့ ရောက်ရှိတော်မူသည်။ ရောဂါသည်းတော်မူသဖြင့် ကင်းရွာတွင်ပင် သက္ကရာဇ် (၁၁၂၂)ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၂)ရက်၊ တနင်္ဂနွေနေ့၊ နံနက်မိုးသောက်ယံအချိန် (၁၁၊ ၅၊ ၁၇၆၀)၌ နတ်ရွာစံကံတော်ကုန်လေသည်။

**မှတ်ချက်**။ ။

(တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သော အလောင်းမင်းတရားကြီးဟုထင်ရှားသည့် အလောင်းဘုရားကို သက္ကရာဇ် (၁၀၇၆)ခုနှစ်၊ တော်သလင်းလပြည့်၊ သောကြာနေ့ (၁၂၊ ၈၊ ၁၇၁၄) ညဥ့် (၁)ချက်တီးကျော်တွင် ဖွားမြင်တော်မူခဲ့သည်။ အိမ်နိမ့် (၃၇)နှစ်နှင့် (၇)လ၊ နန်းစည်းစိမ် (၈)နှစ်နှင့် (၁)လဖြစ်ပြီး သက်တော် (၄၅)နှစ်နှင့်(၈)လတွင် နတ်ရွာစံတော်မူခြင်းဖြစ်၏။)



# အယုဒ္ဓယကိုအောင်တော်မူသည့်
# ဆင်ဖြူရှင်လက်ထက် ယိုးဒယားမြန်မာစစ်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

သက္ကရာဇ် (၁၁၂၅)ခုနှစ်တွင် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့သည့် အလောင်းဘုရား၏သားတော်ကြီး နောင်တော်ကြီးမင်း နတ်ရွာစံသဖြင့် ညီတော်မြေဒူးမင်းသား နန်းတက်တော်မူသည်။ ထို့နောက် မကွေးမှ ဆင်ဖြူကိုရရှိသဖြင့် ဆင်ဖြူရှင်ဘွဲ့ကို ခံတော်မူသည်။ ရွှေဘိုတွင် စံတော်မူရာမှ အင်းဝသို့ပြောင်း၍ မြို့ရိုးအသစ်တည်၍ စံတော်မူကာ နိုင်ငံတော်အတွင်း မြို့ပြတိုင်းခရိုင်အုပ်ချုပ်မှုကို နေသားတကျ ခန့်ထားစီရင်တော်မူသည်။

ထိုဆင်ဖြူရှင်မင်းလက်ထက်တွင် ဇင်းမယ်၊ မဏိပူရ၊ ယိုးဒယားတို့ကို တိုက်ခိုက်သိမ်းယူနိုင်သည့်အပြင် တရုတ်နှင့် စစ်ပွဲလေးကြိမ်ဖြစ်ရာတွင်လည်း လေးကြိမ်စလုံး မြန်မာတို့က အောင်မြင်ခဲ့သည်။





စစ်ပွဲများကား ဆင်ဖြူလက်ထက်တွင် တစ်ချိန်တည်းလိုလိုဖြစ်ခဲ့ရကာ ထိုအချိန်က မြန်မာတို့၏စစ်ရည်စစ်သွေးနှင့် တန်ခိုးအင်အားကြီးမားပုံကို သမိုင်းတွင် အထင်အရှားတွေ့မြင်ခဲ့ကြရသည်။

ယိုးဒယားကို ဘုရင့်နောင်သိမ်းယူခဲ့သော်လည်း သားတော်နန္ဒာဘုရင်လက်ထက်တွင်မူ လက်လွှတ်ခဲ့ရသည်။ ယိုးဒယားသို့ လေးကြိမ်သွားရောက်တိုက်ခိုက်ခဲ့ရာ မအောင်မြင်ဘဲ နန္ဒာဘုရင်၏ သားတော် အိမ်ရှေ့ဥပရာဇာနှင့် ယိုးဒယားဘုရင်ဗြနရာဇ် (ဖရနရေဆုအင်)တို့ ဆင်စီးချင်းထိုးရာတွင် အိမ်ရှေ့ဥပရာဇာ ကျဆုံးခဲ့ရသည်။ နန္ဒာဘုရင်လက်ထက်တွင် ယိုးဒယားဘုရင်ဗြနရာဇ် (ဖရနရေဆုအင်)ကလည်း မြန်မာနိုင်ငံတွင်းသို့ အကြိမ်ကြိမ်ဝင်ရောက်တိုက်ခိုက်လာခဲ့သည်။

ဆင်ဖြူရှင်မင်းတရား ယိုးဒယားကို သွားရောက်တိုက်ခိုက်သည်မှာ မည်သည့်အကြောင်းကြောင့်ဟု တိတိကျကျမသိရသော်လည်း အချို့ရာဇဝင်ဆရာတို့က ခမည်းတော်အလောင်းဘုရားလက်ထက် ယိုးဒယားကို ချီတက်လုပ်ကြံရာ၌ မအောင်မမြင်ရှိသည်ကို မကျေချမ်း၍ တိုက်ခိုက်ဟန်တူသည်ဟု ရေးခဲ့ကြသည်။ ယိုးဒယားရာဇဝင်တွင်မူ ထားဝယ်စား ပုန်ကန်သဖြင့် မြန်မာတို့က ထားဝယ်စားကိုတိုက်ရာ ထားဝယ်စားက မြိတ်သို့ပြေးဝင်သည်။ မြိတ်တွင်ရှိသော ယိုးဒယားတို့က ထားဝယ်စားအား မြန်မာတို့လက်သို့မအပ်သဖြင့် မြန်မာတို့က မြိတ်နှင့်တနင်္သာရီတို့ကို သိမ်းယူပြီးလျှင် ယိုးဒယားသို့ ချီတက်လုပ်ကြံသည်ဟု ဆိုသည်။

www.burmeseclassic.com



ဆင်ဖြူရှင်လက်ထက် ယိုးဒယားသို့စစ်ချီပုံမှာ ဇင်းမယ်ကြောင်းချီ တပ်ပေါင်း (၂၈)တပ်နှင့် ယင်းတပ်များတွင်ပါသည့် တိုက်ဆင် (၁၀၀)၊ မြင်း (၁၀၀၀)၊ စစ်သည် (၂၀၀၀၀)ကို နေမျိုးသီဟပတေ့ကို အုပ်ချုပ်စေကာ ဇင်းမယ်နှင့် လင်းဇင်းကို တိုက်ခိုက်သိမ်းယူပြီး အင်အားဖြည့်တင်းလျက် သက္ကရာဇ် (၁၁၂၇)ခုနှစ်တွင် ယိုးဒယားသို့ချီရသည်။

ထို့ပြင် ထားဝယ်ကြောင်းမှလည်း မဟာနော်ရထာကို ဗိုလ်ချုပ်ခန့်၍ တပ်ပေါင်း(၃၀)တွင်ပါသည့် တိုက်ဆင်(၁၀၀)၊ မြင်း(၁၀၀၀)၊ စစ်သည် (၂၀၀၀၀)ဖြင့် ထားဝယ်သို့ချီစေ၍ ဟံသာဝတီ၊ မုတ္တမ၊ မြိတ်၊ ထားဝယ်အားများဖြင့် ယိုးဒယားသို့ချီစေသည်။

ထားဝယ်ကြောင်းမှ မဟာနော်ရထာတပ်များ ချီလာသည်ကို ခရီးတစ်လျှောက်ရှိ ဖြတ်ဘီး၊ ရပ်ဘီး၊ သဖန်းပုံ၊ ကံပူရီ၊ ဆယာ၊ ဆွန်းဖြန်း စသည့် ယိုးဒယားမြို့တို့မှ မြို့စားပြစားတို့ သိရလျှင် မြို့ပြကျုံးမြောင်းတို့ကို အသစ်ပြင်ဆင်၍ မြို့စီးပြစီးတင်ကာ ဆူးငြောင့်ခလုတ်ရင်တားစိုက်၍ မြို့ထိပ်များတွင် သေနတ်၊ အမြောက်များတင်လျက် ကြံ့ကြံ့ခံရန် စီစဉ်သည်။

မဟာနော်ရထာတပ်များ ဖြတ်ဘီးသို့ရောက်လျှင် စစ်သည် ဆင်မြင်းအလုံးအရင်းများလှသောကြောင့် ဖြတ်ဘီးမြို့စားသည် မဟာနော်ရထာ၏တပ်များကို ထွက်၍မတိုက်ဝံ့သဖြင့် မြို့တွင်းမှသာ ကြံ့ကြံ့ခံနေလေရာ မြန်မာစစ်သည်တို့က မား၊ တူရွင်း၊ လှေကားနှင့် မြို့ရင်းသို့ချဉ်း၍ မြို့အခြေကို တူးသူကတူးသည်။ မြို့ထိပ်သို့ လှေကားထောင်၍ တက်သူကတက်သည်။ အကြောက်





အရှုံ့မရှိဘဲ လက်နက်များစွဲကိုင်လျက် သူ့ထက်ငါ အားကြိုး၍ လုပ်ကြကြရာ မြို့ကိုရလေသည်။

ဆက်၍ ရပ်ဘီးမြို့သို့ချီရာ ရပ်ဘီးမြို့စား မရပ်မခံဝံ့သဖြင့် မြို့ကိုရသည်။ သဖန်းပုံမြို့ကိုလည်း ကျွန်တော်ခံသဖြင့် သိမ်းယူပြီးလျှင် ကံပူရီသို့ချီရာ ကံပူရီမြို့စားက မြို့ကိုကြံ့ကြံ့ခံသည်။ ရဲမက်တော်၊ ဆင်သည်၊ မြင်းသည်၊ ခြေသည်အပေါင်းတို့ မြို့ရင်းသို့ချဉ်း၍ မြို့ကိုတက်ရာ မြို့ထိပ်က သေနတ်ပြောင်း၊ အမြောက်တို့ဖြင့် ပစ်ခတ်ခုခံကြသော်လည်း ရဲမက်စစ်သည် အင်အားများလှသောကြောင့် မခံနိုင်တော့ဘဲ မြို့စီးပြစီးသို့ ဆင်းပြေးသည်။ ရဲမက်အပေါင်းတို့ မြို့တွင်းသို့ဝင်မိလျှင် အိမ်များကို မီးထင်းတိုက်ရှို့၍ သုံ့ပန်းဖမ်းယူကြသည်။

ထို့နောက် ဆယားမြို့၊ ဆွန်းဖြန်းမြို့၊ ဆားလင်းမြို့များကို ချီ၍ သိမ်းယူပြီးလျှင် သိမ်းရခဲ့သမျှ မြို့များမှ ဆင်ကောင်း၊ မြင်းကောင်းများကို ရွေးချယ်ပြီး တပ်(၇)တပ် တိုးချဲ့ဖွဲ့စည်းကာ စုစုပေါင်းတပ်ပေါင်း (၅၇)တပ်ဖြင့် စခန်းစဉ်အတိုင်း အယုဒ္ဓယသို့ ဆက်ချီသည်။

မဟာနော်ရထာ၏တပ်များ ႏ ချီလာသည်ကို ယိုးဒယားဘုရင်ကြားလျှင် တိုက်ဆင်(၅၀၀)၊ လှည်းရထားတင်အမြောက်(၅၀၀)၊ စစ်သည်(၆၀၀၀၀)စည်းကြပ်ပြီးလျှင် အမတ်ကြီးဘယားဗလကို အုပ်ချုပ်စေလျက် အယုဒ္ဓယမြို့အနောက်ရှိ သီကုတ်မြို့မှ ဆီးကြို၍ခံစေသည်။



www.burmeseclassic.com

www.burmeseclassic.com



သီကုတ်မြို့မှ ဆင်မြင်းရဲမက်စစ်သည်အပေါင်းနှင့် စစ်ခင်းကျင်း၍ ခုခံရန်ပြင်သည်ကို မဟာနော်ရထာ၏ ရှေ့ချီမြင်းတပ်တို့ကတွေ့၍ မဟာနော်ရထာကိုလျှောက်လေလျှင် မဟာနော်ရထာသည် မိမိ၏(၅၇)တပ်လုံးရှိ ဗိုလ်မှူးစစ်ကဲတို့ကို အရေးအန္တနိုးဆော်၍ ယိုးဒယားတပ်များရှိရာသို့ ချီကာတိုက်စေသည်။ မြန်မာတပ်တို့ကလည်း သူ့ထက်ငါ ပွဲရအောင် ယိုးဒယားစစ်သည်များကို တစ်ဟုန်တိုးဝင်၍တိုက်ကြရာ ယိုးဒယားတို့ မခံနိုင်၍ ဆင်ပါမြင်းပါ အပြင်းဆုတ်ခွာကြရသည်။

မဟာနော်ရထာ၏တပ်များသည် သီကုတ်မြို့ကိုသိမ်းယူပြီးလျှင် တပ်စဉ်အတိုင်းချီကာ အယုဒ္ဓယမြို့အနောက် ကန္တီရွာတွင် တပ်စွဲရပ်လျက် ဖင်းမယ်ကြောင်းချီလာသည့် နေမျိုးသီဟပတေ့၏ တပ်များအလာကို စောင့်သည်။

ဖင်းမယ်ကြောင်းချီလာသည့် နေမျိုးသီဟပတေ့၏တပ်များတွင်လည်း တပ်ပေါင်း(၂၀)တွင် ရဲလှေ (၃၀၀)၊ စစ်သည် (၁၀၀၀၀)ဖြင့် စစ်ကဲကြီး တုရင်ရာမကျော်ကို အချုပ်ခန့်၍ မဲပိန်မြစ်မှလည်းကောင်း၊ တပ်ပေါင်း(၁၀)တပ်တွင် တိုက်ဆင်(၁၀၀)၊ မြင်း(၃၀၀)၊ စစ်သည်(၈၀၀၀)ဖြင့် သီရိရာဇသကြံန်ကို အချုပ်ခန့်၍လည်းကောင်း၊ တပ်ပေါင်း(၁၅)တပ်တွင် တိုက်ဆင်(၂၀၀)၊ မြင်း(၇၀၀)၊ စစ်သည်(၁၂၀၀၀)ဖြင့် သတိုးမင်းထင်ကို အချုပ်ခန့်၍လည်းကောင်း၊ ဗိုလ်ချုပ်နေမျိုးသီဟပတေ့ကိုယ်တိုင်ကမူ တပ်ပေါင်း(၁၃)တပ်နှင့် နောက်အုပ်၍ ရဲလှေ(၃၀၀)၊ တိုက်ဆင်(၄၀၀)၊ မြင်း(၂၀၀)၊ စစ်သည် (၄၃၀၀၀)ဖြင့် တပ်တော်ပေါင်း (၅၈)တပ်၊





ကြည်းအားရေအားစုံညီစွာ လကွန်းမြို့မှ စခန်းစဉ်အတိုင်း အယုဒ္ဓယသို့ချီသည်။

ချီရာလမ်းခရီးတစ်လျှောက်ရှိ ဘန်တက်မြို့၊ ရှာဟိုင်းမြို့၊ ကမန်းပိုက်မြို့၊ သုဝန်ခလောက်မြို့၊ သောက္ကတဲမြို့၊ ပိသလောက်မြို့၊ ရသမာမြို့၊ ပိတ်စဲမြို့၊ ဌာနီမြို့၊ ဘိစိပ်မြို့၊ လလင်းမြို့၊ ခွန်သံဝန်မြို့၊ အင်တောင်မြို့များလည်း မြန်မာတပ်များချီလာသည်ကိုကြားလျှင် မြို့ပြ၊ ကျုံးမြောင်းများပြင်ဆင်၍ မြို့ထိပ်တွင် အမြောက်၊ စိန်ပြောင်းများခင်းကျင်းလျက် ကြံ့ကြံ့ခံရန် စီစဉ်သည်။

ဘန်တက်မြို့သို့ မြန်မာကြည်းရေတပ်များဆိုက်ရောက်လျှင် ဘန်တက်မြို့စားလည်း မြန်မာတပ်များတွင် ဆင်လုံးမြင်းရင်းများလှသောကြောင့် ဆီးကြို၍မတိုက်ဝံ့ဘဲ မြို့တွင်းမှသာ အနိုင်နေသည်ကို မြန်မာတပ်တို့က မား၊ တူရွင်း၊ လှေကားတို့ဖြင့် မြို့ရင်းသို့ချဉ်း၍ မြို့ခြေကိုတူးသူကတူးသည်။ လှေကားထောင်၍ မြို့ကိုတက်သူကတက်သည်။ ထိုသို့ စစ်သည်အပေါင်းတို့ အကြောက်အရွံ့မရှိ သူ့ထက်ငါ အားကြိုး၍လုပ်ကြကြရာ ခဏချင်းပင် မြို့ကိုအောင်မြင်ကာ သုံ့ပန်းဖမ်းယူကြသည်။

ရှာဟိုင်းမြို့စားလည်း ဘန်တက်မြို့ပျက်၍ သုံ့ပန်းဖြစ်ပြီ ကြားလျှင် မခံဝံ့သောကြောင့် ကျွန်တော်ခံလာသဖြင့် ရှာဟိုင်းမြို့ကို ရရှိသည်။ ထို့အတူ ကမန်းပိုက်သို့ ဆက်၍ချီသည်တွင် ကမန်းပိုက်မြို့စားလည်း ရှာဟိုင်းမြို့စားနည်းတူ ကျွန်တော်ခံသည်။

သုဝန်ခလောက်သို့ ဆက်၍ချီရာတွင်မူ သုဝန်ခလောက်မြို့စားက အညံ့မခံရှိသည်ကို မြန်မာစစ်သည်ရဲမက်တို့ မြို့ရင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ချဉ်း၍ မြို့ကိုတက်သည်။ မြို့ထိပ်မှ ပြောင်း၊ အမြောက်လက်နက်များနှင့် ပစ်ခတ်ခုခံကြသော်လည်း ဗိုလ်လုံးတပ်လုံးများလှသောကြောင့် မခံနိုင်တော့ဘဲ မြို့စီးပြစီးသို့ဆင်းပြေးသဖြင့် မြို့ကိုရကာ သုံ့ပန်းဖမ်းယူကြသည်။

ရသမာမြို့ကိုမူ ရသမာမြို့စား ကျွန်တော်ခံလာသဖြင့် မြို့ကို အလွယ်တကူရရှိသည်။ ရသမာမြို့မှ ဆက်လက်၍ ပိဿလောက်မြို့သို့ချီလာရာ မြို့ကြီးကျယ်နိုင်ခဲ့သဖြင့် ပိဿလောက်စားအညံ့မခံ၊ မြို့ထိပ်တွင် အမြောက်၊ မြတပူများ စီစဉ်ခင်းကျင်း၍ ခုခံသောကြောင့် မြန်မာတပ်တို့ မြို့ရင်းသို့ချဉ်း၍ မြို့ကို တူးသူကတူးသည်။ မြို့ထိပ်သို့ လှေကားထောင်၍ တက်သူကတက်သည်။ အင်အားအလုံးအရင်းဖြင့် အားကြိုး၍လုပ်ကြကြရာ ပိဿလောက်မြို့ကျသဖြင့် သုံ့ပန်းဖမ်းယူကြသည်။ ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း ပိဿလောက်မြို့တွင် (၁၀)ရက်ခန့် ဆင်မြင်းစစ်သည်ရဲမက်ဖြည့်တင်း၍နေလေသည်။

ယင်းနောက် သီရိနန္ဒသကြံ်အုပ်ချုပ်သည့် တပ်(၁၀)တပ်နှင့် ကျော်ခေါင်ကျော်သူအုပ်ချုပ်သည့် တပ်(၁၀)တပ်ကို စစ်ကြောင်းနှစ်ကြောင်းခွဲလျက် လလင်းမြို့၊ ပိတ်စဲမြို့၊ ဌာနီမြို့၊ ဘီစိတ်မြို့၊ ခွန်သံဝန်မြို့နှင့် အင်တောင်မြို့များသို့ချီစေရာ ယိုးဒယားမြို့စားတို့မခံဝံ့၍ ဆင်မြင်းလက်နက်တို့ဆက်ကာ ကျွန်တော်ခံလာသဖြင့် ယိုးဒယားမြို့များကို ရရှိသည်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့လည်း ခရီးလမ်းတစ်လျှောက်ရှိ ယိုးဒယားမြို့များမှ သိမ်းယူရရှိသည့် အမြောက်ကြီးငယ်(၁၅၀)ကို





ဖင်းမယ်မြို့သို့ ပို့ထားစေသည်။ သိမ်းယူရရှိသည့်မြို့များမှ ဆင်ကောင်း၊ မြင်းကောင်း၊ လက်နက်ကောင်းများကို ရွေးချယ်၍ တပ်(၁၃)တပ်ကို တိုးချဲ့ဖွဲ့ပြီး ဥဒိန်နန္ဒကျော်ထင်ကို အချုပ်ခန့်၍ ရှေ့မှ ချီစေကာ ကြည်းကြောင်း၊ ရေကြောင်းချီတပ်တော်ပေါင်း (၅၁)တပ်ပါဝင်သည့် နေမျိုးသီဟပတေ့၏တပ်များ အယုဒ္ဓယသို့ဆက်လက်၍ ချီသည်။

ယိုးဒယားဘုရင် ကျောက်ဘွားကောဒသ် (Chao Phya Ekatat) လည်း ဖင်းမယ်ကြောင်းချီလာသည့် ဗိုလ်ချုပ်နေမျိုးသီဟပတေ့၏ မြန်မာတပ်များကို ဆီးကြို၍တိုက်ခိုက်ရန်အတွက် အမတ်ကြီးဘယားကူရတင်ကို လှည်းရထားတင် ဆင်တင်အမြောက် (၂၀၀၀)ကျော်၊ ဆင်(၃၀၀)ကျော်၊ စစ်သည် (၃၀၀၀၀)ကျော်နှင့် ကြည်းကြောင်းမှလည်းကောင်း၊ အမတ်ကြီးဗြခရံကို ရဲလှေ(၃၀၀)ကျော်၊ ကတ္တူ(၃၀၀)ကျော်၊ သမ္ဗန်(၃၀၀)ကျော်တွင် အမြောက် (၂၀၀၀)ကျော်တင်၍ စစ်သည်(၃၀၀၀၀)ကျော်နှင့် ရေကြောင်းမှလည်းကောင်း ပန်ပသုတ်ရွာအရှေ့မြောက် တာတစ်ထောင်ကျော်အကွာရှိ ဖင်းမယ်မှလာသည့် မဲပိန်မြစ်အနီးတွင် ကြည်းအားရေအား စစ်အင်ကျင်းကာ ဆီးဆို့ခုခံစေသည်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့၏တပ်များ ကြည်းကြောင်း၊ ရေကြောင်းမှ အညီအညွတ်ရောက်ရှိ၍ မြန်မာနှင့် ယိုးဒယားစစ်ပြိုင်ခင်းကြသည့်တွင် မြန်မာစစ်သည်သူရဲသူခက်အပေါင်းတို့လည်း နောက်သို့ငဲ့ကွက်ခြင်းမရှိ၊ ဆင်ပါမြင်းပါ အပြင်းလွှတ်၍ ယိုးဒယားတို့ကိုတိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်တိုက်၍ အတန်ကြာလျှင် အတွေ့အကြုံသမ္ဘာနှင့် စစ်ရည်စစ်သွေးပြည့်နေသည့် မြန်မာတပ်များကို ယိုးဒယားတို့ ဆက်၍ယှဉ်ကာ မပြိုင်မခံနိုင်၊ အထိအခိုက် အကျအဆုံးများစွာဖြင့် ဆုတ်ခွာကြရသည်။ ထိုစစ်ပွဲတွင် ယိုးဒယားတို့ထံမှ ဆင်(၂၀၀)ကျော်၊ အမြောက်(၅၀၀)ကျော်၊ ရဲလှေ(၃၀၀)ကျော်၊ သံ့ပန်း(၁၀၀၀)ကျော်နှင့် ရေကြောင်းဦးစီးအုပ်ချုပ်သူ အမတ်ကြီးဖြခရံကို စီးသည့် ရဲလှေနှင့်တကွ အရှင်ရရှိသည်။ ထိုစစ်တွင် ယိုးဒယား စစ်သည်တို့ သေလေသည်မှာလည်း များလှ၏။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့၏တပ်များသည် ကြည်းရေ ခံရပ်သည့် ယိုးဒယားတပ်များကို အောင်မြင်ပြီးနောက် အယုဒ္ဓယ အရှေ့မြောက် တာလေးရာကျော်အကွာရှိ ပန်ပသုတ်ရွာသို့ ဆက်လက် ချီတက်ကာ ဇင်းမယ်မှလာသည့် မဲပိန်မြစ်ကို အလယ်ထား၍ ကင်းနှစ်ဖက်လက်ဝဲလက်ယာတွင် တပ်ကြီး(၉)တပ်တည်ပြီးလျှင် ဆင်မြင်းရိက္ခာ ဖြည့်တင်းလျက်နေသည်။

ထိုသို့ ဗိုလ်ချုပ်နေမျိုးသီဟပတေ့၏တပ်များ ပန်ပသုတ် ရွာသို့ချီလာကာ တပ်နှင့်အခိုက်နေသည်ကို ကံနီရွာတွင် တပ်စွဲ နေသည့် ဗိုလ်ချုပ်မဟာနော်ရထာ ကြားသိလျှင် ကံနီရွာမှဆက်၍ ချီကာ အယုဒ္ဓယအနောက်မြောက် တာငါးရာခန့်အကွာရှိ ဟံသာဝတီ ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးတည်ခဲ့သည့် ဘုရား အနောက်တွင် တပ်စွဲရပ်နေလေ၏။

ယိုးဒယားဘုရင်လည်း အယုဒ္ဓယမြို့အနီးရှိ ကျေးရွာများမှ လူနှင့် မျိုးရိက္ခာတို့ကို မြို့တွင်းသို့သွင်းကာ မြို့ပြကျုံးမြောင်းတို့ကို





ပြင်ဆင်ပြီး မြို့ထိပ်တွင် အမြောက်လက်နက်တို့ကို အထပ်ထပ် တင်လျက် ကြံ့ကြံ့ခံရန် ဦးစွာစီစဉ်သည်။ ထို့နောက်မှ အမတ်ကြီး ဘယားကူရတင်ကို တိုက်ဆင်(၅၀၀)၊ လှည်းရထားတင်အမြောက် (၁၀၀၀)၊ စစ်သည်(၅၀၀၀၀)ဖြင့် အောင်တံခွန်လွှင့်ပြီးလျှင် ဗုံမောင်း တီးလျက် မြို့တွင်းမှထွက်ကာ မြန်မာတပ်များကို တိုက်စေသည်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့သည် ယိုးဒယားတပ်များ အယုဒ္ဓယမြို့တွင်းမှ ထွက်လာသည်ကိုတွေ့လျှင် ကျော်ခေါင် ကျော်သူ၊ စစ်ကဲကြီးတုရင်ရာမကျော်၊ ရွှေတောင်စည်သူ၊ သီရိ ရာဇသင်္ကြံ၊ ဗညားလောတို့၏တပ် (၅)တပ်ကို တိုက်ဆင်(၁၀၀)၊ မြင်း(၁၀၀၀)၊ စစ်သည်(၁၀၀၀၀)ဖြင့် အဆုတ်အဆိုင်းမရှိ ဆင်ပါ မြင်းပါ အပြင်းလွှတ်၍ ယိုးဒယားတပ်များကို တိုက်စေသည်။ ထိုပွဲတွင် ယိုးဒယားတို့ မခံမရပ်နိုင်၊ တပ်ပျက်လျက် မြို့တွင်းသို့ အလျင်ဆုတ်ခွာပြေးရပြီး မြန်မာတို့မှ ဆင်(၁၀၀)ကျော်၊ အမြောက် (၅၀၀)ကျော်နှင့် သံ့ပန်း(၁၀၀၀)ကျော်ကို အရှင်ရလိုက်သည်။ ယိုးဒယားတို့သေသည်မှာလည်း များ၏။

(၅)ရက်ခန့်ကြာလျှင် ယိုးဒယားဘုရင်သည် အမတ်ကြီး ဖြသံကို တိုက်ဆင်(၄၀၀)၊ လှည်းရထားတင်အမြောက်(၁၀၀၀)၊ စစ်သည်(၅၀၀၀၀)နှင့် စစ်တစ်ကြောင်း၊ အမတ်ကြီးဘယားတက် ကို တိုက်ဆင်(၄၀၀)၊ လှည်းရထားတင်အမြောက်(၁၀၀၀)၊ စစ်သည် (၅၀၀၀၀)နှင့် စစ်တစ်ကြောင်း၊ စစ်နှစ်ကြောင်းခွဲ၍ မြို့အနောက် မျက်နှာတွင် တပ်စွဲရပ်နေသည့် ထားဝယ်ကြောင်းချီ ဗိုလ်ချုပ် မဟာနော်ရထာတပ်များကို နှဲခရာ၊ ဗုံမောင်းများတီးမှုတ်ကာ တစ်ချိန်တည်း မြို့တွင်းမှထွက်၍ တိုက်စေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်မဟာနော်ရထာသည် စစ်ကဲကြီးနေမျိုးဂုဏ္ဏရတ်၊ စတုဂါမဏိ၊ သီရိဇေယျကျော်စွာ၊ လက်ယာသိဒ္ဓိကျော်၊ သီရိရန္တဇ ကျော်ထင်တို့ကို တပ်(၄)တပ်စီနှင့် စုစုပေါင်း တပ်ပေါင်း(၂၀)တွင် တိုက်ဆင်(၁၀၀)၊ မြင်း(၅၀၀)၊ စစ်သည်(၂၀၀၀၀)နှင့် စစ်တစ် ကြောင်း၊ မင်းကြီးဇေယျသူ၊ နန္ဒဘယကျော်ထင်၊ သူရိန်တန်ဆောင်၊ ရန်ငူးသီရိကျော်ထင်၊ သမိန်ကျော်ခေါင်တို့ကို တပ်(၄)တပ်စီနှင့် စုစုပေါင်း တပ်ပေါင်း(၂၀)တွင် တိုက်ဆင်(၁၀၀)၊ မြင်း(၅၀၀)၊ စစ်သည်(၂၀၀၀၀)နှင့် စစ်တစ်ကြောင်း၊ စစ်နှစ်ကြောင်းခွဲပြီးလျှင် ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးတည်ခဲ့သည့် ဘုရားကို အလယ်မှထား၍ လက်ဝဲလက်ယာ စစ်မျက်နှာဖြန့်ကာ ခံစေသည်။

ယိုးဒယားအမတ်ကြီးဖြသံက မင်းကြီးဇေယျသူ တပ်ပေါင်း (၂၀)ကို လှည်းရထားတင်အမြောက်(၁၀၀၀)ကျော်နှင့် မိုးရွာသကဲ့သို့ ပစ်လွှတ်ပြီးလျှင် နောက်မှ တိုက်ဆင်(၄၀၀)ကျော်နှင့် တစ်ဟုန်တိုးဝင်၍နင်းသည်။ ယင်းသို့ရှိစဉ် လမ်းမှသစ္စာခံ၍ မြန်မာဘက်မှ အမှုတော်ထမ်းရွက်သူ သဖန်းပုံမြို့စားက လက်ဝဲလက်ယာ ဆင်ကူ (၂၀)၊ သေနတ်(၅၀၀)နှင့် ရှေ့ဦးမှထွက်၍ ခုခံသည်ကို ယိုးဒယား အမတ်ကြီးဖြသံမြင်လျှင် "နင့်ကိုပင် ငါရှာသည်"ဟုဆို၍ သဖန်းပုံမြို့စားထံ ဆင်နှင့်အပြင်းလွှတ်တိုက်ရာ သဖန်းပုံမြို့စားကလည်း ဆင်နှင့်ပြန်၍ ခံကာတိုက်သည်။ ဆင်နှစ်စီး အစွယ်ချင်းယှက်မိချိန်တွင် ယိုးဒယားတို့ဘက်မှပစ်လွှတ်သည့် သေနတ်ကျည်သင့်၍ သဖန်းပုံမြို့စား ဆင်ဦးတွင်ကျလေသည်။





သဖန်းပုံမြို့စားကျလျှင် အမတ်ကြီးဖြသံလည်း မြန်မာတို့၏ မြင်း(၅၀၀)တပ်ကို ဆင်တပ်နှင့်ဖြန့်ကာ အတင်းနင်းသည်။ မြင်း(၅၀၀)လုံး မခံနိုင်ဖြစ်လေလျှင် မင်းကြီးဇေယျသူတို့ တပ်ပေါင်း (၂၀)ကို ယိုးဒယားတပ်လုံးဖိ၍ ဆင်(၈၀၀)ကျော်၊ လှည်းရထားတင် အမြောက်(၅၀၀)ကျော်နှင့် နင်းတိုက်တိုးဝှေ့ပစ်ခတ်သောကြောင့် မခံနိုင်၍ အရေးမလှဖြစ်ရသည်။

ထိုအခါ ဗိုလ်ချုပ်မဟာနော်ရထာလည်း တိုက်ဆင်(၁၀၀) တို့ကို ရှေ့ကထား၍ လက်ဝဲလက်ယာ ဆင်ကူ(၅၀၀)၊ သေနတ် (၁၀၀၀)နှင့်လည်းကောင်း၊ နေမျိုးဂုဏ္ဏရတ်ကို တိုက်ဆင်(၂၀၀)၊ မြင်း(၅၀၀)၊ စစ်သည်(၂၀၀၀၀)နှင့် ယိုးဒယားတပ်ကို နောက်က ပတ်၍ ဆင်ပါမြင်းပါ စစ်သည်(၂၀၀၀၀)စလုံး အသားစားမည်ကဲ့သို့ အပြင်းဝင်လျက် ဖိဖိစီးစီး ပစ်ခတ်ထိုးခုတ်သည်တွင် ယိုးဒယား စစ်သည်တို့ မဆုတ်နိုင်,မတက်နိုင် တန့်၍နေလေသည်။ သို့ရှိစဉ် မင်းကြီးဇေယျသူတို့တပ်ပေါင်း(၂၀)လည်း အပြင်းကွပ်ညှပ်စည်းကြပ် ပြန်၍ ရှေ့မှကြံ့ကြံ့ခံကာ လှည်းရထားတင်အမြောက် (၅၀၀)ကျော် နှင့် ယိုးဒယားဆင်တပ်ကို မရပ်မဆိုင်းပစ်သည်တွင် ယိုးဒယား ဆင်တပ် မခံနိုင်။ နောက်သို့လှည့်ပြီးလျှင် ယိုးဒယားစစ်သည်တို့ကို ဝှေ့ပက်နင်းတက်၍ပြေးလေသောကြောင့် ယိုးဒယားတို့ ဝါးအစည်း ပြေသကဲ့သို့ တပ်ပျက်လျက် ရုံးစုမိသမျှစစ်သည်တို့နှင့် ဆုတ်ခွာကြရသည်။ ထိုပွဲတွင် ဆင်(၂၀၀)ကျော်၊ အမြောက် (၂၀၀)ကျော်၊ သံ့ပန်း(၂၀၀၀)ကျော်တို့ကို မြန်မာတို့က အရှင်ရလိုက်သည်။ သေလေသည်မှာလည်း များ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတပ်တို့က ယိုးဒယားမြို့အနီးသို့ ချဉ်းကပ်လိုသော်လည်း မြို့မှာ မြစ်ရေဝိုင်းရံလျက်ရှိသောကြောင့် မလွယ်ကူ။ ထို့ကြောင့် မဟာနော်ရထာက စစ်ကဲကြီးနေမျိုးဂုဏ္ဏရတ်၊ မင်းကြီးဖေယျာသူ၊ မင်းကြီးဂါမဏိစန္ဒတို့အုပ်ချုပ်သည့် တပ်ပေါင်း(၂၁)တပ်ကို အယုဒ္ဓယမြို့အနောက်မျက်နှာ၌ စွဲရပ်၍ရံနေစေပြီး ခေမရာဇာ၊ ရန်ငူသီရိကျော်ထင်၊ မင်းငယ်ဗလတို့ အုပ်ချုပ်သည့် တပ်ပေါင်း (၂၁)တပ်ကို မြို့တောင်မျက်နှာ၌ စွဲရပ်၍ရံနေစေသည်။

နေမျိုးသီဟပတေ့ကလည်း ဆပ်ပြာကုန်းဗိုလ်၊ တုရင်သာရကျော်၊ သစ်ဆိမ့်ဗိုလ်၊ သာပန်စာတို့ အုပ်ချုပ်သည့် တပ်ပေါင်း (၂၁)တပ်ကို အယုဒ္ဓယမြို့၊ အရှေ့မျက်နှာ၌ စွဲရပ်ရံနေစေပြီး စစ်ကဲကြီးတုရင်ရာမကျော်၊ ကျော်ခေါင်ကျော်သူ၊ သတိုးမင်းထင်တို့ အုပ်ချုပ်သည့် တပ်ပေါင်း(၂၁)တပ်ကို မြို့မြောက်မျက်နှာ၌ စွဲရပ်၍ ရံနေစေသည်။

ထိုသို့ အယုဒ္ဓယမြို့ အရပ်လေးမျက်နှာ၌ တပ်တော်ပေါင်း (၈၈)တပ်ဖြင့် နွားကိုခြံလှောင်သကဲ့သို့ ကြည်းရေအစုံအလင် ဝန်းရံပြီးမှ မြို့တော်အနီးသို့ချဉ်း၍ အကြိမ်ကြိမ်လုပ်ကြံကြသော်လည်း အယုဒ္ဓယမြို့သည် ကျုံးလည်းနက်သည်။ ကျယ်လည်းကျယ်သည်။ မြင့်လည်းမြင့်သည်။ ခိုင်လည်းခိုင်ခံ့သဖြင့် ခက်ခဲလှသည်။ မြစ်ကို ကူး၍ လုပ်ကြံကြသော်လည်း မြို့ထိပ်မှ ထုထပ်လှသည့် အမြောက်လက်နက်ကြီးတို့ဖြင့် ပစ်လွှတ်မှုကြောင့် မြို့ရင်းသို့မချဉ်းကပ်နိုင်အောင်ဖြစ်ရသည်။

ထိုအခါ ဗိုလ်မှူးတပ်မှူးအချို့က ဗိုလ်ချုပ်မဟာနော်ရထာကို ...





"ယခု ကျွန်တော်တို့ ယိုးဒယားမြို့ကို အကြိမ်ကြိမ်လုပ်ကြံကြသော်လည်း မြို့ရင်းကိုမျှ မချဉ်းမကပ်၊ မရောက်မပေါက်နိုင်ဘဲ မြို့ကိုသာရံထားကြရသည်။ မကြာမီ မိုးကလည်းကျတော့မည်။ မိုးကျလာလျှင် ယိုးဒယားမြို့ပတ်လည်မြစ်ချောင်းများသည် ပင်လယ်နှင့်တစ်စပ်တည်းဖြစ်ချေသောကြောင့် ကုန်းကျင်းဟုမသိနိုင်အောင် ရေတစ်ပြင်တည်းဖြစ်လာလျှင် ကျွန်တော်တို့၏ဆင်မြင်းကိုမျှထားစရာမရှိအောင် အလွန်ခဲယဉ်းတော့မည်။ မိုးလအတွင်းရံသည်ကို ဖြုတ်၍ မြေကုန်းမြင့်ရာသို့ ဆုတ်နေပြီးလျှင် မိုးစဲပွင့်လင်းသည့်ကာလကိုရောက်မှ ယိုးဒယားမြို့ကို ရံမြဲရံ၍ ဆက်လက်လုပ်ကြံရသော် ယိုးဒယားမြို့သည် ကျွန်တော်တို့လက်က လွတ်နိုင်ပါမည်လော"ဟု ဆိုကြသည်။

၎င်းတွင် ဗိုလ်ချုပ်မဟာနော်ရထာက ...

"ငါတို့ ကာလအရှည် ယိုးဒယားမြို့ကို ဝန်းရံနေသောကြောင့် မြို့တွင်းသားတို့ ကျဉ်းမြောင်းလျက်ရှိလေပြီ။ ယခုရံသည်ကိုဖြုတ်၍ ဆုတ်ခွာလိုက်သည်ရှိသော် မြို့တွင်းသားတို့ ပိုက်ကွန်မှလွတ်သော ငါးကဲ့သို့ရှိကာ တစ်စပ်တည်းရှိ အရံမြို့ရွာများမှ လူသူလက်နက်ဆင်မြင်းရိက္ခာတို့ကို အပြည့်အဝဖြည့်သွင်း၍ တစ်နည်းအားကြိုးကြံစည်လေသော် ငါတို့ဆင်မြင်းလူသူ အပင်ပန်းခံ၍ မြို့ကိုရံသည့်အရာသည် အကျိုးမဲ့မဖြစ်ချေပြီလော။ ယင်းသို့ဖြစ်၍ ယခု ငါတို့က ရလာသမျှ မျိုးရိက္ခာကိုလည်း ယူ၍သွင်းထားမည်။ ဖမ်းဆီးသိမ်းယူသမျှ ကျွဲနွားများနှင့်လည်း မျိုးရိက္ခာအလုံအလောက်ရအောင် စစ်သည်တို့ကို အနှံ့အစပ် လယ်ယာလုပ်ဆောင်စေမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆင်မြင်းဟူသမျှကိုကား မြက်ရေကောင်းရာ ကုန်းရှိသည့်အရပ်သို့ ပို့ထားမည်။ ငါတို့ရုံတပ်များလည်း ယိုးဒယားမြို့ပတ်လည် ရေတိမ်ရာမှာ မြို့တပ်တည်ပြီးလျှင် တစ်တပ်နှင့်တစ်တပ်၊ တစ်မြို့နှင့်တစ်မြို့ ကမ်းလှမ်းလက်ဆက်မိအောင် တပ်တန်းနားရှက်ထိုး၍ ယိုးဒယားမြို့ကိုမရသမျှ ဆယ်နှစ်တိုင်အောင်ပင်ဖြစ်သော်လည်း ရုံမြဲရုံနေမည်။ အခြားက စစ်ကူစစ်တပ်ရောက်လျှင်လည်း ဆင်မြင်းလူသူခွဲ၍ ဆီးကြိုတိုက်မည်။ သည်ကဲ့သို့ ငါတို့လုပ်ကြလျှင် မင်းနှင့်တကွ ယိုးဒယားတစ်မြို့လုံး ငါတို့လက်က လွတ်နိုင်မည်လော'' ဟုဆိုရာ ဗိုလ်ချုပ်မဟာနော်ရထာဆိုသည့်အရေးကို ဗိုလ်ချုပ်နေမျိုးသီဟပတေ့နှင့်တကွ ဗိုလ်မှူး၊ တပ်မှူးအပေါင်းတို့ အကြိုက်ညီသဘောတူကြလေ၏။

ယိုးဒယားဘုရင်သည် မင်းညီမင်းသား မှူးမတ်အပေါင်းတို့ကို ...

''ငါတို့နိုင်ငံသို့ မြန်မာတပ်ရောက်လာသည်မှာ တစ်နှစ်ကျော်,နှစ်နှစ်ခန့်ရှိလေပြီ။ ငါတို့၏မြို့ပြကျေးရွာများကိုလည်း သူတို့က ဆင်မြင်းလက်နက် လူသူများနှင့်တကွ သိမ်းယူရရှိ၍ လယ်ယာအများကို လုပ်ကိုင်စေပြီးလျှင် ငါ၏မြို့ကိုလည်း ကြည်းရေအပြည့်ဝန်းရုံလျက် အရေးကိုသာစောင့်နေသည်။ ငါတို့က မြို့(၅၀)တည်၍ အခိုင်နေသည်ကိုလည်း သူတို့က အုတ်မြို့တည်၍ရုံနေပြန်သည်။ ဆင်လုံးမြင်းရင်းနှင့် ကြည်းရေကထွက်၍ တိုက်ခိုက်ဖျက်ဆီးရန်မှာလည်း မြို့အထပ်ထပ်ဖြစ်၍ အလွန်ခက်သည်။ သို့ဖြစ်၍ မြို့တော်ဘန်ကောက်မြစ်တွင်သွင်းထားသည့် ရဲလှေ၊ သမ္ဗန်၊ သင်္ဘောများ





တွင် လက်နက်အများတင်လျက် မြို့တောင်မျက်နှာတွင် ရုံသည့်မြို့စုကို ထွက်၍တိုက်ရမည်။ တောင်မျက်နှာက ရုံမြို့စုပျက်လျှင် မြို့အနောက်မျက်နှာကို စစ်တစ်ကြောင်း၊ မြို့အရှေ့မျက်နှာကို စစ်တစ်ကြောင်း၊ စစ်နှစ်ကြောင်းဖြန့်၍တိုက်က မြန်မာတို့ ခံနိုင်မည်လော။ ပျက်လေတော့မည်''ဟု မိန့်သည်ကို မင်းညီမင်းသား၊ မှူးမတ်ဗိုလ်မှူးတို့ သဘောကြိုက်ညီကြသည်။

ထို့နောက် သင်္ဘော(၁၀)စင်း၊ သမ္ဗန်(၅၀၀)၊ ရဲလှေ(၁၀၀၀)တွင် ယိုးဒယား၊ ရှမ်း၊ ကုလားပန်းသေး၊ တရုတ်၊ ဘဂါ၊ ဘရူးစစ်သည်(၆၀၀၀၀)ကျော်ကိုတင်၍ အမတ်ကြီးဘယားဗလဒေဝ၊ ဘယားကူရတစ်၊ ဘယားဘရာဘတ်၊ ဘယားရမယားလေးယောက်တို့က ဦးစီးကွပ်ကဲပြီး အမြောက်၊ သေနတ်တို့ စီစဉ်ခင်းကျင်းလျက်အောင်တံခွန်ဖြန့်၍ မြို့တောင်မျက်နှာရှိ မြန်မာရုံမြို့ကိုတိုက်ရန်ဘန်ကောက်မြစ်မှ ထွက်လာသည်။ သို့သော် ဘန်ကောက်မြစ်၏လက်ဝဲလက်ယာတွင်ရှိသည့် မြန်မာမြို့နှစ်မြို့စပ်ကြား သံကြိုးအတန်တန်ဆီးတားသဖြင့် သင်္ဘော၊ သမ္ဗန်၊ ရဲလှေတို့ ရှေ့ဆက်မထွက်နိုင်၍ မြစ်လုံးပြည့်လျက်ရှိစဉ် မြန်မာမြို့နှစ်မြို့မှ အမြောက်ကြီး၊ မြတပူတို့နှင့်ပစ်ခတ်သည်။

ထိုစဉ် မြစ်အရှေ့ဘက်မှ မြန်မာတပ် (၃)တပ်၊ မြစ်အနောက်ဘက်မှ မြန်မာတပ်(၄)တပ်၊ စုစုပေါင်း(၇)တပ်တို့ထွက်ပြီး၊ ဘန်ကောက်မြစ်လက်ဝဲလက်ယာကမ်းထိပ်တို့မှ လှည်းရထားတင်အမြောက် (၁၀၀၀)ကျော်နှင့် ပုံတင်ထပ်မျှ တရစပ်ပစ်ခတ်ရာ ယိုးဒယားသင်္ဘော၊ သမ္ဗန်၊ ရဲလှေများ မခွာနိုင်။ တစ်စင်းမို



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းတိုက်မိ၍ ကွဲပျက်ကျိုးပေါက်လျက်၊ လှေပါလူပါ နစ်သည်က များ၏။ ယိုးဒယားအမတ်လေးဦးသာ ရဲလှေ(၂၀)ခန့်နှင့် အပြင်းဆုတ်လေသောကြောင့် လွတ်လေသည်။ မြန်မာတို့မှ သင်္ဘော (၁၀)စင်း၊ သမ္ဗန်(၃၀၀)ကျော်၊ ရဲလှေ(၅၀၀)ကျော်နှင့် စစ်သုံ့ပန်း (၁၀၀၀)ကျော်ကို အရှင်ရလိုက်သည်။ ယိုးဒယားတို့ သေသည်မှာလည်း များလှ၏။

ယင်းနောက် ဗိုလ်ချုပ်မဟာနော်ရထာနှင့် ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့သည် ယိုးဒယားမြို့ကျေးရွာများတွင် လုပ်ဆောင်စေသည့် မျိုးရိက္ခာစပါးများကိုသယ်ကာ ရုံတပ်များသို့ အပြည့်အဝသွင်းစေပြီး အယုဒ္ဓယမြို့ကို ကြည်းရေအပြည့်ဝန်းရံလျက် နေ့ညဉ့်မပြတ် ပွဲလမ်းသဘင်ခံကာ ရဲမက်တို့ကို ရွှင်လန်းစေ၏။ ထို့ပြင် ရဲမက်တို့ကို ညဉ့်အခါ အသံမပြုစေဘဲ ခရီးအတန်အသင့်ဝေးအောင်သွားစေပြီး နေ့အခါရောက်မှ ယိုးဒယားတို့ကြားအောင် ရုတ်ရုတ်သဲသဲ စည်မောင်းတီးခတ်၍ မြန်မာတပ်များ နောက်ထပ်ရောက်လာသည့်ဟန်ပြုစေသည်။

ယိုးဒယားမြို့ပတ်လည်တွင်လည်း တပ်များတည်စေပြီး ယင်းတပ်များတွင် တဲအုံအပြည့်ဆောက်စေ၍ ရဲမက်အတော်အသင့်ထားကာ ညဉ့်တိုင်လေလျှင် မီးထည့်ကြသည်။ ထိုသို့ နေ့ညဉ့်မပြတ် ဗိုလ်ချုပ်နှစ်ဦးတို့စီရင်သည်ကို ယိုးဒယားမြို့တွင်းက မြင်လျှင် မြန်မာတပ်များ ထပ်ကာထပ်ကာရောက်လာ၍ ရုံတပ်များတိုးလျက်တည်နေသည်ဟု အထင်ရောက်ကာ ယိုးဒယားမြို့တွင်းသားတို့ အလွန်ကြောက်ရွံ့ခြင်းဖြစ်ကြရ၏။





ထိုအခါ ယိုးဒယားဘုရင်သည် မင်းညီမင်းသား၊ ဗိုလ်မှူး၊ တပ်မှူးတို့ကိုခေါ်၍ ...

"ယခု မြန်မာတို့သည် အုတ်မြို့အများတည်၍ တစ်မြို့နှင့်တစ်မြို့ ဆက်၍မှီအောင် တပ်တန်းသုံးပြီးလျှင် ခိုင်ခိုင်မာမာ စွဲရပ်နေသည်။ မြို့ပြင်ကျေးရွာများမှ မျိုးရိက္ခာများကိုလည်း အကုန်အစင်သိမ်းယူ၍ထားသဖြင့် (၁၀)နှစ်ပင်ကြာသော်လည်း အရုံကိုဖြုတ်မည့်ဟန်မရှိ။ မြန်မာတို့ဆုတ်ခွာလေအောင် မည်သို့ကြံသော် သင့်မည်" ဟု အမေးရှိသည်တွင် အမတ်ကြီးဘယားကူရတစ်က ...

"မြန်မာတို့ ထားဝယ်ကြောင်း၊ ဖင်းမယ်ကြောင်း၊ စစ်နှစ်ကြောင်းချီတိုက်လာ၍ ကျွန်တော်တို့မြို့ကြီးပြကြီးဟူသမျှ မရပ်မခံနိုင်ဘဲ ပျက်ပြားရလေသောကြောင့် မြို့ရင်းသို့တိုင်အောင်ချဉ်းပြီး အုတ်မြို့များတည်၍ ဝန်းရံနေသည်မှာ ဗိုလ်မှူး၊ တပ်မှူးမျှသာဖြစ်ချေသေးသည်။ နောက် မြန်မာမင်းကိုယ်တိုင် ချီလာချေသော် ကျွန်တော်တို့ ရပ်ခံနိုင်မည်မဟုတ်။ ယခုပင် အစာရေစာခက်ခဲ၍ မြို့တွင်းသားတို့လည်း အားလျော့လှချေပြီ။ မြန်မာတို့သည် ကျွန်တော်တို့မြို့ကိုမရသမျှ ပြန်မည့်ဟန်မရှိ။ သို့ဖြစ်သောကြောင့် မြန်မာမင်းကို ကျွန်တော်တို့က နှစ်စဉ်အခွန်ဘဏ္ဍာ ဆင်ကြီး၊ မြင်းကြီးဆက်သပါတော့မည်ဟု စာရေး၍ လူစေလွှတ်ပါမည်။ ထိုအခါ မြန်မာဗိုလ်မှူးတို့က ရုံတပ်ကိုရုပ်သိမ်းခဲ့ပါလျှင် ကျွန်တော်တို့ တစ်နည်းကြံနိုင်ပါမည်"ဟု လျှောက်တင်သည်။

ယင်းလျှောက်တင်ချက်ကို ယိုးဒယားဘုရင် လက်ခံသဖြင့် စာစီကုံးရေးသားပြီးလျှင် ယိုးဒယား(၄)ယောက်ကို အဝတ်ဖြူဝတ်



www.burmeseclassic.com

www.burmeseclassic.com



စေပြီး၊ မြန်မာတပ်ရှိရာ စေလွှတ်လိုက်၏။ မြန်မာတပ်မှူးတို့လည်း ရောက်လာသည့်ယိုးဒယား(၄)ယောက်ကို ဗိုလ်ချုပ်မဟာနော်ရထာ တပ်သို့ပို့သည်။

စာပါအကြောင်းအရာကိုသိရလျှင် ယိုးဒယားဘုရင်ထံသို့

"ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဘဝရှင်မင်း တရားကြီး၏ကျွန်တော်ဖြစ်သော ဗိုလ်ချုပ်ဗိုလ်မှူးတို့ မှာလိုက်သည်။ ရှေးဆက်သမြဲဖြစ်သော ဆင်ကြီးမြင်းကြီးတို့ကို ဆက်သမည်မှန် ပါလျှင် မဆက်သမီ ဦးစွာ ယိုးဒယားမြို့တွင်ရှိသည့် အမြောက် ညီနောင်(၂)လက်ကို မြန်မာတပ်တော်သို့ ပို့လာရမည်။ သို့ပြင် ရဲမက်ချင်းပြိုင်လိုသေးသည်ဖြစ်လျှင်လည်း ယိုးဒယားက လူ(၁၀၀၀) ထွက်လာစေ၊ ငါတို့က လူ(၁၀၀)နှင့်ဖမ်းမည်။ စစ်ပြိုင်လိုလျှင်လည်း လူ(၁၀၀၀၀)ထွက်လာစေ။ ငါတို့က လူ(၁၀၀၀)နှင့် သေကြေပျက်စီး အောင်တိုက်မည်"ဟု ပြန်စာရေး၍ ယိုးဒယား(၄)ယောက်ကို မြို့ တွင်းသို့ပြန်လွှတ်သည်။

(၅)ရက်ခန့်ကြာလျှင် ဗိုလ်ချုပ်မဟာနော်ရထာ မကျန်းမမာ ရှိသည်နှင့် သေလွန်ရာ တပ်အားလုံးကို ဗိုလ်ချုပ်နေမျိုးသီဟပတေ့ က အုပ်ချုပ်စီရင်ရသည်။ ဆင်ဖြူရှင်မင်းတရားထံသို့လည်း မဟာ နော်ရထာသေလွန်ကြောင်းနှင့် ယခုအခါ ယိုးဒယားမြို့ပတ်လည်ရှိ မြို့ကြီးပြကြီးဟူသမျှကို သိမ်းရုံးရမိပြီးလျှင် ယိုးဒယားမြို့ကိုလည်း ကြည်းရေအပိတ်ဝန်းရံထားကြောင်း၊ ယိုးဒယားမင်းနှင့်တကွ တစ်မြို့ လုံးကိုသိမ်းယူ၍ ရွှေလက်တော်သို့ဆက်သမည့်အကြောင်းများကို ဗေယနရာကိုစေလွှတ်၍လျှောက်ထားသည်။





ဆင်ဖြူရှင်မင်းတရား စေ့စုံစွာကြားတော်မူရလျှင် ...

"ငါသည် တရုတ်ဥဒည်ပြည်ကို ငါကိုယ်တော်တိုင်ချီ၍ သိမ်းယူရန်ကြံရင်းရှိသည်။ ယခု ယိုးဒယားမြို့ကို အလျင်အလို တော်ပြည့်အောင် လုပ်ကြံသိမ်းယူပြီးလျှင် မြို့ပြကျုံးမြောင်းကို ဖျက်ဆီး၍ မင်းနှင့်တကွ ယိုးဒယားပြည်အလုံးကို သိမ်းပိုက်ပြန် လာစေ။ မဟာနော်ရထာသေလွန်သည်ကိုလည်း မှူးကြီးမတ်ကြီး တို့သေလွန်လျှင် သဂြိုဟ်သည့်နည်းတူ ကောင်းမွန်စွာသဂြိုဟ်စေ" ဟု အမိန့်တော်ရှိလေသည်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့သည် အမိန့်တော်ရှိသည့် အတိုင်း မဟာနော်ရထာကို ကောင်းမွန်စွာသဂြိုဟ်သည်။ ယင်း နောက် ယိုးဒယားမြို့ခြေမှ မြို့တွင်းသို့ ဥမင်ငါးကြောင်းတူးစေ သည်။ ဥမင်နှစ်ကြောင်းမှာ မြို့ခြေကိုတူးကာ အရှေ့အနောက် လျှောက်၍ တာတစ်ရာကျော်၊ သုံးထွာခွဲ၊လေးထွာရှိသည့်သစ်ကို စီကာစီကာ ထုပ်ခံ၍ ထောက်ပြီးထားသည်။ ဥမင်သုံးကြောင်းမှာ မြို့ရိုးမြေလွတ်အောင်တူးပြီးလျှင် အထက်သို့တွင်းမော့၍ မြေသား တစ်တောင်ကျော်ခန့်ချန်ထားသည်။

ထိုစဉ် ယိုးဒယားဘုရင်၏ယောက်ဖ ဖြမုန္တရီက ယိုးဒယား ဘုရင်ကို ...

"ယခုအချိန် ကျွန်တော်တို့မြို့တွင်းမှာလည်း ရဲမက်ဗိုလ်ပါ အစ ရဟန်းရှင်လူအပေါင်း အစာရေစာဆွဲ့ရှား၍ အလွန်ငတ်မွတ် လှချေပြီ။ ယင်းသို့ဖြစ်သောကြောင့် ကျွန်တော်တို့မှ ဆင်ကောင်း မြင်းကောင်း၊ လက်နက်ကောင်းနှင့် လူကောင်းဟူသမျှကို အကုန်

www.burmeseclassic.com



အစင် ရွေးကောက်ပြီးလျှင် မြို့ရင်းသို့တိုင်အောင်ချဉ်း၍ တည်လာသည့်မြန်မာရဲမြို့များကို အသက်စွန့်၍ အရတိုက်ယူပြီးလျှင် အကုန်အစင် မီးတိုက်မည်။ ဤသို့မျှတိုက်၍ အောင်မြင်ခြင်းသို့မရောက်ခဲ့လျှင်လည်း ကျွန်တော်တို့နှင့်တကွ ပြည်သူသတ္တဝါအပေါင်းတို့၏ ကံကြမ္မာအလျောက်သာ ဖြစ်ပါစေတော့''ဟု လျှောက်လေရာ ယိုးဒယားဘုရင်နှင့် မင်းညီမင်းသား၊ မှူးမတ်၊ ဗိုလ်မှူး၊ တပ်မှူးတို့ အကြိုက်ညီကြသည်။

ထို့ကြောင့် အကြိုက်ရွေးဆင်(၅၀၀)ကျော်၊ စိတ်ကြိုက်ရွေးလူ(၅၀၀၀၀)ကျော်နှင့် မြို့မြောက်မျက်နှာရှိ မြန်မာရဲတပ်များကို တိုက်ရန် နဲခရာ ပုံမောင်းတီးမှုတ်လျက် ပွဲတင်ထပ်မျှ ကြေညာ၍ ထွက်လာပြီးလျှင် မြန်မာရဲတပ်များကို အမြောက်လက်နက်(၁၀၀၀)ကျော်နှင့် မီးပေါက်မိုးရွာသကဲ့သို့ မရပ်မဆိုင်းပစ်ခတ်တိုက်ခိုက်သည်။ ထို့ပြင် ဆင်ပါမြင်းပါ အပြင်းကပ်၍ ပျားအုံသကဲ့သို့ မြို့ခြေကို တူးသူကတူးသည်။ လှေကားထောင်၍တက်သူကတက်သည်။ ထိုသို့ ဗြမ္မန္တရီ အပြင်းကွပ်ညှပ်စီရင်လုပ်ကြသည်ကို မြို့ထိပ်မှနေ၍ မြန်မာရဲမက်တို့က တက်လာသမျှရန်သူအပေါင်းကို ထိုးခုတ်ရိုက်ချသောကြောင့် ယိုးဒယားအများ ပျက်စီးရသည်ကိုလည်း လက်မလျော့။ ဗြမ္မန္တရီအကွပ်အညှပ်ပြင်းလှသောကြောင့် သေသည့်လူကောင်ပုံကို နင်းခုန်ပြီးလျှင် မြို့ကိုတက်သည်။ မြို့ထိပ်မှ ဓား၊ လှံ၊ လက်နက်၊ သေနတ်၊ မီးပေါက်တို့ဖြင့် ထိုးခုတ်ပစ်ခတ်သည်ကို အလေးမမူ။ မြို့ထိပ်ကိုသာ ကြိုးစားတက်ကြသောကြောင့် ယိုးဒယား(၁၀၀၀)ကျော် ရဲမြို့တွင်းသို့ရောက်ကာ မြန်မာတို့နှင့် လှံချင်း၊ ဓားချင်းယှက်၍ ထိုးခုတ်ကြသည်။





သို့ရှိသည်ကို မြစ်အရှေ့ဘက်၊ အနောက်ဘက် ရဲတပ်မြို့များမှ ဗိုလ်မှူးတပ်မှူးတို့မြင်လျှင် တပ်လေးတပ်တွင် တိုက်ဆင်(၂၀၀)ကျော်၊ မြင်း(၁၀၀၀)ကျော်၊ စစ်သည်(၁၀၀၀၀)ဖြင့် အပြင်းချီလာကာ အပြင်ကပတ်၍ ယိုးဒယားတပ်များကို အဆုတ်အဆိုင်းမရှိ ဆင်ပါမြင်းပါ အတင်းဝင်၍တိုက်လေရာ ယိုးဒယားတို့ စစ်နှစ်ဖက်ညှပ်သောကြောင့် မရပ်မခံနိုင်ဖြစ်ကာ စုမိသမျှ ဆင်မြင်းရဲမက်တို့နှင့် ယိုးဒယားမြို့တွင်းသို့ ပြန်ဆုတ်သည်။

ရဲမြို့တွင်းသို့ရောက်သည့် ယိုးဒယား(၁၀၀၀)ကျော်မှာလည်း မြို့တွင်းမှရဲမက်တို့ ထိုးခုတ်သောကြောင့် (၈၀၀)ကျော်ခန့်သေပြီး၊ (၂၀၀)ကျော်ကို အရှင်ရလိုက်သည်။ အပြင်ကတိုက်သည့် မြန်မာတပ်လေးတပ်ကလည်း ဆင်(၁၀၀)ကျော်၊ မြင်း(၂၀၀)ကျော်နှင့် သုံ့ပန်း(၁၀၀၀)ကျော်ကို အရှင်ရသည်။ သေသည်မှာလည်း များလေ၏။ ဗြမ္မန္တရီမှာမူ ဆင်နှင့်မြို့တွင်းသို့ဝင်ပြေးသောကြောင့် လွတ်လေသည်။

ယိုးဒယားဘုရင်လည်း တပ်ပျက်၍ ဗြမ္မန္တရီ မြို့တွင်းသို့ ပြေးဝင်လာသည်ဟုကြားလျှင် ဗိုလ်မှူး၊ တပ်မှူးတို့ကိုခေါ်၍ ...

''သင်တို့အားလုံး ငါ့အမှုကိုထမ်းရွက်ကြသည်မှာ ရေအပြင်၌ အရုပ်ရေးသားဘိသကဲ့သို့ မည်သည့်အခါတွင်မျှ အရာထင်ခြင်းမရှိချေ။ ထို့ကြောင့် မြို့တော်တွင် ရှေးအစဉ်ကပင် မြို့စောင့်ထားသောအမြောက်ကြီးကို ထုံးစံရှိသည့်အတိုင်း နတ်ရကာ ပသ၍ မြို့မြောက်မျက်နှာက မြို့ထိပ်သို့တင်ပြီးလျှင် ပြောင်းစာကျည်ဆန်သွပ်၍ မြန်မာတပ်ရှိရာသို့ ပစ်ခတ်စေ၊ မြို့တွင်းရှိ မိုင်းမ



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား ကြီးငယ်ဟူသမျှလူတို့လည်း နတ်ရကာပွဲစုံများနှင့် မြို့စောင့်၊ ပြည်စောင့်၊ လက်နက်စောင့်နတ်တို့ကို ပူဇော်ကြစေ'' ဟုဆိုလေရာ တပ်မှူး၊ ဗိုလ်မှူးတို့လည်း အမြောက်ကြီးကိုထားရင်း တန်ဆောင်းမှဆောင်ယူ၍ မြို့မြောက်မျက်နှာရှိ မြို့ထိပ်သို့တင်သည်။

ထို့နောက် ဗိုလ်ချုပ်နေမျိုးသီဟပတေ့တို့ရှိရာသို့ တည့်တည့်ချိန်၍ ပြောင်းစာကျည်ဆန်သွတ်ကာ မီးစာခေါင်းတံစနက်ကို မီးရှို့သည်။ မီးစာစနက်မှာ ယမ်းကို သာမီးကူး၍ ကျည်သွတ်ယမ်းကို မီးက မကူးမလောင် အကြိမ်ကြိမ်ရှိသောကြောင့် ပြောင်းစာသွတ်သည့်ကျည်စေ့များကို ထုတ်၍ကြည့်သည်။

ကျည်သွတ်ယမ်းအရည်ဖြစ်၍ ပြောင်းဦးသို့ယိုစီးလာသည်ကို ဗိုလ်မှူးတပ်မှူးတို့မြင်လျှင် ...

''အဝိညာဏကဖြစ်သော မြို့စောင့်အမြောက်ကြီးပင်လျှင် အင်းဝရွှေနန်းရှင်ထံ ကျွန်ခံလေပြီ၊ သဝိညာဏကဖြစ်သော ငါတို့မှာမူကား ဆိုဖွယ်ရာမရှိတော့''ဟုဆိုကာ အလွန်အမင်းထိတ်လန့်ခြင်းဖြစ်ကြရသည်။

ဗိုလ်ချုပ်နေမျိုးသီဟပတေ့သည် ဗိုလ်မှူးတပ်မှူးတို့ကို ခေါ်၍ ...

''ယိုးဒယားမင်းသည် လက်နက်ကိုချ၍ အညံ့ခံမည့်ဟန်နှင့် စာရေးသားပြီး ယိုးဒယားလေးယောက်ကို တပ်တော်သို့စေလွှတ်ပြီးမှ အကောက်ကြံပြန်၍ မြမုန္ဒရီကို ဆင်ကောင်း၊ မြင်းကောင်း၊ ရဲမက်ကောင်းပေးအပ်ပြီး မြို့တွင်းကထွက်၍ ငါတို့ကို တိုက်စေပြန်သည်။ ငါတို့က လိုက်လံသတ်ညှပ်ဖမ်းဆီးလိုက်၍ မြမုန္ဒရီ





မြို့တွင်းသို့ပြေးဝင်ရသည်။ ယခု သင်းတို့ မြို့တွင်းမှထွက်မည့်ဟန်မရှိ။ မြို့နှင့်သာခံနေမည့်ဟန်ရှိသည်။ သူတို့မြို့သည် ကျုံးလည်းကျယ်သည်။ မြို့လည်း နိုင်ခံ့ကြီးကျယ်လှသည်။

မြို့စီးပြစီး အမြောက်ကြီးမြတာပူ အဆင့်ဆင့်အထပ်ထပ်တို့ များပြားလှသည်။ ကျုံးပြနဖူးကလည်း မြို့ရံ(၅၀)မှ ဆင်မြင်းလက်နက်၊ ကိရိယာအစုံအလင်နှင့်ခံနေသည်ဖြစ်၍ ရဲမက်တော်တို့ မြို့ကိုတက်သော် အထိအခိုက် အသေအပျောက်များလိမ့်မည်။ သို့ဖြစ်၍ ငါတို့ကတူးသည့် ဥမင်နှစ်ကြောင်းတွင် ထင်းလောင်စာအများသွင်းပြီးလျှင် မြို့ခြေကိုမီးတိုက်၍ မြို့ပြိုအက်လဲသည့်ကာလမှ ငါတို့က ဆင်လုံးမြင်းရင်းနှင့် မြို့တွင်းသို့ဝင်ကာ အိမ်ရာများကို မီးထင်းတိုက်ရှို့ပြီး ယိုးဒယားမင်းနှင့်တကွ တစ်မြို့လုံးကို လက်ရသိမ်းယူမည်''ဟုဆိုသည်ကို ဗိုလ်မှူးတပ်မှူးအပေါင်းတို့ အကြိုက်ညီကြသည်။

ယင်းနောက် အခါနေ့ရက်ကိုရွေး၍ ထားဝယ်ကြောင်းချီတပ်ပေါင်း(၅၇)တပ်၊ ဇင်းမယ်ကြောင်းချီတပ်ပေါင်း (၇၁)တပ်၊ စုစုပေါင်း တပ်ပေါင်း(၁၂၈)တပ်ဖြင့် ဆင်သည်လည်းဆင်နှင့်၊ မြင်းသည်လည်းမြင်းနှင့်၊ ခြေသည်လည်း ဓား၊ တူရွင်း၊ လှေကားနှင့် မြို့လေးမျက်နှာမှ အချိန်အခါကိုစောင့်လျက် အသင့်နေစေပြီးမှ မြို့ခြေကိုတူးသည့် ဥမင်နှစ်ကြောင်းတွင် ထင်းလောင်စာအများသွင်း၍ မီးရှို့သည်။ မြို့ခြေကိုထောက်သည့်တိုင်များကို မီးစွဲလောင်၍ မီးလျှံပြင်းလှသောကြောင့် မြေအစိတ်စိတ်အမြွှာမြွှာကွဲအက်၍ တာတစ်ရာကျော်ခန့် အယုဒ္ဓယမြို့ရိုး ပြိုလဲလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြို့ရိုးပြိုလဲသည်ကိုမြင်သည်နှင့် မြို့လေးမျက်နှာမှ ဝန်းရံစောင့်နေသည့် တပ်(၁၂၈)တပ်က အမြောက်၊ သေနတ်တို့ကို မီးပေါက်မိုးရွာသကဲ့သို့ပစ်ကာ မြို့ခြေဥမင်က တိုက်ရှို့လိုက်သော မီးလျှံကြီးများဖြင့် မီးခိုးများဖုံးအုပ်လောင်ကျွမ်းပြီး အော်သံဟစ်သံတို့ဆူညံနေသော အယုဒ္ဓယမြို့တွင်းသို့ဝင်ရန် ဆင်သည်လည်း ဆင်နှင့်၊ မြင်းသည်လည်းမြင်းနှင့်၊ ခြေသည်လည်း ဓား၊ တူရွင်း၊ လှေကားနှင့် မြို့ပြိုရာက ဝင်သူကဝင်သည်။ လှေကားထောင်၍ မြို့ကိုတက်သူကတက်သည်။ မြို့တွင်းသို့ သုံးကြောင်းတူးထားသည့်ဥမင်မှ ဝင်သူကဝင်သည်။

ထိုသို့ မြန်မာတပ်တို့ ကြိုးကြိုးကုတ်ကုတ် လုပ်ကြံကြစဉ် ယိုးဒယားအမတ်ကြီး ဗညားကိုနှင့် ဗညားကူရတစ်တို့နှစ်ဦးကလည်း မြို့ထိပ်တက်ပြီး ဓားလက်နက်စွဲကိုင်၍ မြို့စီးပြစီး စစ်သည်ရဲမက်တို့ကို အပြင်းအပြကွပ်ညှပ်စီရင်သော်လည်း ယိုးဒယားစစ်သည်ရဲမက်တို့ မဆီးဆို့ မရပ်မခံနိုင်သဖြင့် သက္ကရာဇ်(၁၁၂၉)၊ တန်ခူးလဆန်း(၁၁)ရက်၊ ကြာသပတေးနေ့ (၉၊ ၄၊ ၁၇၆၇)တွင် မြို့လေးမျက်နှာမှ မြန်မာတပ်များအားလုံး မြို့တွင်းသို့ဝင်နိုင်ကြသည်။

မြို့တွင်းသို့ရောက်လျှင် မြို့တွင်းမှာရှိသည့် အိမ်ရာ၊ ကျောင်းကန်တန်ဆောင်းများကို အနှံ့အစပ် မီးထင်းတိုက်ရှို့ကာ သုံ့ပန်းဖမ်းယူကြသည်။ မိန်းမ၊ ယောကျ်ား၊ ဥစ္စာပစ္စည်း၊ ရွှေငွေ၊ ကျောက်သံပတ္တမြားတို့ကို မြန်မာစစ်သည်ရဲမက်အများရကြသည်။





ယိုးဒယားဘုရင်မှာ မြို့တွင်းပတ်လည် မီးစွဲလောင်နေစဉ် ကိုယ်ရောင်ဖျောက်၍ မိဖုရား၊ သားသမီးများနှင့် နန်းမြို့အနောက်တံခါးက ထွက်သွားသည်။ သို့သော် မြန်မာနှင့် ယိုးဒယားစစ်သည်ရဲမက်တို့ မြို့တွင်းတွင် အရောရောအယှက်ယှက် ပစ်ခတ်ကြရာ နန်းမြို့အနောက်တံခါးတွင် လက်နက်ထိမှန်၍ ကောဒသရာဇာအမည်ရှိ ယိုးဒယားဘုရင် ကျောက်ဘွားကောဒသ် (Chao Phya Ekatat) သည် မြို့တွင်းမှာပင် နတ်ရွာစံလေသည်။

သို့ဖြင့် ရတနာပူရ အင်းဝရွှေမြို့တော်ကို အုပ်ချုပ်တော်မူသည့် အလောင်းဘုရား၏ ဒုတိယသားတော် ဆင်ဖြူရှင်မင်းတရားသည် ဗိုလ်ချုပ်နေမျိုးသီဟပတေ့နှင့် ဗိုလ်ချုပ်မဟာနော်ရထာတို့ဦးဆောင်သည့် မြန်မာတပ်တော်များကို ထားဝယ်ကြောင်း၊ ဖင်းမယ်ကြောင်း၊ စစ်ကြောင်းနှစ်ကြောင်းဖြင့် ယိုးဒယားသို့ချီ၍ လုပ်ကြံစေသည်တွင် ယိုးဒယားတို့ မခံနိုင်၍ သက္ကရာဇ်(၁၁၂၉)၊ တန်ခူးလဆန်း(၁၁)ရက်၊ ကြာသပတေးနေ့ည (၄)ချက်တီးကျော်အချိန် (၉၊ ၄၊ ၁၇၆၇)၌ ယိုးဒယားပြည်ကို ယိုးဒယားဘုရင်နှင့်တကွ သိမ်းရုံးအောင်မြင်တော်မူလေသည်။




www.burmeseclassic.com

www.burmeseclassic.com

# ရှင်မဖြူကျွန်းအရေးနှင့် ပန်းဝါတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com




ပန်းဝါတိုက်ပွဲပြမြေပုံ



မြဝတီမင်းကြီးဦးစ

www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလ၏ချပ်ဝတ်တန်ဆာ

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်နှင့် အိန္ဒိယနိုင်ငံ ဘင်္ဂလားပြည်နယ်၏ နယ်စပ်တွင်ရှိသည့် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းကို အင်္ဂလိပ်နှင့်မြန်မာ သူပိုင်ငါပိုင်သည့် အငြင်းပွားကြရာမှ အင်္ဂလိပ်မြန်မာပထမစစ်ပွဲ ဖြစ်ပွားရန်အခြေအနေ ဖြစ်ပေါ်လာခဲ့သည်။

ယခင်က ရှင်မဖြူကျွန်းကို ရခိုင်ဘုရင်များက ပိုင်ဆိုင်ခဲ့ပြီး ရခိုင်ပြည်နယ်သည် မြန်မာလက်အောက်သို့ ရောက်ရှိလာသော အခါ ရှင်မဖြူကျွန်းမှာ မြန်မာပိုင်နယ်ဖြစ်လာရသည်။ သို့ရှိစဉ် ၁၈၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် အင်္ဂလိပ်တို့က ရှင်မဖြူကျွန်းကို ဝင်ရောက်သိမ်းပိုက်ကာ တပ်စွဲထားလိုက်သည်။ ထိုကိစ္စနှင့်ပတ်သက်၍ မြန်မာတို့က အင်္ဂလိပ်တို့အား အကြိမ်ကြိမ်ကန့်ကွက်စာများပို့ခဲ့သော်လည်း အင်္ဂလိပ်တို့က တပ်ကိုမရွှေ့ဘဲနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုနှစ် စက်တင်ဘာလ (၂၄)ရက်နေ့တွင် အင်အား(၁၀၀၀)ပါရှိသော မြန်မာတပ်က ရှင်မဖြူကျွန်းတွင် တပ်စွဲထားသည့် အင်္ဂလိပ်တို့၏ စစ်ဗာရီကင်းတပ်ဖွဲ့ကို ဝင်ရောက်တိုက်ခိုက်ရာ အင်္ဂလိပ်တို့ဘက်မှ တပ်သား(၃)ဦး ကျဆုံး၍ (၄)ဦး ဒဏ်ရာရရှိကာ ကျွန်းပေါ်မှဆုတ်ခွာရသည်။

မြန်မာတပ်က ရှင်မဖြူကျွန်းကိုသိမ်းယူပြီးနောက် ကျွန်းမှထွက်ခွာလာစဉ် အင်္ဂလိပ်တို့က နိုဝင်ဘာလ(၂၁)ရက်နေ့တွင် မြန်မာတပ်မရှိသည့် ထိုကျွန်းကို တပ်ဖွဲ့နှစ်ဖွဲ့စေလွှတ်ပြီး ပြန်လည်သိမ်းယူသည်။ ထိုအခါ မြဝတီမြို့ဝန် မဟာမင်းကြီးကျော်စွာက စစ်တကောင်းအရေးပိုင် မစ္စတာရောဘတ်ဆင်ထံသို့ ရှင်မဖြူကျွန်းတွင် အင်္ဂလိပ်တပ်များ ဆက်လက်တပ်စွဲထားပါက နှစ်နိုင်ငံ စစ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း သတိပေးအကြောင်းကြားသည်။ အင်္ဂလိပ်တပ်မှာလည်း ရှင်မဖြူကျွန်းတွင် တပ်သားများနာဖျားကြသဖြင့် ကြာရှည်တပ်စွဲမထားနိုင်ဘဲ ကျွန်းမှဆုတ်ခွာခဲ့သည်။ ထို့နောက် အမြောက်တင်သင်္ဘောများကို ရှင်မဖြူကျွန်း၏အရှေ့မြောက်တွင် နေရာယူတပ်စွဲထားလိုက်သည်။

၁၈၂၄ ခုနှစ်၊ ဇန်နဝါရီလ(၂၀)ရက်နေ့တွင် မြန်မာဘက်မှ စစ်လှေ(၂)စီး အင်္ဂလိပ်တို့၏ ဆိုဖီယာရေကြောင်းပြသင်္ဘောရှိရာသို့ ရောက်ရှိလာကာ အင်္ဂလိပ်ကိုယ်စားလှယ်ကို မြန်မာစစ်စခန်းသို့ လာရောက်ဆွေးနွေးရန် ဖိတ်ခေါ်သည်။

အင်္ဂလိပ်တို့က မစ္စတာချူးနှင့် မစ္စတာရို့(စ်)တို့နှစ်ဦးအား မြန်မာတို့နှင့်ဆွေးနွေးရန် မောင်တောသို့လွှတ်လိုက်ရာ ထိုအင်္ဂလိပ်





ကိုယ်စားလှယ်နှစ်ဦးကို မြန်မာတို့က တစ်လခန့် ဖမ်းဆီးထားလိုက်သည်။

ထိုကိစ္စနှင့်ပတ်သက်၍ စစ်တကောင်းအရေးပိုင် မစ္စတာရောဘတ်ဆင်က အင်္ဂလိပ်ကိုယ်စားလှယ်နှစ်ဦးအား ပြန်လွှတ်ပေးရန်နှင့် အကယ်၍ လွှတ်မပေးပါက နှစ်နိုင်ငံ စစ်ဖြစ်ပွားရလိမ့်မည်ဖြစ်ကြောင်း မြဝတီမြို့ဝန်ထံ သတိပေးအကြောင်းကြားသည်။

မြဝတီမြို့ဝန်က ယခုကိစ္စမှာ ရှင်မဖြူကျွန်းတွင် အင်္ဂလိပ်သင်္ဘောများ လာရောက်ကျောက်ချရပ်နားထားသည့်အတွက် အင်္ဂလိပ်ကိုယ်စားလှယ်နှစ်ဦးကို မြန်မာဗိုလ်ချုပ်ကြီးများအမိန့်အရ ဖမ်းဆီးထားရခြင်းဖြစ်ကြောင်း၊ ကိုယ်စားလှယ်နှစ်ဦးကိုလည်း ကောင်းမွန်စွာပြုစုကျွေးမွေးထားကြောင်း ပြန်ကြားသည်။

အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းဟတ်ကမူ မိမိတို့အင်္ဂလိပ်ကိုယ်စားလှယ်နှစ်ဦးအား မြန်မာတို့မှ ပြန်လွှတ်ပေးသည့်တိုင်အောင် ယခုဖော်ပြမည့်အချက်နှစ်ချက်ကို လိုက်နာရမည်ဖြစ်ကြောင်း၊ မြန်မာတို့မှ ထိုအချက်နှစ်ချက်ကို လိုက်နာမှသာလျှင် ယခုကိစ္စကို ကျေအေးမည်ဖြစ်ကြောင်း စစ်တကောင်းအရေးပိုင်ထံ ညွှန်ကြားသည်။

ထိုအချက်နှစ်ချက်အနက် ပထမအချက်မှာ အင်္ဂလိပ်ကိုယ်စားလှယ်နှစ်ဦးအား ဖမ်းဆီးထားခြင်းအတွက် မြန်မာတို့က တောင်းပန်ရမည့်အပြင် နစ်နာကြေးလည်း ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ဒုတိယအချက်မှာ မြန်မာတို့မှ ရှင်မဖြူကျွန်းကို စွန့်လွှတ်ကြောင်း ကြေညာရမည့်အပြင် စစ်စခန်းများတွင်ထားရှိသော မြန်မာစစ်အင်အားကို လျှော့ချပေးရမည်ဖြစ်ကြောင်း ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အင်္ဂလိပ်နှင့်မြန်မာ စစ်ဖြစ်ရန်တင်းမာလာသည့် အချိန်တွင် အင်းဝဘုရင် ဘကြီးတော်ဘုရားသည် စစ်သူကြီးမဟာဗန္ဓုလဦးစီးသော မြန်မာတပ်မတော်ကို ဓညဝတီသို့ စေလွှတ်သည်။

ဓညဝတီစစ်ကြောင်းချီ မြန်မာတပ်မတော်တွင် စစ်သည် (၁၈၂၀၀)၊ စစ်ဆင်(၆၀)၊ စစ်မြင်း(၈၀၀)ပါရှိကာ ရခိုင်ပြည်နယ်များမှ စုဆောင်းရရှိသော စစ်ဝန်ထမ်းတပ်များ ပေါင်းလိုက်သောအခါ စုစုပေါင်းအင်အား (၂၅၀၀၀)ခန့် ရရှိလေသည်။

ဓညဝတီရှေ့ချီတပ်တွင် လက်ဝဲစစ်ကဲဗိုလ်ချုပ်အဖြစ် မင်းကြီးမဟာသူရ (မြဝတီမင်းကြီးဦးစ)၊ ဓညဝတီစစ်ကြောင်းချီ ပင်မတပ်တွင် လက်ယာစစ်ကဲဗိုလ်ချုပ်အဖြစ် မင်းကြီးမဟာမင်းလှရာဇာတို့က ဦးစီးကွပ်ကဲသည်။

အိန္ဒိယဘုရင်ခံချုပ်သည် စစ်တကောင်းအရေးပိုင်၏တင်ပြချက်များကို အခြေပြုပြီးလျှင် ကချာနယ်တွင်ဖြစ်ပွားခဲ့သော အရေးအခင်းများနှင့် နတ်မြစ်ဝတွင် မြန်မာတို့၏လုပ်ဆောင်ချက်များသည် အင်္ဂလိပ်အစိုးရအဖို့ မြန်မာတို့နှင့်စစ်ဖြစ်နေပြီဟု ယူဆရလိမ့်မည်ဖြစ်ကြောင်းနှင့် ခံစစ်အဖြစ်မဟုတ်ဘဲ ထိုးစစ်အဖြစ်ဆင်နွှဲရန်ထောက်ခံကြောင်းဖြင့် ၎င်း၏သဘောထားကို ထုတ်ပြန်သည်။ သို့ဖြင့် အင်္ဂလိပ်တို့သည် (၁၈၂၄)ခုနှစ်၊ မတ်လ(၅)ရက်နေ့တွင် မြန်မာတို့နှင့်စစ်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြန်မာတို့ကိုယ်စား ပဲခူးမြို့ဝန်က ရှင်မဖြူကျွန်း၊ စစ်တကောင်းနှင့် ဒက္ကားတို့ကို မြန်မာတို့ပိုင်ဆိုင်ကြောင်း ထပ်မံအရေးဆိုပြီး အိန္ဒိယဘုရင်ခံချုပ်သည် ငြိမ်းချမ်းရေးကိုလိုလားပါက





ပြဿနာများကိုဖြေရှင်းရန်အတွက် မြန်မာတို့၏စစ်သူကြီးမဟာဗန္ဓုလထံ အသနားခံစာတင်သွင်းနိုင်ကြောင်း ကြေညာချက်ထုတ်သည်။

အင်္ဂလိပ်တို့သည် မြန်မာတို့သိမ်းယူထားသော အာသံ၊ မဏိပူရဒေသများကိုဖြတ်ကျော်၍ မြန်မာမင်းထီးနန်းစိုက်ရာ အင်းဝသို့ချီတက်ရေးမှာ များစွာခက်ခဲကြောင်း တွက်ဆထားသည်။ ထို့ကြောင့် မြန်မာပြည်၏အချက်အချာကျသော သဘောဆိပ်မြို့ဖြစ်သည့် ရန်ကုန်ကို ဦးစွာသိမ်းယူပြီးမှ ဧရာဝတီမြစ်ကြောင်းအတိုင်းဆန်တက်၍ အင်းဝနေပြည်တော်ကိုတိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချသည်။ သို့ဖြင့် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို စစ်မျက်နှာ (၃)ခုဖွင့်၍ စစ်ဆင်ရန် စီမံချက်ရေးဆွဲသတ်မှတ်သည်။

ထိုစစ်ရေးစီမံချက်မှာ ...

၁။ အာသံ၊ မဏိပူရနှင့် ကချာစစ်မျက်နှာများမှ မြန်မာတပ်များကို တိုက်ခိုက်မောင်းထုတ်ရန်
၂။ ရခိုင်ပြည်နယ်နှင့် ရခိုင်ကမ်းရိုးတန်းရှိ မာန်အောင်နှင့် ရမ်းဗြဲကျွန်းများကို တိုက်ခိုက်သိမ်းယူရန်
၃။ မြန်မာနိုင်ငံ၏ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ရန်ကုန်၊ သန်လျင်၊ မုတ္တမ၊ ထားဝယ်နှင့် မြိတ်မြို့များကို အဆင့်ဆင့်တိုက်ခိုက်သိမ်းယူရန် ဖြစ်သည်။

စစ်သူကြီးမဟာဗန္ဓုလ၏ ရှေ့ကြောင်းချီတပ်တွင် တပ်ဦးစီးချုပ်အဖြစ် မင်းကြီးမဟာသီဟသူရ (မြဝတီမင်းကြီးဦးစ)ကို ခန့်အပ်ကာ စေလွှတ်ခဲ့ရာ ၁၈၂၄ ခုနှစ်၊ မေလတွင် စစ်သည်



www.burmeseclassic.com

www.burmeseclassic.com



အင်အား(၈၀၀၀)ရှိသော ရွှေကြောင်းဆီးမြန်မာတပ်သည် နတ်မြစ်ဝကိုဖြတ်ကျော်၍ ပန်းဝါတောင်ဘက် (၁၄)မိုင်အကွာတွင်ရှိသည့် ရတနာပလန်ကို တိုက်ခိုက်သိမ်းယူသည်။

ပန်းဝါတွင် တပ်စွဲထားသည့် ဗိုလ်ကြီးနော်တင်သည် မြန်မာတပ်များမှ ရတနာပလန်ကိုသိမ်းယူကြောင်း သတင်းရရှိသည်နှင့် မိမိ၏တပ်ဖွဲ့များကိုဦးဆောင်၍ မြန်မာတပ်များကို တိုက်ခိုက်ရန် ရတနာပလန်သို့ ချီတက်ခဲ့သည်။

သို့သော် ဗိုလ်ကြီးနော်တင်၏အင်္ဂလိပ်တပ်သည် ရတနာပလန်ကို ပြန်လည်မသိမ်းယူနိုင်ဘဲ မြန်မာတပ်များနှင့်တိုက်ရာတွင် ဗိုလ်ဘင်းနက်၊ ဗိုလ်ကင်းဘဲလ်နှင့် တပ်သား(၁၁)ယောက် ဒဏ်ရာရရှိကာ (၇)ယောက်ကျဆုံးပြီး ဆုတ်ခွာခဲ့ရသည်။

ပန်းဝါသို့ပြန်လည်ရောက်ရှိသောအခါ ဗိုလ်ကြီးနော်တင်သည် စစ်တကောင်းမှလာမည့် စစ်ကူများကိုစောင့်ရင်း မိမိ၏လက်ရှိတပ်သား(၁၀၀၀)ကျော်ဖြင့် မြန်မာတပ်များကိုခုခံရန် ပြင်ဆင်သည်။

၁၈၂၄ ခုနှစ်၊ မေလ(၁၃)ရက်နေ့ နံနက်တွင် မြန်မာတပ်များသည် ရတနာပလန်မှ ပန်းဝါသို့ချီတက်ကာ ပန်းဝါအရှေ့ဘက်ရှိ တောင်ကုန်းများကို သိမ်းပိုက်လိုက်သည်။ မေလ(၁၄)ရက်နေ့ညတွင် မြန်မာတပ်များ ပန်းဝါမြစ်ကိုဖြတ်ကူးမည်အပြုတွင် တစ်ဖက်ကမ်းမှ အင်္ဂလိပ်တို့က အမြောက်များဖြင့်ပစ်ခတ်သဖြင့် မြစ်ကိုမကူးနိုင်ဘဲ ဖြစ်နေသည်။





မေလ(၁၅)ရက်နေ့တွင် မြန်မာတပ်များသည် မြစ်ညာသို့ ချီသွားပြီး ထိုနေရာမှ မြစ်ကိုဖြတ်ကူးသည်။ ထို့နောက် အင်္ဂလိပ်တပ်များရှိနေသည့် ကန်ကြီး၏ကန်ဘောင်ရိုးဆီသို့ ချဉ်းကပ်သွားကာ အင်္ဂလိပ်တပ်များကို တိုက်ခိုက်သည်။

ဗိုလ်ကြီးနော်တင်က (၃)ပေအမြင့်ရှိသော ကန်ဘောင်ရိုးနောက်ဘက်သို့ တပ်ဖွဲ့အချို့ကို နေရာပြောင်းရွှေ့သည်။ ကန်ဘောင်ရိုး၏လက်ယာဘက်တွင် အစောင့်ကင်းတပ်စုနှင့် လက်ဝဲဘက်တွင် ရခိုင်စစ်ဝန်ထမ်းတပ်ကို နေရာချထားသည်။ ကန်ဘောင်ရိုး၏ အရှေ့ဘက်တွင်လည်း စစ်ဗာရီတပ်ခွဲကို (၆)ပေါင်ဒါအမြောက် (၂)လက်နှင့် တာဝန်ယူစေကာ တက်လာမည့်မြန်မာတပ်များကို ပစ်ရန် တာဝန်ပေးထားသည်။

သို့သော် မြန်မာတပ်များသည် အကာအကွယ်များကို ကျွမ်းကျင်စွာအသုံးပြု၍ မြေကတုတ်ကျင်းများကိုတူးကာ အင်္ဂလိပ်တပ်စခန်း၏ရှေ့နားသို့ ရောက်ရှိလာကြသည်။

မေလ(၁၆)ရက်နေ့တွင် မြန်မာတပ်နှင့် အင်္ဂလိပ်တပ်တို့ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်ကြစဉ် အင်္ဂလိပ်တို့၏အမြောက်တပ်တွင် တာဝန်ချထားသော အင်အားဖြည့်တပ်သားများက အမြောက်စခန်းကို စွန့်ခွာသွားကြသည်။ အင်္ဂလိပ်တို့မှာလည်း စစ်တကောင်းမှ နောက်ထပ်စစ်ကူရောက်မလာခဲ့ပါက ဆုတ်ခွာရန်သာရှိနေ၏။

မေလ(၁၇)ရက်နေ့ နံနက်တွင် မြန်မာတပ်တို့၏တူးမြောင်းကတုတ်များမှာ အင်္ဂလိပ်တို့၏အစောင့်ကင်းထားရာအနီးထိ ရောက်ရှိလာရာ အင်္ဂလိပ်တပ်က ပြင်းပြင်းထန်ထန်ပစ်ခတ်သည်။ နံနက်



www.burmeseclassic.com

www.burmeseclassic.com



(၉)နာရီတွင် အင်္ဂလိပ်တို့၏ စစ်အင်အားဖြည့်တပ်နှင့် ရခိုင်စစ်ဝန်ထမ်းတပ်မှ တပ်သားများသည် ကန်ဘောင်ရိုးခံစစ်ကြောင်းကို စွန့်ခွာထွက်ပြေးသွားကြသဖြင့် ထိုနေရာကို မြန်မာတပ်က တက်ရောက်နေရာယူလိုက်သည်။ ဗိုလ်ကြီးနော်တင်လည်း မြန်မာတပ်များကို ခုခံတားဆီးရန်အခြေအနေမှာ မဖြစ်နိုင်တော့သဖြင့် မိမိ၏တပ်ကို ဆုတ်ခွာရန်အမိန့်ပေးရတော့သည်။

ထိုသို့ဆုတ်ခွာနေစဉ် မြန်မာမြင်းတပ်ဖွဲ့တစ်ဖွဲ့သည် နောက်မှတရကြမ်းလိုက်လာပြီး အင်္ဂလိပ်တပ်သားများကို ဓားများဖြင့်အတင်းဝင်ရောက်ခုတ်ပိုင်းသည်။

ချောင်းငယ်တစ်ခုကာဆီးနေသည့်နေရာသို့ရောက်လျှင် အင်္ဂလိပ်တပ်သားများသည် မိမိတို့၏သေနတ်များနှင့် စစ်ဝတ်အကျီအသုံးအဆောင်များကို စွန့်ခွာလွှင့်ပစ်ပြီး ချောင်းထဲသို့ခုန်ဆင်းထွက်ပြေးကြသည်။

ဤတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးနော်တင်၊ ဗိုလ်ကြီးထရူးမင်း၊ ဗိုလ်ကြီးပရင်းဂလေး၊ ဗိုလ်ဂရစ်၊ ဗိုလ်နက်၊ လက်ထောက်ဆရာဝန်မေစမိုးတို့ ကျဆုံးပြီး၊ ဗိုလ်စကော့နှင့် ဗိုလ်ကင်းဘဲလ်တို့မှာ ဒဏ်ရာရရှိသွားသည်။

အင်္ဂလိပ်တို့၏စစ်မှတ်တမ်းများ၌ ဤတိုက်ပွဲတွင် အင်အား(၁၀၀၀)ကျော်ဖြင့် ပန်းဝါတွင် တပ်စွဲထားသည့် ဗိုလ်ကြီးနော်တင်၏တပ်မှ တပ်သား(၆၀၀)ကျော်၊ (၇၀၀)ခန့်သာ စစ်တကောင်းသို့ ပြန်လည်ရောက်ရှိလာကြောင်း၊ ကျဆုံးသူနှင့် ဖမ်းဆီးခံရသူ(၂၅၀)ခန့်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။





မြန်မာတို့ဘက်မှ စစ်မှတ်တမ်းတွင်မူ ...

"အင်္ဂလိပ်စစ်သည်အပေါင်းတို့ မခံနိုင် ထွက်ပြေးကြသည်ကို ရဲမက်တော်တို့ လိုက်လံထိုးခုတ်သတ်ညှစ်ရာ အကြီးပြုသူ အင်္ဂလိပ်စစ်ဗိုလ်တို့နှင့် စစ်ဗာရီကုလားအများ သေဆုံးသည်။ သေနတ်(၅၀၀)ကျော်၊ ရထားတင်အမြောက်(၂)လက်၊ မြင်း(၂၀)၊ ဆင်(၅)စီး ရလိုက်၏"ဟု ဖော်ပြသည်။

ပန်းဝါရှိအင်္ဂလိပ်တပ်များ မရှုမလှအရေးရှုံးနိမ့်ကြောင်းကြားရသောအခါ စစ်တကောင်းရှိလူအများ ထိတ်လန့်တကြားဖြစ်ကုန်ကြသည်။ ဒက္ကားနှင့် ကာလကတ္တားမြို့များတွင်လည်း မြန်မာတပ်များ ယခုပင်ချီတက်လာသည့်အလား တုန်လှုပ်ချောက်ချားသွားကြသည်။

အင်္ဂလိပ်တို့သည် မြန်မာတပ်များ စစ်တကောင်းသို့ ဆက်လက်ချီတက်လာလျှင် ခုခံကာကွယ်ရန်အတွက် တပ်ကူများကို စစ်တကောင်းသို့ ပို့သည်။ မေလ(၂၄)ရက်နေ့တွင် အင်္ဂလိပ်တို့၏ ဘုရင့်တပ်မတော်မှ အမှတ်(၄၄)တပ်မဟာသည် စစ်တကောင်းတွင် အင်အားဖြည့်ရန်အတွက် ကာလကတ္တားမှထွက်ခွာ၍သွား၏။ ရခိုင်စစ်ပြေးများကိုလည်း စစ်ဝန်ထမ်းများအဖြစ် ဖွဲ့စည်းပေးကာ မြန်မာတပ်ကို ခုခံရန်ပြင်ဆင်သည်။

အတွင်းဝန်မင်းကြီး မဟာသီဟသူရ (မြဝတီမင်းကြီးဦးစ) ဦးစီးသည့် မြန်မာတပ်များသည် ပန်းဝါကိုအောင်ပွဲရပြီးနောက် စစ်တကောင်းသို့ ဆက်လက်ချီတက်ရန် ပြင်ဆင်သည်။ ထိုစဉ် စစ်သူကြီးမဟာဗန္ဓုလထံမှ စစ်တကောင်းကို ချီတက်သိမ်းယူခြင်း



www.burmeseclassic.com

www.burmeseclassic.com



မပြုရန် အမိန့်ရောက်ရှိလာသဖြင့် စစ်တကောင်းသို့ ဆက်လက်ချီတက်ခြင်းမပြုရတော့။ သို့သော် မြန်မာတပ်များသည် စစ်တကောင်းသို့သွားရာလမ်းမှ ကောက်ဘဇာ၏မြောက်ဘက်ရှိ ချက်ကာရီယားရွာငယ်အထိ ချီတက်တပ်စွဲ၍နေသည်။

ဖွန်လ(၂)ရက်နေ့တွင် တောင်ငူမြို့ဝန် နေမျိုးမင်းကျော်၏တပ်နှင့် ဝန်းသိုမြို့ဝန် နေမျိုးသူရကျော်ထင်၏တပ်တို့သည် အင်အား(၉၀၀)ကျော်ဖြင့် နတ်မြစ်ဝရှိ အင်္ဂလိပ်ကင်းတပ်ကို သွားရောက်တိုက်ခိုက်ကြရာ အင်္ဂလိပ်တပ်သားများ ဆုတ်ခွာထွက်ပြေးသဖြင့် သံအမြောက်ကြီး(၁)လက်၊ သေနတ်အလက်(၃၀၀)၊ စစ်ဟာရီကုလားသုံ့ပန်း(၂၀၀)ကျော်တို့ကို မြန်မာတပ်မှရရှိသည်။

အင်္ဂလိပ်တို့သည် ပန်းဝါကို မြန်မာတို့အောင်နိုင်ပါလျက် စစ်တကောင်းသို့ ဆက်လက်ချီတက်တိုက်ခိုက်ခြင်းမပြုသည်ကို နားမလည်နိုင်အောင်ဖြစ်ရသည်။

ထို့ကြောင့်ပင် အင်္ဂလိပ်တို့၏စစ်မှတ်တမ်းများတွင် ...

"မြန်မာတို့ စစ်တကောင်းမြို့အနီးသို့ ချီတက်လာခဲ့မည်ဆိုပါက ဘင်္ဂလားပြည်အပိုင်ဒေသတစ်ခုလုံး အထိတ်ထိတ်အလန့်လန့်ဖြစ်ပြီး ဗြိတိသျှအစိုးရ၏အကြံအစည်ပင်လျှင် ပြောင်းပြန်ဖြစ်သည်အထိ ပြောင်းလွဲသွားနိုင်တန်ရာ၏။ အလွန်အကျူးပြောဆိုခြင်းမပြုဘဲ အမှန်အတိုင်းပြောဆိုရလျှင် ထိုအတိုင်းဆက်လက်ချီတက်ခဲ့ပါက မဟာဗန္ဓုလကွပ်ကဲသောတပ်များ၏ ချီတက်တိုက်ခိုက်ရာ၌လျှင်မြန်ထက်မြက်ခြင်းကြောင်းပင်လျှင် စစ်ပွဲ၏အသွင်အပြင်မှာတစ်မျိုးတစ်ဖုံ ပြောင်းလွဲလာနိုင်ဖွယ်ရာရှိ၏"ဟု ရေးသားဖော်ပြခဲ့သည်။





ပန်းဝါတိုက်ပွဲကား မြန်မာတို့၏သတ္တိစွမ်းရည်ကိုပြသခွင့်ရလိုက်သည့် အောင်ပွဲရတိုက်ပွဲတစ်ပွဲပင် ဖြစ်သည်။ ထိုတိုက်ပွဲကြောင့် စစ်သူကြီးမဟာဗန္ဓုလ၏ဂုဏ်သတင်းမှာလည်း အရပ်ရပ်ပျံ့နှံ့သွားသကဲ့သို့ ပန်းဝါတိုက်ပွဲကို တာဝန်ယူဦးဆောင်ခဲ့ရသောမဟာသီဟသူရ (မြဝတီမင်းကြီးဦးစ)၏ ဂုဏ်သတင်းမှာလည်းတစ်မဟုတ်ချင်း ကျော်ကြားသွားခဲ့ရသည်။

အင်္ဂလိပ်မြန်မာပထမစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သောဗိုလ်ဒရဲဗီးလစ်၏ "ပထမမြန်မာစစ်ပွဲ"မှတ်တမ်းစာအုပ်တွင်လည်း

"ပန်းဝါစစ်ပွဲ၌ အင်္ဂလိပ်ခြေလျင်တပ်ရင်းကို တပ်လုံးပြုတ်သွားအောင် ရှင်းလင်းသုတ်သင်ပြီးနောက် မြန်မာဗိုလ်ချုပ်ကြီးကဆက်လက်တိုက်ခိုက်ခြင်းပြုခဲ့လျှင် မြန်မာတပ်များသည် စစ်တကောင်းနှင့် ဘင်္ဂလားမြို့များကိုပင် လွယ်ကူစွာသိမ်းပိုက်နိုင်မည်ဖြစ်ကြောင်း" ရေးသားဖော်ပြခဲ့သည်။

စစ်သူကြီးမဟာဗန္ဓုလသည် အင်္ဂလိပ်တို့က အောက်ဖက်တွင် ရေကြောင်းမှချီ၍ ရန်ကုန်နှင့် ဟံသာဝတီမြို့များအား ဝင်ရောက်တိုက်ခိုက်လိမ့်မည်ကို ကြိုတင်တွေးမြင်ပြီးဖြစ်သည့်အတွက်မြန်မာတပ်များကို တပ်မကျဲစေရန် ထိန်းထားခြင်းဖြစ်သည်။

ထို့ကြောင့်ပင်ဆိုရမည်။ အင်းဝနေပြည်တော်ရှိ မိမိအရှင်သခင် ဘုရင်မင်းမြတ်ထံသို့ ...

"ဤသို့ စစ်တကောင်း ပန်းဝါရောက်တိုက်ခိုက်အောင်မြင်သော်လည်း ကုလားတို့ငြိမ်ဝပ်မည်မဟုတ်၊ ပင်လယ်ရေလမ်းသင့်ရာဟံသာဝတီရန်ကုန်မြို့သို့ ထိပါးနှောင့်ယှက်ရန်ရှိပါသည်။ ဟံသာဝတီ



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာ နှလုံးလက်ရုံးနှင့်ပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ရှိနေမှ သင့်ပါမည့်အကြောင်း'' လျှောက်ထားလိုက်သည်။

စစ်သူကြီးမဟာဗန္ဓုလ၏တွေးဆချက်မှာ မှန်ကန်ခဲ့သည်။ မြန်မာတပ်များ ရခိုင်တွင် တပ်များစွဲရပ်ထားစဉ်အတွင်း အင်္ဂလိပ်တို့ကလည်း ဆာအာချီတော်ကင်းဘဲလ်ဦးဆောင်သည့် အင်္ဂလိပ်ရေကြောင်းချီတပ်အား ရန်ကုန်ကို ဝင်ရောက်တိုက်ခိုက်ရန်အတွက် တပ်များကို စုရုံးပြင်ဆင်နေပြီဖြစ်သောကြောင့်ဖြစ်သည်။




BURMESE CLASSIC .com

# ဝနဖြူခံတပ်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလနှင့်လင့်စင်ပုံ



အင်္ဂလိပ်တပ်ပေါင်းစုမှူးဗိုလ်ချုပ်ကင်းဘဲလ်

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်စစ်မျက်နှာတွင် မြန်မာတပ်များ အင်္ဂလိပ်တပ်များကို ရှုံးနိမ့်ပြီးနောက် စစ်သူကြီးမဟာဗန္ဓုလသည် မိမိ၏တပ်မကို အင်္ဂလိပ်ရေကြောင်းချီတပ်များချီတက်လာမည့် ရောဝတီမြစ်ကြောင်းရှိ ဓနုဖြူသို့ဆုတ်ခွာကာ ခံတပ်၊ ကျင်း၊ ကတုတ်များဖြင့် အခိုင်အမာတပ်စွဲလျက် စစ်အင်အားဖြည့်တင်းသည်။ ပြိုကွဲသွားသော မြန်မာတပ်များကိုလည်း ပြန်လည်၍စုရုံးဖွဲ့စည်းသည်။

ထိုသို့ဖွဲ့စည်းရာတွင် သတိုးမင်းကြီးမဟာမင်းခေါင်ဦးစီးသောတပ်ဖွဲ့များကို ကျွန်းဦးသရက်တစ်ပင် (လှိုင်မြစ်ဝ)တွင်လည်းကောင်း၊ မဟာသီလဝ၏တပ်များကို မှော်ဘီတွင်လည်းကောင်း၊ စစ်သည်(၁၅၀၀)စီဖြင့် တပ်စွဲနေစေသည်။ သတိုးမဟာသေနာပတိ (စကြာဝန်ကြီး)၏တပ်များကိုမူ ပဲခူးတွင် တပ်စွဲထားစေသည်။ သို့သော် နောက်ပိုင်းတွင် သတိုးမဟာသေနာပတိ (စကြာဝန်ကြီး)၏ တပ်များသည် ဓနုဖြူစစ်ကြောင်းဖြင့် ပူးပေါင်းသွားသည်။





ထို့ပြင် စစ်သူကြီးမဟာဗန္ဓုလသည် လှိုင်မြစ်ဝနှင့် ထန်းတပင်ကျွန်းပတ်ဝန်းကျင်တွင် မင်းလှသူရိန်၊ စားတော်ဝန်မင်းလှမင်းခေါင်နှင့် မဟာဇေယျသူတို့အား အင်အား(၅၀၀၀)ကျော်ဖြင့် ခံကတုတ်များ၊ တူးမြောင်းများဖြင့် တပ်စွဲထားစေသည်။

မဟာဗန္ဓုလ၏မြန်မာတပ်များ ရန်ကုန်တွင် အရေးနိမ့်သဖြင့် ဓနုဖြူသို့ ဆုတ်ခွာသွားကြပုံနှင့်ပတ်သက်၍ ဗိုလ်မှူးကြီးလော်ရီ၏ "ကျွန်ုပ်တို့၏ မြန်မာစစ်ပွဲများနှင့် မြန်မာတို့နှင့်ဆက်ဆံရေးများ"စာအုပ်တွင် ဤသို့မှတ်တမ်းတင်ဖော်ပြခဲ့သည်။

"အင်္ဂလိပ်မြန်မာပထမစစ်ပွဲတစ်လျှောက်တွင် ကျွန်ုပ်တို့နှင့် မြန်မာတို့သည် ပြင်းထန်ရှည်ကြာသောတိုက်ပွဲများ ဆင်နွှဲခဲ့ရသည်။ ထိုသို့ဆင်နွှဲစဉ် အခက်အခဲအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့်အခါများ၌ မြန်မာများသည် မတုန်မလှုပ် ခံနိုင်ရည်ရှိကြသည်။ ထို့ပြင် စစ်ပွဲတွင် အရေးနိမ့်၍ဆုတ်ခွာရသည့်အခါတွင်လည်း ကျွမ်းကျွမ်းကျင်ကျင် ကွပ်ကဲအုပ်ချုပ်၍ ဆုတ်ခွာသွားနိုင်ကြသည်။ ဤအချက်များမှာ မြန်မာတို့တွင် အထူးသဖြင့် အသိအမှတ်ပြုရလောက်အောင် ပေါ်လွင်ထင်ရှားနေပေသည်"

မဟာဗန္ဓုလသည် ရန်ကုန်မှဆုတ်ခွာရသည့်အခါ အရည်အချင်းပြည့်ပြည့်ဝဝနှင့် ၎င်း၏ဗိုလ်မကြီးကို ကွပ်ကဲအုပ်ချုပ်၍ ဆုတ်ခွာနိုင်ခဲ့လေသည်။ မဟာဗန္ဓုလသည် ဓနုဖြူသို့ဆုတ်ခွာသွားသည့်အခါတွင် လှိုင်နှင့် ပန်းလှိုင်မြစ်များတွင် တပ်များချထားခဲ့သည်။ ထိုတပ်များ၏တာဝန်မှာ အင်္ဂလိပ်တပ်များ ရှေ့သို့မချီတက်နိုင်ရန် အနှောင့်အယှက်များပေးကာ ထိန်းထားရန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မဟာဗန္ဓုလ၏တပ်များ ဓနုဖြူသို့ဆုတ်ခွာ၍ တပ်စွဲထားသည်ကို အင်္ဂလိပ်တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကင်းဘဲလ် သိရလျှင် ရန်ကုန်ရှိ အင်္ဂလိပ်တပ်များကို ပြန်လည်ဖွဲ့စည်းသည်။ ရခိုင်နှင့် မုတ္တမရှိ တပ်များကိုလည်း ရန်ကုန်သို့ခေါ်ယူလိုက်ပြီး အိန္ဒိယသို့လည်း တပ်များထပ်မံပို့ပေးရန် တောင်းခံလိုက်သည်။

ဗိုလ်ချုပ်ကင်းဘဲလ်သည် ပြည်မြို့ကိုသိမ်းပိုက်ရန် ကြည်းကြောင်းချီတပ်ကို ကိုယ်တိုင်ကွပ်ကဲပြီး၊ ဗိုလ်မှူးချုပ်ကော်တွန်ကိုမူ ဓနုဖြူရှိ မဟာဗန္ဓုလ၏တပ်ကို တိုက်ခိုက်ရန် ရေကြောင်းချီတပ်ကို ကွပ်ကဲစေသည်။ ထို့နောက် ဗိုလ်ချုပ်ကင်းဘဲလ်ဦးစီးသောတပ်များသည် ပြည်မြို့သို့ ကုန်းလမ်းမှချီတက်သည်။

အင်္ဂလိပ်တို့၏အဓိကရည်ရွယ်ချက်မှာ ဗိုလ်မှူးချုပ်ကော်တွန်ဦးစီးသော ရေကြောင်းချီတပ်က ဓနုဖြူရှိ မဟာဗန္ဓုလ၏မြန်မာတပ်များကိုတိုက်ခိုက်ပြီး ပြည်မြို့သို့ချီတက်နှင့်သော ဗိုလ်ချုပ်ကင်းဘဲလ်၏ ကြည်းကြောင်းချီတပ်နှင့် သွားရောက်ပူးပေါင်းရန် ဖြစ်သည်။

ဗိုလ်မှူးချုပ်ကော်တွန်ဦးစီးသော အင်္ဂလိပ်ရေတပ်တွင် အင်္ဂလိပ်ဘုရင့်ရေတပ်မှ စစ်သင်္ဘောများ၊ တိုက်သင်္ဘောများနှင့် အမြောက်ငယ်များတင်ထားသော သမ္ဗန်ရိုးရိုးသင်္ဘောများ၊ စုစုပေါင်း သင်္ဘော (၆၂)စီး ပါဝင်သည်။ ထို့ပြင် အလွန်အင်အားကောင်းသော အမြောက်တပ်ဖွဲ့တစ်ဖွဲ့လည်း ပါဝင်သည်။ စစ်သည်အင်အားအနေဖြင့် ဥရောပတိုက်သား(၈၀၀)၊ အိန္ဒိယစစ်သား(၄၀၀)၊ ရေတပ်ကပ္ပတိန်အလက်ဇန်ဒရီးယားနှင့် ရေတပ်သား(၈၀၀) ပါရှိသည်။



BURMESE CLASSIC .com



ဗိုလ်မှူးချုပ်ကော်တွန်၏ အင်္ဂလိပ်ရေတပ်သည် ၁၈၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၆)ရက်နေ့တွင် ရန်ကုန်မှထွက်ခွာလာရာ မတ်လ(၅)ရက်နေ့တွင် ညောင်တုန်းအနီးရှိ ရန်ကင်းစံရာရွာသို့ ရောက်ရှိသည်။ ထိုမှဆက်လက်ချီလာရာ မတ်လ(၆)ရက်နေ့တွင် ဓနုဖြူနှင့်(၂)မိုင်ကွာသို့ရောက်ပြီး ထိုနေရာတွင် ရေကြောင်းချီတပ်ကို တပ်စွဲထားသည်။ ထိုနေရာမှလှမ်း၍ကြည့်လျှင် ဗိုလ်မှူးချုပ်ကော်တွန်၏တပ်သည် မဟာဗန္ဓုလ၏ဓနုဖြူခံတပ်ကို မြင်နေရသည်။

ဗိုလ်မှူးချုပ်ကော်တွန်က ခြိမ်းခြောက်သည့်အနေဖြင့် ဓနုဖြူခံတပ်မှနေ၍ အင်္ဂလိပ်တပ်များအား ခုခံတိုက်ခိုက်ရန် စောင့်ဆိုင်း၍နေသော စစ်သူကြီးမဟာဗန္ဓုလထံ အထူးဆက်သားစေလွှတ်ကာ မြန်မာတပ်များ လက်နက်ချရန်နှင့် လက်နက်မချပါက မိမိတပ်အနေဖြင့် တိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း စာရေးပို့သည်။

ဗိုလ်မှူးချုပ်ကော်တွန်ထံမှ စာကိုဖတ်ရသည်တွင် ချက်ချင်းပင် မြန်မာတို့၏စစ်သူကြီးမဟာဗန္ဓုလကလည်း ပြန်စာရေးပို့သည်။

မဟာဗန္ဓုလ၏ပြန်စာမှာ ...

"ကျွန်ုပ်တို့နှစ်ဦးစလုံးသည် ကိုယ့်နိုင်ငံအတွက် ကိုယ်တိုက်ခိုက်နေခြင်းဖြစ်သည်။ အသင်၏ဂုဏ်သိက္ခာကို အသင်ထိန်းသိမ်းသကဲ့သို့ ကျွန်ုပ်လည်း ကျွန်ုပ်၏နိုင်ငံကို ခုခံကာကွယ်ရန် တည်တည်ငြိမ်ငြိမ်ရှိကြောင်း အသင်တွေ့ရလိမ့်မည်။ မိတ်ဆွေအနေဖြင့် ဓနုဖြူကိုလာကြည့်လိုပါက ကျွန်ုပ်ကိုယ်တိုင် လိုက်ပြပါမည်။ ရန်သူအနေဖြင့်လာလိုက ကုန်းပေါ်သို့တက်ခဲ့ပေတော့"

ဟူ၍ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



စစ်သူကြီးမဟာဗန္ဓုလ၏ ဓနုဖြူခံတပ်ကို ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် မြစ်ရိုးအတိုင်း အလျားလိုက်တည် ဆောက်ထားသည်။ ထိုပင်မခံတပ်၏တောင်ဘက်မြစ်ကမ်းပါးတွင် ခံတပ်ငယ် (၂)ခုရှိပြီး ခံတပ်ငယ်များကို ကျိုက္ကလွန်ပွန်းမြေစိုက်စေတီအနီးတွင် တည်ဆောက်ထားသည်။

ဓနုဖြူခံတပ်တည်ရှိရာ ဓနုဖြူမြို့သည် အမြင့်ပိုင်းတွင် တည်ရှိပြီး၊ ရန်ကုန်မှ ဧရာဝတီမြစ်အထက်ဘက်သို့သွားရာရေကြောင်းလမ်းကို စိုးမိုးထားသကဲ့သို့ရှိသည်။

စစ်သူကြီးမဟာဗန္ဓုလသည် ဓနုဖြူခံတပ်ကို ရက်ပေါင်း (၃၀)အတွင်း အခိုင်အမာတည်ဆောက်ထားကာ ခံတပ်တွင် ရခိုင်စစ်မျက်နှာမှ စစ်သူကြီးမဟာဗန္ဓုလနှင့်အတူ လိုက်ပါလာသောစစ်ရေးကျွမ်းကျင်သည့် စစ်သည်များအပါအဝင် စုစုပေါင်း စစ်သည် (၁၅၀၀၀)ခန့်ဖြင့် အခိုင်အမာတပ်စွဲထားသည်။

မတ်လ(၇)ရက်နေ့တွင် ကျိုက္ကလွန်ပွန်းဘုရားအနီးရှိ မြန်မာတို့၏ခံတပ်ငယ်ကို အင်္ဂလိပ်တပ်မှ ဒုတိယဗိုလ်မှူးကြီး အိုဒိုနာဂျူးဦးစီးသောစစ်ကြောင်းက ရှေ့တည့်တည့်မှဝင်ရောက်၍လည်းကောင်း၊ ဗိုလ်မှူးဘတ်(စ်)ဒင်ဦးစီးသောစစ်ကြောင်းက ခံတပ်၏လက်ဝဲဘက်မှ ချဉ်းကပ်ဝင်ရောက်၍လည်းကောင်း တစ်ပြိုင်တည်းတိုက်ခိုက်သည်။

တိုက်ပွဲမှာ ပြင်းထန်ပြီး နှစ်ဖက်စလုံး ဖွဲ့နဘဲကြီးစွာဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။ အင်္ဂလိပ်တို့က မြေပြင်ပစ်အမြောက်များ၊ ဒုံးကျည်များ၊ စိန်ပြောင်းများဖြင့် မြန်မာတပ်ထက်သာလွန်သော လက်နက်များကိုအားကိုး၍ တိုက်ခိုက်ကြသည်။





မြန်မာတပ်ကလည်း အင်္ဂလိပ်တို့၏လက်နက်များကဲ့သို့ မကောင်းသော်လည်း နိုင်ငံချစ်စိတ်ဓာတ်နှင့် ရဲစွမ်းသတ္တိတို့ကို ပေါင်းကာ ပြန်လည်ခုခံတိုက်ခိုက်ကြသည်။

(၂)နာရီခန့်ကြာအောင် ပြင်းထန်စွာ တိုက်ပွဲများဖြစ်ပွားပြီးနောက် ပထမခံတပ်ငယ်မှ မြန်မာတို့ဆုတ်ရသည်။ တိုက်ပွဲတွင် မြန်မာတို့ဘက်မှ ခံတပ်ငယ်ကိုဦးဆောင်ကွပ်ကဲသူ နေမျိုးရဲထင် အပါအဝင် စစ်သည်(၂၃၀) ကျဆုံးပြီး၊ (၃၇၄)ယောက် သုံ့ပန်းအဖြစ် အဖမ်းခံရကာ အများအပြား ဒဏ်ရာရရှိသည်။

အင်္ဂလိပ်တပ်မှ (၅)ဦးကျဆုံးပြီး ဒဏ်ရာရသူ၊ ပျောက်ဆုံးသူ (၂၀)ရှိသည်။

မြန်မာတို့၏ပထမခံတပ်ငယ်ကို သိမ်းပိုက်ရရှိလိုက်သည့်အတွက် အင်္ဂလိပ်တို့ အားတက်သွားကာ ဒုတိယခံတပ်ငယ်ကိုသည်း သိမ်းပိုက်ရရှိလိမ့်မည်ဟု ယုံကြည်နေကြသည်။ ဗိုလ်မှူးချုပ်ကော်တွန်သည် မြန်မာတို့၏ဒုတိယခံတပ်ငယ်ကို ဆက်လက်တိုက်ခိုက်သိမ်းပိုက်နိုင်ရန်အတွက် ရေတပ်ကမ်းတက်တပ်ဖွဲ့ငယ်တစ်ခုကို ထပ်မံအားဖြည့်သည်။ ထို့ပြင် (၆)ပေါင်ဒါအမြောက်(၂)လက်၊ စိန်ပြောင်း(၄)လက်နှင့် ဒုံးကျည်များကို ထပ်မံသယ်ယူပြီး မြန်မာတို့၏ ဒုတိယခံတပ်ငယ်ကို တိုက်ခိုက်ရန်စီစဉ်သည်။

ထို့နောက် ဗိုလ်ကြီးရို(စ်)နှင့် ဗိုလ်ကြီးကင်နွန်တို့က စစ်သည် (၂၀၀)ကျော်ကိုဦးဆောင်ကာ မြန်မာခံတပ်ငယ်ကို တိုက်ခိုက်သည်။ အင်္ဂလိပ်တပ်သားများ မြန်မာခံတပ်ငယ်သို့မရောက်သေးမီ ခံတပ်ကို အမြောက်များ၊ စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် ပြင်းထန်စွာ

ပစ်ခတ်သည်။ ယင်းနောက်မှ အင်္ဂလိပ်တပ်သားများ မြန်မာခံတပ်အနီးသို့ချဉ်းကပ်ကာ ပစ်ခတ်တိုက်ခိုက်သည်။

မြန်မာတပ်က အင်္ဂလိပ်တပ်သားများ ခံတပ်နှင့်ဝါးတစ်ရိုက်အကွာသို့ရောက်သည်အထိ ပစ်ခတ်ခြင်းလုံးဝမပြုသေးဘဲ ငြိမ်၍စောင့်ကြည့်နေကြသည်။ သို့သော် အင်္ဂလိပ်တပ်များ ခံတပ်အနီးသို့ရောက်လာချိန်တွင်မူ မြန်မာတပ်မှ အမြောက်၊ စိန်ပြောင်း၊ မတ်စကက်သေနတ်များဖြင့် ပြင်းထန်စွာ ပြန်လည်ပစ်ခတ်တိုက်ခိုက်ကြတော့သည်။

ဤတွင် အင်္ဂလိပ်တပ်သားများမှာ ရှေ့သို့ဆက်၍မတက်နိုင်တော့ဘဲ မြန်မာတို့၏ပစ်ကွင်းအတွင်း၌ အလူးအလဲပစ်ခတ်ခြင်းခံကြရသည်။ အင်္ဂလိပ်တို့သည် ခံတပ်ကိုသိမ်းပိုက်နိုင်ရန် လှေကားများ၊ တံတားရှင်များဖြင့် အကြိမ်ကြိမ်ကြိုးစားကြသော်လည်း မအောင်မြင်။ အထိနာစွာ မရှုမလှခံနေရရာ ကြံ့ကြံ့ခံနိုင်စွမ်းမရှိတော့။ ကျဆုံးမှုနှင့်ဒဏ်ရာရရှိမှုများကလည်း များသထက်များလာသည်။

သို့ဖြင့် ဤဒုတိယခံတပ်တိုက်ပွဲတွင် မိမိ၏တပ်သားများ အရေးမလှ ရှုံးနိမ့်နေပြီဖြစ်ကြောင်း ဗိုလ်မှူးချုပ်ကော်တွန် သဘောပေါက်သွားကာ တပ်ကိုဆုတ်ခွာရန် အမိန့်ပေးရတော့သည်။

ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ကြီးရို့(စ်)၊ ဗိုလ်ကြီးကင်နွန်နှင့် အင်္ဂလိပ်တပ်သား(၈၀) ကျဆုံးသည်။ ဒဏ်ရာရသူနှင့်ပျောက်ဆုံးသူမှာ (၁၂၃)ယောက်ဖြစ်သည်။





စစ်သူကြီးမဟာဗန္ဓုလ၏ဓနုဖြူခံတပ်ကို မတိုက်ခိုက်ရသေးမီ ယခုတိုက်ပွဲတွင် ရှုံးနိမ့်သွားရသဖြင့် ဓနုဖြူခံတပ်ကို တိုက်ခိုက်သိမ်းယူပြီး ဆက်လက်ချီတက်ကာ ဧရာဝတီမြစ်အထက်ပိုင်း၌ ခေတ္တစခန်းချလျက်ရှိသော ဗိုလ်ချုပ်ကင်းဘဲလ်၏ ကြည်းကြောင်းချီတပ်နှင့် သွားရောက်ပူးပေါင်းရန် ရည်ရွယ်ထားသည့် ဗိုလ်မှူးချုပ်ကော်တွန်၏အစီအစဉ်မှာ ပျက်ပြားသွားရသည်။

ဗိုလ်ချုပ်ကင်းဘဲလ်မှာလည်း မိမိ၏တပ်များကို အောင်မြင်လိမ့်မည်ဟုယုံကြည်ပြီး ဓနုဖြူတိုက်ပွဲသတင်းအခြေအနေကို စောင့်မျှော်နားစွင့်နေရာ ဗိုလ်မှူးချုပ်ကော်တွန်ထံမှ ဆက်သားလာရောက်ပို့သောသတင်းကို ရရှိတော့မှပင် မိမိ၏တပ်များ အရေးမလှဖြစ်ကြောင်း သိရှိရတော့သည်။

သို့ဖြင့် ဗိုလ်ချုပ်ကင်းဘဲလ်သည် မိမိ၏ကြည်းကြောင်းချီတပ်ကို ပြည်မြို့သို့ ဆက်လက်ချီတက်ခြင်းမပြုတော့ဘဲ မြန်မာတို့၏ ဓနုဖြူခံတပ်ကို ကြည်းကြောင်း၊ ရေကြောင်းဖြင့် နှစ်ဖက်ညှပ်၍တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချကာ ဓနုဖြူသို့ ကုန်းလမ်းခရီးဖြင့် နောက်ကြောင်းပြန်လှည့်သည်။

မတ်လ(၂၅)ရက်နေ့တွင် ဗိုလ်ချုပ်ကင်းဘဲလ်၏ ကြည်းကြောင်းချီတပ်သည် မြန်မာတို့၏ဓနုဖြူခံတပ်ကို လှမ်း၍မြင်နိုင်သောအကွာအဝေးသို့ရောက်လာပြီး ထိုနေရာတွင် တပ်စခန်းချရပ်နားနေသည်။

စစ်သူကြီးမဟာဗန္ဓုလသည် ဗိုလ်ချုပ်ကင်းဘဲလ်၏ကြည်းကြောင်းချီတပ် ဓနုဖြူသို့ရောက်လာသည်ကို သိရှိရသည်တွင်

www.burmeseclassic.com



မိမိ၏ခနုဖြူခံတပ်မှာ အင်္ဂလိပ်တို့၏ စစ်နှစ်ဖက်ညှပ်ခြင်းကိုခံရပြီ ဖြစ်ကြောင်း သဘောပေါက်သွားသည်။ ထို့ကြောင့် ဗိုလ်ချုပ်ကင်းဘဲလ်၏တပ်များ ရှေ့သို့ဆက်လက်ချီတက်ခြင်းမပြုနိုင်စေရန် မြင်းတပ်နှင့် ခြေလျင်တပ်များကိုစေလွှတ်ပြီး ဗိုလ်ချုပ်ကင်းဘဲလ်၏ ရှေ့ပြေးတပ်များကို ဆီးကြိုတိုက်ခိုက်စေသည်။ ခနုဖြူခံတပ်၏ ခံစစ်နယ်မြေအတွင်းမှ မြန်မာတပ်ကလည်း ညပိုင်းသို့ရောက်သည်နှင့် ခနုဖြူခံတပ်ကို ဝိုင်းပတ်ပိတ်ဆို့ရန် လှုပ်ရှားနေသော အင်္ဂလိပ်တပ်ဖွဲ့ကို လျှပ်တစ်ပြက်ဝင်ရောက်တိုက်ခိုက်သည်။

ထိုသို့တိုက်ခိုက်နေစဉ်အတွင်း မြန်မာတပ်မှ စစ်သည်အချို့သည် တဲပေါင်းတစ်လုံးကိုတွေ့၍ မီးတင်ရှို့လိုက်သည်။ ထိုလုပ်ရပ်အမှားကြောင့် မီးရောင်တွင် ထင်းထင်းကြီးပေါ်လာသော မြန်မာစစ်သည်တို့ကို အင်္ဂလိပ်တို့က သေချာစွာ ချိန်ရွယ်ပစ်ခတ်ကြရာ မြန်မာတို့ဘက်မှ အကျအဆုံးများသဖြင့် ဆုတ်ခွာရသည်။

စစ်သူကြီးမဟာဗန္ဓုလသည် ခနုဖြူခံတပ်၏အနောက်ဖက်တောများအတွင်းတွင် မိမိ၏ခြေလျင်တပ်နှင့် ဆင်တပ်၊ မြင်းတပ်များကို တပ်စွဲထားစေပြီး၊ မတ်လ(၂၇)ရက်နေ့ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ဗိုလ်ချုပ်ကင်းဘဲလ်ဦးဆောင်သောတပ်ကို လက်ယာတောင်ပံတောအုပ်ဖက်မှ ရုတ်တရက်ဝင်ရောက်တိုက်ခိုက်စေသည်။

မြန်မာတို့က ဆင်တပ်ကို ရှေ့ဆုံးမှချီစေပြီး ဆင်များပေါ်တွင် အမြောက်ငယ်များကိုတင်ပြီး ပစ်ခတ်သည်။ အင်္ဂလိပ်တို့ကလည်း မြန်မာတပ်များ တောအုပ်ဖက်မှလာရောက်တိုက်ခိုက်နိုင်သည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သဖြင့် မြန်မာတပ်လာနိုင်





မည့်နေရာများတွင် ကျင်းကြီးများ၊ ချိုင့်များ၊ မြောင်းကြီးများကို ကြိုတင်တူးထားခဲ့သည်။ မြေပြင်ပစ်အမြောက်ကြီးများကိုလည်း တိုက်ပွဲဝင်မြေအနေအထားနှင့်ကိုက်ညီအောင် နေရာချထားလျက် တိုက်ခိုက်ရန် အသင့်ရှိနေခဲ့သည်။

တိုက်ပွဲမှာ ပြင်းထန်ပြီး နှစ်ဖက်စလုံး အကျအဆုံးများခဲ့သည်။ အင်္ဂလိပ်တို့ဘက်မှ အမြောက်များ၏ ပစ်အားသာလွန်မှုနှင့် ကြိုတင်ပြုလုပ်ထားသော ထောင်ချောက်မိုင်းများကြောင့် မြန်မာတပ်ဖွဲ့များမှာ အကျအဆုံးများပြားလှသဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရသည်။

မတ်လ(၂၉)ရက်နေ့ နံနက်(၉)နာရီတွင် အင်္ဂလိပ်ရေကြောင်းချီတပ်မှသင်္ဘောများသည် ခနုဖြူခံတပ်ကိုဖြတ်၍ ရောဝတီမြစ်ကြောင်းအထက်သို့ အမြန်ဆန်တက်လာသည်။ ခနုဖြူခံတပ်ရှိ မြန်မာတပ်ကလည်း ဆန်တက်လာသည့်သင်္ဘောများကို အမြောက်များဖြင့်ပစ်ခတ်သည်။

ထိုစဉ် အင်္ဂလိပ်တို့၏ကြည်းကြောင်းချီတပ်ကလည်း မြေပြင်အဝေးပစ်အမြောက်များ၊ စိန်ပြောင်းများ၊ ဗုံးကျည်များဖြင့် မြန်မာခံတပ်တွင်းသို့ အဆက်မပြတ်ပစ်ခတ်သည်။ မြန်မာတို့၏အမြောက်ကျည်သင့်သွားသဖြင့် အင်္ဂလိပ်သင်္ဘောတစ်စင်းမှာ နစ်လုနီးနီးဖြစ်သွားပြီး၊ နီးရာကမ်းသို့ ထိုးကပ်လိုက်ရသည်။ ကျန်သင်္ဘောများမှာ မြန်မာတပ်မှ အမြောက်များဖြင့် ပစ်ခတ်နေသည့်ကြားမှပင် ခံတပ်ကိုကျော်လွန်၍ မြစ်ကြောင်းအထက်ဘက်သို့ရောက်ရှိသွားပြီး ကြည်းကြောင်းချီတပ်နှင့် ပူးပေါင်းမိသွားသည်။

www.burmeseclassic.com



ဤသို့ အင်္ဂလိပ်ရေကြောင်းချီတပ်နှင့် ကြည်းကြောင်းချီတပ် ပေါင်းမိသွားသည်ကို သိရှိလိုက်သည်နှင့် မဟာဗန္ဓုလသည် မြန်မာတပ်ကို လျှပ်တစ်ပြက်စုရုံး၍ ခံတပ်မှထွက်ပြီးလျှင် အင်္ဂလိပ်ကြည်းကြောင်းချီတပ်ကို တိုက်ခိုက်စေသည်။

မြန်မာတပ်ဖွဲ့တွင် ရှေ့ဆုံးမှ တိုက်ဆင်(၁၇)စီး၊ တိုက်ဆင်များနောက်မှ မြင်းတပ်က လိုက်ပါပြီး၊ မြင်းတပ်နောက်တွင်မှ ခြေလျင်တပ်ပါဝင်ကာ အင်္ဂလိပ်တပ်ကိုတိုက်ရန် ချီတက်လာသည်။

အင်္ဂလိပ်တပ်ကလည်း ပစ်ကွင်းကောင်းကိုစောင့်ဆိုင်းနေပြီး မြန်မာတပ်နီးကပ်လာသည့်တွင်မှ အမြောက်များဖြင့် စတင်ပစ်ခတ်သည်။ အင်္ဂလိပ်တို့၏ မြင်းစီးတပ်ဖွဲ့ကလည်း မြန်မာဆင်တပ်ကို ဝင်ရောက်တိုက်ခိုက်သည်။ မြန်မာတပ်မှ ဆင်စီးသူရဲအားလုံး ကျည်သင့်ကျဆုံးသွားပြီး ချွန်းအုပ်မှုမရှိတော့သဖြင့် ဆင်များမှာ ခံတပ်ရှိရာသို့ ပြန်လှည့်သွားကြသည်။ တိုက်ပွဲတွင် မြန်မာတပ် အရေးနိမ့်သဖြင့် ပြန်လည်ဆုတ်ခွာရသည်။

မတ်လ(၃၁)ရက်နေ့ ညနေပိုင်းတွင် မြန်မာတပ်မှ လက်ဇော့တော်သင် သီဟကျော်ခေါင်နှင့် သီဟရဲထင်တို့ကို စာတစ်စောင်ရေးသား၍ အင်္ဂလိပ်တပ်သို့ စေလွှတ်လိုက်၏။

စာပါအကြောင်းအရာမှာ ...

"စစ်တွင် ကျွန်ုပ်တို့တပ်များ အချင်းချင်းတွေ့ကြသည်။ နိုင်ငံနှစ်နိုင်ငံမှာ အကြောင်းမဲ့စစ်ဆင်နေကြ၏။ ကျွန်ုပ်တို့မှာလည်း တစ်ဦး၏စိတ်သဘောကိုတစ်ဦးမသိကြရချေ" ဟူ၍ဖြစ်၏။





အင်္ဂလိပ်တို့က ပေါ်လွင်ခြင်းမရှိသော စာ၏ဆိုလိုရင်းနှင့် စာပေးပို့ခြင်း၏အဓိပ္ပာယ်ကို မေးမြန်းသောအခါ စာယူလာသူတို့က မိမိတို့မှာ သာမန်စစ်သားမျှသာဖြစ်သဖြင့် ဤစာနှင့်ပတ်သက်၍ မည်သည်ကိုမျှ မိမိတို့မသိရှိကြောင်း ဖြေကြသည်။

ဤတွင် အင်္ဂလိပ်တို့က ထိုသူနှစ်ယောက်ကို သူလျှိုအဖြစ် အပြစ်ပေးမည်ဟု ခြိမ်းခြောက်လိုက်ရာ စစ်သူကြီးမဟာဗန္ဓုလသည် မိမိ၏လက်အောက်ဗိုလ်မှူးများနှင့် အကြီးအကျယ်တိုင်ပင်စိုင်းပြင်းနေကြောင်း၊ မြန်မာတပ်မတော်ကြီးတစ်ခုလုံးကို ကိုယ်တိုင်ဦးစီးလျက် အင်္ဂလိပ်တို့ကို ထွက်၍တိုက်ရန် ရည်ရွယ်နေကြောင်း ပြောဆိုသည်။

ဤသည်မှာလည်း အမှန်ပင်ဖြစ်သည်။ မဟာဗန္ဓုလသည် ဘုရင့်နေပြည်တော်မှ စစ်ကူပို့လိုက်သည့် အင်အား(၅၀၀၀)ပါ အတွင်းဝန်ကြီးမဟာဥဇနာ၏တပ် ရောက်ရှိလာလျှင် အင်္ဂလိပ်တပ်တို့ကို ဟာသ်ာတ၊ သာရဝေါမှ စစ်ကြောင်းတစ်ကြောင်း၊ မဟာဗန္ဓုလကိုယ်တိုင်ဦးစီးသည့် ဓနုဖြူခံတပ်မှတပ်များက အနောက်ဖက်စစ်မျက်နှာမှ စစ်ကြောင်းတစ်ကြောင်း၊ ဤသို့ စစ်ကြောင်းနှစ်ကြောင်းညှပ်၍တိုက်ခိုက်ရန် ရည်ရွယ်ထားကာ စစ်ကူတပ်များ ရောက်လာမည့်အချိန်ကို စောင့်ဆိုင်းနေခြင်းသာဖြစ်သည်။

ထို့ကြောင့် အင်္ဂလိပ်တို့ကလည်း မဟာဗန္ဓုလ မတိုက်မီ မိမိတို့က ဦးစွာ ဓနုဖြူခံတပ်ကို ဖိ၍တိုက်ရန် စီစဉ်ကြပြီး ဧပြီလ (၁)ရက်နေ့မှစ၍ ခံတပ်ဆီသို့ အမြောက်၊ စိန်ပြောင်း၊ ဗုံးပျံများဖြင့် နေ့ရောညပါ အဆက်မပြတ် ပစ်ခတ်ကြသည်။ ထိုစဉ် ခံတပ်ရှိ မြန်မာတပ်ကလည်း အမြောက်များဖြင့် ပြန်လည်ပစ်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့သည် ဧပြီလ(၂)ရက်နေ့တွင်လည်း နေထွက်ချိန်မှစ၍ ဓနုဖြူခံတပ်ကို မြို့ရိုးဖျက်အမြောက်ကြီးများဖြင့် ပစ်ခတ်ကြပြန်သည်။ ထိုသို့ပစ်ခတ်နေစဉ် ခံတပ်တွင်းမှ မြန်မာတို့ဖမ်းဆီးထားခြင်းကိုခံရသော ရေတပ်သားနှစ်ဦး ခံတပ်အပြင်သို့ ပြေးထွက်ကာ အင်္ဂလိပ်တပ်ရှိရာသို့ ရောက်ရှိလာပြီး၊ ဗုံးပျံတစ်ခု ပေါက်ကွဲထိမှန်၍ ယမန်နေ့ကပင် မြန်မာတို့၏စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးသွားပြီဖြစ်ကြောင်း၊ ခံတပ်တွင်းရှိ မြန်မာစစ်သည်များအားလုံးလည်း ယမန်နေ့ညကပင် ခံတပ်ကိုစွန့်၍သွားကြပြီဖြစ်ကြောင်း ပြောဆိုကြသည်။

အဖြစ်အပျက်အမှန်မှာ ဤသို့ဖြစ်သည်။ အင်္ဂလိပ်တို့က စာလာပေးသူနှစ်ယောက်ကို ခြိမ်းခြောက်၍စစ်မေးသောအခါ မဟာဗန္ဓုလ စီမံကွပ်ကဲသည့်နေရာမှန်ကို သိရှိသွားပြီး၊ ထိုနေရာကိုပင် ချိန်၍ အမြောက်များ၊ စိန်ပြောင်းများ၊ ဗုံးပျံများဖြင့် မနားတမ်းပစ်သွင်းနေခဲ့ကြသည်။

ဤတွင် ခံတပ်တွင်းရှိ ဗိုလ်မှူးတပ်မှူးတို့က အင်္ဂလိပ်တို့၏ဗုံးပျံများကျရောက်နေသဖြင့် ဗုံးပျံလွတ်ကင်းရာတစ်နေရာမှ စီမံခန့်ခွဲပါမည့်အကြောင်း မဟာဗန္ဓုလအား ပြောကြားကြသည်။

မဟာဗန္ဓုလက ထိုသတိပေးမှုကို အလေးဂရုမပြုဘဲ ရဲဘော်များ မတည်မငြိမ်ရှိမည်ကိုစိုးရိမ်၍ မသိကြားလေဟန် ရွှေထီးဖြန့်၍ ကွပ်ကဲမြဲကွပ်ကဲနေစဉ် အင်္ဂလိပ်တို့ပစ်လိုက်သော ဗုံးပျံတစ်ခု အနီးတွင်ကျရောက်ပြီး ပေါက်ကွဲထိမှန်သွားသဖြင့် ယင်းနေရာတွင်ပင် ကျဆုံးသွားရခြင်းဖြစ်သည်။





မဟာဗန္ဓုလ ကျဆုံးပြီးနောက် တပ်တွင်းရှိ ရဲမက်အင်အားဖြင့်ဆက်လက်ခုခံရန် အများက မဟာဗန္ဓုလ၏ညီ မင်းထင်မင်းခေါင်ကို ဗိုလ်ချုပ်အဖြစ် ပိုင်း၍တင်မြှောက်ကြသော်လည်း မင်းထင်မင်းခေါင်က လက်မခံဘဲ သူ၏သင့်ရာတပ်များကိုယူ၍ ခံတပ်တွင်းမှ တိတ်တဆိတ်ထွက်ခွာသွားသည်။ သို့ဖြင့် ခံတပ်တွင်းရှိ ကျန်တပ်များမှာလည်း ဦးစီးကွပ်ကဲသူမရှိတော့သဖြင့် အားလုံးခံတပ်တွင်းမှ ဆုတ်ခွာ၍သွားကြသည်။

ထို့နောက် အင်္ဂလိပ်တပ်များသည် မြန်မာတပ်များစွန့်ပစ်ခဲ့သော ဓနုဖြူခံတပ်ကို ဝင်၍သိမ်းပိုက်လိုက်ကြသည်။ ခံတပ်အတွင်းတွင် မြန်မာတပ်များထားခဲ့သည့် အမြောက်(၁၅၀)နှင့် စိန်ပြောင်း(၂၅၀)ကို တွေ့ကြရသည်။ ဆန်စပါးရိက္ခာများလည်း အပျက်အစီးမရှိဘဲ ခံတပ်တွင်းတွင် ကျန်ရှိခဲ့သည်။ ဒဏ်ရာရရှိ၍ ကျန်ရစ်ခဲ့သူ မြန်မာတပ်သားများကိုစစ်မေးရာ စစ်သူကြီးမဟာဗန္ဓုလ အမှန်တကယ်ပင် ကျဆုံးသွားခဲ့ပြီဖြစ်ကြောင်း ဖြေကြသည်။

ဒဏ်ရာရရှိသူများအနက် အမြောက်ဆံထိ၍ ခြေထောက်များပြတ်နေသော မြန်မာတပ်သားတစ်ဦးက အဖြစ်အပျက်ကို ပြောပြခဲ့သည်မှာ ...

"ကျွန်တော်မှာ မင်းကြီးမဟာဗန္ဓုလ၏အိမ်တော်တွင် အမှုထမ်းရသူဖြစ်သည်။ ကျွန်တော်၏တာဝန်မှာ မင်းကြီးမဟာဗန္ဓုလ၏ အိမ်ဝရံတာတွင် ချိတ်ဆွဲထားသောစည်ကြီးများကို တီးရပါသည်။ ယမန်နေ့ နံနက်(၉)နာရီနှင့် (၁၀)နာရီကြားတွင် မင်းကြီးအတွက် နံနက်စာ ချက်ပြုတ်နေကြပါသည်။ ထိုအချိန်ပိုင်းလောက်

www.burmeseclassic.com



မင်းကြီးသည် ခံတပ်တွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးလေ့ရှိသည့်အတိုင်း သွားရောက်စစ်ဆေးနေပါသည်။ မျှော်စင်သို့ရောက်ရှိသောအခါ မင်းကြီးအတွက်လျာထားသော သလွန်ပေါ်၌ထိုင်ပြီးလျှင်အကြီးအကဲတပ်မှူးများကို အမိန့်ပေးနေပါသည်။ ထိုအချိန်အတွင်းအင်္ဂလိပ်တို့ဘက်မှ ဗုံးပျံများသည် ခံတပ်တွင်းသို့ ကျရောက်စပြုနေပါပြီ၊ ဗုံးပျံတစ်လုံးမှာ မင်းကြီးမဟာဗန္ဓုလ၏အနီး၌ကျ၍ပေါက်ကွဲကာ ဗိုလ်ချုပ်မင်းကြီးအား ထိုနေရာတွင်ပင် ကျဆုံးစေခဲ့ပါသည်။ ထို့နောက် ဗိုလ်ချုပ်မင်းကြီး၏ရုပ်အလောင်းကို ချက်ချင်းပင်သယ်ယူသွား၍ မီးသဂြိုဟ်လိုက်ကြပါသည်'' ဟူ၍ဖြစ်၏။



# နာမည်ကျော်ဝတ်ထီးတန်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

မနုဖြူတွင် စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးနောက် အင်းဝရှိ မြန်မာဘုရင်နှင့် လွှတ်တော်တို့သည် အင်္ဂလိပ်တို့နှင့်စစ်ဖြစ်ရာတွင် ရန်ကုန်နှင့်မနုဖြူတို့တွင် တိုက်ပွဲများရှုံးနိမ့်ခဲ့သော်လည်း အင်္ဂလိပ်တို့မှ တစ်ဖက်သတ်တောင်းဆိုသည့် စည်းကမ်းချက်များကို လိုက်နာပြီး စစ်ပြေငြိမ်းရေးအတွက် စာချုပ်ချုပ်ဆိုရန် စဉ်းစားခြင်း မပြုခဲ့။

ထို့ကြောင့်ပင် ဗိုလ်ချုပ်ကင်းဘဲလ်၏ အင်္ဂလိပ်တပ်များ ပြည်မြို့တွင်တပ်စွဲပြီး အင်းဝကိုချီတက်တိုက်ခိုက်ရေးအတွက် လူ၊ လက်နက်၊ စစ်ပစ္စည်းရိက္ခာများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များ စုဆောင်းဖြည့်တင်းနေကြချိန်တွင် မြန်မာတို့ကလည်း ကျူးကျော်နယ်ချဲ့လာမည့် ရန်သူအင်္ဂလိပ်တို့ကို ချေမှုန်းတိုက်ခိုက်ရန် ကြီးမားသောစစ်ရေးပြင်ဆင်မှုများနှင့် စည်းရုံးလှုပ်ရှားမှုများကို အားတိုက်





ခွန်တိုက် ကြိုးစားလုပ်ဆောင်နေသည်။ ကျူးကျော်သူ နယ်ချဲ့ အင်္ဂလိပ်တို့ကို တိုက်ထုတ်ရန်အတွက် စည်းရုံးမှုများပြုရာတွင် မြန်မာနိုင်ငံအတွင်းမှ တိုင်းရင်းသားလူမျိုးစုများလည်း လက်တွဲ ပါဝင်လာကြသည်။

၁၈၂၅ ခုနှစ်၊ ဖွန်လဆန်းတွင် အင်းဝမှ ဘုရင့်ညီတော် မိုးနဲဗိုလ်မှူး၊ ဒွာရာဝတီမင်းသား သီရိမဟာဓမ္မရာဇာဦးစီးသော မြန်မာတပ်ကြီးသည် ကြည်းကြောင်း၊ ရေကြောင်းနှစ်မျိုးစလုံးကို အသုံးပြုလျက် အောက်မြန်မာပြည်သို့ စုန်ဆင်းလာပြီး၊ ဧရာဝတီ မြစ်ကမ်းအနီးရှိ ဇလွန်မြို့တွင် တပ်စွဲရပ်နားလိုက်သည်။

စစ်ပွဲများပြန်လည်မစတင်မီ အင်္ဂလိပ်နှင့်မြန်မာတို့သည် နှစ်ဖက်တွေ့ဆုံပြီး ညောင်ပင်ဆိပ်ရွာတွင် ဆွေးနွေးကြသော်လည်း အင်္ဂလိပ်တို့၏ မတရားနိုင့်ထက်စီးနင်းတောင်းဆိုမှုများကြောင့် မြန်မာတို့ဘက်မှ လက်မခံနိုင်သဖြင့် စစ်ပြေငြိမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားရသည်။

အင်္ဂလိပ်တို့သည် စစ်ပြေငြိမ်းရေးဆွေးနွေးပွဲ ပျက်သည်နှင့် မြန်မာတပ်များအားတိုက်ခိုက်ရန် ပြင်ဆင်မှုများပြုလုပ်ပြီး ပြည်မြို့ အရှေ့မြောက်ဘက်ရှိ မြန်မာတို့၏ ဝက်ထီးကန်စစ်ဒေသကို တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

ထိုသို့ဆုံးဖြတ်ရခြင်းမှာ မြန်မာတို့၏ဝက်ထီးကန်စစ်ကြောင်းသည် ပြည်မြို့ကို နောက်ပိုင်းမှဝင်၍တိုက်နိုင်ခြင်း၊ အင်္ဂလိပ်တို့၏ ရန်ကုန်နှင့်ဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်နိုင်ခြင်း၊ ပဲခူးနယ်အတွင်းရှိ မြန်မာတပ်များသို့ တပ်ကူများပေးပို့နိုင်ခြင်း စသည့်



www.burmeseclassic.com

www.burmeseclassic.com



အချက်များကြောင့် အဓိကအရေးကြီးဆုံးဖြစ်နေသည့် ဝက်ထီးကန်စစ်ကြောင်းကိုတိုက်ခိုက်ရန် ဆုံးဖြတ်ရခြင်းဖြစ်၏။

ဝက်ထီးကန်စစ်ဒေသတွင် မြန်မာတို့ဘက်မှ ဦးစီးကွပ်ကဲသူမှာ ဗိုလ်ချုပ်မဟာနေမျိုးဖြစ်ပြီး၊ စစ်သည်အင်အား (၁၅၀၀၀) ခန့်ရှိသည်။ ဝက်ထီးကန်သည် ပြည်မြို့အနောက်မြောက်ဘက်(၁၆) မိုင်အကွာတွင်ရှိပြီး၊ ဗိုလ်ချုပ်မဟာနေမျိုး၏တပ်မကြီးတွင် ရှမ်းစော်ဘွားတပ်များပါဝင်၍ ရှမ်းအမျိုးသမီးများဦးဆောင်သည့် တပ်ဖွဲ့များလည်းပါရှိသည်။

အင်္ဂလိပ်တို့၏တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကင်းဘဲလ်သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ မြန်မာတပ်များကိုတိုက်ခိုက်ရန်အတွက် နိုဝင်ဘာလဆန်းမှစ၍ စစ်ရေးအစီအမံများပြုလုပ်သည်။ ထိုစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် တိုက်ရည်ခိုက်ရည် အတွေ့အကြုံရင့်သော ဗိုလ်မှူးကြီးမက်ဒိုဝေါကို တာဝန်ပေးအပ်သည်။

သို့ဖြင့် ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သော တပ်မဟာ(၂)ခုသည် ဝက်ထီးကန်တွင် တပ်စွဲထားသော ဗိုလ်ချုပ်မဟာနေမျိုး၏ တပ်မစစ်ဌာနချုပ်ကို တိုက်ခိုက်ဖြိုဖျက်ရန် နိုဝင်ဘာလ (၁၅)ရက်နေ့တွင် စစ်ကြောင်းသုံးကြောင်းဖွဲ့စည်း၍ ပြည်မြို့မှ ထွက်ခွာလာသည်။

ဗိုလ်မှူးအီဗန်ဦးဆောင်သောစစ်ကြောင်းဖြစ်သည့် အိန္ဒိယတိုင်းရင်းသား အမှတ်(၂၂)ခြေလျင်တပ်ရင်းက ဝက်ထီးကန်ခံတပ်ကို ရှေ့မှတိုက်ခိုက်ရန် ချီတက်သည်။ ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်





သော မဒရပ်တိုင်းရင်းသား တပ်ရင်း(၃)ရင်းက ဝက်ထီးကန်ခံတပ်ကို ဘယ်တောင်ပံနှင့် ခံတပ်နောက်ပိုင်းမှတိုက်ခိုက်ရန်၊ ထိုသို့တိုက်ခိုက်ရာတွင် ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သောစစ်ကြောင်းနှင့် ဗိုလ်မှူးအီဗန်ဦးဆောင်သောစစ်ကြောင်း ပူးပေါင်းညှိနှိုင်းပြီး တစ်ချိန်တည်းတိုက်ခိုက်ရန် ဖြစ်သည်။ ဝက်ထီးကန်တိုက်ပွဲတွင် လိုအပ်လျှင် တပ်ကူပေးရန်အတွက် တပ်ရင်း(၁)ရင်းကိုလည်း ပြည်နှင့် ဝက်ထီးကန်ကြားတစ်နေရာတွင် အရန်အဖြစ် တပ်စွဲထားစေသည်။

ဗိုလ်ချုပ်မဟာနေမျိုးကလည်း ဝက်ထီးကန်ခံတပ်ကို အင်္ဂလိပ်တပ်များ အလုံးအရင်းနှင့်လာရောက်တိုက်ခိုက်ကြမည်ကို ကြိုတင်သတင်းရရှိထားသဖြင့် အင်္ဂလိပ်တို့ကိုတိုက်ရန် အသင့်ပြင်ဆင်ထားသည်။ ထို့ကြောင့်ပင် နဝင်းချောင်းဘက်မှ ဝက်ထီးကန်သို့ ချီတက်လာသော အင်္ဂလိပ်တပ်ဖွဲ့များကို လမ်းခုလတ်မှပင် မြန်မာတပ်အချို့က တိုက်ခိုက်ခဲ့ကြသည်။

ထို့ကြောင့်ပင် ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သော တပ်မသည် မူလစီစဉ်ထားခဲ့သည့်အတိုင်း မြန်မာတို့၏ဝက်ထီးကန်ခံတပ်အား ဗိုလ်မှူးအီဗန်ဦးစီးသောစစ်ကြောင်းနှင့် တစ်ချိန်တည်း ဟန်ချက်ညီညီတိုက်ခိုက်ရန်မှာ မဖြစ်နိုင်တော့။

ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သောတပ်မသည် နိုဝင်ဘာလ (၁၅)ရက်နေ့ ညနေပိုင်းတွင် ဝက်ထီးကန်ခံတပ်ရှိရာသို့ ချီတက်ခဲ့ရာ ပြည်မြို့အရှေ့မြောက်ဘက် (၁၂)မိုင်ခန့်အရောက်တွင် မြန်မာတို့၏ ရှေ့ပြေးကင်းတပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ဂက်ထီးကန်သို့ချီတက်ခဲ့ရာ နိုဝင်ဘာလ(၁၆)ရက်နေ့ နံနက်တွင် ဝေးကွာသောတောတွင်းတစ်နေရာဆီမှ စစ်ခရာသံများကိုကြားရသည်။ ခဏအကြာ စစ်ခရာသံများ ပျောက်သွားသော်လည်း (၁)နာရီကျော်မျှကြာလာချိန်တွင် စစ်ခရာသံများကို ထပ်မံကြားလိုက်ရပြန်ပြီး၊ တစ်ဆက်တည်းပင် တိုက်ပွဲဖြစ်သံ၊ အမြောက်ပစ်သံ၊ သေနတ်ပစ်သံများကို ကြားရသည်။ ထိုအချိန်တွင် ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သောတပ်မမှာ ဂက်ထီးကန်ခံတပ်အနီးသို့ ဝင်ရောက်နိုင်သည့်အနေအထားမရှိသေးဘဲ ဂက်ထီးကန်ခံတပ်နှင့် အလှမ်းကွာဝေးသည့်နေရာတွင်ပင် ရှိနေသည်။

ဗိုလ်မှူးကြီးမက်ဒိုဝေါသည် အမြောက်ပစ်သံ၊ သေနတ်ပစ်သံများကြောင့် မိမိ၏တပ်များနှင့် မြန်မာတပ်များ တိုက်ပွဲဖြစ်နေသည်ကို သိရှိသွားပြီး၊ မိမိ၏တပ်မကို အပြင်းချီတက်သည်။

ဂက်ထီးကန်ခံတပ်ကို ရှေ့မှဝင်ရောက်တိုက်ခိုက်ရန် ချီတက်လာသည့် ဗိုလ်မှူးအီဗန်၏တပ်များသည် နိုဝင်ဘာလ(၁၆)ရက်နေ့ နံနက်(၄)နာရီခန့်တွင် ဂက်ထီးကန်ခံတပ်နှင့် (၂)မိုင်ခန့်ကွာဝေးသောနေရာသို့ ရောက်ရှိလာသည်။ ထိုနေရာတွင် ခေတ္တအနားယူပြီး ဆက်လက်ချီတက်လာရာ ဂက်ထီးကန်ခံတပ်အနီး သေနတ်တစ်ကမ်းအကွာနေရာသို့ရောက်ရှိပြီး၊ နံနက်(၇)နာရီအချိန်ခန့်တွင် ဗိုလ်မှူးအီဗန်သည် ခံတပ်ဘက်မှ သေနတ်သံ၊ အမြောက်ပစ်သံများကို ကြားလိုက်ရသဖြင့် ဗိုလ်မှူးကြီးမက်ဒိုဝေါတပ်များက မြန်မာတို့၏တပ်ကို စတင်တိုက်ခိုက်နေပြီဟု ယူဆလိုက်သည်။





ထို့ပြင် ဗိုလ်မှူးအီဗန်၏တပ်သည် ဂက်ထီးကန်ခံတပ်ကို ရှေ့ဘက်မှဝင်၍ စတင်တိုက်ခိုက်သည်။ မြန်မာတပ်မှလည်း ပြန်လည်တိုက်ခိုက်သည့်အတွက် တိုက်ပွဲမှာ ပြင်းထန်လှကာ သေနတ်သံ၊ အမြောက်သံတို့ဖြင့် ဆူညံနေတော့သည်။ မြန်မာတပ်က ရဲရဲရင့်ရင့် ကြံ့ကြံ့ခံ၍ ခုခံတိုက်ခိုက်ကြသည့်အတွက် ဗိုလ်မှူးအီဗန်၏တပ်မှာ ရှေ့သို့မတိုးနိုင်။ မြန်မာတို့၏ပစ်ကွင်းနယ်မြေသို့ ရောက်နေသဖြင့် မြန်မာတပ်မှပစ်ခတ်သည့် အမြောက်ဒဏ်၊ သေနတ်ဒဏ်များကို အင်္ဂလိပ်တပ် အလူးအလဲခံနေရသည်။

ဤသို့ နှစ်ဖက်အပြင်းအထန်တိုက်ခိုက်နေကြရာ တိုက်ပွဲအချိန်ကြာမြင့်လာသည့်အချိန်တွင် ဗိုလ်မှူးအီဗန်၏တပ်မှာ သေဆုံးသူ၊ ထိခိုက်ဒဏ်ရာရသူ အလွန်များလာသဖြင့် ဆက်လက်မတိုက်နိုင်တော့ဘဲ တပ်ကိုပြန်ဆုတ်ရန် ဆုံးဖြတ်လိုက်ရသည်။

ဗိုလ်မှူးကြီးမက်ဒိုဝေါ၏တပ်မသည်လည်း ဂက်ထီးကန်ခံတပ်အနီးသို့ရောက်လျှင် ဗိုလ်မှူးကြီးမက်ဒိုဝေါက အမှတ်(၂၈)တပ်ရင်းမှ တပ်ခွဲ(၆)တပ်ကို လက်ယာဘက်တောင်ပံဖြန့်၍ ဘေးမှပန်းဝိုက်တိုက်ခိုက်ရန် စေလွှတ်လိုက်သည်။

ပန်းဝိုက်တိုက်ခိုက်ရန်သွားသည့် အင်္ဂလိပ်တပ်သည် ခဏအကြာတွင် မြန်မာတို့၏သေနတ်နှင့် အမြောက်ကိုင်တပ်တစ်တပ်နှင့်တွေ့ဆုံပြီး မြန်မာတပ်၏ သဲသဲမဲမဲပစ်ခတ်ခြင်းကိုခံရသည်။

ထိုသို့ နှစ်ဖက်ပြင်းထန်စွာတိုက်ခိုက်နေစဉ် ရှေ့မှဦးဆောင်တိုက်ခိုက်နေသော အင်္ဂလိပ်တပ်မှ ဗိုလ်ကြီးကျိုင်လ်မှာ ရင်ဘတ်နှင့်လက်တွင် ဒဏ်ရာများရရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးကြီးမက်ဒိုဝေါသည် အမှတ်(၄၃)ခြေလျင်တပ်ရင်းကို ရှေ့သို့တက်၍တိုက်ခိုက်စေရာ မြန်မာတို့ကလည်း ကြံ့ကြံ့ခံကာ ခုခံကြသည်။ ပြင်းပြင်းထန်ထန် ခုခံပစ်ခတ်နေသော မြန်မာတို့၏စခန်းအား အင်္ဂလိပ်တို့၏ ပွဲတိုင်းကျော်ဂရင်းနေဒီးယားတပ်ခွဲကို ရှေ့သို့တင်၍တိုက်စေရာတွင် ဗိုလ်အဲစေးဦးဆောင်သော ဂရင်းနေဒီးယားတပ်ခွဲသည် မြန်မာတပ်အနီးသို့ရောက်သည်နှင့်တစ်ပြိုင်နက် မြန်မာတပ်၏ မိုးသီးမိုးပေါက်ကဲ့သို့ တရကြမ်းပစ်ခတ်ခြင်းကို ခံရပြီး နောက်သို့ပြန်ဆုတ်ရသည်။

ထိုသို့ မြန်မာတပ်၏ ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်မှုကြောင့်ပင် တပ်မကိုဦးဆောင်သော ဗိုလ်မှူးကြီးမက်ဒိုဝေါမှာ ဦးခေါင်းကိုကျည်သင့်၍ နေရာတွင်ပင် ပွဲချင်းပြီးကျဆုံးသွားရသည်။ ဗိုလ်မင်းနင်း၊ ဗိုလ်ရန်ကင်း၊ ဗိုလ်အဲစေးတို့မှာလည်း ဒဏ်ရာများရရှိသွားကြပြီး၊ ဒဏ်ရာရရှိသူများကို ပြန်လည်သယ်ယူစဉ် ဗိုလ်ရန်ကင်းမှာ ရရှိသောဒဏ်ရာဖြင့် ကွယ်လွန်သွားသည်။

အင်္ဂလိပ်တပ်များသည် ထိတ်လန့်စွာဖြင့် ဝက်ထီးကန်မှ ပြန်လည်ဆုတ်ခွာလာရာ (၁၀)မိုင်ခန့်အရောက်တွင် မြန်မာမြင်းတပ်နှင့် ခြေလျင်တပ်များက အင်္ဂလိပ်တပ်များ ဆုတ်ခွာရာလမ်းတစ်ဖက်တစ်ချက်ရှိ သစ်တောများမှနေ၍ လိုက်လံတိုက်ခိုက်သောကြောင့် အင်္ဂလိပ်တပ်သားအများအပြား ကျဆုံးသွားရသည်။ အင်္ဂလိပ်တို့ ခန့်မှန်းချက်အရ ထိုသို့လိုက်လံတိုက်ခိုက်သည့်တပ်များတွင် မြန်မာမြင်းတပ်မှာ အင်အား(၅၀၀)ခန့်ရှိမည်ဟု ဆိုသည်။





အင်္ဂလိပ်တပ်မှာ မြန်မာမြင်းတပ်က အတင်းဖိလိုက်၍ တိုက်ခိုက်ခြင်းကိုခံခဲ့ရ၍ ကျဆုံးသွားသောတပ်သားများ၏အလောင်းများကိုပင် မကောက်ယူနိုင်ခဲ့။ နောက်ဆုံး ပြည်မြို့နှင့် (၉)မိုင်ခန့်အကွာ ချောင်းတစ်ခုသို့ရောက်တော့မှပင် မြန်မာတပ်များ လိုက်လံတိုက်ခိုက်ခြင်းမရှိတော့၍ တပ်ကို ခေတ္တအနားယူရသည်။ ထိုနေရာမှ ဆက်၍ဆုတ်ခွာလာရာ ပြည်မြို့သို့ ည(၇)နာရီခွဲအချိန်တွင် ပြန်လည်ရောက်ရှိသည်။

မြန်မာတပ်ကိုရှုံးနိမ့်၍ ပြန်လည်ဆုတ်ခွာလာခဲ့ရသော ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်ကွပ်ကဲသည့် အင်္ဂလိပ်တပ်များ၏ အဆုံးအရှုံးမှာ ဗိုလ်မှူးကြီးမက်ဒိုဝေါအပါအဝင် ကျဆုံးသူအရာရှိ(၄)ယောက်၊ ကျဆုံးသောတပ်သား (၅၁)ယောက်၊ ဒဏ်ရာရရှိသောအရာရှိနှင့် တပ်သား (၁၂၃)ယောက်၊ ပျောက်ဆုံးသောတပ်သား (၄၂)ယောက် ဖြစ်သဖြင့် ယခုတိုက်ပွဲမှာ အင်္ဂလိပ်တို့အတွက် အထိအနာဆုံးသော တိုက်ပွဲဖြစ်သည်ဟု ဆိုရမည်။ တိုက်ပွဲမှာ အလွန်ပြင်းထန်လှသဖြင့် အင်္ဂလိပ်တို့ဘက်မှ အကျအဆုံးများသလို မြန်မာတို့ဘက်မှလည်း အကျအဆုံး များစွာရှိခဲ့သည်။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မှူးကြီးမက်ဒိုဝေါ ကျဆုံးသွားခဲ့ရသလို မြန်မာတို့ဘက်မှလည်း ခေါင်းဆောင်အကြီးအကဲအချို့ ကျဆုံးခဲ့ရသည်။

ထိုတိုက်ပွဲနှင့်ပတ်သက်၍ အင်္ဂလိပ်တပ်ပေါင်းစုမှူးကြီး ဗိုလ်ချုပ်ကင်းဘဲလ်သည် ၁၈၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့တွင် အင်္ဂလိပ်အစိုးရ၏ နိုင်ငံရေးနှင့်လုံခြုံရေးဌာနအတွင်းဝန် ဂျော့ဆွင်တန်ထံသို့ အစီရင်ခံစာပေးပို့ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအစီရင်ခံစာတွင်ပါသည့် အချက်အချို့မှာ ...

"ကျွန်တော် ယခုကဲ့သို့ စာရေးသားဖော်ပြရခြင်းကို များစွာပင် စိတ်မကောင်းဖြစ်မိပါသည်။ ကျွန်တော့်အတွက် အရေးကြီးသောလုပ်ဆောင်ချက်တစ်ခုကို မျှော်လင့်ရည်မှန်းထားသည့်အတိုင်း ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။ ဝက်ထီးကန်၌ တပ်စွဲလျက်ရှိသော ရန်သူများကို တိုက်ခိုက်ဖြိုဖျက်ရန်အတွက် ဗိုလ်မှူးကြီးမက်ဒိုဝေါဦးဆောင်သော တပ်မဟာ(၂)ခုကို ဝက်ထီးကန်သို့ စေလွှတ်ခဲ့ပါသည်။ တိုက်ပွဲမအောင်မြင်သဖြင့် ကျွန်တော်တို့တပ်များ ဝက်ထီးကန်မှဆုတ်ခွာခဲ့ရပါသည်။ ထိုတိုက်ပွဲတွင် အရည်အသွေးပြည့်ဝ၍ အရာရှိကောင်းတစ်ဦးဖြစ်သော တပ်မဟာမှူးဗိုလ်မှူးကြီးမက်ဒိုဝေါ ကျဆုံးခဲ့ရပြီး ရဲစွမ်းသတ္တိရှိကြသောအရာရှိနှင့် စစ်သည်မြောက်မြားစွာ ကျဆုံးခဲ့ရသဖြင့် ကျွန်တော့်အနေဖြင့် များစွာဝမ်းနည်း စိတ်မကောင်းဖြစ်ရပါသည်"ဟူ၍ဖြစ်၏။

ဝက်ထီးကန်တိုက်ပွဲကား မြန်မာတို့နှင့်တိုက်ခဲ့ရသောတိုက်ပွဲများတွင် အင်္ဂလိပ်တို့ အရှုံးကြီးရှုံး၍ အထိအနာဆုံးဖြစ်ခဲ့ရသောတိုက်ပွဲတစ်ပွဲဖြစ်သည်။

ထိုတိုက်ပွဲနှင့်ပတ်သက်၍ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး (ဒုတိယတွဲ)တွင်လည်း ဤသို့ဖော်ပြခဲ့သည်။

"ပြည်မြို့အထက် ဝက်ထီးကန်တပ်ကို ၁၁၈၇ ခု၊ နတ်တော်လအတွင်း စတင်ချီတက်တိုက်ခိုက်လာသောကြောင့် ဗိုလ်ချုပ်မဟာနေမျိုးနှင့် စော်ဘွားမြို့စားတို့ကလည်း တပ်ပါဗိုလ်ရဲမက်အပေါင်းတို့ကို အပြင်းကွပ်ညှပ်အုပ်ချုပ် ခုခံတိုက်ခိုက်စေရာ ရဲမက်





တော်တို့လည်း မဆုတ်မနစ် ပြောင်း၊ အမြောက်၊ သေနတ်၊ မီးပေါက်မိုးရွာ၏သို့ ပစ်ခတ်တိုက်ခိုက်ကြသည်တွင် အင်္ဂလိပ် ဗိုလ်အကြီးအကဲပြုသူ(၅)ယောက်နှင့် တပ်ပါရဲမက်စစ်သည်အပေါင်းတို့ ပြောင်း၊ အမြောက်၊ သေနတ် ထိခိုက်သေဆုံးကြသည်ကား တံတားခင်း၏သို့ သူကောင်းအထပ်ထပ်ရှိသောဟူ၏။ ထိုအခါ အင်္ဂလိပ်ဗိုလ်၊ ရဲမက်၊ စစ်သည်အပေါင်းတို့သည် တပ်လုံးပျက်ပြား၍ စုရုံးမိသမျှ ဗိုလ်၊ ရဲမက်၊ လက်နက်ကိုင်နှင့် ပြည်မြို့သို့ အပြင်းဆုတ်ခွာထွက်ပြေးကြလေ၏။ အမြောက်ကြီးလုံးရေ (၅)လုံး၊ သေနတ် လက်နက်ရေ(၃၀၀)၊ သံ့ရကုလား(၅၀)ကျော် ရလိုက်သည်များကို ညီတော် ဗိုလ်မှူးမင်းသားထံ ဆက်သရ၏"။

ဟိုရေဟောမင်ဝီလ်ဆင်ကမူ ...

"အင်္ဂလိပ်တို့ ဝက်ထီးကန်တိုက်ပွဲတွင် အကျအဆုံးများစွာနှင့် အရေးနိမ့်ရလောက်အောင် မြန်မာတပ်တို့၏ချေမှုန်းမှုကိုခံရခြင်း၏ အဓိကအကြောင်းမှာ မြန်မာတို့၏တပ်အင်အားနှင့်ပတ်သက်၍ သတင်းမှားရခဲ့သောကြောင့်ဖြစ်သည်"ဟု သူ၏ "မြန်မာစစ်ပွဲ"မှတ်တမ်းတွင် ဖော်ပြခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

# သင်ဘန်းခံတစ်တိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

၁၈၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၆)ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် ဝက်ထီးကန်တိုက်ပွဲတွင် အောင်မြင်မှုမရရှိဘဲ အရှုံးကြီးရှုံးခဲ့ရသဖြင့် အင်္ဂလိပ်တို့သည် တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ ထို့ကြောင့် မြန်မာတို့၏ ဝင်ရောက်စီးနင်းခြင်းမခံရစေရန်အတွက် ပြည်မြို့နှင့်ပတ်ဝန်းကျင်ဒေသများကို အခိုင်အမာပြုကာ မြေကတုတ်များ၊ ခံစစ်ကျင်းများတူးခြင်း၊ မြန်မာတပ်များလာနိုင်သည့် လမ်းကြောင်းများတွင် အမြောက်များချထားခြင်း စသည့် ကာကွယ်ရေးအစီအစဉ်များကို ပြုလုပ်ခဲ့သည်။

အင်္ဂလိပ်တပ်ပေါင်းစုမှူးကြီး ဗိုလ်ချုပ်ကင်းဘဲလ်သည် ခံစစ်အနေအထားကို စနစ်တကျ စီစဉ်ပြုလုပ်နေစဉ်အတွင်း ရန်ကုန်နှင့်လည်း အဆက်အသွယ်မပြတ်တောက်စေရန် ဧရာဝတီမြစ်ကမ်းနှစ်ဖက်လမ်းကြောင်းများတွင် တပ်များကိုစေလွှတ်၍ လှုပ်ရှားနေစေခဲ့သည်။





ဗိုလ်ချုပ်ကင်းဘဲလ်၏ရည်ရွယ်ချက်မှာ ပြည်မြို့ပတ်ဝန်းကျင်ရှိ မြန်မာစစ်ကြောင်းများအား တိုက်ခိုက်ဖြိုခွင်းအနိုင်ယူပြီးနောက် အင်္ဂလိပ်တပ်များကို ဧရာဝတီမြစ်ကြောင်းအတိုင်း မြန်မာဘုရင်နန်းစိုက်ရာ မြို့တော်အင်းဝသို့ ချီတက်ရန်ဖြစ်သည်။

ဗိုလ်ချုပ်ကင်းဘဲလ်သည် မြန်မာတို့နှင့်တိုက်ခိုက်ရန်အတွက် စစ်ရေးပြင်ဆင်မှုများကိုလည်း ပြုလုပ်လျက်ရှိပြီး အင်္ဂလိပ်တပ်ပေါင်းစုအတွက် လိုအပ်သောလူအင်အား၊ လက်နက်နှင့်ရိက္ခာများကို ရန်ကုန်ဒေသမှ သယ်ယူဖြည့်တင်းသည်။

ထို့နောက်မှ ပြည်မြို့စစ်နယ်မြေရှိ မြန်မာတပ်တို့၏ စစ်ကြောင်းများအနက် မိမိတို့အတွက် တိုက်ကွက်အကောင်းဆုံးဟု ယုံကြည်သော စစ်ကြောင်းတစ်ကြောင်းကို ဝင်ရောက်တိုက်ခိုက်ရန် စီစဉ်သည်။ ယင်းသို့စီစဉ်ရာတွင် ဝက်ထီးကန်တိုက်ပွဲတွင် မမျှော်လင့်ဘဲ အရှုံးကြီးရှုံးခဲ့ရပုံမျိုး နောက်တစ်ကြိမ်မဖြစ်ရလေအောင်၊ မိမိတွင်ရှိသမျှသောအင်အားနှင့် လက်နက်ကြီးများကို စနစ်တကျစုစည်းလျက် လျှို့ဝှက်သိပ်သည်းသော စစ်နည်းပရိယာယ်ကို အသုံးပြုသည်။

စစ်တိုက်ခိုက်ရန် ရွေးချယ်ရာတွင်လည်း အင်္ဂလိပ်စစ်တပ်များအတွက် အသင့်တော်ဆုံးဖြစ်သည့် မြေပြင်အခြေအနေနှင့် စစ်ရေးအခွင့်အလမ်းကောင်းမွန်သော မြန်မာတို့၏ သင်ဘန်းခံတပ်ကိုရွေးချယ်၍ စတင်တိုက်ခိုက်ရန် စီစဉ်မှုများပြုလုပ်သည်။

သင်ဘန်းခံတပ်မှာ ဗိုလ်ချုပ်မဟာနေမျိုးဦးစီးသော မြန်မာတပ်၏ လက်ဝဲဘက်စစ်ကြောင်းဖြစ်သည်။ ဗိုလ်ချုပ်မဟာနေမျိုး

www.burmeseclassic.com



ဦးစီးသော လက်ဝဲဘက်စစ်ကြောင်းဖြစ်သည့် သင်ဘန်းခံတပ်ကို တိုက်ခိုက်ချေမှုန်းနိုင်လျှင် ဝက်ထီးကန်တိုက်ပွဲတွင် ရှုံးခဲ့ရသည့် အရှုံးအတွက် ပြန်လည်လက်စားချေနိုင်သည့်အောင်ပွဲဖြစ်မည်ဟု ဗိုလ်ချုပ်ကင်းဘဲလ်က ယူဆသည်။

သို့ဖြင့် ၁၈၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့တွင် ဗိုလ်ချုပ်ကင်းဘဲလ်ဦးဆောင်သော အင်္ဂလိပ်တပ်များသည် နဝင်းချောင်းဘေးရှိ သင်ဘန်းခံတပ်သို့ စစ်ကြောင်းကြီး(၂)ကြောင်းခွဲ၍ ချီတက်သည်။ ပထမစစ်ကြောင်းကို ဗိုလ်မှူးချုပ်ကော်တွန်ဦးစီး၍ တပ်မတစ်ခုဖြင့် သင်ဘန်းရွာအရှေ့ဘက်သို့ ချီစေသည်။ ဗိုလ်မှူးချုပ်ကော်တွန်၏တပ်မတာဝန်မှာ သင်ဘန်းခံတပ်ကို ရှေ့တည့်တည့်မှ ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်သည်။

ဒုတိယစစ်ကြောင်းကို တပ်ပေါင်းစုမှူး ဗိုလ်ချုပ်ကင်းဘဲလ်ကိုယ်တိုင်ဦးဆောင်ကာ နဝင်းချောင်းကိုဖြတ်ကျော်ပြီး နဝင်းချောင်း၏လက်ယာဘက်မှ သင်ဘန်းခံတပ်နောက်ပိုင်းကို ဝင်ရောက်တိုက်ခိုက်ရန် ချီတက်သည်။ အင်္ဂလိပ်တို့၏ စစ်ကြောင်းနှစ်ကြောင်းသည် မြန်မာတို့၏သင်ဘန်းခံတပ်ကို ရှေ့ဘက်နှင့်နောက်ဘက်တို့မှ တစ်ပြိုင်တည်း တစ်ချိန်တည်း တိုက်ခိုက်ရန်ရည်ရွယ်သည်။

ဗိုလ်မှူးချုပ်ကော်တွန် ဦးဆောင်ချီတက်လာသောတပ်သည် သင်ဘန်းစခန်း၏ရှေ့ပြေးခံတပ်စခန်းတစ်ခုဖြစ်သော လင်းပင်ခံတပ်ငယ်သို့ရောက်လျှင် လင်းပင်ခံတပ်ငယ်ကိုတိုက်ခိုက်ရာ တစ်ဖက်နှင့်တစ်ဖက် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားပြီး (၁၀)မိနစ်မျှအကြာတွင် မြန်မာတပ်သားများ ခံတပ်ကိုစွန့်ခွာသွားကြသည်။





သင်ဘန်းစခန်းရှေ့သို့ရောက်လျှင် ဗိုလ်မှူးချုပ်ကော်တွန်၏ စစ်ကြောင်းမှ ဒုဗိုလ်မှူးကြီးဂေါ်ဒွင်ဦးစီးသည့်တပ်များက သင်ဘန်းစခန်းကို စတင်တိုက်ခိုက်သည်။ ခံတပ်နံရံများကိုလည်း အမြောက်ကြီးများဖြင့် ပြင်းထန်စွာပစ်ခတ်သည်။

ဗိုလ်မှူးချုပ်ကော်တွန်၏တပ်များ သင်ဘန်းခံတပ်၏ရှေ့ဘက်မှ ပစ်ခတ်တိုက်ခိုက်နေသောအချိန်တွင် ဗိုလ်ချုပ်ကင်းဘဲလ်၏တပ်များမှာ သင်ဘန်းခံတပ်၏နောက်ဘက်သို့ ရောက်ရှိနေပြီဖြစ်ရာ ခံတပ်ရှေ့ဘက်မှ ပစ်သံခတ်သံများကို ကြားရသည်နှင့် ဗိုလ်ချုပ်ကင်းဘဲလ်၏တပ်များကလည်း သင်ဘန်းခံတပ်၏အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်လျက် အမြောက်များနှင့်လည်း ပြင်းထန်စွာပစ်ခတ်သည်။

သင်ဘန်းခံတပ်အတွင်းရှိ မြန်မာတပ်ကလည်း ဗိုလ်ချုပ်မဟာနေမျိုးကိုယ်တိုင်ဦးစီးလျက် ခံတပ်အားတိုက်ခိုက်လာသော အင်္ဂလိပ်တပ်များကို ဖွဲနဘဲကြီးစွာဖြင့် ရဲရဲဝံ့ဝံ့အသေခံကာ ပြန်လည်တိုက်ခိုက်သည်။ တိုက်ပွဲမှာ အလွန်ပြင်းထန်သဖြင့် နှစ်ဖက်စလုံး အကျအဆုံးများရသည်။

ခံတပ်အတွင်းရှိ မြန်မာတပ်သားများက အမြောက်များ၊ စိန်ပြောင်းများ၊ သေနတ်၊ ဒူးလေးများ၊ တုတ်၊ ဓားများဖြင့် သဲသဲမဲမဲ ခုခံတိုက်ခိုက်ကြသဖြင့် သင်ဘန်းခံတပ်ပတ်ဝန်းကျင်တစ်ခုလုံး ကမ္ဘာပျက်သကဲ့သို့ အမြောက်သံ၊ လူသံ၊ မြင်းသံ၊ ဆင်သံများဖြင့် ဆူညံလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်တို့က ရှေ့ဘက်နှင့်နောက်ဘက်ညှပ်၍ ခံတပ်အား အမြောက်များဖြင့်ပစ်ခတ်ခြင်းကြောင့် ခံတပ်နံရံများ ပြိုကျကျိုးပေါက်ကုန်သည်။ ထိုကျိုးပေါက်သွားသောနေရာများမှ အင်္ဂလိပ်တပ်က ခံတပ်အတွင်းသို့ ဝင်ရောက်သည်။

တိုက်ပွဲချိန်(၁)နာရီခန့်ကြာလာသည်အထိ အင်္ဂလိပ်နှင့်မြန်မာတို့သည် ဤတိုက်ပွဲ၌ မည်သည့်ဘက်မှအနိုင်ရမည်ဟု ခန့်မှန်း၍ မရနိုင်သေး။ မြန်မာတပ်မှ ဗိုလ်ချုပ်မဟာနေမျိုးသည် ယခင်တိုက်ပွဲ၌ ပေါင်တွင်ဒဏ်ရာရရှိထားသည့်အတွက် ကိုယ်တိုင်လမ်းမလျှောက်နိုင်ဘဲ ထမ်းစင်ကိုစီး၍သွားလာကာ ဦးစီးကွပ်ကဲနေရသည်။

ထမ်းစင်ပေါ်မှ ခံတပ်တစ်နေရာနှင့်တစ်နေရာသို့ သွားလာရင်း လက်မှဓားကိုကိုင်ကာ မိမိလက်အောက်ငယ်သားများကို ညွှန်ကြားလျက်ရှိသည်။ ဗိုလ်ချုပ်မဟာနေမျိုး၏အနီးတစ်ဝိုက်တွင် အင်္ဂလိပ်တို့ဘက်မှပစ်ခတ်နေသည့် အမြောက်နှင့်သေနတ်ကျည်ဆန်များ မိုးသီးမိုးပေါက်ပမာ ကျရောက်နေသော်လည်း ဗိုလ်ချုပ်မဟာနေမျိုးသည် ခေါင်းဆောင်ကောင်းပီသစွာ နည်းနည်းမျှဂရုမပြု။ မိမိ၏စစ်သည်တို့အား တစ်လက်မမျှနောက်မဆုတ်ဘဲ အသက်စွန့်တိုက်ပွဲဝင်ကြရန် ဇာတိသွေးဇာတိမာန်အပြည့်ဖြင့် အမိန့်ပေးညွှန်ကြားနေသည်။

တိုက်ပွဲများဖြစ်ပြီး (၂)နာရီခန့်ကြာလာသောအချိန်တွင် အင်္ဂလိပ်တို့၏ မြေကတုတ်ဖြို ခံတပ်ဖျက်အမြောက်များ၏ အဆက်မပြတ် ထိမှန်ခြင်းခံရသဖြင့် ခံတပ်၏နံရံများ၊ ကတုတ်များ ပြိုကျ





လာသည်။ ခံတပ်အတွင်းပိုင်းသို့ အဆက်မပြတ်ကျရောက်လျက်ရှိသော အမြောက်ဆံများပေါက်ကွဲသဖြင့် ခံတပ်တွင်းရှိ မြန်မာစစ်သည်များ ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ များလာသည်။ ခံတပ်တွင်းရှိ စစ်တန်းလျားများနှင့် အဆောက်အဦများမှာလည်း မီးလောင်လျက်ရှိသည်။

ခံတပ်တွင်းရှိ စစ်တန်းလျားများ၊ အဆောက်အဦများ မီးလောင်လျက် အမြောက်ဆံ၊ ဗုံးဆံများ အဆက်မပြတ်ပေါက်ကွဲလျက်ရှိသဖြင့် ဆင်များ၊ မြင်းများ၊ စစ်သည်များ ဦးတည်ရာရှောင်ကြရာ ခံစစ်အနေအထား အစီအမံများ ယိမ်းယိုင်ကာ ဖရိုဖရဲဖြစ်လာသည်။ အချိန်ကြာလာသည်နှင့်အမျှ မြန်မာတပ်မှကျဆုံးသူများကလည်း အလွန်များလာသည်။

ဗိုလ်ချုပ်မဟာနေမျိုးသည် ဤတိုက်ပွဲတွင် မိမိတို့ရှုံးနိမ့်ပြီဆိုသည်ကိုသိသော်လည်း ကိုယ်လွတ်ရုန်းရှောင်တိမ်းထွက်ခွာသွားခြင်းမရှိဘဲ ခံတပ်ထိပ်မှတိုက်ခိုက်ရင်း အသက်စွန့်အသေခံသွားသည်။

ဗိုလ်မှူးစနော့ဂရပ်(စ်)က သူ၏ "မြန်မာစစ်ပွဲ"စာအုပ်တွင် မြန်မာတပ်၏ခေါင်းဆောင် ဗိုလ်ချုပ်မဟာနေမျိုးနှင့်ပတ်သက်၍ ဤသို့ရေးသားဖော်ပြခဲ့သည်။

"သင်ဘန်းခံတပ်တိုက်ပွဲတွင် ဗိုလ်ချုပ်မဟာနေမျိုးသည် သူ၏စစ်သည်များအား ခံတပ်မှဆုတ်ခွာခြင်း၊ နောက်ဆုတ်ခြင်းမပြုဘဲ ရန်သူအား ကြံ့ကြံ့ခံတိုက်ခိုက်ရန် ဆော်ဩတိုက်တွန်းရင်း ရဲရင့်စွာကျဆုံးခဲ့သည်။ သူ၏သစ္စာရှိသော စစ်လက်ထောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဗိုလ်ချုပ်မဟာနေမျိုးအလောင်းအား သယ်ဆောင်သွားနေစဉ် ကျည်သင့်၍ကျဆုံးခဲ့ပြန်သည်။ သင်ဘန်းခံတပ်အား အင်္ဂလိပ်တို့ သိမ်းယူပြီးသောအချိန်တွင် ဗိုလ်ချုပ်မဟာနေမျိုး၏အလောင်းအား သူကိုင်ဆောင်သောဓားလွတ်၊ သူ၏ဝန်ကြီးအဆင့် ရွှေစလွယ်ကြိုး နှင့် စစ်ဗိုလ်ချုပ်တစ်ဦး၏ မြင့်မားသောစစ်ဘက်ဆိုင်ရာ အဆောင် အယောင်များကို အခြားကျဆုံးသူများအကြား၌ ထင်ရှားစွာတွေ့ရှိ ရသည်''။

ထို့ပြင် ဗိုလ်မှူးစနော့ဂရပ်(စ်)က သင်ဘန်းခံတပ်တိုက်ပွဲ အဖြစ်အပျက်များ၊ မြင်ကွင်းများနှင့်ပတ်သက်၍လည်း သူ၏စာအုပ် တွင် ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ခဲ့သည်။

''ဗိုလ်ချုပ်မဟာနေမျိုး၏တပ်များသည် နဝင်းချောင်းဘေး တွင်ရှိသော သင်ဘန်းနှင့်ကြာလုပ်ရွာကြားရှိ တောအုပ်များတွင် တပ်စွဲ၍ထားသည်။ ဗိုလ်ချုပ်မဟာနေမျိုး၏စခန်းတည်ရှိရာမှာ ပြည် မြို့မှ တစ်မနက်ခရီးအကွာတွင်ရှိပြီး၊ တောအုပ်များက မြန်မာတို့၏ တပ်စခန်းကို ဖုံးကွယ်ထားသည်။

တပ်တစ်ခုနှင့်တစ်ခု အဆက်အသွယ်လုပ်ထားပြီး သတိ၊ ဝီရိယကြီးစွာဖြင့် စောင့်ကြပ်လျက်ရှိသည်။ ဗိုလ်ချုပ်မဟာနေမျိုး ဦးစီးသော ရောဝတီမြစ်အရှေ့ဘက်ကမ်း နဝင်းချောင်းပတ်ဝန်းကျင် ဒေသရှိ စစ်သည်အင်အား (၁၅၀၀၀)ခန့်အနက် သင်ဘန်းခံတပ် အတွင်း၌ စစ်သည်အင်အား (၈၀၀၀)ခန့်ရှိသည်။ ယင်းစစ်သည် များမှာ ရှမ်းစစ်သည်များဖြစ်ကြသည်။ ရှမ်းစစ်သည်များမှာ စိတ်ပိုင်း ဖြတ်ချက်နှင့် ရဲရဲရင့်ရင့် တက်တက်ကြွကြွ တိုက်ခိုက်ကြသည်။





ရှမ်းစော်ဘွားများ၊ မင်းသားငယ်များသာမက ရှမ်းအမျိုးသမီး ဗိုလ်မှူး(၃)ဦးလည်း ပါရှိလေသည်။

စစ်မှုထမ်းသက်ဝါရင့်သော တပ်မှူးမှာ လမ်းမလျှောက် နိုင်၍ ထမ်းစင်ဖြင့် တစ်နေရာမှတစ်နေရာသို့သွားကာ တိုက်ပွဲကို ဦးဆောင်ကွပ်ကဲလျက်ရှိသဖြင့် ရှမ်းစစ်သည်များမှာ စိတ်ဓာတ် တက်ကြွလျက်ရှိကြသည်။ သတ္တိပြောင်မြောက်စွာ အားပေးလျက် ရှိသော ရှမ်းအမျိုးသမီး ဗိုလ်မှူး(၃)ယောက်တို့ကြောင့်လည်း အားတက်ကာ ရန်သူကို သဲသဲမဲမဲ ခုခံကြသည်။

သင်ဘန်းခံတပ်အတွင်း၌ စစ်သည်တော်များ၊ လက်နက် များ၊ အဆောက်အဦများဖြင့် ပြည့်လျက်ရှိသည်။ ခိုင်မာတောင့်တင်း သောခံတပ်အတွင်း မြင်းသံ၊ လူသံတို့က ဖုံးလွှမ်းလျက်ရှိသည်။ နောက်မဆုတ်စတမ်း ရဲရဲဝံ့ဝံ့ခုခံလျက်ရှိသော စစ်သည်တော်တို့က ခံတပ်အတွင်းသို့ဝင်ရောက်လာသော ရန်သူများကို အသေခံ တိုက်ခိုက်လျက်ရှိကြသည်။ အထူးသဖြင့် အသက်အရွယ်ကြီးရင့် နေပြီဖြစ်သော ရှမ်းစော်ဘွားကြီးများကလည်း ၎င်းတို့၏ရန်သူများ ကို ဓားလွတ်ကိုင်ကာ ခုခံတိုက်ခိုက်ရင်း အသေခံသွားကြသည်မှာ မြင့်မြတ်သောစံနမူနာပင်ဖြစ်သည်''။

သင်ဘန်းခံတပ်မှ ရှမ်းမြန်မာစစ်သည်တို့ ဆုတ်ခွာလာ ကာ နဝင်းချောင်းကိုဖြတ်ကူးကြသည်တွင် ဗိုလ်ချုပ်ကင်းဘဲလ်၏ စစ်ကြောင်းမှ အမြောက်များက လူအုပ်အတွင်းသို့ ဆက်တိုက် ပစ်ရာ ဆုတ်ခွာလာသည့် ရှမ်းမြန်မာစစ်သည်တို့ကလည်း ပါလာ သည့်လက်နက်များဖြင့် ပြန်လည်ပစ်ခတ်ကြသည်။ ဤသည်ကို



www.burmeseclassic.com

www.burmeseclassic.com



စစ်သမိုင်းပြုစုသူ ဗိုလ်မှူးစနေ့ဂရပ်(စ်)က သူမြင်ခဲ့ရသည့်မြင်ကွင်းအတိုင်း သူ၏ "မြန်မာပြည်စစ်ပွဲ"စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

"မြန်မာတပ်မတော်၏ ရှမ်းအမျိုးသမီးစစ်ဗိုလ်များအနက်မှ တစ်ယောက်သောရှမ်းအမျိုးသမီးစစ်ဗိုလ်ကလေးသည် သင်ဘန်းခံတပ်ကြီးအတွင်းမှ ကြွင်းကျန်သောစစ်သည်တော်များကို ဦးဆောင်ကာ မြင်းစီးလျက်ဆုတ်ခွာလာသည်ကို တွေ့မြင်ရကြောင်း၊ ထိုသို့မြင်းစီးလျက်ဆုတ်ခွာလာရင်း ချောင်းတစ်ခုကိုဖြတ်ကူးကြောင်း၊ ထိုချောင်း၏အခြားတစ်ဖက်တွင် အကာအကွယ်ရနိုင်သော တောအုပ်,တောတန်းများရှိကြောင်း၊ ချောင်းကိုဖြတ်ကူးစဉ် တစ်ဖက်ကမ်းသို့မရောက်နိုင်မီ ထိုအမျိုးသမီးစစ်ဗိုလ်၏ဦးခေါင်းထက်တွင် အင်္ဂလိပ်တို့ပစ်လိုက်သော ကျည်ဆန်တစ်ခု ရုတ်တရက်ပေါက်ကွဲကြောင်း၊ ထို့ကြောင့် ထိုအမျိုးသမီးစစ်ဗိုလ်ကလေးသည် မြင်းပေါ်မှ ရေထဲသို့ ထိုးကျသွားသည်ကို မြင်တွေ့ရကြောင်း". ဟူ၍ဖြစ်၏။

အင်္ဂလိပ်မြန်မာစစ်ပွဲအတွင်း အင်္ဂလိပ်တို့နှင့်တိုက်ခဲ့ရသည့် ဤသင်ဘန်းခံတပ်တိုက်ပွဲတွင် မြန်မာတို့ဘက်မှ ဗိုလ်ချုပ်မဟာနေမျိုး မောက်မယ်စော်ဘွားနှင့် ရှမ်းအမျိုးသမီးစစ်ဗိုလ်များအပါအဝင် စစ်သည်ပေါင်း(၃၀၀)ကျော် မိမိနိုင်ငံအတွက် အသက်ပေးလှူခဲ့ကြရသည်။




# မင်းတုန်း ကနောင်နှင့်
# မြင်ကွန်းမြင်းခုံတိုင်အရေးတော်ပုံ

www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်း



ကနောင်မင်းသား

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွန်းမင်းသား

မြန်မာ့သမိုင်းတွင်ထင်ရှားသည့် ရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသဂ်ဳယနာတင် မင်းတုန်းမင်း။

ထိုမင်းကား မင်းကောင်းမင်းမြတ်ဖြစ်သည်။ ပြည်သူအများကို ရင်ဝယ်သားကဲ့သို့ သနားချစ်ခင်တော်မူပြီး မင်းကျင့်တရား (၁၀)ပါးနှင့်အညီ အုပ်ချုပ်တော်မူသည့်မင်းဖြစ်သည်။

မင်းတုန်းမင်းကို ၁၈၁၄ ခုနှစ်တွင် ဖွားမြင်တော်မူပြီး၊ ညီတော်မှာ အရည်အချင်းပြည့်ဝသည့် ကနောင်မင်းသားဖြစ်၏။ မင်းတုန်းမင်းမတိုင်မီ နောင်တော်ပုဂံမင်း နန်းတက်ခဲ့ပြီး၊ ထိုမင်းကား အပျော်အပါးကို လွန်စွာလိုက်စားသည့် မင်းညံ့တစ်ဦးဖြစ်ကာ၊ အပျော်အပါးတို့ဖြင့်သာ အချိန်ကုန်ခဲ့သည်။ နိုင်ငံအုပ်ချုပ်ရေးကို စိတ်မဝင်စား။ ထို့ကြောင့်ပင် အာဏာကိုအလွဲသုံးစားလုပ်လိုကြသည့် ဝန်ကြီးမှူးမတ်တို့က နိုင်ငံအုပ်ချုပ်ရေးကိုကိုင်ကာ အာဏာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ထင်တိုင်းကျင့်ခဲ့ကြသည်။ နိုင်ငံတော်အတွင်း၌ မတရားမှုများ များပြားလာသည့်အတွက် ပြည်သူပြည်သားတို့ မကျေမနပ်ဖြစ်ကြကာ မင်းတုန်းမင်းသားကိုသာ အားထားမျှော်လင့်လာကြသည်။

မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့၏ခမည်းတော်မှာ သာယာဝတီမင်းဖြစ်ပြီး၊ မယ်တော်မှာ တောင်ဆောင်တော်မိဖုရားဖြစ်၏။ မင်းတုန်းမင်းသားသည် ညီတော်ကနောင်မင်းသား၏ အကူအညီဖြင့် နောင်တော်ပုဂံမင်းကိုနန်းချ၍ မင်းဖြစ်လာသော အခါ နိုင်ငံတော်အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဘာသာသာသနာရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ စစ်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့သည့် နယ်ချဲ့အင်္ဂလိပ်နှင့်လည်း အဆင်ပြေအောင် လိမ္မာပါးနပ်စွာဖြင့် ဆက်ဆံခဲ့သည်။

ညီတော်ကနောင်မင်းသားကို အိမ်ရှေ့အရာနှင်းခဲ့သဖြင့်လည်း အလွန်အားထားခဲ့ရသလို၊ ကနောင်မင်းသားကလည်း နိုင်ငံတော် ခေတ်မီတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ဆောင်ရွက်ခဲ့သည်။

ကနောင်မင်းသားသည် ဘင်္ဂလား၊ ပြင်သစ် စသောနိုင်ငံများသို့ အင်္ဂလိပ်၊ ပြင်သစ်စာပေနှင့် စက်မှုလက်မှုပညာများသင်ယူရန် ပညာတော်သင်များ စေလွှတ်ခဲ့သည်။ နိုင်ငံတော် ခေတ်မီတိုးတက်လာစေရန်အတွက် ယောအတွင်းဝန်ဦးဖိုးလှိုင်နှင့် အရည်အချင်းရှိသူများ၏ အကြံဉာဏ်နှင့် အကူအညီများကိုယူကာ စီမံကိန်းချလျက် ဆောင်ရွက်သည်။ ရတနာပုံနေပြည်တော်၌ ခေတ်မီလက်နက်စက်ရုံကို တည်ဆောက်ခဲ့ရာ အနောက်ပြင်၌ အမြောက်





လက်နက်စက်ရုံကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့သည်။ ထိုစက်ရုံမှ ယမ်းထိုးအမြောက်အမျိုးမျိုးနှင့်အတူ ရေမြှုပ်ဗုံးကိုလည်း ထုတ်လုပ်နိုင်ခဲ့သည်။

မင်းတုန်းမင်းက အားကိုးယုံကြည်တော်မူသဖြင့် အမှုထမ်းတို့ကို သစ္စာတော်ပေးရာတွင် . . .

"ငါ့အမှုတော်ကို အစွမ်းရှိသည့်အလျောက်ထမ်း၊ ငါ့အမှုတော်ကလွဲလျှင် အိမ်ရှေ့မင်းအမှုတော်ကိုထမ်း"ဟုပင် ကနောင်မင်းသားကို သစ္စာစောင့်သိကြရန် မိန့်တော်မူခဲ့သည်။

မိမိ၏သားတော်များကိုလည်း ကနောင်မင်းသားထံတွင် အပ်နှံကာ ကနောင်မင်းသား၏သွန်သင်ဆုံးမမှုကို နာယူစေသည်။ မင်းသားအချို့မှာ အိမ်ရှေ့စံ၏ကွပ်ကဲမှုအောက်တွင် နေရသည်ကို မကျေနပ်ကြ။ ပို၍မကျေနပ်ဖြစ်ရသည်က ထိုမင်းသားတို့ စားကြရသည့်မြို့ရွာများသို့ သွားရောက်ခွင့်နှင့် နေထိုင်ခွင့်မပေးသောကြောင့်ဖြစ်သည်။ ထိုသို့သွားရောက်ခွင့်၊ နေထိုင်ခွင့်မပေးခြင်းမှာ မင်းသားများ အဝေးရောက်လျှင် ပုန်ကန်ကြမည်ကို ကနောင်မင်းသားက စိုးရိမ်၍ဖြစ်သည်။

ဤမင်းသားများတွင် အိမ်ရှေ့စံကနောင်မင်းသားကို မကျေနပ်ဆုံးမင်းသားက မြင်ကွန်းမင်းသားဖြစ်သည်။ မြင်ကွန်းမင်းသားသည် စရိုက်ကြမ်းတမ်းသည်။ ခမည်းတော်မင်းတုန်းမင်းက ဦးရီးတော်ကနောင်မင်းသားကို အလွန်အားကိုးကာ လုပ်ပိုင်ခွင့်များအပ်နှင်းထားသည်ကို မကျေနပ်။ ထို့ကြောင့် ပုန်ကန်ရန်ကို အမြဲကြံစည်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းတုန်းမင်းက မိဖုရားများသလို၊ သားတော်သမီးတော်တွေကလည်း များသည်။ သို့များသည့်အတွက် အဓိကမှာ ထီးနန်းဆက်ခံရေးပြဿနာပင်ဖြစ်သည်။

မြင်ကွန်းမင်းသားက ဦးရီးတော်ကနောင်မင်းသား ထီးနန်းဆက်ခံသွားမှာကိုလည်း မလိုလား၊ ခမည်းတော်မင်းတုန်းမင်း၏ သားတော်များကသာလျှင် ဘုရင်ဖြစ်ရမည်ဟု ယုံကြည်နေသူဖြစ်သည်။

မြင်ကွန်းမင်းသားကို မင်းတုန်းမင်း၏မိဖုရားတစ်ပါးဖြစ်သည့် တောင်ရွှေရေးမိဖုရားမှ ဖွားမြင်ခဲ့ပြီး၊ ညီတော်မှာ မြင်းခုံတိုင်မင်းသားဖြစ်ကာ၊ ကြင်ယာတော်မှာ ဦးရီးတော်ကနောင်မင်းသား၏ သမီးတော် တောင်ညိုမင်းသမီးဖြစ်သည်။

မြင်ကွန်းမင်းသားသည် ဦးရီးတော်ကနောင်မင်းသားကို လုပ်ကြံရန် ကြံစည်လာကာ ဗေဒင်အတွက်အချက်နှင့် အခါပေးကောင်းသည့် ဦးပုညထံတွင် အခါတောင်းသည်။

ဤမင်းသားက ပင်ကိုစရိုက်ကြမ်းသူဖြစ်သဖြင့် မိမိဦးရီးတော်ကိုသာမဟုတ်၊ ဖြစ်နိုင်က ခမည်းတော်မင်းတုန်းမင်းကိုပါ သတ်ကာ နန်းရသည်အထိ အကြံအစည်က ကြီးမားလွန်းသည်။ ဦးပုညကလည်း ပဒေသရာဇ်ခေတ်ဖြစ်သည့်အတိုင်း နီးရာဓားကို ကြောက်ရသူမို့ မြင်ကွန်းမင်းသားအလိုရှိသည့်အတိုင်း အိမ်ရှေ့စံကနောင်မင်းသားကိုလုပ်ကြံရန် အခါကောင်း၊ နေ့ကောင်းရက်ကောင်းကို ဗေဒင်ပညာဖြင့် တွက်ချက်ပေးခဲ့သည်။

ထိုနေ့က ၁၈၆၆ ခု၊ ဩဂုတ်လ(၂)ရက်နေ့။





မင်းတုန်းမင်းက မဟာလောကမာရဇိန်ဘုရား၌ ပါဠိပိဋကတ်တော်ကို ကျောက်ထက်အက္ခရာတင်ရန်ကိစ္စရှိ၍ ဝန်ကြီးအချို့နှင့်အတူ နန်းမြေဘုံသာစံနန်းတော်သို့ ရောက်နေသည်။

ကနောင်မင်းသားကမူ ယာယီလွှတ်တော်အနီး၌ရှိသည့် တဲကြီးအတွင်း၌ မြဲတောင်ဝန်ကြီးဦးမှုံ၊ ပုခန်းဝန်ကြီးဦးရန်ဝေးတို့နှင့်အတူ သဿမေဓကိစ္စတို့ကို တိုင်ပင်ဆွေးနွေးနေသည်။

ထိုအချိန်တွင် စံနန်းတော်ဝင်းနှင့်ကပ်လျက်ရှိနေသည့် မြင်ကွန်းမင်းသား၏ဝင်းထဲတွင် မြင်ကွန်းမင်းသား၏ နောက်လိုက် (၅၀)ခန့်တို့သည် အရက်သောက်ရင်း အချိန်ကိုစောင့်နေကြသည်။ မှန်းတည့်သည်နှင့် စီစဉ်ထားကြသည့်အတိုင်း တောင်ပြင်ပေါက်ကုန်းဘက်မှ မီးရှို့၍အချက်ပေးသည်။ ထို့နောက် မြင်ကွန်းနှင့်မြင်းခုံတိုင်မင်းသားတို့သည် နောက်လိုက်များနှင့်အတူ စံနန်းတော်တွင်းသို့ ပြေးဝင်ကြသည်။ မင်းသားညီနောင်တို့က ညီနောင်နှစ်ပါး ခိုက်ရန်ဖြစ်သည့်ဟန် ပရိယာယ်ဆင်၍ ဝင်ကြခြင်းဖြစ်သည်။

မြင်းခုံတိုင်မင်းသားက ရှေ့မှပြေးပြီး၊ မြင်ကွန်းမင်းသားက နောက်မှလိုက်ဟန်ပြုကာ မြင်းခုံတိုင်မင်းသားနှုတ်မှလည်း "ကယ်တော်မူပါဘုရား"ဟု အော်လာသည်။ မြင်းခုံတိုင်မင်းသားပြေးသည့်နောက်မှ မြင်ကွန်းမင်းသားနှင့် သူ့နောက်လိုက်တို့က ဓားကိုယ်စီကိုင်၍ ပြေးလိုက်လာကြသည်။

တကယ်တန်း၌ နန်းတော်ဝင်းအတွင်းတွင် ဘုရင့်လက်သုံးတော်များမှလွဲ၍ မည်သူမျှဓားကိုင်၍ဝင်ခွင့်မရှိ။ ယခုမူ မြင်ကွန်းညီနောင်နှင့် မြင်ကွန်းနောက်လိုက်တွေက နန်းတော်ဝင်းအတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ဓားတွေကိုယ်စီကိုင်၍ ပြေးဝင်လာကြရာ ဤမြင်ကွင်းကို ပထမဆုံး တွေ့လိုက်ရသူက မြတောင်ဝန်ကြီးဦးမှံ ဖြစ်သည်။ ဦးမှံက ကံဆိုးသည်။ ဦးမှံ အထိတ်တလန့်ဖြစ်ကာ ပြေးဝင်လာသူတို့ကို မေးမြန်းမည်အပြု မြင်ကွန်းနောက်လိုက်တစ်ဦး၏ဓားချက်ထိကာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

ထိုစဉ် ကနောင်မင်းသား ရောက်လာပြန်သဖြင့် ဖိနပ်တော်သားဦးကရင်က "ရန်သူတော်တွေပါဘုရား" ဟုအော်လိုက်ရာ မြင်ကွန်းတို့ကိုမြင်လိုက်ရသော ကနောင်မင်းသားသည် လှွတ်တော်ပေါ်သို့ ပြေးတက်လေသည်။ သို့ရာတွင် လွှတ်တော်လှေကားအတက်တွင်ပင် မြင်ကွန်းတပည့် မောင်ဖြူသီးမှိလာ၍ ကနောင်မင်းသား၏ခြေသလုံးကို ဓားဖြင့်ခုတ်လိုက်သည်။ ကနောင်မင်းသား လဲကျသွားသည်တွင် မြင်းခုံတိုင်မင်းသားရောက်လာပြီး ကနောင်မင်းသား၏ခေါင်းကိုဖြတ်လိုက်ကာ "အောင်တော်မူပြီ" ဟုအော်ရင်း နောင်တော်မြင်ကွန်းမင်းသားထံ ပြေးသည်။

လောင်းရှည်ဝန်ကြီးဦးမောင်ကလေးနှင့် မှူးမတ်အချို့ ဓားချက်များထိကာ ဒဏ်ရာရရှိကြပြီး၊ ပုခန်းဝန်ကြီးဦးရန်ဝေးနှင့် ပုပ္ပါးဝန်ထောက်ဦးမှံတို့မှာမူ လွတ်မြောက်သွားကြသည်။ မလွန်မင်းသား၊ ပြင်စည်မင်းသား၊ စကုမင်းသားတို့ကိုမူ အိမ်ရှေ့ကိုယ်တော်ကြီး၏အမိန့်ဟုဆို၍ လိမ်ခေါ်ကာ သတ်ပစ်လိုက်ကြသည်။

သူပုန်များသည် စံနန်းတော်ကိုတိုက်ကြရာ အရှေ့ဝင်းမှူးတောင်ထားဝယ်ဗိုလ်နှင့် ကင်းဝန်တို့က ဦးဆောင်ပြီးခုခံကြသည်။ သို့သော် အင်အားချင်းမမျှသဖြင့် အားလုံးအသတ်ခံကြရသည်။





စံနန်းတော်အတွင်းရှိ ပွဲတော်ဆောင်တွင်ရှိနေသော မင်းတုန်းမင်းမှာ မက္ကရာမင်းသားနှင့်အတူ နောက်ပါတို့နှင့် ဝင်းပြင်သို့ထွက်နိုင်ခဲ့သည်။

ဝင်းပြင်အရောက်တွင်မူ မင်းတုန်းမင်းရင်ဆိုင်တွေ့လိုက်ရသည်က မင်းတုန်းမင်းကိုသတ်ရန် တာဝန်ပေးခြင်းခံထားရသော ရွှေဓားစွဲဗိုလ် မောင်ပိုက်ကြီးဖြစ်သည်။ မောင်ပိုက်ကြီးကို မင်းတုန်းမင်းက သိသည်။

မောင်ပိုက်ကြီးကိုတွေ့လိုက်သည်နှင့် ...

"ဟဲ့ ... ငပိုက်ကြီး၊ ငါ့ကိုပို့စမ်း"

ဟုအမိန့်ပေးလိုက်ရာ မောင်ပိုက်ကြီးမှာ မင်းတုန်းမင်း၏အမိန့်ကို မလွန်ဆန်နိုင်။ မင်းတုန်းမင်းကို ချီပိုးပို့သည်။ ထို့နောက် မင်းတုန်းမင်းနှင့်နောက်ပါတို့သည် နန်းတော်ဘက်သို့ အမြန်သွားကြသည်။ လမ်းတွင် အနောက်ဝန်ဦးတက်တူ၏မြင်းကိုတွေ့သဖြင့် ထိုမြင်းပေါ်သို့ မင်းတုန်းမင်းပြောင်းစီးကာ ဆက်၍သွားရာ မြို့တော်မြောက်မျက်နှာ မင်းဦးတံခါးမှ နန်းတော်တွင်းသို့ အန္တရာယ်ကင်းစွာဖြင့် ဝင်ရောက်နိုင်ခဲ့သည်။

မြင်ကွန်းညီနောင်နှင့် နောက်လိုက်သူပုန်များသည် စံနန်းတော်၌ မင်းတုန်းမင်းကိုမတွေ့ရသဖြင့် ဦးထိပ်တံခါးမှ အတွင်းမြို့သို့ ဝင်ကြသည်။ ထို့နောက် ရွှေတော်ယူတံခါးမှ သစ်တပ်အတွင်းသို့ဝင်ရန် ကြိုးစားကြသည်။ ရွှေတော်ယူတံခါးမှ နတ်ရှင်ရွှေသေနတ်ဗိုလ် မခုခံနိုင်သဖြင့် ရွှေတော်ယူတံခါးပေါက်ကာ လွှတ်တော်ကိုစီးမိသွားကြပြီး၊ လွှတ်တော်၌ရှိနေသော ဝန်ကြီးဦးကြာညို



www.burmeseclassic.com

www.burmeseclassic.com



မကွေးမြို့စားဝန်ကြီး သတိုးမင်းကြီးမဟာသီဟသူနှင့် ဝန်ကြီးအချို့ကို ဖမ်းဆီးလိုက်ကြသည်။ သူပုန်တို့သည် လွှတ်တော်ကို သိမ်းနိုင်ပြီးနောက် တံခါးနီကိုသိမ်းရန် ကြိုးစားကြပြန်သည်။ သို့သော် တံခါးနီကိုမူ မသိမ်းနိုင်ကြ။ ထိုတံခါးနီရှိတပ်ကို ဦးစီးနေသူက မကွရာမင်းသားဖြစ်သည်။ တံခါးနီကိုမသိမ်းနိုင်သဖြင့် မြင့်ကွန်းမင်းသားအကြံထုတ်ပြီး ခမည်းတော်မင်းတုန်းမင်းထံ စာတစ်စောင်ရေးပို့သည်။

စာပါအကြောင်းအရာကား ...

"သားတော်တို့ဘုန်းလက်ရုံးစွမ်းပကားဖြင့် ဘထွေးတော်အိမ်ရှေ့မင်းနှင့် စစ်မှူး၊ တပ်မှူးတို့ကို အောင်မြင်ပါပြီ၊ ယခုခမည်းတော်ထံမှသဘောထားကို သိလိုပါသည်၊ ခမည်းတော်ဘုရား အမိန့်တော်မြွက် ချမှတ်တော်မူပါတော့"ဟူ၍ဖြစ်၏။

မြင့်ကွန်းမင်းသားက ခမည်းတော်မင်းတုန်းမင်း အညံ့ခံမခံ သဘောထားကိုသိလို၍ မေးသည့်စာဖြစ်သည်။ သို့သော် မင်းတုန်းမင်းထံမှ တုံ့ပြန်လာသည့်စာကမူ ...

"ငါ့ကိုရန်မပြုနဲ့"ဟူ၍ဖြစ်သည်။

ထိုစဉ် မြောက်ထားဝယ်ဗိုလ်ငမောဦးစီးသည့် အိမ်ရှေ့စံကနောင်မင်း၏တပ်ကလည်း အင်အား(၁၅၀)ခန့်ဖြင့် နန်းမြို့တော်လက်ဝဲတံခါးမှ ဝင်လာကြကာ သေနတ်ဗိုလ်မဟာမင်းလှမင်းခေါင်၏တပ်သား(၃၀)တို့နှင့်ပေါင်းပြီး လွှတ်တော်လှေကားတွင် တာဝန်ကျနေသော မြင့်ကွန်းမင်းသား၏လက်ရုံးတစ်ဦးဖြစ်သည့် ဖော်ဂျီဗိုလ်တပ်ကို တိုက်သည်။ ဖော်ဂျီဗိုလ်တပ် မခံနိုင်၊ ဆုတ်ရသည်။





ကနောင်မင်း၏တပ်တို့ ဆက်လက်ချီရာ မြင့်ကွန်းမင်းသားတပ်နှင့် တံခါးနီတွင် တွေ့ကြသည်။

မြင့်ကွန်းမင်းသားတပ်မှာ မကွရာမင်းသားဦးစီးသည့်တပ်နှင့် တိုက်နေရာတွင်လည်း နိုင်အောင်တိုက်နိုင်ခြင်းမရှိ။ အချိန်ကလည်း နေဝင်တော့မည်။ ယခုတစ်ဖန် နောက်မှနေ၍ ကနောင်မင်းတပ်က တိုက်လာပြန်ရာ စစ်မျက်နှာနှစ်ဖက်ရင်ဆိုင်ရကာ အခြေအနေမကောင်းတော့ဘဲ ဆုတ်ရတော့သည်။ သို့သော် အလွယ်နှင့်အလျှော့မပေးကြသေး။ ညဥ့်အချိန်တွင် အနောက်တံခါးမှ ဝင်လာကြပြန်သည်။ သို့သော် သူပုန်တပ်တို့ အင်အားမရှိတော့။ စုမိသွားပြီဖြစ်သော မင်းတုန်းမင်း၏တပ်များလက်ချက်ဖြင့် သူပုန်တို့ အကျအဆုံးများရကာ မြင့်ကွန်းညီနောင်တို့ အနောက်မျက်နှာမြစ်ဆိပ်သို့ ပြေးကြရသည်။ မြစ်ဆိပ်သို့ရောက်လျှင် မြစ်ဆိပ်တွင်ရှိသည့် မင်းတုန်းမင်း၏ ရေနန်းစကြာမီးသင်္ဘောကိုသိမ်းကာ မလွန်အထိ စုန်ပြေးကြသည်။

သို့ဖြင့် မြင့်ကွန်းမြင်းခုံတိုင်ညီနောင်တို့၏ ပုန်ကန်မှုမှာ အရေးနိမ့်ခဲ့ရပြီး၊ ထိုပုန်ကန်မှုတွင် မင်းတုန်းမင်းအလွန်အားကိုးအားထားပြုခဲ့ရသည့် ညီတော်အိမ်ရှေ့စံကနောင်မင်းသားမှာလည်း ကျဆုံးသွားခဲ့ရသည်။ ကနောင်မင်းသားမှာ အတွေ့အကြုံရင့်ကျက်သည့်အပြင် အရည်အချင်းပြည့်ဝသဖြင့် မင်းတုန်းမင်းအတွက်သာမက နိုင်ငံတော်၏နိုင်ငံရေး၊ စစ်ရေး၊ ခေတ်မီတိုးတက်ရေးအတွက်လည်း ဤမင်းသား ကျဆုံးသွားရခြင်းကြောင့် အလွန်နစ်နာခဲ့ရသည်ဟု ဆိုရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# ရတနာပုံရှင်းတစ်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူမရှင်



ကင်းဝန်မင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



တိုင်တားမင်းကြီး



သီဟပါမင်းနှင့်ဝုဝုရားလှတ်

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းမကျန်းမာနေချိန်တွင် ဖြစ်သည်။ အတိအကျ ရေးလျှင် ၁၂၄၀ ခုနှစ်၊ ဝါခေါင်လမှ တော်သလင်းလအတွင်းဟု ဆိုရလိမ့်မည်။ မင်းတုန်းမင်း၏ကျန်းမာရေးက တစ်နေ့ထက်တစ်နေ့ ယိုယွင်းလာသည်။ နိုင်ငံအုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စတွေကို မင်းတုန်းမင်း ဦးဆောင်မှုမပြုနိုင်တော့၊ သလွန်တော်ပေါ်တွင်သာ လဲလျောင်းစံနေတော်မူရကာ သမားတော်ကြီးများနှင့် ဆေးဝါးကုသမှုခံနေရသည်။

ထိုသို့ရှိစဉ် နန်းရဆောင်မိဖုရားကြီးများထဲတွင် အလယ်နန်းမိဖုရားဖြစ်သည့် ဆင်ဖြူမရှင်က မိဖုရားခေါင်ကြီး၏အခွင့်အရေးကိုရရှိကာ ရွှေနန်းတော်ကြီးတစ်ခုလုံးကို ဩဇာညောင်းလျက်ရှိနေသည်။ နိုင်ငံအုပ်ချုပ်ရေးပိုင်းဆိုင်ရာကိစ္စများကိုလည်း ဆင်ဖြူမရှင်နှင့် လွှတ်တော်ဝန်ကြီးများတိုင်ပင်ကာ ဦးဆောင်နေကြရသည်။





ဆင်ဖြူမရှင်မှာ ဘကြီးတော်မင်းတရားနှင့် နန်းမတော်မယ်နုတို့မှ ဖွားမြင်လာသည့် သမီးတော်ဖြစ်ကာ မယ်တော်နန်းမတော်မယ်နုကဲ့သို့ပင် စိတ်မာန်ခက်ထန်ကာ ထက်လည်းထက်မြက်သည်။ မိဖုရားခေါင်ကြီးနေရာကိုမျှော်မှန်းကာ ရည်ရွယ်ချက်လည်း အလွန်ကြီးမားသည်။ ကင်းဝန်မင်းကြီးဦးကောင်း၊ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်၊ တိုင်တားမင်းကြီးဦးဖိုးနှင့် လွှတ်တော်ဝန်ကြီးများ၊ အတွင်းဝန်များအပေါ်တွင် ဩဇာရှိသည်။

မင်းတုန်းမင်း၏ကျန်းမာရေးမှာ တစ်နေ့တခြား ဆိုးသထက်ဆိုးဝါးလာသည်။ သမားတော်ကြီးများက ကြိုးစား၍ကုသကြပါသော်လည်း ထူးခြားမှုက ရှိမလာခဲ့၊ ထိုအခါ ဆင်ဖြူမရှင်သည် မင်းတုန်းမင်း နတ်ရွာစံတော်မူလျှင် မင်းတုန်းမင်းနေရာကို နန်းမွေဆက်ခံနိုင်မည့် မင်းသားတစ်ပါးကို စဉ်းစားလာသည်။ မင်းတုန်းမင်းမှာကလည်း နန်းမွေဆက်ခံနိုင်မည့်မင်းသားများက မနည်း၊ မင်းသားများကလည်း ထိုနေရာကို မျှော်မှန်းနေကြသည်။

ဆင်ဖြူမရှင်က အကြံကြီးသည်။ မင်းတုန်းမင်းနန်းမွေဆက်ခံမည့်မင်းသားကိုရွေးရာတွင် မိမိအလိုကျ မိမိဩဇာညောင်းနိုင်မည့် မင်းသားတစ်ပါးပါးကိုသာ နန်းတင်လိုသည်။ ညောင်ရမ်းမင်းသား၊ ညောင်အုပ်မင်းသား၊ မက္ခရာမင်းသား၊ သုံးဆယ်မင်းသားတို့လို မင်းသားများကို နန်းတင်မည်ဆိုလျှင် ဖြစ်မည်မဟုတ်။ ထိုမင်းသားများက ထက်ထက်မြက်မြက်ရှိကြသည်။ အရည်အချင်းကလည်း ကိုယ်စီရှိကြသည်။ မိမိတို့ လိုလားယုံကြည်သူများ မဟုတ်ကြသလို မိမိဩဇာကို ခံကြမည့်သူများလည်း မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



နန်းမွေအဖြစ်ဆက်ခံရန် ဆင်ဖြူမရှင်မြင်ထားသည်က လောင်းရှည်မိဖုရား၏သားတော် သီပေါမင်းသား။ သီပေါမင်းသားကား အေးလည်းအေးသည်။ စိတ်သဘောထားလည်း နူးညံ့သည်။ ဘာသာတရားကိုလည်း ကိုင်းရှိုင်းသည်။ ပညာရေးတွင်လည်း ထူးချွန်သဖြင့် မင်းတုန်းမင်း၏အချစ်ဆုံးသားတော်တစ်ပါးလည်း ဖြစ်သည်။ သီပေါမင်းသားကား မိမိ၏သမီးတော်အလတ်ဖြစ်သည့် မြတောင်မင်းသမီးစုဖုရားလတ်နှင့်လည်း ချစ်ကျွမ်းဝင်နေသည်။ သီပေါမင်းသားသာ နန်းရခဲ့ပါက မိမိရော၊ မိမိဝန်ကြီးများပါ နိုင်ငံတော်အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို ဦးဆောင်ချုပ်ကိုင်နိုင်လိမ့်မည်ဟု ရှုမြင်သည်။

ထို့ကြောင့် မင်းတုန်းမင်းနတ်ရွာစံတော်မူခဲ့က နန်းမွေဆက်ခံမည့် မင်းသားအရေးနှင့်ပတ်သက်၍ ကင်းဝန်မင်းကြီးဦးကောင်း၊ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်၊ တိုင်တားမင်းကြီးဦးဖိုးတို့နှင့် လျှို့ဝှက်တိုင်ပင်သည်။

ဆင်ဖြူမရှင်က ထီးနန်းထုံးစံအတိုင်း ခမည်းတော်နတ်ရွာစံလျှင် အိမ်ရှေ့စံက ထီးမွေနန်းမွေကို ဆက်ခံကြရမြဲ ထုံးတမ်းစဉ်လာရှိခဲ့သော်လည်း ယခု ရွှေနန်းရှင်ဘုရားမှာ ညီတော်အိမ်ရှေ့မင်း (ကနောင်မင်းသားကြီး) မြင်ကွန်းစားလက်ချက်ဖြင့် ကံတော်ကုန်ပြီးကတည်းက ယနေ့တိုင်အောင် အိမ်ရှေ့အရိုက်အရာကို နှင်းအပ်ခန့်ထားခြင်းမရှိသေးသဖြင့် နိုင်ငံတော်၏အနာဂတ်အတွက် အခက်အခဲကြီးတစ်ခုကို ရင်ဆိုင်နေရကြရပြီဖြစ်ကြောင်း စတင်မိန့်ဆိုသည်။





ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်က ယခုအတိုင်းသာ ဘဝရှင်မင်းတရားကြီး နတ်ရွာစံသွားခဲ့လျှင် မတင်မကျဖြစ်နေသော ထီးမွေနန်းမွေကို သားတော်တွေက လက်ရုံးအားကိုးဖြင့် စစ်ထိုးပြီး အချင်းချင်းလုနေမည်ဆိုပါက တစ်နိုင်ငံလုံး စစ်တလင်းဖြစ်ကုန်မည်ဖြစ်ကြောင်း၊ အိမ်ရှေ့အရိုက်အရာ နှင်းအပ်တော်မူပါဟူ၍ မင်းတရားကြီးထံ အမိန့်တော်ခံရမည်ကလည်း မကျန်းမာတော်မူနေစဉ် အခိုက်အတန့်မှာ မသင့်လျော်နိုင်အောင်ဖြစ်နေပါကြောင်း တင်ပြသည်။

ဤတွင် ဆင်ဖြူမရှင်က ဝန်ကြီးများအား ပြတ်ပြတ်သားသား မိန့်ကြားသည်။

"ယခုကိစ္စကို ခက်ခဲသည်ဆိုပြီး ညည်းညူနေကြလျှင်လည်း ကိစ္စက ပြီးနိုင်မည်မဟုတ်။ အရေးကြုံလာပြီဖြစ်သည့်အတွက် နိုင်ငံတော်အရေးကိုကြည့်လျက် ရဲရဲရင့်ရင့်၊ ပြတ်ပြတ်သားသား ဆောင်ရွက်ရန်ကိုသာ စဉ်းစားသင့်ကြသည်။ သို့မဟုတ်ပါက နိုင်ငံတော်တစ်ဝှမ်းလုံး မီးဟုန်းဟုန်းတောက်ပြီး စစ်တလင်းကြီးဖြစ်တော့မည်မှာ မလွဲကေန်ဖြစ်သည်"

တိုင်တားမင်းကြီးဦးဖိုးကလည်း ...

"မှန်ပေသည်။ ဆင်ဖြူမရှင် မိန့်တော်မူသည့်အတိုင်း မီးကို မလောင်မီတားနိုင်ရန်က အရေးကြီးလှသည်။ သို့ကြောင့် ဘဝရှင်မင်းတရားကြီး သက်တော်ထင်ရှားရှိနေစဉ်တွင် အိမ်ရှေ့အရာဆက်ခံထိုက်သူ မင်းသားတစ်ပါးကို အလျင်အမြန်ရွေးချယ်၍ အိမ်ရှေ့နှင်းကြမှ သင့်တော်လိမ့်မည်"ဟု တင်ပြဆွေးနွေးလာသည်။

ကင်းဝန်မင်းကြီးဦးကောင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဘဝရှင်ဘုရား မကျန်းမာတော်မူခိုက်တွင် အိမ်ရှေ့နှင်းရမည့်သားတော်ကို ညွှန်ကြားတော်မူပါဆိုသောစကားကို ဦးစွာလျှောက်ထား သံတော်ဦးတင်သင့်ပါသည်"ဟု ဆွေးနွေးရာ ...

"ယခုလောက် အချိန်နှောင်းနေပြီဖြစ်လို့ ဝေဒနာခံစားနေရရှာသူ မင်းတရားကြီးအား လျှောက်ထားတောင်းပန်နေလို့တော့ဖြင့် မဖြစ်တော့ဘူး၊ ကျွန်မတို့၊ မင်းကြီးတို့ကသာ သင့်လျော်မည့်မင်းသားတစ်ပါးပါးကို ရွေးချယ်လို့ အိမ်ရှေ့အရာကို ဆောင်နှင်းလိုက်ကြပါစို့"ဟု ပြတ်ပြတ်သားသား စကားကိုမိန့်ဆိုလိုက်သည်။

ထိုအခါ ရွှေပြည်ဝန်ကြီးဦးဖိုးလှိုင်က ...

"ခေါင်ဘုရားမိန့်တော်မူချက်မှာ သင့်မြတ်လှပါသည်။ သို့သော်လည်း မင်းသားတစ်ပါးပါးကို ရွေးချယ်၍ ရရှိကြသည့်တိုင်ကိစ္စက ပြီးမည်မဟုတ်ပါ။ ကျန်မင်းသားများက မကျေမနပ်ဖြစ်လျက် ဆူပူမှုပြုကြလိမ့်မည်ကို ကျွန်တော်မျိုးမြင်ပါသည်"ဟု လျှောက်တင်လေရာ ထိုအရေးကို ကြိုတင်စဉ်းစားထားပြီးဖြစ်သည့် ဆင်ဖြူမရှင်က ...

"သင်းတို့တွေ ရုတ်တရက် ထပြီးမဆူကြရအောင် မည်သို့ပြုရမည်ကိုသည်း နားထောင်ကြပါ။ သည်သားတော်၊ တူတော်များကို ခမည်းတော်ဘုရားအမိန့်နှင့် ဝေဒနာတော်ပြုစုကြရန်ဟု အကြောင်းပြကာ ခေါ်မည်။ အဆောင်တော်အတွင်း သူတို့စုရုံးမိသောအခါကျမှ အမှတ်မထင် တပ်နှင့် ဝိုင်းဝန်းဖမ်းဆီးပြီး ခေတ္တအကျယ်ချုပ်သဘော ချုပ်ထားလိုက်ပါက၊ လောင်တော့မည့်ဆဲဆဲမီးတောက်များကို စုစည်းထိမ်းသိမ်း ကာကွယ်ထားလိုက်ပါက





သင့်တင့်လျောက်ပတ်ပေလိမ့်မည်။ သည့်နောက်မှ ရွှေနန်းရှင်ဘုရားနှစ်သက်တော်မူရာ သားတော်ကိုဖြစ်စေ၊ ကျွန်မတို့၊ မင်းကြီးတို့သဘောကျ စိတ်တိုင်းကျရွေးချယ်ထားသော သားတော်တစ်ပါးပါးကိုဖြစ်စေ အိမ်ရှေ့အရာအပ်နှင်းလိုက်ခြင်းဖြင့် အခက်အခဲတွေကလွတ်မြောက်ချောမောသွားမှာဖြစ်သည်"ဟု မိန့်ကြားသည်။

ကင်းဝန်မင်းကြီးဦးကောင်းကမူ ဆင်ဖြူမရှင်မိန့်ကြားချက်ကို စဉ်းစားသည်။ သည့်နောက် ...

"ဆန်စဉ်ရာ ကျည်ပွေ့မလိုက်ရဘဲ ဆူပူမည့်သူတွေကိုတစ်စုတစ်ရုံးတည်း ဦးမိအောင်ဖမ်းဆီး၍ ခေတ္တခဏ အကျယ်ချုပ်ထားသည့်နည်းမှာ အခိုက်အတန့်အခြေအနေအရ သင့်လျော်ပါသည်။ သို့သော် နောင်အေးချမ်းရမည့်အချိန်မှာ သူတို့၏ရန်လက်စမသိမ်းပါက ငြိမ်းချမ်းရေးရမည်မထင်ပါ"ဟု လျှောက်ထားသည်။

ဆင်ဖြူမရှင်က ...

"သည်အခါမျိုးမှာလည်း အရောက်အရောက်ဖြစ်စေရမည်၊ ယခုအချိန်တွင် အရေးကြီးသည်ကိုသာ ဦးစွာပြီးစီးအောင် ဆောင်ရွက်ကြရမည်၊ နောင်အခါဖြစ်မည့်ကိစ္စကိုလည်း အချိန်အခါက ဆုံးဖြတ်လိမ့်မည်၊ မင်းကြီးတို့အနေနှင့် ယခုပြုသင့်သည့်ကိစ္စကို လက်နှေးမနေကြစေချင်ပါ။ ဆိုင်းဆိုင်းငံ့ငံ့နှင့် စဉ်းစားနေကြဦးမည်ဆိုလျှင် မင်းသားတွေအများအပြားကို စုစုစည်းစည်းဖမ်းမိရေးမှာခက်လိမ့်မည်"ဟု မိန့်တော်မူလိုက်ကာ လျှို့ဝှက်တိုင်ပင်မှုကို အဆုံးသတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်မူ ရွှေနန်းတော်မှ အခေါ်တော်ဝန်များသည် မင်းသားများအိမ်တော်သို့ သွားရောက်ကြကာ ခမည်းတော်ဘုရားက ဝေဒနာသက်သာလာရန် သားတော်များကို တွေ့တော်မူလိုသဖြင့် အခေါ်တော်စေလွှတ်ကြောင်း တင်လျှောက်ကြသည်။ မင်းသားများမှာလည်း ခမည်းတော်အပါးတွင် ဝင်ရောက်ပြုစုလိုသူများဖြစ်ကြရာ အခြေအရံအနည်းငယ်သာခေါ်ပြီး အခေါ်တော်ဝန်များနှင့် လိုက်ပါသွားကြသည်။ သို့သော် ခမည်းတော်လဲလျောင်းနေတော်မူရာ နန်းဆောင်တော်ကြီးသို့မရောက်မီတွင်ပင် မင်းသားများမှာ နန်းတွင်းစောင့်တပ်၏ ဖမ်းဆီးခြင်းကို ခံလိုက်ကြရသည်။

ထိုမင်းသားများမှာ မက္ခရာမင်းသား၊ သုံးဆယ်မင်းသား၊ ငရန်းမင်းသား၊ မိုင်းရင်းမင်းသား၊ ပင်လယ်မင်းသား၊ ရနောင်မင်းသား၊ မိုင်းတုန်မင်းသား၊ ရွှေဂူမင်းသား၊ တောင်ညိုမင်းသား၊ မိုးလှိုင်မင်းသား၊ ကသာမင်းသား၊ သီပေါမင်းသား၊ သာဂရမင်းသား၊ ဝန်းသိုမင်းသား၊ မိုင်းပျဉ်းမင်းသား၊ အိမ်ရှေ့မင်း၏သားတော် ထန်းတပင်မင်းသားနှင့် မလွန်မင်းသားတို့ ဖြစ်ကြသည်။

ယင်းမင်းသားများကို ဖမ်းမိလိုက်ကြသော်လည်း လွတ်မြောက်သွားကြသော မင်းသားနှစ်ပါးကား ရှိ၏။ ထိုမင်းသားနှစ်ပါးမှာ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ ဖြစ်ကြသည်။ လွတ်မြောက်သွားရခြင်းမှာ ထိုမင်းသားနှစ်ပါး၏မယ်တော်ဖြစ်သည့် မြောက်ရွှေရေးမိဖုရားက ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ၏ လျှို့ဝှက်အကြံအစည်ကို သိရှိသွားခဲ့၍ဖြစ်သည်။ မယ်တော်ဖြစ်သည့် မြောက်ရွှေရေးမိဖုရားက သားတော်များကို သတိပေးလိုက်သည့်အတွက်





မင်းသားနှစ်ပါးမှာ အခေါ်တော်ရှိရာသို့ မသွားရောက်ကြဘဲ ရှောင်တိမ်းနေကြသဖြင့် လွတ်မြောက်သွားခဲ့ကြခြင်းဟု ဆိုရမည်။

မင်းသားများကို ဖမ်းဆီးလိုက်သောနေ့ရက်မှာ (၁၂၄၀) ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၈)ရက်နေ့တွင် ဖြစ်သည်။ ထိုသို့မင်းသားများကို ဖမ်းဆီးမိပြီးနောက် ဆင်ဖြူမရှင်သည် ဝန်ကြီးများနှင့် အရေးပေါ်အစည်းအဝေး ပြုလုပ်သည်။ ၎င်းအစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြသော ဝန်ကြီးများမှာ ကင်းဝန်မင်းကြီး၊ ရွှေပြည်မင်းကြီး၊ တိုင်တားမင်းကြီး၊ တောင်ခွင်မင်းကြီး၊ ခမ်းပတ်မင်းကြီးနှင့် ရေနံချောင်းမင်းကြီးတို့ ဖြစ်ကြသည်။

ဆွေးနွေးကြသည့်ကိစ္စမှာ ဖမ်းမိထားသောမင်းသားများကို လုံခြုံသည့်နေရာတွင် ထိန်းသိမ်းထားရေးနှင့် ဖမ်းဆီးရာ၌ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားတို့ ပါမလာသည့်အရေးဖြစ်သည်။ ညောင်ရမ်းမင်းသားနှင့် ညောင်အုပ်မင်းသားညီနောင်တို့ ထွက်ပြေးသွားကြပြီး အင်္ဂလိပ်သံအရာရှိဝင်းထဲသို့ ခိုဝင်သွားကြကြောင်းကိုလည်း သိရှိသွားကြသည်။

တိုင်တားမင်းကြီးမှာ မင်းသားနှစ်ပါးအား အင်္ဂလိပ်သံအရာရှိက လက်ခံထားသည်ကို မခံမရပ်နိုင်ဖြစ်ကာ ...

"သည်မင်းသားတွေကို ခုချက်ချင်း သံဝင်းထဲ လိုက်၍ဖမ်းရမည်။ မဖမ်းကြသေးဘူးလား"ဟုမေးရာ ခမ်းပတ်မင်းကြီးက

"သံဝင်းသို့ လိုက်၍ဖမ်းသည်။ မင်းသားနှစ်ပါးကို ထုတ်ပေးရန် ကျုပ်တို့ တောင်းသည်။ သို့သော် သံအရာရှိက သူတို့ကို အားကိုး၍ဝင်လာကြသူများဖြစ်သည့်အတွက် မင်းသားများကို ထုတ်မပေးနိုင်ကြောင်း ပြောသည်"ဟု ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တိုင်တားမင်းကြီးက ...

"အင်္ဂလိပ်သံဟာ သံပီပီမနေ၊ သူတစ်ပါးနိုင်ငံကိုစွက်ဝင်စွက်သည်။ ဤမြေမှာ အင်္ဂလိပ်ပိုင်မဟုတ်၊ မြန်မာ့မြေဖြစ်သည်။ သူတို့က ယခုလိုဝင်ရှုပ်လာလျှင် မြန်မာ့ပိုင်နက်ထဲမှ ခေါင်းမပါဘဲပြန်သွားအောင်လုပ်မှသင့်မည်"ဟု ဆိုသည်။

ကင်းဝန်မင်းကြီးကမူ ...

"ကျုပ်တို့က ဒေါသကိုရှေ့ထားခဲ့ပါက မှားလိမ့်မည်။ ယခုအခါ သူတို့က ကျုပ်တို့ထက် လက်နက်အားက အဆမတန်သာလွန်နေသည့်အတွက် ကျုပ်တို့က သူတို့အား အလိမ္မာနှင့်ပေါင်းသင်း ဆက်ဆံနေရသည်ကို သတိပြုသင့်သည်"ဟု ရှေ့နောက်ဆင်ခြင်နှိုင်းချိန်၍ဆိုရာ တိုင်တားမင်းကြီးက ...

"ကျုပ်တို့မှာ တစ်ဆိတ်ရှိလျှင် လက်နက်နဲ့ချည်း ခြိမ်းခြောက်ခံနေရသည်။ စိတ်ပျက်စရာ"ဟု မကျေမနပ်ဆိုလိုက်သည်။

ဆင်ဖြူမရှင်က ...

"ထိုကိစ္စကို ထားကြပါဦး။ ယခုအရေးကြီးနေသည်က ဖမ်းမိထားတဲ့မင်းသားများကို ယခုအတိုင်း အဆောင်ထဲ၌ ထား၍မဖြစ်၊ သည့်ထက်ပို၍ လုံခြုံစိတ်ချရမည့် ကြေးတိုက်တော် (မင်းဆွေမင်းမျိုးချုပ်သည့် အချုပ်ဆောင်)သို့ အမြန်ပို့ကြရန်သာ အရေးကြီးသည်"ဟု ဆိုလိုက်ကာ ဝန်ကြီးများ၏သဘောတူညီမှုကို ရယူပြီး ဖမ်းမိသည့်မင်းသားအားလုံးကို နေ့ချင်းပင် ကြေးတိုက်တော်သို့ ထည့်စေသည်။





ထိုနေ့ညဦးအချိန်တွင်မူ အိမ်ရှေ့မင်းသားတစ်ပါး အပ်နှင်းရေးနှင့်ပတ်သက်၍ မှန်နန်းစနှဆောင်တွင် ဆင်ဖြူမရှင်နှင့် ဝန်ကြီးများ စည်းဝေးတိုင်ပင်ကြသည်။ ဆင်ဖြူမရှင်က ...

"ရှိသမျှမင်းသားတွေထဲက မည်သည့်မင်းသားကို အိမ်ရှေ့နှင်းရန်သင့်မည်ထင်ကြောင်းကို မင်းကြီးတို့စိတ်ထဲရှိသမျှ တင်ပြကြပါ"ဟု မိန့်ဆိုရာ ကင်းဝန်မင်းကြီးက ...

"အကယ်၍ မင်းသားတစ်ပါးပါးကို ရွေးချယ်ကြသောအခါတွင် မည်သူ၏အမိန့်နှင့် အိမ်ရှေ့နှင်းလျှင် သင့်မည်ဆိုသည်ကိုလည်း စဉ်းစားကြစေလိုသည်"ဟု တင်ပြသည်။

ဆင်ဖြူမရှင်က ...

"သည်အရေး မပူပါနှင့်၊ အိမ်ရှေ့လွှဲအပ်ရမည့်မင်းသားကိုသာ ဦးစွာရွေးကြပါဦး၊ မင်းကြီးတို့လွှတ်တော်ကလည်း အိမ်ရှေ့မမြှောက်ရပါ။ ရွှေနန်းရှင်ဘုရားအမိန့်တော်နှင့်သာ အိမ်ရှေ့အရိုက်အရာကို လွှဲအပ်ကြရမည်ဖြစ်ပါသည်"ဟု စကားကိုဖြတ်သည်။

ကင်းဝန်မင်းကြီးက ...

"ရွေးကြမည်ဆိုပါက သားတော်ကြီးများထဲက ရွေးထိုက်ပါသည်။ သားတော်ကြီးများဆိုလျှင်လည်း မက္ကရာမင်းသားကြီး၊ သုံးဆယ်မင်းသားကြီးနှင့် ညောင်ရမ်းမင်းသားကြီး မင်းသားသုံးပါးတို့မှ တစ်ပါးပါးကို ရွေးကြရန်ရှိပါသည်"ဟုဆိုလေရာ ဆင်ဖြူမရှင်၏အတိုင်ပင်ခံထားရသည့် ဆင်ဖြူမရှင်၏ဆန္ဒနှင့် အကြိုက်ညီသည့် တိုင်တားမင်းကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"သည်မင်းသားကြီးတွေက အစွမ်းသတ္တိကိုယ်စီတော့ ရှိကြပါသည်။ စိတ်ဓာတ်တွေကလည်း ထက်မြက်ပါသည်။ အရည်အချင်းလည်း ပြည့်စုံကြပါသည်။ သို့ရာတွင် ကျွန်ုပ်တို့ဝန်ကြီးများအပေါ်၌ ဘဝရှင်မင်းတရားကြီးဘုရားကဲ့သို့ တိုင်တိုင်ပင်ပင် ဆွေးနွေးခြင်းပြုတော့မည်မဟုတ်။ မင်းစိတ်မင်းမာန်ပြင်းထန်၍ ငါတကောကောကြမည်မှာ အမှန်ဖြစ်သည်"ဟု ဆိုလိုက်သည်။

တောင်ခွင်မင်းကြီးက တိုင်တားမင်းကြီး၏ တင်ပြချက်ကို စဉ်းစားနေပြီးမှ သူ၏ထင်မြင်ချက်ကို ဤသို့တင်ပြသည်။

"ငယ်ရွယ်သေးသည့် မင်းသားလတ်၊ မင်းသားငယ်တွေထဲမှာဖြင့် နိုင်ငံကိုအုပ်ချုပ်နိုင်မည့်မင်းသားများကို မတွေ့နိုင်ပါ။ ရွေးကြမည်ဆိုပါက နောင်တော်မင်းသားတွေထဲကသာလျှင် ရွေးချယ်မှ သင့်တော်ပါလိမ့်မည်"

ခမ်းပတ်မင်းကြီးကလည်း တောင်ခွင်မင်းကြီး၏တင်ပြချက်ကို ထောက်ခံလိုက်ကာ ...

"မှန်ပါသည်။ နန်းမွေထိုက်သူကို ရွေးမည်ဆိုပါက မင်းသားများကို ကြီးစဉ်ငယ်လိုက်သာလျှင် စဉ်းစားကြစေချင်ပါသည်။ သားတော်ကြီးများကိုတော့ ပစ်ပယ်ပြီးထား၍ ဖြစ်နိုင်မည်မထင်ပါ"ဟု ဆိုသည်။

ကင်းဝန်မင်းကြီးက ...

"အိမ်ရှေ့နှင်းရမည့်ကိစ္စမှာ အကြောင်းအမျိုးမျိုးကြောင့် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင်ပင် အဆုံးအဖြတ် ခက်ခဲတော်မူလာခဲ့တဲ့ ကိစ္စကြီးတစ်ရပ်ဖြစ်သဖြင့် ကျုပ်တို့ဝန်မင်းတို့တစ်တွေက





လွယ်လွယ်နှင့်ဆုံးဖြတ်၍ ဖြစ်နိုင်ကြမည့်ကိစ္စမဟုတ်သည်ကတော့ မှန်ပါသည်။ သို့ပေမယ့် အရေးတော်ကြီးက နီးနေပြီဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပေသည်။ သည်တော့ ... သည်ကိစ္စကို တုံးတိုက်တိုက် ကမ်းတိုက်တိုက် အဖြစ်နိုင်ဆုံး သားတော်တစ်ပါးပါးကိုသာ အချိန်မဆွဲကြတော့ဘဲ ရွေးကြစေချင်ပါသည်"ဟု အကြံပေးတင်ပြသည်။

ဤတွင် တိုင်တားမင်းကြီးက ...

"ကိုင်း ... ခင်ဗျားတို့ကျုပ်တို့တွေက ရုတ်တရက် မဝေခွဲမဆုံးဖြတ်နိုင်သေးလျှင်ဖြင့် အရှင်ဆင်ဖြူမရှင်၏အလိုတော်ကို လျှောက်တင်ကြည့်ကြမည်ဆိုလျှင် သင့်ပေလိမ့်မည်"ဟုဆိုလိုက်ရာ ကင်းဝန်မင်းကြီးကလည်း ...

"မှန်ပေသည်၊ အရှင်နန်းမတော်မှ အလိုတော်သင့်ရာကိုလည်း ညွှန်ပြတော်မူပါမှ ကျွန်တော်မျိုးတို့တွေက ဝိုင်းဝန်းပြီး ညှိနှိုင်းစဉ်းစားဆုံးဖြတ်ရန် လွယ်ကူကြပါလိမ့်မည်"ဟု လျှောက်တင်သည်။

ထိုအခါ ဆင်ဖြူမရှင်မိဖုရားက ...

"ကျွန်မကဖြင့် စိတ်တိုင်းကျနိုင်မယ့် သားတော်တစ်ပါးကိုတော့ မြင်၍ထားပါသည်။ သို့သော် မင်းကြီးတို့ရဲ့အထင်အမြင်ကိုလည်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်တင်ပြကြလျှင် ပိုလို့ကောင်းပါလိမ့်မည်"ဟု မိန့်လိုက်ရာ ဝန်ကြီးများအားလုံးက ...

"အရှင်နန်းမတော်မိဖုရားကြီး မိန့်တော်မူပြီးသည့်အခါမှသာ အကြောင်းအကျိုးကို နှိုင်းချိန်ဝေဖန်နိုင်ကြမည်ဖြစ်ပါသည် ဘုရား"ဟု တစ်ညီတည်းတင်လျှောက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဆင်ဖြူမရှင်မိဖုရားက မိမိ၏အလိုတော်ကို အတိအလင်း ထုတ်ဖော်လာသည်။

"ကျွန်မအကြိုက်ကိုပြောရရင်ဖြင့် စိတ်သဘောက နူးညံ့သည်။ လိမ်လည်းလိမ္မာသည်။ ကျွန်မတို့မင်းကြီးတို့နှင့်လည်း နိုင်ငံအုပ်ချုပ်တဲ့အပိုင်းမှာ တိုင်တိုင်ပင်ပင် စိတ်ဆန္ဒတူ သဘောတူဖြစ်နိုင်တဲ့ မင်းသားငယ်တစ်ပါးကို သဘောကျနေမိသည်။ အဲဒီမင်းသားငယ်ကတော့ သီပေါမင်းသားကလေးပင် ဖြစ်ပါသည်"

ဆင်ဖြူမရှင်မိဖုရား၏ ဆန္ဒအလိုကို သိကြရသောအခါ တိုင်တားမင်းကြီးမှလွဲ၍ ကျန်ဝန်ကြီးအားလုံးမှာ ဆင်ဖြူမရှင်မိဖုရားထံမှ မမျှော်လင့်မထင်မှတ်ထားသည့်စကားကို ကြားလိုက်ရသည့်အတွက် အံ့အားသင့်ကုန်ကြရသည်။

ကင်းဝန်မင်းကြီးက ...

"သီပေါမင်းသားကလေးမှာ စိတ်ဓာတ်နူးညံ့သိမ်မွေ့သူဖြစ်ပါပေသည်။ စာပေကျမ်းဂန်များလည်း ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သူလည်းဖြစ်ပါသည်။ သို့ရာတွင် သက်တော်က နုစ်ဆယ်သာရှိသေး၍ ငယ်ရွယ်တော်မူလွန်းလှပါသည်ဘုရား"ဟု ဝေဖန်သကဲ့သို့ ရွှေပြည်ဝန်ကြီးကလည်း ...

"နောင်တော်ကြီးများရှိလျက်နှင့် ကျော်လွန်၍ သီပေါမင်းသားကလေးကို ထီးနန်းအရိုက်အရာလွှဲလိုက်ပါလျှင် အရွယ်တော်က ငယ်သေးလှသဖြင့် နိုင်ငံရပ်ခြားတိုင်းတစ်ပါးတို့က ရိုသေလေးစားခြင်းမရှိမည်ကိုလည်း စိုးရိမ်ရပါသည်ဘုရား"ဟု ထောက်ခံဝေဖန်သည်။





ကင်းဝန်မင်းကြီးက ဆက်လက်၍ "ရွှေပြည်ဝန်ကြီးတင်ပြချက်မှာ မှန်ပါသည်။ ယခုအခါမှာ အင်္ဂလိပ်တို့က ကျွန်တော်မျိုးတို့ရဲ့ အရိပ်အခြည်ကို ကြည့်နေပါသည်။ ဘဝရှင်မင်းတရားကြီးဘုရား ရွှေလက်တော်ထက်မှာ အနိုင်မကျင့်သာ၍ ညှာတာနေသလောက် နောက်တစ်ဆက် ရွှေနန်းတက်သောအခါရောက်လျှင် နိုင်ငံတော်ကို အတင်းဝင်လုတော့မည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ သည်တော့ ဘုန်းလက်ရုံးနှင့် တန်ခိုးသတ္တိရှိသူ မကွေးမင်းသားကြီး၊ သုံးဆယ်မင်းသားကြီး၊ ညောင်ရမ်းမင်းသားကြီးတို့လို သတ္တိဗလအားကိုးလောက်သော မင်းသားကြီးမျိုးကို ရွေးချယ်ဆက်ခံစေမှ သင့်လျော်လိမ့်မည်ဟု သဘောရှိပါသည်"ဟု လျှောက်တင်သည်။

ဆင်ဖြူမရှင်က ...

"သည်ကိစ္စကိုတော့ ကြိုပြီးမပူပန်ပါနဲ့ ဦးကောင်းရယ်၊ တကယ်တမ်းဆိုလျှင် စစ်တိုက်လျှင် ရှင်ဘုရင်ကိုယ်တိုင် စီးချင်းထိုးတိုက်ရတဲ့ခေတ်မှ မဟုတ်တော့တာပဲ၊ ဒါကြောင့် အသက်ကြီးတာ၊ ငယ်တာ၊ သတ္တိဗလရှိတာ,မရှိတာ အရေးမဟုတ်ပါဘူး။ အရေးကြီးတာက လက်နက်အင်အား၊ လူအင်အားကောင်းဖို့နဲ့ စီမံကွပ်ကဲသူကြိုးကိုင်သူတွေကသာ အချုပ်အခြာဖြစ်ရမှာပါ။ အဲဒါကြောင့် သီပေါမင်းသားကို နန်းမွေဆက်ခံသူ အိမ်ရှေ့အရာထားပြီးနောက် နိုင်ငံတော်အုပ်ချုပ်မှုကို ကျွမ်းကျင်ပြီးပုဂ္ဂိုလ်များဖြစ်ကြတဲ့ ဦးကောင်းတို့၊ ဦးဖိုးလှိုင်တို့၊ ဦးဖိုးတို့ စတဲ့ မင်းကြီးတို့က သင့်တော်သလို အုပ်စိုးစီမံသွားကြတာပ"ဟု တိတိလင်းလင်း မိန့်ဆိုပြန်ရာ ကင်းဝန်မင်းကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



“အမိန့်တော်ရှိသည့်အတိုင်း သီပေါမင်းသားကို နန်းလျာထားပြီး လွှတ်တော်ကြီးက အနောက်တိုင်းပါလီမန်စနစ်နှင့် ကြိုးကိုင်သွားမည်ဆိုလျှင် ကျွန်တော်မျိုး နှစ်သက်လှပါသည်။ ဖြစ်နိုင်စရာရှိကြောင်းပါ။ သို့ရာတွင် ထိုကိစ္စကို ကျန်သောသားတော်ကြီး၊ သားတော်လတ်များက အဘယ်နည်းနှင့်မျှ ကျေနပ်ကြမည်မဟုတ်သဖြင့် ချင့်ချိန်စဉ်းစားတော်မူစရာ ကိစ္စတစ်ရပ် ရှိလာပြန်ပါသည်ဘုရား”ဟု တင်လျှောက်သည်။

ဆင်ဖြူမရှင်မိဖုရားက မိမိအလိုတော်ကိုသာ ရှေ့တိုး၍ဆိုမိန့်လာသည်။

“သည်ကိစ္စက လွယ်ကူပါသည်။ မင်းသားတွေက ယခုအခါ ကျွန်မတို့လက်ထဲမှာ ရောက်နေပြီမဟုတ်ပါလား၊ သူတို့တွေကို စိတ်ချရလောက်တဲ့အချိန်ရောက်မှသာ လွှတ်လိုက်မည်ဆိုလျှင် ပြီးစီးနိုင်ပါသည်”

ကင်းဝန်မင်းကြီးက ရွှေပြည်မင်းကြီး၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ရွှေပြည်ဝန်မင်းကြီးက ငြိမ်နေသည်။ ကင်းဝန်မင်းကြီးမှာ ရှေ့ရေးကိုတွေးကာ ဘဝင်မကျနိုင်အောင်ဖြစ်နေရသည်။

“သည်လိုသာဆိုလျှင် ဘဝရှင်မင်းတရားကြီး၏သားတော်တွေချင်းအတူတူကို ကျွန်တော်မျိုးတို့က တရားမဲ့ပြုကျင့်ရာ ရောက်နေမလားဆိုသည်ကိုလည်း မြင်ပါသည်”ဟုလျှောက်လိုက်ရာ တစ်ချိန်လုံး ငြိမ်နားထောင်နေသော တိုင်တားမင်းကြီးက ကင်းဝန်မင်းကြီးကို မကျေမနပ်ဟန်ဖြင့် ကြိမ်းဝါးလိုက်လေတော့သည်။





“ကဲ . . . ကဲ . . . အချိန်က မရှိတော့ဘူး၊ စကားကိုမဆုံးနိုင်အောင်ရှည်နေကြလျှင် ကိစ္စက ပြီးပြတ်တော့မည်မဟုတ်။ သည်တော့ ရှင်းအောင်ပဲပြောမည်။ သီပေါမင်းသားကို အိမ်ရှေ့နန်းဖို့သဘောမတူတဲ့သူတွေ သည်မှာပင် ဦးခေါင်းထားခဲ့၊ ကိုယ်ချည်းပြန်ကြ”

တိုင်တားမင်းကြီးက ကြိမ်းဝါးလိုက်ရာ ကင်းဝန်မင်းကြီးနှင့် ဝန်ကြီးများမှာ ရှေ့ဆက်၍လျှောက်တင်ရန် မဖြစ်နိုင်အောင်ဖြစ်ရသည်။ တိုင်တားမင်းကြီး၏နောက်ပါးမှာကလည်း တိုင်တား၏လက်နက်ကိုင်တွေက ရှိနေကြသည်။ နောက်ဆုံး ဆင်ဖြူမရှင်၏အလိုကျသာ အလျော့ပေး လိုက်လျောကြရတော့သည်။

သို့ဖြင့် ဆင်ဖြူမရှင်သည် အိမ်ရှေ့နန်းရေးကိစ္စကို ဝန်ကြီးများနှင့် ဆွေးနွေးသည်။ တကယ်တန်းက အိမ်ရှေ့စံခန့်အပ်သည့်အမိန့်တော်ကို ဘုရင်၏အမိန့်တော်နှင့်သာ ထုတ်ပြန်ကြေညာရမည်ဖြစ်သော်လည်း မမာတော်မူနေသဖြင့် သလွန်တော်ထက်တွင် ယဲ့ယဲ့မျှသာရှိနေသော ဘုရင့်ထံ အမိန့်တော်ခံရမည်မှာ လွယ်ကူသည့်ကိစ္စမဟုတ်။ ယခုကိစ္စကြောင့် စိတ်တော်မချမ်းမသာဖြစ်ကာ ရောဂါတော်အခြေအနေတိုး၍ ဆိုးလာမည်ကိုလည်း အားလုံးစိုးရိမ်နေကြသည်။ အိမ်ရှေ့နန်းအပ်ရေးကိစ္စကလည်း အလျင်စလိုလုပ်မှဖြစ်တော့မည်။ ထို့ကြောင့်ပင် ဆင်ဖြူမရှင်၏ ဦးဆောင်စီစဉ်မှုဖြင့် မင်းတုန်းမင်း၏အမိန့်တော်ဟုဆိုကာ နောက်တစ်နေ့ဖြစ်သည့် ၁၂၄၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၉)ရက်နေ့တွင် အိမ်ရှေ့စံအပ်နှင်းသည့်အမိန့်တော် ထွက်ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအမိန့်တော်ထွက်ပေါ်လာသည့်တွင် ဘုရင်၏မိဖုရားများနှင့် ဆွေတော်မျိုးတော်များသာမက ရတနာပုံနေပြည်တော်ရှိ ပြည်သူလူထုအပေါင်းမှာ အံ့သြကုန်ကြရသည်။ နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မင်းသားကြီးများရှိပါလျက် ၎င်းတို့ကို အိမ်ရှေ့မနှင်းဘဲ သီပေါမင်းသားငယ်ကိုမှ အိမ်ရှေ့နှင်းအပ်လိုက်သည့်အတွက် မယုံနိုင်အောင်ဖြစ်ကြရသည်။ ပို၍မယုံကြည်သည်က မင်းတုန်းမင်း၏မိဖုရားများဖြစ်ကြသည်။ ဤအိမ်ရှေ့နှင်းအမိန့်သည် မည်သည့်နည်းနှင့်မျှ ဘဝရှင်မင်းတရားကြီး၏ အမိန့်တော်အစစ်မဟုတ်နိုင်။ ဘဝရှင်မင်းတရားကြီးသည် သားတော်ကြီးများအပေါ်၌ ယခုကဲ့သို့တရားမဲ့ပြုမည်မဟုတ်။ ဤအမိန့်တော်မှာ ဆင်ဖြူမရှင်နှင့် အပေါင်းပါဝန်ကြီးများ၏အမိန့်တော်သာလျှင် ဖြစ်ရမည်ဟု တထစ်ချတွေးကြသည်။

ထိုသို့ အိမ်ရှေ့နှင်းသည့်အမိန့်တော် ထွက်ပေါ်လာသည်နှင့် တစ်ပြိုင်နက်ပင် အပြင်တွင် ကျန်ရှိနေသေးသည့် မင်းတုန်းမင်း၏ သားတော်၊ တူတော်၊ မြေးတော် မင်းသားငယ်များနှင့် ဆွေတော်မျိုးတော်အချို့မှာလည်း ထပ်မံဖမ်းဆီးပြီး အကျဉ်းချခြင်းကို ခံကြရပြန်သည်။

မင်းတုန်းမင်း၏မိဖုရားများကလည်း ဤကိစ္စအားလုံးမှာ ဆင်ဖြူမရှင်၏လက်ချက်မှန်း အတတ်သိကြကာ မကျေနပ်နိုင်အောင် ဖြစ်နေကြရသည်။ မင်းတုန်းမင်းတရားကြီး အသည်းအသန် မမာတော်မူနေစဉ် လွှတ်တော်ဝန်ကြီးများနှင့်ပေါင်း၍ မိမိအလိုပြည့်ရန် မတရားသဖြင့် စီမံလုပ်ဆောင်ခြင်းသာဖြစ်သည်ကို နားလည်နေကြသည်။





"ငါတို့ရဲ့သားတော်ကြီးတွေကို လက်ဦးအောင်ချုပ်နှောင်ဖမ်းဆီးလိုက်ပြီးမှ သူ့သမီးနဲ့ရည်ငံနေတဲ့ သီပေါကို အိမ်ရှေ့နှင်းတာဟာ သူဖြစ်ချင်တာကို တရားမဲ့လုပ်လိုက်တာပဲဖြစ်တယ်၊ ဒီကိစ္စကို ဘဝရှင်မင်းတရားကြီးလည်း သိမှာမဟုတ်ဘူး၊ ဘာပဲဖြစ်နေနေ မင်းတရားနဲ့ ငါတို့ကို တွေ့ခွင့်မရအောင် သူလုပ်ထားလည်း ငါတို့က အသက်ပဲသေသေ၊ ငါတို့လင် မင်းတရားနဲ့ တွေ့ခွင့်ရအောင်လုပ်ပြီး ဒီကိစ္စကို မင်းတရားသိအောင် လျှောက်ကြမှဖြစ်တော့မယ်"

မိဖုရားများထဲမှ ကျေလည်းမကျေနပ်နိုင်၊ ဒေါသအမျက်လည်း ထွက်နေကြသည့် လင်ပန်းတိုက်စား ခက်ပန်းမိဖုရား၊ ခုနစ်ရွာမိဖုရား၊ မြောက်ရွှေရေးဆောင်မိဖုရားတို့သည် မင်းတုန်းမင်း လဲလျောင်းတော်မူနေရာ မှန်နန်းတော်ဆောင်သို့ ထွက်လာကြသည်။

မှန်နန်းတော်ဆောင်အဝင်တံခါးသို့ရောက်လျှင် မိဖုရားများက အစောင့်များကို တံခါးဖွင့်ပေးရန် တောင်းဆိုကြသည်။ အစောင့်များက အထက်အမိန့်အရ ဝင်ခွင့်ပေးရန်မဖြစ်နိုင်ကြောင်း တင်လျှောက်ကြသည်။

ထိုအခါ ခုနစ်ရွာမိဖုရားက ...

"ငါတို့လင် ငါတို့ဝင်ကြည့်တဲ့ကိစ္စမှာ အထက်အမိန့်နဲ့ ဘာဆိုင်သတုန်း"ဟု မိန့်တော်မူသကဲ့သို့၊ မြောက်ရွှေရေးဆောင်မိဖုရားကလည်း "ကိုယ့်လင်မမာသည်ကို ဝင်လို့မှမကြည့်ရတော့ဘူးလား၊ ဖယ်ကြစမ်း"ဟုဆိုကာ တံခါးကိုဖွင့်ရန် ရှေ့တိုးသည်။

အစောင့်များက "သည်းခံတော်မူပါ၊ ဆင်ဖြူမရှင်မိဖုရားကြီးအမိန့်ကို ခံယူပြီးမှသာ သဘောရှိဝင်တော်မူကြပါဘုရား"ဟု



www.burmeseclassic.com

www.burmeseclassic.com



တင်လျှောက်ပြန်ရာ မိဖုရားများမှာ ဒေါသအမျက်ထွက်လာရပြီး "ငါတို့လင် မမာနေတာ ငါတို့သွားကြည့်မည့်အရေးမှာ ဘယ်သူ့အမိန့်ကို တို့က ခံယူနေရဦးမှာတုန်း"ဟုဆိုကာ အစောင့်များကို တွန်းဖယ်ပြီး တံခါးကို အတင်းဖွင့်ကြရာ အစောင့်များမှာ မည်သို့မျှ တားဆီးရန် မဝံ့ကြတော့ဘဲ ကြည့်၍သာနေကြရတော့သည်။

မှန်နန်းဆောင်အတွင်းသို့ ရောက်သွား၍ အတန်ငယ်သက်သာဟန်ရှိသော မင်းတရားကြီးကို သလွန်တော်ပေါ်တွင် တွေ့ကြရလျှင် "ကယ်တော်မူပါဘုရား ... ဖုရားကျွန်မတို့အားလုံး ဒုက္ခတွေရောက်ကုန်ကြပါပြီဘုရား"ဟု ငိုယို၍တင်လျှောက်ကြတော့သည်။ အကြောင်းကိုမသိသည့် မင်းတရားမှာ အံ့ဩတော်မူသွားရပြီး ဖြစ်ပျက်ပုံအကြောင်းကို မေးတော်မူရာ "ဖုရားကျွန်မတို့၏သားတော်များကို ဖမ်းဆီးချုပ်နှောင်ပြီး သီပေါမင်းသားငယ်ကို အိမ်ရှေ့နန်းကာ မတရားပြုမူနေပါသဖြင့် ကယ်တော်မူပါဘုရား"ဟု တင်လျှောက်ကြသည်။

မင်းတုန်းမင်းတရားမှာ အကြောင်းစုံသိရသည်တွင် စိတ်တော်မကောင်းဖြစ်ရသလို၊ မည်သူ့လက်ချက်ဆိုသည်ကိုလည်း တွေးမိသွားသည်။ ထို့ကြောင့် ဝန်ကြီးများနှင့် ဆင်ဖြူမရှင်မိဖုရားကို ရှေ့တော်သို့ ချက်ချင်းဝင်ရောက်ခစားစေပြီး အကြောင်းစုံကို တင်လျှောက်စေသည်။

"ငါမမာတော်မူရုံရှိသေးသည်။ ငါမသေသေး။ ငါရှိစဉ်မှာပင် ရက်စက်ကြေကွဲစရာတွေ ဖြစ်ကုန်ကြပြီလား။ မောင်ကောင်းတို့ ဘယ်လိုစီမံလိုက်ကြတာလဲ"





ကင်းဝန်မင်းကြီးဦးကောင်းက ...

"အရှင်မမာတော်မူနေစဉ်အတွင်း၌ တိုင်းနိုင်ငံအေးချမ်းရေးအတွက် အရှင့်ကိုယ်စား ကျွန်တော်မျိုးတို့က မလွှဲသာမရှောင်သာ၍ ကြိုဆောင်ရခြင်းသာဖြစ်ကြောင်းပါဘုရား"ဟု တင်လျှောက်သည်။

ဆင်ဖြူမရှင်မိဖုရားကလည်း မိဖုရားများဘက်သို့လှည့်၍

"ညီမတော်တို့ကလည်း မိမိတို့သားတော်များအရေးကိစ္စဖြစ်၍ စိုးရိမ်ပူပန်တော်မူကြမှာပ၊ သို့ပေမယ့် သားတော်တွေကများတော့ မကျေမနပ်ဖြစ်ကြပြီး ဆူပူသောင်းကျန်းတာမျိုးတွေ ပေါ်ပေါက်လာလျှင် ရွှေနန်းရှင်ဘုရား မမာတော်မူနေစဉ်မှာ မဖြစ်သင့်တာဖြစ်မှာတွေ စိုးရိမ်ရတဲ့အတွက် သားတော်တွေကို ခဏမျှသာ ထိန်းသိမ်းလိုက်ရခြင်းသာ ဖြစ်ပါတယ်၊ မပူကြပါနဲ့"ဟု ဆိုသည်။

မင်းတုန်းမင်းတရားမှာ ဤမျှဖြင့် ဤအရေး မအေးနိုင်တော့ကြောင်းကို စဉ်းစားတော်မူမိသလို သားတော်ကြီးများ၏ရှေ့ရေးကိုလည်း စိတ်မအေးနိုင်အောင် ဖြစ်ရသည့်အတွက် ချက်ချင်းပင် အမိန့်တော်သုံးရပ်ကို ထုတ်ပြန်တော်မူသည်။

ပထမအမိန့်တော်မှာ ကြေးတိုက်တော်တွင် ဖမ်းဆီးထားသော သားတော်၊ တူတော်၊ မြေးတော်များကို ယခု အမြန်လွှတ်ရမည်ဟူသည့် အမိန့်တော်ဖြစ်သည်။

ဒုတိယအမိန့်တော်မှာ သားတော်သုံးဆယ်မင်းသားကြီးအား အထက်ချင်းတွင်းခရိုင်ဘုရင်ခံအဖြစ်လည်းကောင်း၊ သားတော်မက္ကရာမင်းသားကြီးအား တောင်တွင်းကြီးခရိုင်ဘုရင်ခံအဖြစ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သားတော်ညောင်ရမ်းမင်းသားကြီးအား အောက်မြစ်စဉ် ခရိုင်ဘုရင်ခံအဖြစ်လည်းကောင်း ခန့်အပ်တော်မူခြင်းပင် ဖြစ်သည်။

တတိယအမိန့်တော်မှာမူ ဘုရင်ခံခန့်အပ်ခြင်းခံရသည့် သားတော်ကြီးများအနေဖြင့် ၎င်းတို့၏ကြင်ရာတော်၊ ညီတော်၊ ညီမ တော်၊ သားတော်၊ သမီးတော်များနှင့် အခြွေအရံတို့ကိုခေါ်ဆောင်၍ ယနေ့ပင် သွားရောက်ကြရန် ဟူ၍ဖြစ်သည်။

ထိုအမိန့်တော်ကြောင့် အကျဉ်းချခံထားရသည့် မင်းသား များ၏မယ်တော်မိဖုရားများမှာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသည်။ သို့သော် မိဖုရားများမှာ ဆင်ဖြူမရှင် နောက်ထပ်လုပ်ဆောင်မည့် အကြံအစည်ကို မရိပ်စားမိကြ။

ဆင်ဖြူမရှင်သည် အကျဉ်းချခံမင်းသားများကို ကြေးတိုက် တော်အချုပ်မှ လွှတ်စေပြီး မြောက်ဥယျာဉ်တော်အတွင်းတွင် ၎င်း တို့၏မယ်တော်များ၊ ကြင်ရာတော်များ၊ ညီတော် ညီမတော်များ၊ သားတော် သမီးတော်များ၊ ဆွေတော်မျိုးတော်များနှင့် တွေ့ဆုံ စေသည်။

မင်းသားများက လာရောက်တွေ့ဆုံကြသူများနှင့် မိမိတို့နှင့် လိုက်ပါမည့် မယ်တော်များ၊ ကြင်ရာတော်များ၊ ညီတော်ညီမတော် များ၊ သားတော်သမီးတော်များ၊ ဆွေတော်မျိုးတော်များနှင့် စကား ပြောဆိုနေကြစဉ်မှာပင် ရုတ်တရက် ဆင်ဖြူမရှင်၏အစီအစဉ်ဖြင့် စစ်သည်ရဲမက်များရောက်ရှိလာကာ ဥယျာဉ်တော်အတွင်းရှိနေသူ အားလုံးကို ဖမ်းဆီးလိုက်သည်။ ထိုကိစ္စကို မှန်နန်းတော်ဆောင်





တွင်ရှိနေသည့် မင်းတုန်းမင်း မသိရှိခဲ့ရ။ မင်းတုန်းမင်း၏ကျန်းမာ ရေးမှာလည်း တစ်နေ့ထက်တစ်နေ့ ယိုယွင်းလာခဲ့သည်။

သို့ဖြင့် သီပေါမင်းအိမ်ရှေ့အရာခံပြီး (၁၂)ရက်အကြာ ၁၂၄၀ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၆)ရက်၊ အင်္ဂါနေ့ (၂)ချက်တီး ကျော်အချိန်တွင် မန္တလေးရတနာပုံမြို့တည် မင်းတုန်းမင်း နတ်ရွာစံ တော်မူလေသည်။

မင်းတုန်းမင်း နတ်ရွာစံတော်မူသောအခါ အလယ်နန်း မိဖုရား ဆင်ဖြူမရှင်နှင့် ဆောင်ရနန်းရမိဖုရားပေါင်း (၄၉)ပါးမှ သားတော် (၅၄)ပါး၊ သမီးတော် (၆၀)၊ မြေးတော် ယောကျ်ား(၃၈) ပါးနှင့် မြေးတော်မိန်းမ (၄၅)ပါး ကျန်ရစ်ခဲ့သည်။

ထို့နောက် သီပေါမင်းသားက မင်းဖြစ်လာပြီး ဆင်ဖြူမရှင် ၏ သမီးတော်များဖြစ်သည့် စုဖုရားကြီးနှင့် စုဖုရားလတ်တို့က မိဖုရားများ ဖြစ်လာကြသည်။ သို့သော် စုဖုရားကြီးမှာ အမည်ခံသာ သီပေါမင်း၏မိဖုရားဖြစ်ခဲ့ရကာ စုဖုရားလတ်ကသာ မိဖုရားခေါင် နေရာကို ရရှိခဲ့သည်။

သီပေါမင်း နန်းရလာသည့်အခါတွင်မူ နိုင်ငံတော်အုပ်ချုပ် ရေးကို ဆင်ဖြူမရှင်နှင့် လွှတ်တော်ဝန်ကြီးများကသာ ဦးဆောင် စီမံအုပ်ချုပ်ကြပြီး၊ ငယ်လည်းငယ်ရွယ်၊ အတွေ့အကြုံလည်းမရှိ သေးသည့် သီပေါမင်းမှာ ကြိုးဆွဲခံ ကကြိုးရုပ်တစ်ရုပ်မျှသာ ဖြစ် ခဲ့ရသည်။

သို့ဖြင့် သီပေါမင်းနန်းတက်ပြီး(၄)လခန့်အကြာတွင် ရတနာပုံ နေပြည်တော်တွင် ကြောက်မက်ဖွယ်ဖြစ်ရပ်ဆိုးကြီး ပေါ်ပေါက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတော့သည်။ ထိုဖြစ်ရပ်ဆိုးကြီးမှာ မင်းတုန်းမင်း နတ်ရွာမစံမီက ဖမ်းဆီးအကျဉ်းချထားခဲ့သော မင်းသား၊ မင်းသမီးများနှင့် ဆွေတော်မျိုးတော် (၈၀)ကျော်တို့ကို ၁၂၄၀ ခုနှစ်၊ တပို့တွဲလဆန်း (၁၀)ရက်နေ့ညတွင် ကြေးတိုက်မှထုတ်ကာ သတ်ပစ်လိုက်ကြခြင်းပင်ဖြစ်သည်။ ရက်စက်လှသည့် လူသတ်ပွဲကြီးဟု ဆိုရမည်။ မင်းသားမင်းသမီးများနှင့်အတူ နို့စို့ရွယ်ကလေးငယ်များပါ အသတ်ခံခဲ့ကြရသည်။ ဦးခေါင်းကိုမော့စေ၍ လည်မျိုကို တုတ်ဖြင့်ရိုက်ကာ အသင့်တူးထားသော မြေတွင်းကြီးများထဲသို့ထည့်ပြီး အပေါ်မှမြေဖို့လျက်မြေကိုညီစေရန် ဆင်ဖြင့်နင်းသည်ဟု ဆိုသည်။

ဤနေရာတွင် ရေးလိုပါသည်။ ဤမျှဆိုးဝါးရက်စက်လှသော လူသတ်ပွဲကြီးကို မည်သူတွေက စီစဉ်ခဲ့ကြပါသလဲ။ မည်သူတွေ၏ လက်ချက်ပါလဲ။ ရာဇဝင်သမိုင်းစာမျက်နှာတို့တွင် တိတိကျကျ မဖော်ပြဘဲ လက်သုံးတော်ကြီးများ၏လက်ချက်ဟုသာ ဆိုထားသည်။ ဤအဆိုမှာ လက်ခံနိုင်စရာမရှိပါ။ လက်သုံးတော်ကြီးများ၏ သဘောတစ်ခုတည်းဖြင့် ဤကိစ္စကိုဆောင်ရွက်ရန်မှာ မဖြစ်နိုင်ပါ။ သူတို့တွေကို မည်သူတွေက ညွှန်ကြားစေခိုင်းခဲ့ပါသလဲ။ သတ်မိန့်ပေးခဲ့ပါသလဲ။

ထိုအချိန်က သီပေါမင်းနန်းရသည်မှာ (၄)လခန့်သာ ရှိသေးသည်။ သီပေါမင်း၏လက်ထဲတွင် လုပ်ပိုင်ခွင့်ဆိုသည့် နိုင်ငံတော်အာဏာမရှိ။ သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့မှာ ထိပ်ဆုံးမှကြိုးကိုင်ချယ်လှယ်နေသူ ဆင်ဖြူမရှင်နှင့် ဆင်ဖြူမရှင်အလိုကျလိုက်နာဆောင်ရွက်နေကြရသည့် လွှတ်တော်ဝန်ကြီးများ၏ ကြိုးဆွဲခံအရုပ်ကလေးများသာ ဖြစ်နေသေးသည်။





ဤလူသတ်ပွဲနှင့်ပတ်သက်၍ ECV FOUCAR အပါအဝင်နယ်ချဲ့သမိုင်းဆရာအချို့တို့က ကမ္ဘာက အထင်အမြင်များအောင် ဝါဒဖြန့်လိမ်စာညာစာတို့ဖြင့် မြန်မာဘုရင်နှင့် မိဖုရားကို တရားခံအဖြစ် စာရင်းသွင်းရန် ကြိုးစားခဲ့ကြသည်။ လုပ်ကြံဖန်တီးရေးသားခဲ့ကြသည်။

နှိုင်းချိန်တွေးမြင်နိုင်သူများကမူ ဖြစ်ရပ်မှန်ကို စဉ်းစားမိကြသည်။ တကယ်တန်း ဤလူသတ်ပွဲ၏တရားခံမှာ သီပေါမဟုတ်။ စုဖုရားလတ်လည်းမဟုတ်။ သို့ဆိုပါလျှင် ...။



www.burmeseclassic.com

www.burmeseclassic.com

# ရတနာဂီရိရောက်
# မြန်မာဝင်း မိဖုရားနှင့် သမီးတော်များ

www.burmeseclassic.com

www.burmeseclassic.com




သီပေါမင်း၊ စုဖုရားလတ်နှင့်စုဖုရားငယ်



သီပေါမင်းနှင့်စုဖုရားလတ်တို့၏သမီးတော်လေးပါး
(ဝဲမှယာ)စတုတ္ထသမီးတော်၊ ပထမသမီးတော်၊
တတိယသမီးတော်နှင့်ဒုတိယသမီးတော်

www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံရတနာဂီရိစံအိမ်တော်

မိမိ၏ စုဖုရားလတ်ဘာလဲနှင့် အမှန်တရားဆိုင်ရာ အတွေးအမြင်များ စာအုပ်ထွက်ပြီး နောက်ပိုင်းတွင်ဖြစ်သည်။ မိမိထံ တော်တော်များများ ဖုန်းဖြင့်ဆက်သွယ်လာကြသည်။ ၎င်းစာအုပ်တွင် မြန်မာဘုရင်သီပေါမင်း၊ မိဖုရားစုဖုရားလတ်တို့နှင့်ပတ်သက်၍ မိမိမှ ရှင်းလင်းထားသည်များကို ထပ်မံသိလိုသမျှ မေးမြန်းခြင်း၊ တချို့က လည်း မိဖုရားစုဖုရားလတ်နှင့်ပတ်သက်၍ ၎င်းတို့သိထား၊ ဖတ်ထားသည်များနှင့်ခြားနားကာ ယခု မိမိရှင်းလင်းပြမှပင် အဖြစ်မှန်၊ အခြေအနေမှန်ကို သိရှိလာရသည့်အတွက် မိမိကို ကျေးဇူးတင်ပါကြောင်း ဆက်သွယ်ပြောဆိုကြခြင်းများဖြစ်သည်။ ၎င်းတို့ထဲတွင် သမိုင်းကို စိတ်ဝင်တစား လေ့လာနေကြသည့်ပုဂ္ဂိုလ်အချို့လည်း ပါဝင်လာသည်။ တော်တော်များများမှာ ပညာရေးလောကမှ ပုဂ္ဂိုလ်များနှင့် သမိုင်းကို စိတ်ဝင်စားကြသည့် အမျိုးသမီးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မိမိထံ ဆက်သွယ်မေးမြန်းပြောဆိုလာကြသည့်အတွက် အားလုံးကို မိမိအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း ဤနေရာမှ ရေးလိုပါသည်။ မေးမြန်းခဲ့ကြသည့်အနက် တော်တော်များများ မေးကြသည့်ကိစ္စမှာ သီပေါမင်းနှင့် စုဖုရားလတ်တို့၏သမီးတော်များနှင့် မြေးတော်များအကြောင်းပင်ဖြစ်သည်။

"မိဖုရားစုဖုရားလတ်မှာ သမီးတော်လေးပါး ရှိတယ်လို့ သိရပါတယ်၊ သူတို့တွေအကြောင်းနဲ့ သူတို့ရဲ့သားသမီးတွေအကြောင်းလည်း သိချင်ပါတယ်ဆရာ၊ နောက်ပြီး ပထမသမီးတော်ကြီးရဲ့ သမီးတော်'တုတု'ရဲ့အကြောင်းလည်း သိချင်ပါတယ်၊ ဆရာရေးနိုင်မယ်ဆိုရင် ကျွန်မတို့ ဖတ်ချင်ပါတယ်"

ဒါက သီပေါမင်း၊ စုဖုရားလတ်တို့၏မျိုးဆက်များနှင့်ပတ်သက်၍ သူတို့မေးကြတာတွေ ဖြစ်သည်။ ထို့ကြောင့်ပင် မိမိအနေဖြင့် "ရတနာဂီရိရောက် မြန်မာမင်း မိဖုရားနှင့် သမီးတော်များ"ဟု ခေါင်းစဉ်တပ်၍ ယခုဆောင်းပါးကို ရေးသားရခြင်းဟု ဆိုချင်ပါသည်။

ရေးရလျှင် ကုန်းဘောင်ဆက် နောက်ဆုံးမင်း သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့၏ သမီးတော်များကား ကုန်းဘောင်သွေး မဟာနွယ်များဖြစ်ကြပါလျက် ကံဆိုးသူများဟု ရေးပါလျှင် မှားအံ့မထင်ပါ။ စာနာစိတ်ဖြင့် ခံစားမိကြမည်ဆိုလျှင် အားလုံးနားလည်နိုင်ကြမည်ဖြစ်ပါသည်။

အနိုင့်အထက်ကျင့်တောင်းဆိုထားသည့် ရာဇသံကို မြန်မာမင်းက အတတ်နိုင်ဆုံး သည်းခံလိုက်လျော အလျော့ပေးကာ စစ်မီးကိုမပွားရန် အားထုတ်ခဲ့ပါသော်လည်း အထက်မြန်မာနိုင်ငံကို အပြီး





အပိုင်သိမ်းယူရန် ဆုံးဖြတ်ပြီးဖြစ်သည့် နယ်ချဲ့တို့က လက်မခံ၊ စစ်မက်ဖြစ်ပွားလာချိန်တွင်လည်း မြန်မာတို့ဘက်မှ စစ်ပြေငြိမ်းရန် အားထုတ်မှုကို လျစ်လျူရှု၊ နောက်ဆုံး မြန်မာဘုရင်နှင့် မိဖုရားကို ကြက်ကလေးငှက်ကလေးဖမ်းသလိုဖမ်းကာ ရတနာဂီရိဝေးရပ်သို့ ပို့ပစ်ခဲ့သည်မှာ သမိုင်းကို လေ့လာသူတိုင်း သိကြပြီးဖြစ်သည်။

နယ်ချဲ့စနစ်ဆိုသည်က မတရားသည့်စနစ်ဆိုးသာ ဖြစ်သည်။ နယ်ချဲ့စနစ်တွင် တရားမျှတမှုမရှိ၊ အမှန်တရားမရှိ၊ နယ်ချဲ့တို့၏ ရေးသားဝါဒဖြန့်ချက်များမှာလည်း မှသာဝါဒနှုတ်ကမချသည့် လိမ်ညာချက်များသာဖြစ်သည်။ လူတို့ကို အသိပညာနုန့်နဲ့အောင်၊ ညံ့အောင်၊ တုံးအောင် အ အောင်လုပ်ကြခြင်းသာ ဖြစ်သည်။

သူတို့က ရေးကြသည်။ မြန်မာ့နန်းပလ္လင်ကို မတရားသဖြင့် မြေချလိုက်သည့်ကိုပင် သူတို့က တရားသယောင်၊ မြန်မာမင်းမကောင်း၍၊ မြန်မာမိဖုရားမကောင်း၍ စသည် စသည်ဖြင့် ကလိမ်စေ့ငြိမ်းဆင်ကြသည်၊ ဆိုချင်သည်က နယ်ချဲ့အင်္ဂလိပ်က အကောင်း၊ နယ်ချဲ့ခံလိုက်ရသည့် မြန်မာက မကောင်း။ ဒါပဲဖြစ်သည်။

ထားတော့၊ ဆောင်းပါးကိုဆက်မည်ဆိုလျှင် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့၊ နံနက်တွင် နယ်ချဲ့တို့က မန္တလေးဂေါဝိန်ဆိပ်မှ မြန်မာမင်းနှင့်မိဖုရားကို ရန်ကုန်သို့ ဆောင်ယူသည်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် ရန်ကုန်သို့ရောက်ရှိသည်။ သင်္ဘောပေါ်တွင် သီပေါမင်း၊ မိဖုရားစုဖုရားလတ်တို့နှင့်အတူ သီပေါမင်း၏မိဖုရားတစ်ပါးဖြစ်သည့် စုဖုရားလတ်၏ညီမတော် စုဖုရားငယ်၊ သမီးတော်နှစ်ပါးဖြစ်သည့် ပထမသမီးတော် ထိပ်စုမြတ်ဖုရားကြီးနှင့် ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



သမီးတော် ထိပ်စုမြတ်ဖုရားလတ်၊ စုဖုရားလတ်၏မယ်တော် ဆင်ဖြူမရှင်မိဖုရားကြီး၊ စုဖုရားလတ်၏အစ်မတော် စုဖုရားကြီး၊ နန်းတွင်းအပျိုတော်(၁၀)ဦး။ မိန်းမအစေတော်နှင့်ကလေးငယ် (၅၀)၊ နန်းတွင်းအမှုတော်ထမ်း (၈)ဦးနှင့် ၎င်းတို့၏နောက်လိုက်နောက်ပါယောကျ်ား (၅)ဦး။ စုစုပေါင်း (၈၀)ပါရှိသည်။ ၎င်း(၈၀)တွင် သီပေါမင်း၊ စုဖုရားလတ်တို့နှင့်အတူ တိုင်းတစ်ပါးသို့ လိုက်ပါလိုသူမှာ (၂၀)ခန့်သာ ရှိသည်။ ကျန်သည့် (၆၀)က မလိုက်လိုကြ။

ရန်ကုန်သို့ရောက်လျှင် သီပေါမင်း၊ စုဖုရားလတ်နှင့် အခြွေအရံများကို ကင်းနင်းအမည်ရှိ ပင်လယ်ကူးသင်္ဘောပေါ်သို့ ပြောင်းရွှေ့စေသည်။ ဒီဇင်ဘာလ(၁၀)ရက်နေ့ညနေတွင် ကင်းနင်းသင်္ဘောရန်ကုန်မှထွက်သည်။ သီပေါမင်း၊ စုဖုရားလတ်၊ စုဖုရားငယ်၊ သမီးတော်(၂)ပါးနှင့်အတူ မိန်းမအစေတော် (၁၇)ယောက်၊ နန်းတော်အရာရှိ (၂)ယောက်နှင့် စကားပြန်တစ်ယောက်တို့ လိုက်ပါလာသည်။ ဆင်ဖြူမရှင်၊ ကင်းဝန်မင်းကြီး၊ မြို့သစ်အတွင်းဝန်နှင့် ကျောက်မြောင်းအတွင်းဝန်တို့မှာ ရန်ကုန်တွင်ကျန်ခဲ့ကြပြီး နယ်ချဲ့တို့က ဆင်ဖြူမရှင်၊ သမီးတော်စုဖုရားကြီးနှင့် မိန်းမအစေတော် (၁၂)ယောက်ကိုမူ ထားဝယ်သို့ ပို့လိုက်သည်။

သီပေါမင်းနှင့် စုဖုရားလတ်တို့မှာ ပထမ မဒရပ်တွင် နေထိုင်ကြရသည်။ မန္တလေးမှ လိုက်ပါလာရစဉ်ကပင် စုဖုရားလတ်တွင် ကိုယ်ဝန်(၄)လပါလာရာ ၁၈၈၆ ခုနှစ်၊ မတ်လ(၇)ရက်နေ့တွင် မဒရပ်၌ တတိယသမီးတော်ကို ဖွားမြင်သည်။

၁၈၈၆ ခု၊ ဧပြီလ (၁၀)ရက်နေ့တွင် သီပေါမင်းနှင့်စုဖုရားလတ်တို့ကို အက်စ်အက်စ်ကလိုက်သင်္ဘောဖြင့် မဒရပ်မှ ရတနာ





ဂီရိသို့ ပို့သည်။ ရတနာဂီရိမှာ ဘုံဘေမြို့တောင်ဘက် မိုင် (၁၂၀)တွင် ရှိသည်။ ရတနာဂီရိ၌ စံနေစဉ်တွင် စုဖုရားလတ်မှ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားကို ဖွားမြင်သည်။

သမီးတော်များ အရွယ်ရောက်လာသောအခါ ပထမသမီးတော် ထိပ်စုမြတ်ဖုရားကြီးသည် သီပေါမင်း၏အိမ်တော်ဝင်းတံခါးစောင့် မာရသီလူမျိုး ဂိုပါဘာအူရောင်ဆဝန့်နှင့်ရရှိကာ သမီးလေးတုတုကို ဖွေးသည်။ ဘုရင်နှင့် မိဖုရားတို့က မြေးငယ်ကို ချစ်ကြသဖြင့် စံအိမ်တော်သို့ ခေါ်ယူထားခဲ့သည်။ တုတုသည် ရတနာဂီရိတွင် ရှန်ကာပါဝါဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီး(၇)ယောက် မွေးဖွားသည်။ သူ့ခင်ပွန်းမှာ အစိုးရဌာနတစ်ခုမှ စက်ပြင်ဆရာဖြစ်ပြီး ရတနာဂီရိတွင် တစ်သက်လုံး ဆင်းရဲချို့တဲ့စွာ နေထိုင်ခဲ့ရသည်။

ဒုတိယသမီးတော် ထိပ်စုမြတ်ဖုရားလတ်မှာ သီပေါမင်း၏ အိမ်တော်ပါ လတ်သခင် ခေါ် ခင်မောင်လတ်နှင့် မိမိသဘောအလျောက် လက်ထပ်သည်။ သီပေါမင်းနှင့် စုဖုရားလတ်တို့က သဘောမတူ လက်မခံခဲ့ပေ။ ဒုတိယသမီးတော်သည် ကြင်ရာတော်နှင့် ကာလကတ္တားတွင် ပြောင်းရွှေ့နေထိုင်သည်။ ထို့နောက် ကာလကတ္တားမှ ကလင်ပုံသို့ ပြောင်းရွှေ့သည်။ ဒုတိယသမီးတော်တွင် သားသမီး မထွန်းကားခဲ့။

တတိယသမီးတော်မှာ မဒရပ်တွင်မွေးခဲ့သည့် ထိပ်စုမြတ်ဖုရားဖြစ်သည်။ တတိယသမီးတော်သည်(၁၉၂၂)ခုနှစ်တွင် မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသား၏ မြေးတော်ဖြစ်သူ သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် စုံဖက်သည်။ ထို့နောက် ၁၉၂၈–၂၉ ခုနှစ်များ

www.burmeseclassic.com



တွင် သခင်ထိပ်တင်ကိုယ်တော်ကြီးနှင့် အိမ်ထောင်ရေးအဆင်မပြေသဖြင့် ကွာရှင်းကာ ရှေ့နေတစ်ဦးနှင့် လက်ထပ်ခဲ့သည်။

တတိယသမီးတော်၏သမီးတော် ထိပ်စုကြီးဖုရား ခေါ်မင်းသမီးရီတာမှာ ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး ဝမ်းကွဲမောင်တော်ဖြစ်သည့် စတုတ္ထသမီးတော်၏သားတော် တော်ဘုရားနှင့် လက်ထပ်ခဲ့သည်။ သား (၄)ယောက်နှင့် သမီး(၂)ယောက် ထွန်းကားခဲ့သည်။

စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားကလေးမှာ ရတနာဂီရိတွင် ၁၈၈၇ ခုနှစ်၊ ဧပြီလ (၂၇)ရက်နေ့၌ မွေးဖွားခဲ့ပြီး ရဟန်းလူထွက်တစ်ဦးဖြစ်သည့် ဦးနိုင်နှင့် အိမ်ထောင်ကျသည်။ စတုတ္ထသမီးတော်မှာ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ အချစ်ဆုံးသမီးတော်ဖြစ်သည်။ သီပေါမင်း နတ်ရွာစံသည့်အခါ၌ မိမိတို့ပိုင်ပစ္စည်းများကို စတုတ္ထသမီးတော်အား လွှဲပြောင်းပေးလိုသောဆန္ဒ သီပေါမင်းတွင် ရှိခဲ့သည်ဟု စုဖုရားလတ်က ကြေညာခဲ့သည်။ သို့သော် ကောလိပ်တော်အရာရှိက ထိုသို့လွှဲပြောင်းပေးရန် သီပေါမင်းတွင် ကျောက်မျက်ရတနာပစ္စည်း များများစားစား မကျန်ရှိတော့ကြောင်း အစီရင်ခံခဲ့သည်။

စတုတ္ထသမီးတော်သည် သားတော်(၄)ပါးနှင့် သမီးတော်(၂)ပါး ဖွားမြင်ခဲ့သည်။ ကွယ်လွန်သွားပြီဖြစ်သည့် တော်ဘုရားကလေးဦးအောင်ဇေယျာ စတုတ္ထသားတော် ဖြစ်သည်။

ဤသည်တို့မှာ ရတနာဂီရိရောက် သီပေါမင်းနှင့် စုဖုရားလတ်တို့၏ သမီးတော် (၄)ပါးနှင့်ပတ်သက်သည့်အကြောင်းများပင် ဖြစ်သည်။





သီပေါမင်းသည် ရတနာဂီရိတွင် အကျဉ်းစံဘုရင်ဘဝဖြင့် နေရစဉ် ၁၉၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့တွင် နတ်ရွာစံတော်မူသည်။ စုဖုရားလတ်၏ညီမတော် စုဖုရားငယ်မှာလည်း ရတနာဂီရိတွင်ပင် ၁၉၁၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီး၊ စုဖုရားလတ်သည် ၁၉၁၉ ခုနှစ်၊ ဧပြီလ (၁၀)ရက်နေ့တွင် ရတနာဂီရိမှ ရန်ကုန်သို့ ပြန်ရောက်လာခဲ့သည်။

ထိုသို့ပြန်ရာတွင် စုဖုရားလတ်နှင့်အတူ သမီးတော် (၃)ပါးနှင့် (၁၂)နှစ်သမီးအရွယ်ရှိ မြေးမလေးတုတုတို့ လိုက်ပါလာကြသည်။ ဒုတိယသမီးတော်မှာမူ စုဖုရားလတ်က လက်ခံခြင်းမပြုသဖြင့် လိုက်ပါနိုင်ခြင်းမရှိဘဲ ကာလကတ္တားတွင်ပင် ကျန်ခဲ့သည်။ စုဖုရားလတ်နှင့် သမီးတော်များသည် ဧပြီလ (၁၈)ရက်နေ့တွင် ရန်ကုန်သို့ ရောက်ရှိလာခဲ့ကြပြီး၊ စုဖုရားလတ်သည် ချာချီလမ်း (ကိုယ့်မင်းကိုယ်ချင်းလမ်း) အမှတ် (၂၃)တွင် နေထိုင်ကာ ၁၉၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄)ရက်နေ့၊ နံနက် (၅)နာရီအချိန်ခန့်တွင် ၎င်းနေအိမ်၌ပင် ကံတော်ကုန်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကုန်းဘောင်မင်းဆက် နောက်ဆုံးမင်းဖြစ်သည့် သီပေါမင်း၏မိဖုရားခေါင်ကြီး စုဖုရားလတ် ကံတော်ကုန်ပြီဟု သိကြရသောအခါ ချာချီလမ်းအိမ်တော်ရှိ စုဖုရားလတ်ထံ မကြာခဏသွားရောက်ခစားတွေ့ဆုံခဲ့သည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် စာရေးဆရာ၊ သတင်းစာဆရာကြီးများသည် သူရိယသတင်းစာ၊ မြန်မာ့တာရာသတင်းစာတို့မှ မိဖုရားခေါင်ကြီးစုဖုရားလတ် ကံတော်ကုန်သည့်အတွက် ဝမ်းနည်းကြေကွဲသည့်ဆောင်းပါးများ၊ လေးချိုးကြီးများ၊ ရတုကြီးများဖြင့် စုဖုရားလတ်ကို ဂုဏ်ပြုရေးဖွဲ့ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်စာဆိုတော်ကြီးဖြစ်သည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း နယ်ချဲ့အင်္ဂလိပ်တို့လက်တွင် နှစ်ပေါင်း(၄၀)ကျော် ချို့တဲ့ညှိုးငယ်စွာနေခဲ့ရသည့် မိဖုရားခေါင်ကြီးအတွက် နာကျည်းခံပြင်းစွာဖြင့် စုဖုရားလတ်နတ်ရွာစံပြီးဟု ကြားလျှင်ကြားချင်း သူရိယသတင်းစာမှနေ၍ လေးချိုးကြီးတစ်ပုဒ်ဖြင့် မိဖုရားခေါင်ကြီးစုဖုရားလတ်ကို ဂုဏ်ပြုတမ်းတရေးဖွဲ့ခဲ့သည်။

ယခု ဆရာကြီးသခင်ကိုယ်တော်မှိုင်း ခံစားရေးဖွဲ့ခဲ့သည့် ထိုလေးချိုးကြီးကို စာဖတ်သူတို့အား ပြန်လည်ဖော်ပြရင်း မိမိဆောင်းပါးကို အဆုံးသတ်လိုက်ပါ၏။

ရွှေပြည်အဂ္ဂံ တောင်ခြေ ဒါးပန်းတွင်မှ
အောင်မြေဗဟန်းမှာ တစ်သိန်ညှိုးစေဖို့
အိမ်ဆိုးအိမ်ပျက်ငယ်ငယ်အပေါ် မဖွယ်သနော်စံရတဲ့အပြင်
ဘယ်သောကံ ဘယ်ဝဋ်ကြွေးလေသိ
ပေးဆက်သဟာ အသပြာ မလောက်မငကလေးရယ်နဲ့
အေးကွက်မသာ အရာရာ အောက်ကျနောက်ကျတွေးတွေးပြီး
နောက်ဘဝအရေး မှန်းမျှော်ညွှတ်ပါလို့
ဆွမ်းတော်ငယ် မလှမပလောင်းရတော့
အစစအကြောင်း သံဝေရလို့မို့
ဟံသာပြေသူ ရှင်စောပုတို့လို
မအော့ပမာကို ရသေ့ဆရာကလည်း သနားတာနှင့်
အများသောဒါယကာ သတင်းတအသင်းတွေနဲ့ပြင်





အင်္ဂလိပ်သခင်အခါမှ တမင်္ဂလာပေါ့
အင်ပါယာ စတိုင်းသစ်ကယ်နှင့်
နိုင်ခေတ်မှာ သမ္ဘာကြည်တယ်လို့
ဘာမထိ ညာမထိ အများဘောင်မှာ ကြွားနေကြ
အာဇာနည် ငါးထောင်စားတွေနှင့်
အားရှိအောင် မဆောင်စွမ်းနိုင်တော့
ထောင်နန်းအမရာ အောင်ပန်းမာလာဆက်ချင်သနဲ့
အထက်မြန်မာအရပ်တွင်မှ ဆွာရတ်ဒေသနာကဖြင့်
ပြေရွာကိုလှည့်ကာဟောမယ်လို့
ဘေဒါကေသာ မိကလျာအချောတွေနှင့်
တပည့်တကာ ပေါ်သတာ တောအညာတက်ခဲ့တော့
အသက်တစ်ရန်စွယ်တဲ့ အန္တရာယ်ရောဂါတော်အတွက်ကယ်နဲ့
အစောခများမှာ ယောရှာမယ့်အချက်တွင်မှ
ပြောကာဟောကာ ဩသဓာမဆက်ရတဲ့ပြင်
ဩော် ... အထက်ကြွခဲ့မိလို့ အဆက်မရမှု၍
အဂ္ဂမဟေသီကို အသက်ကာမ ကဝေမမိလိုက်စေဖို့
အခိုက်အခါမဟုတ်ပြီလို့ နကွတော်ဝင်ဇာတ်သိမ်းပါလို့
လွတ်လပ်ငြိမ်းဖွယ် ဘယ့်ဝယ်မျှော်၍
တကယ်တော် မယ်တော်ဖြင့်မြန်းရမယ်လို့
တောင်ညာရှောင်ခွာလို့ အလှမ်းတွင်မှ
နတ်ပြည်မှာ ဇာတ်စည်ဖြင့်ရွှမ်းပေလိမ့်
ဘယ်ဆီရွယ်ရည်မှန်းရပ်!



www.burmeseclassic.com

www.burmeseclassic.com




အမယ်မင်း မန်းနဂရသိက ဗန်းများစေတီအလားပေပ
သြော် … ကမ္ဘာ့ဗန်းပြခဲ့တဲ့
ဗဟာန်းက နန်းမဒေဝီကို သနားသနားပြီး
အို … ဆွမ်းအစ်မ ကွမ်းအစ်မကြီးရဲ့ တနွမ်းနွမ်းတလျှလျှရယ်နဲ့
သြော် … တမှန်းမှန်းတကာပြီး လွမ်းရချေပြီဘုရား။



# ဖတ်ခဲ့ရသည့် စာအုပ်တစ်အုပ်နှင့်ဖတ်သက်၍ ရှင်းတမ်း

www.burmeseclassic.com




အင်းဝတွင်မြန်မာတို့လက်နက်ချနေပုံ



အင်္ဂလိပ်စစ်သင်္ဘောများမန္တလေးဂေါဝိန်ဆိပ်သို့ရောက်ရှိနေပုံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



မန္တလေးတွင်မြန်မာတို့၏လက်နက်များကိုသိမ်းယူနေကြသောအင်္ဂလိပ်စစ်သည်များ

ဒီကနေ့အချိန်မှာ ထွက်နေသည့် သမိုင်းစာအုပ်များ၊ တချို့က စာအုပ်သစ်တွေဖြစ်သလို တချို့က ပြန်ရိုက်အဟောင်းတွေ။

မိမိက သမိုင်းကို စိတ်ဝင်စားသည်။ ကျောင်းနေစဉ် မူလတန်းကျောင်းသားဘဝကတည်းက ထိုစဉ်ကထွက်သည့် ပုံပြသမိုင်းစာအုပ်ကလေးတွေကို စွဲစွဲမက်မက် ဖတ်လာခဲ့သူဆိုလျှင်လည်း မမှား။ ကျန်စစ်သားတို့ တပင်ရွှေထီးတို့ ဘုရင့်နောင်တို့ အလောင်းဘုရားတို့အကြောင်း ရေးထားသည့် ပုံပြသမိုင်းစာအုပ်ကလေးတွေကို ကျောင်းမုန့်ဖိုးကလေးတွေစု၍ ကိုယ်ပိုင်ဝယ်ကာ အကြိမ်ကြိမ်အထပ်ထပ် ဖတ်ခဲ့မိသည်။ သူရဲကောင်းတွေကို အလွန်လည်း အားကျသည်။ စံလည်းပြုခဲ့သည်။

အရွယ်ရောက်လာတော့လည်း သမိုင်းနှင့်ပတ်သက်သည့် စာအုပ်တွေကို ဖတ်တုန်းဖတ်ဆဲ။ ယနေ့တိုင်ဟု ဆိုရလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းကိုလေ့လာပြီး စာအုပ်ရေးသားပြုစုနေသူဆိုတော့ ကျမ်းကိုးကျမ်းကားပြုစရာ သမိုင်းစာအုပ်တွေကလည်း တော်တော်များများရှိနေသည်။ တချို့ ရှားပါးလှသည့်စာအုပ်တွေဆို အဟောင်းဆိုင်တွေမှာ မနည်းရှာပြီး ဈေးကြီးပေး၍ ဝယ်ထားရသည်။

ကွယ်လွန်သွားပြီဖြစ်သည့် ဆရာဒေါက်တာသန်းထွန်းက "သမိုင်းကို မအ,ဖို့အတွက် ဖတ်ရမည်"ဟု ဆိုခဲ့ပါသည်။ မှန်ပါသည်။ မိမိ ထိုစကားကို လက်ခံပါသည်။ မအ,ဖို့ ဖတ်ကြတာတော့ မှန်သည်။ သမိုင်းကို လူတိုင်းဖတ်သင့်ပါသည်။ သမိုင်းက မိမိတို့ကို အများကြီးပေးပါသည်။ သုတရစရာတွေ၊ ဆင်ခြင်စရာတွေ၊ အသိတွေ၊ အတွေးတွေ၊ ယူတတ်သူအတွက်တော့ အကျိုးရှိလှပါသည်။ ဆက်ရေးရလျှင် သမိုင်းကိုလေ့လာခြင်း၊ ဖတ်ခြင်းဖြင့် ထိုခေတ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခြေအနေအရပ်ရပ်ကိုပါ သိရှိနိုင်ပါသည်။

သမိုင်းစာအုပ်တွေကို လေ့လာခြင်း၊ ဖတ်ရှုခြင်းမှာ ကောင်းပါသည်။ သို့သော် တချို့တချို့သောစာအုပ်တွေကျတော့ အခြားသူတွေတော့မသိ။ မိမိ စိတ်ပျက်လာမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရေးထားတာတွေက ပုံပြင်ဆန်ဆန်၊ ဒဏ္ဍာရီဆန်ဆန်၊ ပါးစပ်ရာဇဝင်တွေလို လိုရာဆွဲတွေး၊ လိုရာဆွဲရေး၊ တချို့က ယုတ္တိဗေဒမဲ့၊ စိတ်ကူးကွန့်လွန်းကဲစွာ။ တချို့ကျတော့ လိုရင်လိုသလို၊ မလိုရင်မလိုသလို သမိုင်းကို အသုံးချ ရေးနေကြတာတွေက အလွန်စိတ်ပျက်စရာကောင်းလှပါသည်။

သမိုင်းကို ပြုစုသူ၏တာဝန်မှာ အလွန်ကြီးပါသည်။ စာရေးသူတွင် စာပေသစ္စာရှိဖို့လိုသလို သမိုင်းပြုစုသူမှာလည်း သမိုင်း





အပေါ် သစ္စာရှိဖို့ အလွန်အရေးကြီးပါသည်။ ဖြောင့်မတ်ဖို့လိုပါသည်။ မိမိအကြိုက် မရေးသင့်ပါ။ ဘက်လိုက်မရေးသင့်ပါ။ ပုဂ္ဂိုလ်စွဲထားမရေးသင့်ပါ။ ရန်သူပင်ဖြစ်ပါစေ၊ ချီးကျူးသင့်က ချီးကျူးရပါမည်။ အဓိကက အမှန်တရားတည်းဟူသော စံကို လက်ကိုင်ပြု၍ သမိုင်းမှန်ဖြစ်စေရေး။

ကြားဖူးကြပါလိမ့်မည်။ "ပုဂံရာဇဝင်ကို တုတ်ထမ်းဓားထမ်းပြော"ဆိုသည့်စကား။ အမျိုးမျိုးပြောနေရေးနေကြတော့ ဘာကို အမှန်ဟု ယုံရတော့မည်ပင် မသိဆိုတာလို။ အနော်ရထာနှင့် ကျန်စစ်သားကိုကြည့်။ ကျန်စစ်သားက အနော်ရထာ၏သားတော်မဟုတ်ဆိုသည့်ကိစ္စကအစ ရာဇကုမာရကလည်း ကျန်စစ်သား၏သားတော်မဟုတ် ဆိုသည့်အကြောင်းအထိ။ နောက် အနော်ရထာကို သိကြားမင်းဆက်သည်ဆိုသည့် အရိန္ဒမာလုံကိစ္စ။ ပြီးတော့ ဖတ်တွေပွဲတွေမှာ ကျန်စစ်သားကို တရားခံစာရင်းသွင်းခဲ့ကြသည့် ကျန်စစ်သားဇီလိန်ဖြစ်ရသည့် ဗျတ္တနှင့် ရွှေဖျဉ်းညီနောင်တို့ကိစ္စ။

သမိုင်းမှန်ရေးကြပြီဆိုလျှင် ဝတ္တုမဆန်ဖို့တော့ လိုပါသည်။ ယုတ္တိဗေဒကျကျ တတ်နိုင်သမျှ ကျမ်းကိုးများနှင့်ညှို၍ အမှန်တရားဆိုင်ရာကို နက်နက်ရှိုင်းရှိုင်း လက်တစ်ဆုံးနှိုက်စေချင်ပါသည်။ အချိန်တော့ ယူရပါလိမ့်မည်။

ယခုလည်း ရေးစရာအကြောင်းက ပေါ်လာ၍ ယခုဆောင်းပါးကို ရေးလိုက်ပါသည်။ ဒါက ကုန်းဘောင်ဆက် နောက်ဆုံးမင်းသီပေါလက်ထက် နယ်ချဲ့အင်္ဂလိပ်နှင့်စစ်ပွဲများဖြစ်ပွားရခြင်းအကြောင်းနှင့်ပတ်သက်၍ဖြစ်သည်။ မိမိက သမိုင်းဆိုင်ရာ စာအုပ်တစ်အုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်မိပါသည်။ ဒီစာအုပ်အမည်က "သီပေါမင်း၏ နောက်ဆုံးနေ့ ရက်များ"။ စာအုပ်ပြုစုသူက မောင်ဖေငယ်။ ရေးထားသည်ကို ကြည့်ပါ။ စာမျက်နှာ ၁၅၆ တွင် ဖြစ်သည်။

*တခြားမင်းများနဲ့ သူတို့ဟာ တန်ခိုးအင်အားချင်း တူညီတယ်။ လာသမျှသောရန်သူတို့ကို တိုက်ခိုက်အောင်မြင်လိမ့်မယ်လို့ ယုံကြည်နေတယ်။ သည်တော့ အရာရာကို လျစ်လျူရှုထားတာ မဆန်းဘူးပေါ့။ သည်တုန်းက မြန်မာနိုင်ငံဟာ အင်အားနည်းနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်နေတယ်။*

*အသိပညာက နန်းတော်ထဲမှာ မရှိဘူး။ နားမလည်မှုနဲ့ သတ္တိတို့သာ ရှိနေတယ်။ မင်းနှစ်ပါးဟာ အိပ်မက်အတွင်းမှာပဲ ပျော်မွေ့နေတယ်။*

*.....မင်းနှစ်ပါးဟာ သူ့ရဲ့နောက်ပါးမှာ မပြိုကွဲနိုင်တဲ့ အင်အားရှိသည့်အလား ပြုကျင့်နေထိုင်တော့တယ်။ သည်ကာလ အတွင်းမှာ ဗြိတိသျှအစိုးရထံ စာများပေးပို့တယ်။ အဲဒီစာများထဲမှာ အင်အားကြီးမားတဲ့ ခက်ထန်တဲ့သဘောများပါတယ်။ ဘယ်လို နှောင့်ယှက်မှုမျိုးကိုမဆို တွန်းလှန်ခုခံဖို့ အင်အားရှိကြောင်းလည်း ဖော်ပြထားတယ်။ ဒါပဲပေါ့။ သီပေါမင်းဟာလည်း နိုင်ငံတော်ရဲ့ ဘုရင်မင်းမြတ်ပဲ မဟုတ်လား။ သည်တော့ ရာဇဂုဏ်မြင့်တာလည်း မဆန်းဘူးပေါ့။ အချိန်ပြောင်းလာသည်နှင့်အမျှ ဖြစ်ရပ်များဟာလည်း ပြောင်းလဲလာတယ်။ မင်းနှစ်ပါးရဲ့မာန်မာနဟာ တလွဲဆံပင်ကောင်းနေခြင်းပဲ။*





နောက်ထပ်ရေးရမည်ဆိုလျှင် ရေးပြစရာတွေ ရှိပါသေးသည်။ သို့သော် ယခုလောက်ရေးပြလိုက်လျှင် စာဖတ်သူများ နားလည်လောက်ပြီထင်ပါသည်။ လိုရင်းကို အတိုချုံ့ရေးရလျှင် မြန်မာဘုရင် သီပေါမင်းနှင့် မိဖုရားစုဖုရားလတ်တို့က နယ်ချဲ့ အင်္ဂလိပ်နှင့် စစ်မက်တုပြိုင်ရန်အတွက် ဝန်မလေး၊ အင်အားချင်း ညီနေသည်ဟု ထင်မြင်နေသည်။ မိမိကိုယ်ကို အထင်ကြီးလွန်းနေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ကို ဂရုထားစရာမဟုတ် ဆိုသည့် အတွေးက ဝင်နေသည်။ ဆိုချင်တာက ဒါပဲဖြစ်သည်။

စာအုပ်ကိုဖတ်ပြီးတော့ မိမိ စိတ်မကောင်းဖြစ်ရသည်။ ဒီစာအုပ်ကိုပြုစုသူ မောင်ဖေငယ် မှားလေပြီဟု၊ စာအုပ်ကိုဖတ်သူတွေက ဒါကို အမှန်ဟုယုံကြည်ပြီး လက်ခံသွားကြလျှင် ဒုက္ခ။ မောင်ဖေငယ်အနေနဲ့ လက်လွတ်စပယ် ယခုကဲ့သို့မရေးသင့်ဟု ဆိုချင်သည်။

မိမိရှင်းလိုသည်က ဤသို့ဖြစ်သည်။ အင်္ဂလိပ်များ၏ဘုံဘေဘားမားသစ်ကုမ္ပဏီက မြန်မာသစ်များကို ခိုးထုတ်မှုနှင့်ပတ်သက်၍ မြန်မာတို့က ဘုံဘေဘားမားသစ်ကုမ္ပဏီကို ဒဏ်ငွေ နှစ်သန်း သုံးသိန်းကျော် တပ်ရိုက်သည်။ အင်္ဂလိပ်ကုန်သည်များက ဒဏ်ငွေကို မပေးဆောင်သည့်အပြင် အိန္ဒိယဘုရင်ခံ လော့ဒ်ဒပ်ဖရင်ထံ မြန်မာဘုရင်က မတရားသဖြင့်ပြုလုပ်ကြောင်း တိုင်ကြားသည်။ အင်္ဂလိပ်ကုန်သည်တို့က ဒဏ်ငွေကို မဆောင်သည့်အတွက် မြန်မာတို့က အင်္ဂလိပ်ကုန်သည်များပိုင် ဆင်နှင့် သစ်တောဘဏ္ဍာပစ္စည်းတို့ကို သိမ်းယူသည်။ ထိုအခါ နယ်ချဲ့အင်္ဂလိပ်တို့အတွက် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရန် အချက်ကောင်းဝင်လာပြီဖြစ်သည့်အတိုင်း လော့ဒ်ဒပ်ဖရင်က မြန်မာဘုရင်ထံ ရာဇသံပေးပို့သည်။ ထိုရာဇသံမှာ မည်သို့မျှလက်သင့်ခံနိုင်စရာမရှိ။ အားကြီးသူက အားနည်းသူကို အနိုင်အထက်ပြုကျင့်သည့် ရာဇသံသာဖြစ်သည်။ တရားမျှတခြင်းလုံးဝမရှိ။

ရာဇသံပါ အချက်များမှာ ...

၁။ အိန္ဒိယဘုရင်ခံမင်းထံမှ အရေးပိုင်ကိုယ်စားလှယ်တစ်ဦး စေလွှတ်၍ ထိုအရေးပိုင်နှင့် မြန်မာအရာရှိတို့က ဤသစ်မှုကို ဆုံးဖြတ်စီရင်ရမည်။

၂။ ထိုအရေးပိုင်ကိုလည်း မြစ်ဆိပ်တွင် အုတ်ဝင်းကာရံနေထိုင်စေ၍ အစောင့်အရှောက်အဖြစ် စစ်သားတစ်ထောင်ကို ထားရန် ခွင့်ပြုရမည်။

၃။ ဧရာဝတီမြစ် ဂေါ်ဝိန်ဆိပ်ကမ်းတွင်လည်း အင်္ဂလိပ်တို့၏ တိုက်သင်္ဘောတစ်စင်းကို အစောင့်အရှောက်အဖြစ် ထားခွင့်ပြုရမည်။

၄။ သစ်မှုကိစ္စပြောဆိုရာတွင် မြန်မာဘုရင်ရှေ့မှောက်သို့ အရေးပိုင်ဝင်ရောက်ရာ၌ ဖိနပ်စီး၍ ဓားကိုင်ဆောင်ခွင့်ပြုရမည်။

၅။ မြန်မာနိုင်ငံအနေဖြင့် အင်္ဂလိပ်အစိုးရက သဘောမတူဘဲ မည်သည့်နိုင်ငံနှင့်မျှ ဆက်ဆံခြင်းမပြုရ။ စာပါအချက်များကို လက်မခံလျှင် အင်္ဂလိပ်အစိုးရမှ အလိုရှိရာ ပြုလုပ်မည်ဖြစ်ကြောင်း စသည့် ခြိမ်းခြောက်ထားသော ရာဇသံဖြစ်သည်။





ထိုရာဇသံစာပါ အကြောင်းအရာကို ဖတ်ရှုရပြီးသောအခါ သီပေါဘုရင်က ...

"အရေးပိုင်ကိုယ်စားလှယ်ကို စေလွှတ်မည်ဆိုသောအချက်သည် ဤသစ်မှုကို အစွဲပြု၍ဖြစ်သည်။ သစ်ဖိုးငွေကို မတောင်းမခံ ချမ်းသာပေးတော်မူလျှင် အရေးပိုင်ကိုလွှတ်ရန် အကြောင်းမရှိ။ ဖိနပ်စီးခြင်း၊ ဓားကိုင်ခြင်း၊ စစ်သားထားခြင်းအချက်များသည်လည်း ပြောဆိုပြန်ကြားရန်မရှိ ဖြစ်သည်။ ထိုမှကြွင်းကျန်သောအချက်များကို မှူးတော်မတ်တော်တို့ ညှိနှိုင်း၍ ပြန်ကြားရမည်။ သာသနာအကျိုး၊ တိုင်းကျိုးပြည်ကျိုးများကို ထောက်မြော်တော်မူသဖြင့် သစ်မှုနှင့်ပတ်သက်သော အရာများကြောင့် အင်္ဂလိပ်နှင့်မြန်မာ နှစ်တိုင်းနှစ်ပြည် ရန်စစ်ဖြစ်ပွားခြင်းမရှိစေရ။ ကိုယ်တော်အနေဖြင့် သင့်တင့်ညီညွတ်အောင် သဘောထား၍ သည်းခံတော်မူပြီးလျှင် သစ်ကုမ္ပဏီမှ ဆက်သွင်းရန် ငွေတော် နှစ်သန်းသုံးသိန်းကျော်များကို မတောင်းမခံ ချမ်းသာပေးတော်မူမည့်အကြောင်း။ မြန်မာနိုင်ငံကို အင်္ဂလိပ်မင်း သဘောမတူဘဲလျက် အခြားနိုင်ငံများနှင့် မဆက်ဆံရ ဆိုသည့်အချက်မှာ အင်္ဂလိပ်နိုင်ငံ၊ မြန်မာနိုင်ငံမှအပ အခြားနိုင်ငံကြီးတစ်နိုင်ငံမှ ဆုံးဖြတ်လျှင်ပြီးနိုင်ကြောင်း ရေးသားပြီး လော့ဒ်ဒပ်ဖရင်ထံ စာပြန်ကြားသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် လက်ခံရန်မဖြစ်နိုင်သည့် တောင်းဆိုမှုများအတွက် မြန်မာတို့ဘက်မှ အတတ်နိုင်ဆုံး အလျှော့ပေး လိုက်လျောကာ နယ်ချဲ့အင်္ဂလိပ်နှင့် အဆင်ပြေသင့်မြတ်စေရန် ပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း ထင်ရှားသည်။ စာပါအကြောင်းအရာတွင် မြန်မာဘုရင်မှ မောက်မာခြင်း၊ စော်ကားခြင်းများ မပါရှိ၍



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မြန်မာဘုရင်၏ပြန်ကြားချက်ကို နယ်ချဲ့အင်္ဂလိပ်တို့က လက်မခံဘဲ မူလအစီအစဉ်ရှိပြီးဖြစ်သည့်အတိုင်း စစ်သင်္ဘောများကို မြင်းခြံအထိ ဆန်တက်လာကာ မြန်မာတပ်များကို စတင်တိုက်ခိုက်ခဲ့သည်။

သီပေါဘုရင်မှာ ညီလာခံသဘင်တွင် မိန့်တော်မူခဲ့သည့်အတိုင်း စစ်ပြုရန်မှတစ်ပါး အခြားနည်းလမ်းမရှိတော့၍သာ နယ်ချဲ့အင်္ဂလိပ်ကို ခုခံတိုက်ခိုက်ရန် အမိန့်တော်ချမှတ်ခဲ့ရခြင်းဖြစ်သည်။ မည်သို့မှမဖြစ်နိုင်တော့သဖြင့် မိမိနိုင်ငံအတွက် တိုက်သင့်၍တိုက်ရသော စစ်ဖြစ်သည့်အတွက် သီပေါမင်း၏ဆုံးဖြတ်ချက်ကို မှားသည်ဟု ဆို၍မရ။ စစ်ပွဲများဖြစ်ချိန်တွင်လည်း ယခင်မြန်မာမင်းများလက်ထက်က ဖြစ်ခဲ့သည့် စစ်ပွဲများကဲ့သို့ စစ်ပြေငြိမ်းနိုင်ရန် အစွမ်းကုန် ကြိုးစားခဲ့သည်။ သို့သော် ယခုတစ်ကြိမ်တွင်တော့ သုံးပုံတစ်ပုံသာ ကျန်ရှိတော့သည့် မြန်မာနိုင်ငံကို အပြီးအပိုင် သိမ်းယူရန် ကြံရွယ်ပြီးရှိသည့်အတိုင်း နယ်ချဲ့တို့က စစ်ပြေငြိမ်းရေးကို လက်မခံတော့။ မြန်မာ့နန်းပလ္လင်ကိုမြေချကာ မြန်မာတွေကို ကျွန်ပြုရန်သာ စီစဉ်တော့သည်။

ယခုတော့ကြည့်ပါ။ မောင်ဖေငယ်၏စာအုပ်တွင် ရေးထားတာတွေက တကယ့်ဖြစ်ရပ်မှန်နှင့် ကင်းကွာနေသည်။

"တခြားမင်းများနဲ့ သူတို့ဟာ တန်ခိုးအာဏာချင်းတူညီတယ်"ဆိုသည့် ရေးသားမှု။

"မင်းနှစ်ပါးဟာ သူတို့ရဲ့နောက်ပါးမှာ မပြိုကွဲနိုင်တဲ့အင်အားရှိသည့်အလား ပြုကျင့်နေထိုင်တော့တယ်" ဆိုသည့်ရေးသားမှု။





"အသိပညာဟာ နန်းတော်ထဲမှာ မရှိဘူး" "မင်းနှစ်ပါးရဲ့ မာန်မာနဟာ တလွဲဆံပင်ကောင်းနေခြင်းပဲ"ဆိုသည့် ရေးသားမှုတွေသည် လုံးဝမရေးသင့်သည့် အရေးအသားများဖြစ်သည်။ မအ, အောင် သမိုင်းကို ဖတ်ကြဖို့ဆိုပါလျှင် အမှန်တရားနှင့် အလှမ်းကွာဝေးကာ ကျွန်သက်ရှည်စေမည့် ထိုစာအုပ်မျိုးကိုတော့ ...။

မနိုင်၍ နိုင်တိုင်းကျင့်သမျှ ခေါင်းငုံ့ခံနေရသည်ထက် တုံ့ပြန်ခြင်းဖြင့် အသက်သေရခြင်းက ပို၍သမိုင်းကောင်းပါသည် ဆရာမောင်ဖေငယ်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# သမိုင်းဆိုတာ မှားရန်မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းနဲ့ပတ်သက်လို့ဖြစ်ပါတယ်။

တစ်ခါတစ်ခါ ကြားလိုက်ရတာတွေက စိတ်ပျက်စရာ အလွန်ကောင်းပါတယ်။

"အနော်ရထာကို သိကြားမင်းဆက်လိုက်တဲ့ အရိန္ဒမာလှံကတော့ စွမ်းသလားမမေးနဲ့၊ မင်းမျက်သင့်လို့ ကျန်စစ်သားက အဲဒီလှံကိုယူပြီး ထွက်ပြေးတယ်၊ ပရိမ္မအရပ်ရောက်လို့ ရှောက်ပင်ကိုတွေ့တော့ စားမယ်ဆိုပြီး ရှောက်ချဉ်ကိုထိုးတာတောင် ရှောက်ချိုဖြစ်သွားသတဲ့"

"တို့မြန်မာဘုရင် အလောင်းဘုရားက စစ်တိုက်တော်တာတော့ ပြောမနေနဲ့၊ ယိုးဒယားကိုသွားသိမ်းတာ ဝါးရင်းတုတ်နဲ့ သွားသိမ်းတာတဲ့"





"မ ဖျက်တော့ ပြည်ပျက်ဆိုတာ စုဖုရားလတ်လိုမိဖုရားမျိုးပေါ့၊ အာဏာအတွက် သတ်လိုက်တာ၊ မင်းတုန်းမင်းရဲ့သားတော်၊ သမီးတော်တွေ တစ်ရာကျော်ကိုလေ၊ တော်တော်ရက်စက်တဲ့ မိဖုရား၊ အင်္ဂလိပ်နဲ့စစ်တိုက်ပြီး ကျွန်ဖြစ်ရတာလဲ သူ့ကြောင့်"

ဆက်စပ်မိကြလို့ မြန်မာ့သမိုင်းနဲ့ပတ်သက်ပြီး ပြောကြတိုင်း မိမိကြားရတာတွေပဲဖြစ်ပါတယ်။ မဟုတ်ကဟုတ်က ရမ်းတုတ်နေကြတာတွေ၊ စိတ်မကောင်းစရာလည်းကောင်းလှပါတယ်။

ကွယ်လွန်သွားရှာပြီဖြစ်တဲ့ မိမိစံပြုရတဲ့ သမိုင်းပညာရှင်ကြီး ဆရာဒေါက်တာသန်းထွန်းက သမိုင်းကို မအ,အောင်ဖတ်ရမယ်လို့ ဆိုခဲ့ပါတယ်။ အခုလိုသာဆို ဘယ်လိုလုပ်ကြမလဲ။ ဆရာသာ သက်ရှိထင်ရှားရှိနေသေးလို့ ဒီလိုပြောတာမျိုးတွေကိုသာကြားရရင် ဆရာလည်း စိတ်မကောင်းဖြစ်မိမှာတော့ အမှန်ပါ။

ဒီနေရာမှာ အလျဉ်းသင့်လို့ ဒေါက်တာသန်းထွန်းအကြောင်းကိုလည်း နည်းနည်းရေးချင်ပါတယ်။ ဆရာဒေါက်တာသန်းထွန်းကို အလွန်လေးစားဖို့ကောင်းတာက ဆရာက သညာသမားသက်သက်မဟုတ်ပါဘူး။ စာအုပ်တွေကို မွှေနှောက်ဖတ်ပြီး စာကျိုးတွေလို စာကိုကျေညက်အောင်မဝါးဘဲ မြိုချတတ်ကြတဲ့ သညာသီစာအုပ်ကြီးသမားမဟုတ်ပါဘူး။

ဆရာက သမိုင်းဆိုင်ရာ သုတေသနပညာရှင် သမိုင်းပညာရှိကြီးပါ။ စာအုပ်တွေ၊ စာတမ်းတွေမှာတွေ့တိုင်း အမှန်လို့ မျက်စိမှိတ်ယုံကြည်သူ မဟုတ်ပါဘူး။ ဆရာ့မှာ ပညာရှိပီသတဲ့ ကိုယ်ပိုင်ဦးနှောက်ရှိပါတယ်။ ဒီနေရာမှာလည်း မိမိအနေနဲ့ သညာ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပညာ မတူကွဲပြားပုံကို ခွဲခြားပြချင်ပါတယ်။ သညာဆိုတာက သိမှတ်တတ်သောသဘော၊ ရှင်းအောင်ရေးရရင် အမှတ်သညာဆိုတဲ့ မှတ်သားခြင်းပဲဖြစ်ပါတယ်။

စာတွေကိုဖတ်ပြီး မှတ်တယ်။ မှတ်လို့သိတယ်။ ဒါပေမယ့် သိရုံလောက်နဲ့ကတော့ ပညာရှင် ပညာရှိလုပ်လို့ မရပါဘူး။ မှတ်သားထားနိုင်တဲ့အဆင့်ပဲ ရှိပါတယ်။ ပညာရှင်ကြီး ရာဘင်ဒြာနတ်တဂိုးရေးတဲ့ ကြက်တူရွေးပညာရေးစနစ်ဆိုတဲ့ဝတ္ထုလို ကြက်တူရွေး နှုတ်တိုက်သဘောတရားမျိုး ကျက်ထားမှတ်ထားတာပဲရှိပါတယ်။ ကျောင်းစာကျက်သလိုပဲ။ ဒါက သညာသိပါ။

ပညာဆိုတာကျတော့ ... သညာသိအဆင့်က ကျော်ပြီး ပညာသိအနေနဲ့ ကိုယ်ပိုင်ဉာဏ်၊ ကိုယ်ပိုင်ဦးနှောက်နဲ့ မှန်မမှန်၊ ဖြစ်နိုင် မဖြစ်နိုင်၊ ယုတ္တိဗေဒကျကျ ကျိုးကြောင်းမြော်မြင် စိစစ်ပိုင်းခြားနိုင်တာပဲဖြစ်ပါတယ်။ ဒါကမှ ပညာအစစ် ပညာသိပါ။

စာဖတ်ပြီး စာသိရုံလောက်နဲ့ မလုံလောက်ပါ။ ရေးရရင် စာအုပ်တွေမှာပါတိုင်း အမှန်လို့ယူလို့မရပါ။ မိမိတို့ဖတ်ခဲ့သမျှစာအုပ်တွေမှာ တစ်သက်လုံး ရင်နဲ့မကွာ သိမ်းဆည်းထားရမယ့်စာအုပ်တွေရှိသလို ဖတ်ပြီးဖယ်ထုတ်ပစ်ရမယ့် အမှားတော်ပုံစာအုပ်တွေကလည်း မနည်းပါ။ တချို့ဆို ဆိုးကျိုးပေးမယ့် အပျက်လမ်းပြစာအုပ်တွေ။ လူတွေကို သန်းချီသေစေခဲ့တဲ့ ဟစ်တလာရေးတဲ့ မိန်းကင့်စာအုပ်လိုပေါ့။

မိမိလေးစားရ,စံပြုရတဲ့ ဆရာဒေါက်တာသန်းထွန်းကတော့ အင်မတန်ပညာရှင်ပီသပါတယ်။ ဘာစာကိုပဲရေးရေး ဘာ





စာကိုပဲပြုစုပြုစု အလွန်ကို ထဲထဲဝင်ဝင်လေ့လာပါတယ်။ စေ့စေ့ငုငု သုတေသနပြုပါတယ်။ ပုစဉ်းတစ်ကောင် အပေါ်ယံရှပ်ပျံသလိုမျိုး မဖြစ်စေရဘဲ ပညာရှင်ကြီး ဂိုထား ဆိုမိန့်ခဲ့သလို အမှန်တရားကို အတွင်းဆုံးရောက်တဲ့အထိ လက်တစ်ဆုံးနှိုက်ပြီး ရှာဖွေပါတယ်။

အတွေးက ဆရာ့ကိုယ်ပိုင်အတွေး၊ ဆရာ့ရဲ့ ကိုယ်ပိုင်ယုံကြည်ချက်အမြင်၊ ဆရာက ဘယ်သူ့နောက်ကမှမလိုက်ဘဲ ပညာရှင်ပီသစွာ သူမှန်ကန်တယ်လို့ ဆုံးဖြတ်ယုံကြည်တဲ့အရာကိုပဲ ရေးသားပြုစုခဲ့တာဖြစ်ပါတယ်။ ဒါကိုတော့ ဆရာရေးသားပြုစုခဲ့တဲ့စာအုပ်တွေကိုဖတ်ကြည့်ရင် သိနိုင်ကြပါလိမ့်မယ်။

မိမိ ဒီဆောင်းပါးကိုရေးရတာက စိတ်မကောင်းစရာတွေ တွေ့ရလို့ပါ။ အဲဒါက သမိုင်းနဲ့ပတ်သက်တာတွေပါ။ မိမိငယ်ငယ်တုန်းကလည်း ဇာတ်ပွဲတွေ၊ ရုပ်ရှင်တွေ ကြည့်ခဲ့ဖူးပါတယ်။ ငယ်စဉ်ကာလ အမှတ်မှားခဲ့ရတဲ့ သမိုင်းဆိုင်ရာအမှားတွေပါ။ မှားတဲ့အထဲမှာ သမိုင်းနောက်ခံထားရေးတဲ့ ဝတ္ထုတချို့လည်း ပါပါတယ်။

သမိုင်းမှာထင်ရှားတဲ့ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူခဲ့တဲ့ အနော်ရထာကိုပဲကြည့်ပါ။ မင်းသားရွှေဘ သရုပ်ဆောင်ခဲ့တဲ့ ကျန်စစ်သားဆိုတဲ့ ရုပ်ရှင်ကားမှာ အနော်ရထာက လူသတ်ဘုရင်ဖြစ်နေပါတယ်။ ပုဏ္ဏားတော်တွေက "ပုဂံမှာ လူစွမ်းကောင်းတစ်ဦး ပေါ်ပေါက်လိမ့်မယ်။ အဲဒီလူစွမ်းကောင်းက အရှင့်ထီးနန်းကို လုယူလိမ့်မယ်"လို့လျှောက်တော့ ပုဂံမှာရှိတဲ့ ကိုယ်ဝန်ဆောင်တွေ၊ ကလေးတွေ၊ နွားကျောင်းသားတွေကို အနော်ရထာဘုရင်က သတ်ခိုင်းခဲ့တာ၊ ငယ်ငယ်တုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီရုပ်ရှင်ကိုကြည့်ပြီး အနော်ရထာကို လူသတ်ဘုရင်ကြီးလို့ ထင်နေခဲ့မိတယ်။

နောက်တစ်ခါ ဇာတ်တွေမှာ ရွှေဖျဉ်းညီနောင်ဇာတ်ကို ကကြပြန်တော့ တောင်ပြုန်းဘုရားတည်ရာမှာ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းလေးတို့ အုတ်နှစ်ချပ်လပ်နေတဲ့အတွက် အနော်ရထာဘုရင်က မလိမ္မာတဲ့မြေးငယ်နှစ်ပါးကို ကြိမ်နဲ့ဆုံးမခိုင်းတာကို လူစွမ်းကောင်းညီနောင်အပေါ် မနာလိုနေတဲ့ ကျန်စစ်သားက ဝါးရင်းတုတ်နဲ့ အသေရိုက်သတ်လိုက်တယ်။

အဲဒီတော့ ... အဲဒီဇာတ်မှာ ကျန်စစ်သားက ပွဲကြည့်သူတွေရွံမုန်းရတဲ့ ဂုံးရုပ်ကြီးဖြစ်သွားတယ်။ ဇာတ်စာရေးတဲ့ဆရာတွေက ဇာတ်နာအောင်ဆိုပြီး ရေးလိုက်ကြတာ။ စုဖုရားလတ်ဆိုလည်း ဒီအတိုင်းပဲ။ ဇာတ်ပွဲတွေနဲ့ သမိုင်းနောက်ခံထားရေးတဲ့ ဝတ္ထုတွေမှာ စုဖုရားလတ်ကို လူသတ်မိန်းမကြမ်းတစ်ယောက်လို လုပ်ပစ်ကြတာ။

ရေးရရင် ယုတ္တိဗေဒမဲ့၊ ဖြန်းသန်း ရမ်းတုတ် အကိုးအထောက်လည်း ခိုင်ခိုင်မာမာမရှိ။ ဒါက အနုပညာနဲ့စီးပွားရှာ၊ ငွေရပြီးစတမ်း ဆိုတဲ့လူစားတွေရဲ့ ကိုယ့်နိုင်ငံကိုယ့်လူမျိုးရဲ့ ဂုဏ်သိက္ခာကိုမထောက်။ လူပြိန်းကြိုက်ရေးခဲ့ ကခဲ့၊ ပြခဲ့ကြတဲ့ တာဝန်မဲ့လုပ်ရပ်တွေပဲဖြစ်ပါတယ်။

သမိုင်းကိုရေးတယ်ဆိုတာ ရေးတဲ့သူအနေနဲ့ တာဝန်အင်မတန်ကြီးပါတယ်။ ကိုယ်ရေးလိုက်တဲ့သမိုင်းဟာ မှားနေပြီဆိုရင် နိုင်ငံအတွက်လည်း မကောင်းပါဘူး။ ကိုယ့်လူမျိုးနဲ့ နောင်





လာနောက်သားတွေအတွက်လည်း မကောင်းပါဘူး။ မမှားသင့်တဲ့ ကိစ္စပါ။ သမိုင်းမှန်ဖြစ်ဖို့က အဓိကဖြစ်ပါတယ်။ သမိုင်းနဲ့ပတ်သက်တဲ့ အကိုးအကားတွေ ခိုင်မာတိကျဖို့လိုသလို ယုတ္တိဗေဒကျအောင် ကိုယ်ပိုင်ဦးနှောက်နဲ့ ရှုမြင်သုံးသပ်နိုင်ဖို့ကလည်း အရေးကြီးပါတယ်။

သမိုင်းဆိုင်ရာစာအုပ်တွေ၊ သမိုင်းကျမ်းတွေမှာ ပါတယ်ဆိုတိုင်းလည်း အမှန်လို့ ယုံကြည်လို့မရတဲ့အရာတွေကလည်း ရှိပါတယ်။ သမိုင်းဆရာတွေ၊ ပညာရှင်တွေဖတ်ကြတဲ့ သမိုင်းကျမ်းစာအုပ်တစ်အုပ်မှာပဲ ကြည့်ပါ။

ပုဂံပြည့်ရှင် အနော်ရထာမင်းက သထုံမနူဟာမင်းထံက ပိဋကတ်သုံးပုံကို တောင်းမရတဲ့အတွက် သထုံကို စစ်တိုက်တယ်။ အဲဒီမှာ ပုဂံစစ်သည်(၆)သန်းဆိုပြီး ရေးထားတယ်။ အဲဒါကျတော့ စဉ်းစားရပြီ။ (၆)သန်းဆိုတော့ ဖြစ်နိုင်ပါ့မလား။ ဒါကိုတော့ ယုတ္တိမဲ့တယ်လို့ပဲ ဆိုရလိမ့်မယ်။ လက်ခံနိုင်စရာမရှိတာ။

အဲဒီစာအုပ်မှာပဲ ရေးထားတာက အနော်ရထာဘုရင် သထုံကိုတိုက်တာ ဆင်က (၁)သိန်း၊ မြင်းက (၁)သန်း ပါတယ်ဆိုတာတွေပဲ။ သမိုင်းမှန်ကိုသိချင်လို့ လေ့လာနေသူတွေအတွက်ကတော့ ဒါလည်း ဖြစ်နိုင်စရာမရှိဘူး။ ပုံပြင်လို၊ ဒဏ္ဍာရီလိုဖြစ်နေတယ်ဆိုတာပဲ။ ရာဇဝင်စာအုပ်ကြီးမှာ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေ ရောထွေးနေသလို ခံစားလိုက်ရတယ်။ ခေတ်သစ်ကမ္ဘာ့သမိုင်းစာမျက်နှာတွေပေါ်မှာလည်း ဒါမျိုးတွေကို လက်မခံပါဘူး။ ပုဂံရာဇဝင် တုတ်ထမ်းဓားထမ်းပြောရတယ်ဆိုတာလည်း ကြားဖူးပါ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါကြောင့် ရာဇဝင်သမိုင်းစာအုပ်တွေမှာပါတိုင်းလည်း အမှန်လို့ ယူလို့မရဘူးလို့ဆိုချင်ပါတယ်။

ပုဂံခေတ်က ကျန်စစ်သားတောင် ကြည့်ပါလား။ အရင်တုန်းက ဖတ်ခဲ့သိခဲ့ကြရတာက ကျန်စစ်သားက အနော်ရထာဘုရင်ရဲ့သားတော်။ အခုနောက်ပိုင်းကျတော့ အနော်ရထာဘုရင်ရဲ့သားတော် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ အငြင်းပွားစရာတွေနဲ့ အတိအကျပြောလို့မရအောင် ဖြစ်လာတယ်။

ဟိုတုန်းက ကျောင်းသင်မြန်မာရာဇဝင်စာအုပ်တွေမှာ ဖတ်ခဲ့သင်ခဲ့ရတာက အနော်ရထာကို ဝေသာလီမင်းက သမီးတော် ပဥ္စကလျာဏီမင်းသမီးကို ဆက်သတယ်။ အဲဒီပဥ္စကလျာဏီမင်းသမီးက ကျန်စစ်သားရဲ့မယ်တော်ဖြစ်တယ်လို့ သိရတယ်။ ဒါတွေက ရာဇဝင်စာအုပ်တွေထဲမှာလည်း ပါတယ်။

ဒါပေမယ့် ဒီဘက်နောက်ပိုင်းကျတော့ တချို့သမိုင်းဆရာတွေက ဒါကို လက်မခံတော့ဘူး။ ဝေသာလီမင်းသမီး ပဥ္စကလျာဏီကိုဆောင်ယူဖို့ ရာဇတမန်အမတ်ကို အနော်ရထာဘုရင် စေလွှတ်တယ်ဆိုတာ အနော်ရထာနန်းတက်တဲ့ ခရစ်နှစ် (၁၀၄၄)ခုနှစ်နောက်ပိုင်းမှာမှ စေလွှတ်တာဖြစ်တယ်။ ဒါပေမယ့် မြစေတီကျောက်စာလို့ခေါ်တဲ့ ရာဇကုမာရကျောက်စာအရ ကျန်စစ်သားဟာ ခရစ်နှစ်(၁၀၈၄)မှာ အိုမင်းမစွမ်းဖြစ်နေပြီ။ ဒါကြောင့် ကျန်စစ်သားရဲ့အသက်ကိုတွက်ရင် မမှန်ကန်နိုင်တော့ဘူး။ ဒီတစ်ချက်တည်းနဲ့တင် ကျန်စစ်သားဟာ ဝေသာလီမင်းသမီး ပဥ္စကလျာဏီရဲ့သား မဟုတ်ဘူးဆိုတာ ထင်ရှားနေပြီလို့ ဆိုပါတယ်။ ဒါကတော့





အနော်ရထာဘုရင်ရဲ့သားတော် ဟုတ် မဟုတ်ဆိုတဲ့ အငြင်းပွားစရာကိစ္စပါ။ ဒါဆိုရင် ကျန်စစ်သားရဲ့ ဖခင်နဲ့မိခင်ဟာ ဘယ်သူလဲ။ ဒါကိုလည်း ဘယ်သူမှအထောက်အထား ခိုင်ခိုင်မာမာနဲ့ မပြနိုင် မပြောနိုင်သေးပါ။

သမိုင်းဆိုတာ မှန်ကန်ဖို့က အရေးကြီးပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကိုပြုစုတဲ့ပုဂ္ဂိုလ်တွေဟာ ရသဖွဲ့ဝတ္ထုရေးသူ၊ သမိုင်းနောက်ခံဝတ္ထုရေးသူတွေလို မဟုတ်ပါဘူး။ တာဝန်အလွန်ကြီးပါတယ်။ အမှားအယွင်း အတိမ်းအစောင်းမခံပါဘူး။ အကိုးအထောက် အချက်အလက် ခိုင်မာဖို့နဲ့ ယုတ္တိဗေဒကျဖို့ အရေးကြီးပါတယ်။ သမိုင်းဆိုတာ ရေးဟောင်းဒဏ္ဍာရီမဟုတ်ပါဘူး။ ယုံတမ်းပုံပြင် မဟုတ်ပါဘူး။ ရသဖွဲ့စာရေးဆရာတွေ စိတ်ကူးကွန့်မြူးလို့ သူမြင်တဲ့ထောင့်က သူတွေးချင်သလိုတွေးပြီးရေးတဲ့ သမိုင်းနောက်ခံဝတ္ထုရေးဖွဲ့သလိုလည်း မဟုတ်ပါဘူး။ ဆရာဒေါက်တာသန်းထွန်းဆိုမိန့်ခဲ့သလို အချက်အလက်တွေကို ရှာဖွေတင်ပြရာမှာ စေ့စပ်သေချာပြီး ပြည့်စုံဖို့နဲ့ ဝေဖန်အကဲဖြတ်ပိုင်းခြားရာမှာ တစ်ဖက်စီးနင်းမဟုတ်ဘဲ အမှန်ကိုမြင်သာအောင် ဖော်ထုတ်ပြနိုင်ဖို့က အရေးကြီးပါတယ်။

ဒီနေရာမှာ ပုဂံပျက်ပြီးတဲ့နောက် အစိပ်စိပ်အမြွှာမြွှာ ပြိုကွဲသွားတဲ့နိုင်ငံကို ဒုတိယမြန်မာနိုင်ငံတော်အဖြစ် စတင်တည်ထောင်တော်မူခဲ့တဲ့ ကေတုမတီတောင်ငူဘုရင် တပင်ရွှေထီးအကြောင်းကိုလည်း တင်ပြချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တပင်ရွှေထီးက ဒုတိယမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်တော်မူခဲ့တဲ့ သူရဲကောင်းအာဇာနည်မင်းမြတ်တစ်ပါးသာ မဟုတ်ပါဘူး။ ယိုးဒယားနဲ့ ပထမဆုံးစစ်မက်ဖြစ်ပွားပြီး ယိုးဒယားမင်းက အညံ့ခံလို့ အောင်ပွဲရခဲ့တဲ့မင်းလည်း ဖြစ်ပါတယ်။

ဒီအကြောင်းတွေက ယုံကြည်စိတ်ချရတဲ့ မြန်မာရာဇဝင်ကျမ်းအစောင်စောင်မှာ ခုနစ်သက္ကရာဇ်နေ့ရက်တွေနဲ့ အတိအကျပါပါလျက်နဲ့ မြန်မာတွေတော်တော်များများက ဒါကိုမသိကြပါဘူး။ စာရေးဆရာဆိုတဲ့ပုဂ္ဂိုလ်တချို့တွေလည်း မသိကြပါဘူး။ ဒါကို ထိုင်းနိုင်ငံကတောင် ရုပ်ရှင်ရိုက်ထားပါတယ်။ SURIYOTHAI ပါ။ မြန်မာဘုရင်တပင်ရွှေထီးလက်ထက် ယိုးဒယားနဲ့ မြန်မာ စစ်ဖြစ်တာတွေ၊ အဲဒီအချိန်က အယုဒ္ဓယရဲ့နန်းတွင်းရေး၊ ယိုးဒယားဘုရင် ဖြသာဓိရာဇာ (ယိုးဒယားရာဇဝင်၌ မဟာချက္ကရဖတ်)ရဲ့ မိဖုရားဆူရီယိုးထိုင်းရဲ့အကြောင်းနဲ့ မြန်မာနဲ့တိုက်ကြတဲ့စစ်ပွဲမှာ အဲဒီထိုင်းမိဖုရားဆူရီယိုးထိုင်း ပါဝင်တိုက်ခိုက်ပြီး၊ ကျဆုံးသွားရတာကို ရိုက်ထားတာပါ။

ဒီနေရာမှာ ရေးချင်တာက တချို့တော်တော်များများ ဒါကို မသိတာထားဦး။ ဒါကို မဖြစ်သင့် မမှားသင့်တဲ့အမှားနဲ့ သမိုင်းကို ပြုစုတဲ့ ဆရာတစ်ဦးကလည်း မှားရေးခဲ့ပါသေးတယ်။

အဲဒီ တပင်ရွှေထီးလက်ထက် ယိုးဒယားမြန်မာစစ်ပွဲအကြောင်းကို နိုင်ငံခြားသား သမိုင်းဆရာဆိုသူ ဒီဂျီအီးဟောလ်က မြန်မာတွေကို တစ်ဖက်သတ်ဖိနှိမ်ပြီး၊ သမိုင်းရေးသူထားရှိရမယ့်





သိက္ခာ၊ သမိုင်းသစ္စာမဲ့စွာ "မြန်မာရာဇဝင်စာပေ"ဆိုတဲ့ စာအုပ်စာမျက်နှာ(၈၄)မှာ ...

"မြန်မာတို့ ယိုးဒယားပြည်ကို ဝင်ရောက်တိုက်ခိုက်ခြင်းသည် အယုဒ္ဓယမြို့တော်အထိရောက်လင့်ကစား ပေါ်တူဂီလူမျိုးများအုပ်စိုးသော ယိုးဒယားအမြောက်တပ်၏အစွမ်းကြောင့် မြန်မာတို့ ကြိုးစားသမျှ ဆုံးရှုံးရပေသည်"ဟု ဖော်ပြခဲ့ပါတယ်။

အဲဒီလိုဖော်ပြတာကိုပဲ အမှန်ထင်ပြီးတော့ ရာဇဝင်ပါမောက္ခ ဒေါက်တာကျော်သက်ကလည်း သူ့ရဲ့ "မြန်မာနိုင်ငံသမိုင်း"ဆိုတဲ့ စာအုပ်မှာ ...

"အယုဒ္ဓယအောက်တွင် အမှုထမ်းသော ပေါ်တူဂီတို့ကို တပင်ရွှေထီးသည် တံစိုးလက်ဆောင်ပေး၍ မိမိဘက်ပါအောင် ကြိုးစားသည်။ တပင်ရွှေထီး၏သွေးဆောင်မှုနောက်သို့ ပေါ်တူဂီတို့သည် လိုက်ပါကြခြင်းမပြုဘဲ ယိုးဒယားဘက်မှသာ ခုခံကြသည်။ ယိုးဒယားတို့ကို ပထမအကြိမ်တိုက်ခိုက်ခြင်း၌ အရေးရှုံးနိမ့်ခဲ့လေသည်"လို့ မှားယွင်းစွာရေးသားခဲ့ပါတယ်။

ဒီအဆိုကို သမိုင်းစာအုပ်တွေပြုစုသူ ဆရာကထိက ဦးစိန်လွင်လေးနဲ့ သမိုင်းပညာရှင်တွေက လက်သင့်မခံခဲ့တာ မိမိ "တပင်ရွှေထီး၊ ဘုရင့်နောင်နှင့် ဒုတိယမြန်မာနိုင်ငံတော်" ဆိုတဲ့ စာအုပ်ကိုပြုစုတော့ အထင်အရှားတွေ့ရပါတယ်။

ဒါက လုံးဝမမှားသင့်တဲ့အမှားပဲ ဖြစ်ပါတယ်။ အဲဒီစာအုပ်ကို ဖတ်မိတဲ့သူတွေအတွက် အမှတ်မှားစရာတွေ ဖြစ်ကုန်ပါလိမ့်မယ်။ စိတ်မကောင်းစရာပါ။ နယ်ချဲ့မျိုးစေ့အမြစ်တွယ်နေတဲ့ နိုင်ငံ

www.burmeseclassic.com



ခြားသားသမိုင်းဆရာဆိုသူတွေကတော့ ကိုယ့်နိုင်ငံကလွဲလို့ တခြားနိုင်ငံတွေအပေါ်မှာ ဒီလိုပဲ အချိန်ပြည့် အဆန်းထွင်၊ ကလိမ်စေ့ငြမ်းဆင်ဆိုတာလို မဟုတ်မမှန် လိမ်ညာဏ်တွေနဲ့ရေးကြတာ ထုံးစံလိုဖြစ်နေပါပြီ။

ကုန်းဘောင်ခေတ် နောက်ဆုံးမင်းဖြစ်တဲ့ သီပေါဘုရင်နဲ့ မိဖုရားစုဖုရားလတ်ကိုလည်း နယ်ချဲ့တွေရဲ့သမိုင်းစာအုပ်တွေနဲ့ နယူးရောက်တိုင်းလို သူတို့သတင်းစာကြီးတွေမှာ ကမ္ဘာက မြန်မာကို အထင်အမြင်သေးပြီး၊ သူတို့ မြန်မာနိုင်ငံကိုသိမ်းတာ တရားတယ်၊ မှန်တယ်လို့ထင်အောင် သမိုင်းတန်ဖိုး၊ သမိုင်းသိက္ခာမဲ့စွာ လိမ်စာညာစာတွေ ရေးခဲ့ကြတယ်ဆိုတာ အရင်ကလည်း "စုဖုရားလတ် ဘာလဲ"စာအုပ်နဲ့ သမိုင်းဆိုင်ရာဆောင်းပါးတွေမှာ မိမိရေးခဲ့ပြီးပါပြီ။

ရေးရရင် မြန်မာ့သမိုင်းမှာ နောက်ထပ်အမှားကြီးတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါက ပိုတောင်ဆိုးပါတယ်။ ဒါကတော့ မြန်မာတော်တော်များများက ယိုးဒယား အယုဒ္ဓယမြို့တော်ကို တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်တော်မူတဲ့ အလောင်းဘုရားက သိမ်းတယ်လို့ထင်နေကြတာပဲ။ မြန်မာတွေ အယုဒ္ဓယကို သိမ်းတဲ့အကြောင်းပြောကြရင် အလောင်းဘုရားလို့ပဲ ပြောကြတယ်။ ဒါကိုကြည့်ပြီး စာဖတ်အားနည်းနေသေးတဲ့ မိမိတို့မြန်မာတွေ ကမ္ဘာ့သမိုင်းကိုတော့ မပြောနဲ့၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးရဲ့သမိုင်းကိုတောင် လေ့လာမှုအားနည်းလွန်းနေတယ်ဆိုတာ ထင်ရှားနေတယ်။ (လူဦးရေများပါလျက်နဲ့ စာဖတ်အားအလွန်နည်းနေသေးတယ်





ဆိုတာကတော့ အမှန်ပါ။ ဒီကနေ့ထွက်နေတဲ့ ဂျာနယ်တွေကိုပဲ ကြည့်ပါ။ စောင်ရေ အများဆုံးနဲ့ အရောင်းရဆုံးဖြစ်နေတာက ဘောလုံးဂျာနယ်တွေပါ။ မိမိကိုတောင် မိတ်ဆွေတွေက 'ဘောလုံးဂျာနယ်ထုတ်ပါလား၊ ဘောလုံးဂျာနယ်က မရှုံးဘူး'လို့ ပြောပါတယ်။ စာဖတ်သူတွေက တကယ်ဖတ်သင့်တဲ့၊ သိသင့်တဲ့ အသိပညာရဲ့ အာဟာရတွေဖြစ်တဲ့ သတင်းနဲ့ဆောင်းပါးကောင်းတွေပါတဲ့ ဂျာနယ်မျိုးတွေကျတော့ ဂျာနယ်ဆက်လက်ရပ်တည်နိုင်ဖို့ကိုပဲ မနည်းကျားကန်နေကြရတယ်။ ဒီမှာက စာအုပ်ဆိုင်တွေမှာ လူမစည်ပါဘူး။ အိမ်နီးချင်း ထိုင်းတို့၊ စင်္ကာပူတို့နဲ့ယှဉ်ရင်တောင် အလွန်စာဖတ်အားနည်းနေပါသေးတယ်။)

အလောင်းဘုရားလက်ထက် ယိုးဒယားမြန်မာစစ်ပွဲနဲ့ ပတ်သက်ပြီး ဆရာနတ်မောက်ဘုန်းကျော်ရဲ့ "အင်္ဂလိပ်မြန်မာစစ်သမိုင်း"ဆိုတဲ့ စာအုပ်မှာလည်း မှားပြီး အခုလိုဖော်ပြထားတာ ဖတ်ရှုရတယ်။ စာအုပ်စဖွင့်ဖွင့်ချင်း စာမျက်နှာ(၁)၊ အခန်း(၁) "ရှေးခေတ်မြန်မာနယ်မြေ"ဆိုတဲ့ ခေါင်းစဉ်အောက်မှာပါ။

အဲဒီမှာ "ကုန်းဘောင်နန်းဆက်ကို စတင်တည်ထောင်ခဲ့သော ဦးအောင်ဇေယျသည် ရွှေဘိုမြို့ကို မင်းနေပြည်တော်အဖြစ် စိုက်ထူလျက် အလောင်းမင်းတရားဟူသောအမည်ဖြင့် အုပ်ချုပ်ခဲ့သည်။ ထိုမင်းသည် မြန်မာတို့စိုးမိုးသော နယ်နိမိတ်ကို အရှေ့ဘက်တွင် ယိုးဒယား၊ အနောက်မြောက်ဘက်တွင် အာသံ၊ မဏိပူရပြည်နယ်များအထိ ချီတက်သိမ်းယူပြီး ချဲ့ထွင်အုပ်စိုးခဲ့၏" လို့ ရေးသားထားပါတယ်။

www.burmeseclassic.com



အမှန်က အယုဒ္ဓယမြို့ကို အလောင်းဘုရားအောင်တော်မမူခဲ့ပါ။ ကျန်ယိုးဒယားမြို့များကို သိမ်းယူနိုင်ပေမယ့် အယုဒ္ဓယမြို့တော်ကျတော့ အယုဒ္ဓယမြို့ရိုးကလည်း အလွန်မြင့်တယ်။ မြို့တော်ကို ရေပတ်လည်ကလည်း ဝိုင်းရံထားတယ်။ အလောင်းဘုရားရဲ့တပ်တွေ အယုဒ္ဓယကိုဝိုင်းထားတာ မိုးကာလကလည်း ရောက်တော့မယ်။ အလောင်းဘုရားကလည်း မာတော်မမူသလို စစ်သည်ရဲမက်တွေလည်း အနာအဖျားတွေ ဖြစ်လာတယ်။ ဒါကြောင့် အယုဒ္ဓယကိုမသိမ်းနိုင်ဘဲ တပ်တော်တွေ ပြန်ဆုတ်လာရတာဖြစ်တယ်။ အလောင်းဘုရားလည်း ရောဂါသည်းလာတဲ့အတွက် နေပြည်တော်ကိုပြန်အလာ လမ်းခရီးဖြစ်တဲ့ မုတ္တမနယ်ကင်းရွာမှာ နတ်ရွာစံခဲ့တယ်ဆိုတာ သမိုင်းမှာ အထင်အရှားပါတဲ့အတွက် အငြင်းပွားစရာမလိုတဲ့အကြောင်းလို့ ဆိုရပါမယ်။

တကယ်တန်း အယုဒ္ဓယကိုသိမ်းယူခဲ့တာက အလောင်းဘုရားရဲ့ဒုတိယသားတော် မြေဒူးမင်းသားလို့ခေါ်တဲ့ ဆင်ဖြူရှင်မင်းလက်ထက်မှာပါ။ ဆင်ဖြူရှင်လက်ထက်မှာ မြန်မာတွေရဲ့စစ်ရေးစွမ်းရည်က အံ့မခန်းလို့တောင် ဆိုနိုင်ပါတယ်။ ယိုးဒယားတို့ရဲ့အယုဒ္ဓယကိုသိမ်းနိုင်ရုံမက အဲဒီဆင်ဖြူရှင်လက်ထက်မှာပဲ တရုတ်နဲ့ စစ်ပွဲလေးကြိမ်ဖြစ်တာ လေးကြိမ်စလုံး မြန်မာတွေက အနိုင်ရခဲ့ပါတယ်။

ဒါပေမယ့် ယိုးဒယားမြန်မာစစ်ပွဲအကြောင်းကိုပြောကြရင် လူတွေက အလောင်းဘုရားကိုပဲပြောကြပြီး အယုဒ္ဓယကို အလောင်းဘုရားသိမ်းတယ်လို့ပဲ ထင်နေကြတယ်။ ဆင်ဖြူရှင်ကျတော့ မပြော



BURMESE CLASSIC .com



ကြဘူး။ ဆင်ဖြူရှင်ကလည်း ဒုတိယမြန်မာနိုင်ငံတော်ကို စတင်တည်ထောင်တော်မူခဲ့တဲ့ တပင်ရွှေထီးလိုပဲ လူပြောနည်းပြီး ပျောက်နေတယ်။ ဒါတွေက မမှားသင့် မဖြစ်သင့်တာတွေပဲဖြစ်တယ်။

နောက်ရေးချင်တာက သမိုင်းစာအုပ်ဆိုတိုင်းလည်း မှန်ကန်တယ်လို့ တစ်ထစ်ချယုံလို့မရပါ။ သမိုင်းစုန်းပြူးစာအုပ်တွေကလည်း ရှိပါတယ်။

သိက္ခာရှိတဲ့သမိုင်းစာအုပ်တွေက အထောက်အထားတွေမခိုင်လုံ မတိကျ မသေချာဘဲနဲ့ မရေးပါဘူး။ မိမိလိုသလို မိမိအကြိုက်လည်း မရေးပါဘူး။

သမိုင်းနဲ့ပတ်သက်ပြီး ဟယ်လိုင်ရီဘဲလော့ကလည်း . . .

“သမိုင်းသုတေသီသည် အဖြစ်အပျက်များကို တစ်ဖက်သတ် တင်ပြခြင်းမပြုရ။ နှစ်ဖက်မျှတစဉ်းစား၍ တင်ပြရမည်” လို့ ဆိုမိန့်ခဲ့ပါတယ်။

နောက်တစ်ခုက မိမိတို့နိုင်ငံမှာ အများသိသင့်တဲ့ သမိုင်းနဲ့ပတ်သက်တဲ့ စာအုပ်ကောင်းတွေ ထွက်လာဖို့ကလည်း လိုအပ်နေပါသေးတယ်။ သမိုင်းစာအုပ်အမည်ခံပြီး ပြီးစလွယ်ရေးတာမျိုးမဟုတ်ဘဲ၊ စာပေပညာရှင်တွေအနေနဲ့ သမိုင်းကိုစိတ်ဝင်စားသူတွေ၊ သမိုင်းကိုလေ့လာနေသူတွေကို အထောက်အကူပြုနိုင်မယ့် သမိုင်းဆိုင်ရာစာအုပ်တွေကို ပြုစုသင့်ကြပါပြီ။

ဒါပေမယ့် သမိုင်းကိုပြုစုကြမယ်ဆိုရင်တော့ . . .

“သမိုင်းသုတေသီ၏တာဝန်မှာ မိမိနှစ်မြို့က်မှု၊ မနှစ်မြို့က်မှု၊ အလိုဆန္ဒများကို မြှုပ်နှံထားရမည်။ တစ်ခါတစ်ရံ မိမိရန်သူများ



www.burmeseclassic.com

www.burmeseclassic.com



ကိုပင် သူတို့၏လုပ်ဆောင်ချက် မှန်ကန်နေလျှင် ချီးမွမ်းရမည်။ မိမိနှင့်နီးစပ်နေသူများ မှားယွင်းနေလျှင်လည်း အပြစ်တင်ရမည်'' ဆိုတဲ့ အင်နာကွန်နီနာ ဆိုမိန့်ခဲ့တာကို လက်ခံလိုက်နာကြဖို့ လိုပါတယ်ဆိုတာကိုတော့ ရေးချင်ပါတယ်။

ဟိန်းဇေ



BURMESE CLASSIC .com

## ကျမ်းကိုး


၁။ တပင်ရွှေထီး (လယ်တီပဏ္ဍိတဦးမောင်ကြီး)

၂။ ဦးကုလားမဟာရာဇဝင်ကြီး (ဒုတိယအုပ်)

၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး (ဒုတိယအုပ်)

၄။ ယိုးဒယားမြန်မာစစ်သမိုင်း

၅။ မင်းတရားရွှေထီးနှင့် ဘုရင့်နောင် (ဦးစိန်လွင်လေး)

၆။ ကုန်းဘောင်ဆက်မဟာရာဇဝင်ကြီး(ဒုတိယအုပ်)

၇။ မြန်မာသူ့ရဲကောင်း (ဦးသိန်းမောင်)

၈။ ပမာ့တော်လှန်ရေးသမိုင်း (ဗိုလ်မှူးဘသောင်း)

၉။ တို့ဘိုးဘွားသူရဲကောင်းများ (အိမ်မဲ့ခေါင်းမြှာ)

၁၀။ မြန်မာရာဇဝင် (ဦးဘသန်း)

၁၁။ အင်္ဂလိပ်မြန်မာစစ်သမိုင်း (နတ်မောက်ဘုန်းကျော်)

၁၂။ မြန်မာရာဇဝင် သိအပ်ဖွယ်ရာအကြောင်းကြာ (ဦးကြည်)

၁၃။ အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း(ဒုတိယတွဲ)

၁၄။ မြန်မာ့ဂုဏ်ရည်ရာဇဝင်ပေါက်စာ (ဦးဖိုးကျား)


www.burmeseclassic.com

www.burmeseclassic.com


၁၇။ မြန်မာရာဇဝင် (ဦးကွန်း)
၁၈။ အင်္ဂလိပ်သူလျှို (ရွှေစကြာ)
၁၉။ အလောင်းမင်းတရား၏ ကုန်းဘောင်ရွှေပြည် (ဒေါက်တာတိုးလှ)
၁၈။ နန်းတွင်းလုပ်ကြံမှုကြီး (ရွှေသွေး)
၁၉။ သမိုင်းဟူသည် (မကြန်)
၂၀။ ညောင်ရမ်းအလွန် (ဒေါက်တာထင်အောင်)
၂၁။ မင်းတုန်းမင်း (တိုက်စိုး)
၂၂။ မင်းတုန်းကနောင်အရေးတော်ပုံ (ဗိုလ်အေးမောင်)
၂၃။ စုဖုရားလတ်ဘာလဲနှင့်
အမှန်တရားဆိုင်ရာအတွေးအမြင်များ (ဟိန်းဇေ)
၂၄။ ရတနာပုံ၏ နိဒါန်းနှင့်နိဂုံး (အုန်းခင်ခင်လေး)
၂၅။ ရာဇဝင်ထဲက အခြင်းပွားစရာများ (တင်နိုင်တိုး)
၂၆။ တောင်သမန်ရွှေအင်းက
လေညင်းဆော်တော့ (မြသန်းတင့်)
၂၇။ နယ်လှည့်ရာဇဝင် (ဒေါက်တာသန်းထွန်း)
၂၈။ ကွင်းသင်းမြန်မာရာဇဝင်သစ်
၂၉။ ကုန်းဘောင်ရှာပုံတော် (ညီပြ)
၃၀။ မြို့သာဝန်ထောက်ကတော်၏ မှတ်စုမှတ်တမ်းများ



သမိုင်းကိုစိတ်ဝင်စားသူများ၊ သမိုင်းကိုလေ့လာသူများ
မဖတ်မဖြစ် ဖတ်ကြရမည့်စာအုပ်

# ဟိန်းဇေ

# စုဖုရားလတ်ဘာလဲ

နှင့်

## အမှန်တရားဆိုင်ရာအတွေးအမြင်များ

ထွက်ပြီ   စာမူခွင့်ပြုချက် ၃၁၀၀၀၆၀၆၁၀   စိုးစာပေ


www.burmeseclassic.com

www.burmeseclassic.com

